
ဂမ္ဘီရဆန်းကြယ်ဆရာကြီး

# မင်းမယောက်ျား

ကျွန်ုပ်နှင့်

ဥမင်ကိုးဆယ်



## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများ ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျ
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်


- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ဂမ္ဘီရ • • • ဆန [illegible]

# မင်းမဟော်ညွန့်

# ကျွန်ုပ်နှင့် • • • ဥမင်ကိုးဆယ်

## (ဂမ္ဘီရ • • • စွန့်စားခန်းဝတ္ထု)

ရွှေရှားနန်းကြယ်ဒါရာကြီး

**မင်းမလောက်ညွှန့်**

**ကျွန်ုပ်နှင့် ဥမင်ကိုးဆယ်**

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၀၄၁၀၆၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၃၉၈၀၄၀၇ |
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၀၇၊ ဇူလိုင်လ။ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂) |
| | | ရွှေဥစာပေတိုက် |
| | | တိုက် ၄၊ အခန်း ၁၀၊ |
| | | ပြည်တော်သစ်ရိပ်သာ၊ |
| | | ပုဇွန်တောင်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် | - | ဦးအေးလွင် (၀၈၂၁၀) |
| အတွင်းပုံနှိပ်သူ | | ရွှေပဒေသာအော့ဖ်ဆက် |
| | | အမှတ် ၃၁/၃၃၊ ၅၃ လမ်း၊ |
| | | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ |
| တန်ဖိုး | - | ၈၀၀ ကျပ် |
| အုပ်ရေ | - | ၁၀၀၀ အုပ် |


မိတ်ဆွေကြီး …မင်းမလောက်ညွှန့်

ကျွန်တော့်အဘိုးဖြစ်သူ၏ မှတ်တမ်းအချို့ကိုလို
အသုံးပြုနိုင်ရန်လေး ပို့လိုက်ပါသည်။ ထိုပေါ်မင်း ပါတော်
ပြီး နှစ်ပေါင်း ၃၅နှစ်သာ ကြာသေးသော ကာလက ဖြစ်ပါ
သည်။

ထိုအချိန်တွင် မီး ရထားကိုသာ အားပြု၍ ခရီး ပေး
နေရသောကာလဖြစ်သည်၊ ကား ဆိုသည်မှာ မြို့တိုင်းမှာ
မရှိသေး ပါ။

ထိုအချိန်က အမြင့်ဆုံး တောင်မှာ စာရာမေတီတောင်
ပြီး ၊ ဒုတိယ အမြင့်ဆုံး တောင်မှာ ဝိတိုရိယတောင်…။
အမြင့်ဆုံး တောင်ဟူသည်မှာ ပုပ္ပါးတောင်ဟုသာ သိ
သေးသော အချိန်ဖြစ်၍ မည်မျှကြာမြင့်ခဲ့ပြီကို…မှန်းဆ

ရွှေပဒေသာစာပေ

နိုင်ပါသည်။ ဒုတိယကမ္ဘာစစ် မဖြစ်မီ ၁၅ နှစ်ခန့်အလို 'လီဒို' လမ်းမကြီး ဟူ၍ မရှိသေးမီကပင် ဖြစ်၏။

စာရာမေတီတောင်ခြေနှင့် ပထမဆာရာသိန်း၊ စရေမောင်မောင်တို့ထက်စော၍ 'မိုဟန်မိုတာ' တောင်မကြီး ဆီသို့ ရောက်သွားကြရသူတစ်စုအကြောင်း ဖြစ်ပါသည်။

လေးစားလျက်
ခင်မောင်ရင် (ဆင်ရုပ်)
ပြည်မြို့ (၁၉၇၂)။



## အခန်း ( ၁ )

### ရတနာမြေပုံအတွက်•••ကွင်းဆက်

၁၉၂၀ ပြည့်နှစ်ကာလများတစ်ဝိုက်က၊ ရွာသူကြီးများကို င် ခေတ်မီနှစ်လုံးပြူးသေနတ်များ ထုတ်မပေးသေးဘဲ၊ ရှမ်းတူမီး ာသာသေနတ်များကို ထုတ်ပေးထားချိန်တွင်၊ ကျွန်ုပ်မှာ မိဘများ ခ္မ်းသာကြွယ်ဝမှု၊ ပြည်မြို့သစ်တောအရေးပိုင်နှင့် ရင်းနှီးမှုကြောင့် ားကောင်ကြီးများပစ်ခွင့် မုဆိုးလိုင်စင်သာမက မဂ္ဂနစ်ရိုင်ဖယ်ကဲ့ အားကောင်းသောလက်နက်များကို ကိုင်ဆောင်ခွင့်ရခဲ့သည်။

သို့သော် ရှမ်းစော်ဘွားအချို့ကို လက်နက်များ ကိုင်ဆောင် ပေးပြီလားဟု ကျွန်ုပ် မမှတ်မိပါ။ တော်ရုံတန်ရုံ မြို့အုပ်များမှာ လက်နက်ကိုင်ဆောင်သည် မတွေ့ရပါချေ။ သတိမထားမိသော ာင့်လည်း ဖြစ်နိုင်ပါသည်။

သစ်တောနှင့် ဆက်စပ်မှု မရှိသည့်၊ ဆန်စက်သူဌေး၊ မြို့ ့ သူဌေးများ၊ ခြောက်လုံးပြူးပင် ကိုင်ဆောင်ခွင့် မရှိသေးပါ။

ဇာတ်ပွဲ၊ အငြိမ့်ပွဲများလည်း မရှိသေးပါ။ အများအားဖြင့် နိုင်ငံခြားဆပ်ကပ်ပွဲများနှင့် ရုပ်သေးပွဲများသာ ရှိပါသေးသည်။

ကားဆိုသည်မှာ လူ (ခရီးသည်) တင်ကားဟူ၍ များများစားစား မရှိသေးပါ။ သူဌေးကြီးများသာ တစ်ဦးချင်း စီးနင်းနေသော အချိန်ပင်ဖြစ်ပါသည်။

စာရေးဆရာဟူ၍ ကျွန်ုပ် မှတ်မိသလောက် 'ပီမိုးနင်း' 'ရွှေဥဒေါင်း' နှင့် 'လယ်တီပဏ္ဍိတ ဦးမောင်ကြီး' သာရှိပါသည်။ ကျွန်ုပ်မှာ မူလက အပျော်တမ်းမုဆိုးကြီးတစ်ဦး ဖြစ်သော်လည်း ပဲခူးရိုးမတစ်ပိုက်ရှိ ရွာများသို့ နယ်ကျွံ ဒုက္ခပေးလာသော ကျား၊ ကျားသစ်၊ ဆင်ရိုင်းကြီးများအား အခကြေးငွေဟူ၍ နှိမ်နင်းပေးခြင်းဖြင့် အဆင်ပြေလာသည့်အပြင် ကျားရိုး၊ ဝက်ဆွယ်၊ တိရစ္ဆာန်အရေခွံများ အရိုးများအား တရုတ်ပြည်သို့ သွားရောက်သည့် ကုန်သည်များထံ ရောင်းချ၍ အဆင်ပြေလာခဲ့သည်။

ကျွန်ုပ်မှာ အထင်ကရဖြစ်သော ချပ်သင်းကြီးပိုင်း၊ ကသာ ရွှေလီ၊ မဲဇာအင်းရွာ၊ နန့်ပေါင်တောနက်ကြီးသို့ မရောက်ဖူးသေးသော်လည်း ပဲခူးရိုးမတောင်ဖျားမှ မြောက်ဖျားထိ ခြေရာချင်း ထပ်လောက်အောင် ခရီးဆန့်ဖူးပါသည်။

မြောက်ဖျား၊ သစ်ပုတ်ပင်၊ ဒလန့်ချွန်မှစ၍ အလယ်ပိုင်း ဆင်ဝကုတင်၊ ဖွတ်ကြားချောင်းဖျား၊ ရဲနွယ်ချောင်းဖျား၊ မြယာပင်ကျော၊ အင်းမ၊ ဝက်ပုပ်၊ တောင်ဖျား ပိဋကတောင်၊ ကြက်ကလေးတဲ ဖိုးသာအောင်ချောင်းဖျားမှ ဝါးနက်ချောင်း၊ မင်းကုန်းထိ ခြေဆန့်





ခဲ့ဖူးပါသည်။

ရဲဖန်ရံခါ ရခိုင်ရိုးမ၊ ညောင်ကျိုး၊ မင်းတုန်းနောက်ကျော မနုစာရီကြီးပိုင်းထိပင် ရောက်တတ်ပါသေးသည်။

သို့ဖြင့် ကျွန်ုပ်သည် ၁၉၂၅ ခုနှစ်၊ တစ်ခုသော ဆောင်းလယ်ရာသီတွင် တပည့်များဖြစ်သော မြဒင်၊ ကျော်ခင်တို့နှင့်အတူ အောင်လံမြို့ စမ်းချောင်းရပ်ရှိ နေအိမ်တွင် နေထိုင်ရင်း တောင်နဝင်းချောင်းအားတွင် 'ရဲသမန်'ဆိုသော မျက်စိတစ်ဖက်လပ် ဆင်ဆိုးကြီးနှင့် ကြုံခဲ့ရပုံများကို စားမြုံ့ပြန် ပြောဆိုနေဖြစ်ခဲ့ကြသည်။

ထိုဆင်ကြီးမှာ သစ်တောဌာနမှ သ/၂၉ ဖြင့် သေမိန့်ကျပြီးသော ဆင်ဆိုးကြီးဖြစ်သည်။ ဆင်ဦးစီး (၃)ဦး၊ သစ်လုပ်သား (၆)ဦးတိတိ သတ်ဖြတ်ခဲ့ပြီးသော ဆင်ကြီးလည်း ဖြစ်လေသည်။ ထိုအချိန်တွင် ကြားဖူးနားဝ ရှိသော်လည်း ရုတ်တရက် မှတ်မိရန် ခဲယဉ်းသည့်အသံဖြင့် . . .

"ဗျို့ . . . မုဆိုးနောင်ရိုး"

ဟုအော်ခေါ်သောအသံကို ကြားလိုက်ရပြီး ခပ်ပုပု၊ လူဝဝ တစ်ဦး၊ အလွန်အမင်း ပြုံးရွှင်စွာ ဝင်ရောက်လာလေသည်။ ထိုအပြုံးမှာ ကျွန်ုပ်ကိုမြင်၍ ခင်မင်သောအပြုံး မဟုတ်ဘဲ၊ လူကို တွေ့ရပြီဖြစ်၍ စိတ်အေးသွားသောအပြုံးပင် ဖြစ်လေ၏။ ပြုံးရပေမည်။ ကျွန်ုပ်မှာ အိမ်၌ရှိသည်ဟု ဆိုသော်လည်း နေအိမ်တွင် မရှိဘဲ ပဲခူးရိုးမတွင်သာနေတတ်သည်။ ရဲဖန်ရံခါ အိမ်တွင်ရှိနေသည် ဆိုရစေကာမူ ကိုးဆယ်ကုန်း ဇာလီတောင်သို့ဖြစ်စေ အပျင်းပြေ ရောက်နေတတ်သည်။

ယခုရောက်လာသူမှာ ပြည်မြို့'စည်ကြီးဆွဲ' ရပ်မှ ဆန်စက်ပိုင်ရှင် 'ဦးတုတ်ကလေး'၏ လူယုံလက်သုံးတော် မန်နေဂျာ ကိုစက္ကင်း ဆိုသူ ဖြစ်လေသည်။

ဆန်စက်ပိုင်ရှင် 'ဦးတုတ်ကလေး'နှင့် ကျွန်ုပ်မှာ အပြန်အလှန် ကျေးဇူးခံကျေးဇူးစား ရှိနေယုံမျှမက ညီရင်းအစ်ကိုတမျှ ရင်းနှီးသူဖြစ်သည်။ ယခုလာသူ ကိုစက္ကင်းကို လွှတ်လိုက်ခြင်းမှာ 'ဦးတုတ်ကလေး'၏ကိစ္စသာ ဖြစ်ရမည်။ ကိုစက္ကင်း၏နောက်မှ ထောင်ထောင်မောင်းမောင်း ခန့်ညားသောပုံစံရှိသူ၏ကိစ္စသာ ဖြစ်ဖို့သာအကြောင်း ရှိပေမည်။

"တွေ့မှတွေ့ပါ့မလားလို့ မုဆိုးကြီးရာ၊ တစ်လမ်းလုံး စိုးရိမ်နေရတယ်၊ တကယ်လို့ မတွေ့ဘူးဆိုရင် ဘယ်အဆက်အသွယ်မှမရ ဘယ်လိုက်လို့ ဘယ်လိုက်ရမှန်း မသိတဲ့အနေအထား၊ ကျုပ်စိတ်အထင်က အင်းမ၊ ဝက်ပုပ်နောက်က တောထဲကို ရောက်နေပြီ မှတ်တာဗျ"

ဟု ဆိုရင်း ပါလာသော လက်ဆောင်ပစ္စည်းများကို ချထားသည်။ ကျွန်ုပ် သွားလျှင်မူ အသားခြောက်မှလွဲ၍ ဘာလက်ဆောင်မှ မပေးနိုင်ပါ။

"ဝက်ပုပ်ကိုသွားရင်. . . ခင်ဗျားတို့ဆီ ဝင်မှာပေါ့ဗျာ၊ လောလောဆယ်တော့ စဉ်းစားလို့ မရသေးပါဘူး. . .။ အောင်လံ အရှေ့ဘက်ကရွာတွေ အရေးပေါ်လို့ လာခေါ်ရင်တော့ မပြောတတ်ဘူး"

"ကိုင်းပါလေ၊ ဘယ်လိုကိစ္စပဲ ပေါ်လာလာ၊ ခဏရပ်ထားဖို့ ကျုပ်ကပဲ မေတ္တာရပ်ခံပါတယ်၊ ဟောဒါ. . . မန္တလေးက ကျောက်ကုန်သည် ဦးကျော်ရွှေ၊ သူကလည်း ဦးတုတ်ကလေးနဲ့ ရင်းနှီးတာပေါ့။ ခင်ဗျားနဲ့က လူချင်းသာ မဆုံဖြစ်တာ"

ဟု ဆိုသည်။ ကျွန်ုပ်က ထို'ဦးကျော်ရွှေ'ကို အပြုံးများဖြင့် တုန့်ပြန်လိုက်သည်။ ကျောက်ကုန်သည်မို့ ဦးတပ်ကာ ခေါ်ရသော်လည်း ကျွန်ုပ်နှင့်ရွယ်တူ အသက် ၃၀ တစ်ဝိုက်သာ ရှိပါဦးမည်။

နောင်နှစ်ပေါင်းသုံးဆယ် ကျွန်ုပ်အသက် ၅၀ အရွယ်တွင် ပေါ်ပေါက်လာမည့် ရုပ်ရှင်မင်းသားဇေယျ၏ ပုံစံမျိုးဖြစ်သည်။ အရပ်က ၅ ပေ ၇ လက်မခန့်၊ သူဌေးပုံစံထက် ကြံ့ခိုင်သော လက်ဝှေ့သမားတစ်ယောက်၏ ပုံစံမျိုးဖြစ်သည်။

ကျော်ခင်က ညှိသည်နှစ်ဦးနှင့် ကျွန်ုပ်အတွက် ကော်ဖီနှင့် မုန့်များ ချထားပေးသည်။

"ကိုင်း. . . ဦးကျော်ရွှေ ဒါ ဦးတုတ်ကလေး ပြောပြောနေတဲ့ မုဆိုးကြီးနောင်ရိုးတဲ့၊ ခင်ဗျားတို့. . . မတ္တရာ၊ ဆည်တော်ကြီး ... ဝိုက်တော့ မသိဘူး၊ ဒီတုံးရေချိုး သစ်တောကြိုးဝိုင်းနဲ့ တောင် ... ချောင်းဖျားမှာတော့ သူ့ကို မသိတဲ့သူ မရှိဘူး"

ဟု အမွှန်းတင်လိုက်သည်။

"ဒါလောက် မဟုတ်သေးပါဘူးလေ၊ ထားပါတော့။ ကဲ. . . ... ကျော်ရွှေ ခင်ဗျားကိစ္စကို လွှတ်လွှတ်လပ်လပ် ပြောနိုင်ပါတယ်"

ထိုသူက ကျွန်ုပ်ကို လေးစားစွာ ကြည့်လိုက်သည်။ နှစ်လို... အပြုံးက သူ့မျက်နှာတွင် လက်ခနဲ ပေါ်သွားသည်။

◈ ◈ ◈

## အခန်း ( ၂ )

သူက လည်ချောင်းကို ရှင်းသည့်အနေဖြင့် ချောင်းတစ်ချက် ဟန့်လိုက်ရင်း စကားကို စသည်။

"ကျွန်တော့်ရဲ့မိဘတွေက မူလက မိုးကုတ်မြို့၊ ဂိဇ္ဇကုတ်ရပ်ကွက်မှာ နေကြတာပါ၊ ကျောက်တူးလုပ်သားဘဝနဲ့ မနေချင်ဘဲ အရောင်းအဝယ် ဝါသနာပါတာမို့ အမေ့အမျိုးတွေရှိတဲ့ မန္တလေးကို ဆင်းလာတယ်၊ ဒီမှာတင် အဖေ့သမာဓိကို ယုံကြည်တဲ့ အဖေ့မိတ်ဆွေတွေက မန္တလေးမှာ ရောင်းကြည့်ဖို့ နီလာနဲ့မြ အနည်းအပါး ပေးလိုက်တယ်၊ ရောင်းပြီးမှ ငွေပြန်ပေးပေါ့"

ဟု ပြောဆိုရင်းမှ ကော်ဖီကို ငုံ့သောက်လိုက်ပြီးသောအခါတွင် စကားကို ဆက်သည်။

"အဲဒီအချိန်က. . . လမ်းပန်းအဆက်အသွယ်ကလည်း ဒါသောက်မကောင်း၊ တော်ရုံတန်ရုံ သူဌေးတွေကလည်း သွားသွားလာ

တာ လုပ်ချင်တာ မဟုတ်ဘူး၊ ဟိုမှာလည်း အလုပ်ကို ကြီးကြပ်ရတာ ရှိသေးတော့၊ အဖေ့လို လူယုံတွေပဲ မွေးထားချင်တာပေါ့လေ၊ ဒီလိုနဲ့ ပထမဆုံးအခေါက်မှာတင် အဲဒီကျောက်တွေက ရောင်းလို့ အဆင်ပြေသွားတယ်၊ သူတို့ လိုချင်တဲ့ဈေးထက် ပိုရတယ်၊ စီးပွားဖက် အကျိုးပေးလာတယ် ဆိုကြပါစို့ဗျာ"

"အဖေကတော့ မန္တလေးမှာ အခြေချလိုက်တဲ့ သူ့ဆုံးဖြတ်ချက် မှန်တယ်ပေါ့။ အဖေက မန္တလေး'မင်းတဲအီကင်း'ရပ်ထဲမှာ အိမ်တစ်လုံး ဝယ်လိုက်တယ်၊ နောက် တောင်ငူ၊ ပျဉ်းမနား၊ မိတ္ထီလာ၊ ပြည်၊ ရန်ကုန်ထိ ခြေဆန့်ပြီး ရောင်းတယ်။ ဈေးကွက် ကျယ်လာလေ မိုးကုတ်က သူဌေးတွေလည်း ကျေနပ်လေ ဖြစ်နေတာပေါ့"

"အဖေက သူတို့ခေတ်အတိုင်းပေါ့ဗျာ။ ကျွန်တော့်ကို ၁၅ နှစ်သားအထိပဲ ပညာသင်ပေးတယ်၊ ရေးတတ်ဖတ်တတ် တွက်ချက်တတ်ရင်. . . တော်ပြီပေါ့ဗျာ၊ ခုနစ်တန်းထိပဲ ရောက်ခဲ့တယ်၊ သို့သော် အဲဒီပညာနဲ့တင် ရုံးစာရေးတို့၊ ကျောင်းအုပ်တို့လုပ်လို့ ရနိုင်ပါတယ်"

"ကျောင်းက ထွက်ပြီး အဖေနဲ့တွဲ အလုပ်လုပ်ရတာပေါ့။ 'မိုးကုတ်'က သူဌေးတွေ၊ ပြည်၊ ရန်ကုန်က သူဌေးတွေနဲ့ ဆက်သွယ်ပေးထားတယ်၊ အဖေ့မှာ ထူးခြားတာက မန္တလေးမှာရှိတဲ့ အချိန်တွေဆိုရင် ကမ်းနားအရက်ဆိုင်တွေမှာ အချိန်ကုန်တာပဲ။ အိမ်မှာ ဖိမ်ရှိရှိ သောက်နိုင်ပေမယ့်. . . မသောက်ဘူး။ အဖေက လူတွေကိုတော့ စိတ်ဝင်စားတယ်ဗျ၊ ဘဝတွေ ဘာတွေ လေ့လာတယ် ဆိုရအောင်လည်း အဖေက ဝတ္ထုတွေဖတ်တာ မဟုတ်ဘူး၊ ဝတ္ထုဆိုတာကလည်း





သိပ်ရှိတာ မဟုတ်သေးဘူးလေ"

"တစ်နေ့တော့ အဲဒီအရက်ဆိုင်တစ်ဆိုင်၊ ဆိုင်ကပဲ ထင်ပါတယ်၊ ရတနာမြေပုံတစ်ခု. . . ရလာတယ်၊ ဘယ်လိုရလာတယ်ဆိုတာတော့ ကျွန်တော့်ကို အရေးအရာလုပ်ပြီး ပြောမပြဘူး၊ လုပ်ငန်းမှာ စွဲသုံးတာပဲရှိတယ်၊ ကျွန်တော့်ကို ဘာမှ တိုင်ပင်တာ မဟုတ်ဘူး၊ သူခိုင်းတာလုပ်၊ သူလွှတ်ရာသွား. . . အဲသလောက်ပဲ"

ဟု ပြောရင်း ခဏနားကာ စီးကရက်တစ်လိပ်ကို မီးညှိလိုက်သည်။ မှန်သည်။ သူဌေးတစ်ဦးထံ ရတနာ့မြေပုံ ရောက်လာခြင်းက ကောင်းကျိုးထက် ဆိုးကျိုးသာ ဖြစ်ဖို့များသည်။ သို့သော် ကျွန်ုပ်ဝေဖန်ရန်မှု စောပါသေးသည်။

"ဒီနေရာမှာတော့ အဖေနဲ့ကျွန်တော် စိတ်ထားတူတယ်ဗျ၊ တစ်ခါတလေ မိုးကုတ်နဲ့မန္တလေး ကူးရသန်းရတာတောင် ပင်ပန်းနေတာ၊ တောကြီးတောင်ကြီးထဲမှာ. . . မှက်၊ ခြင်၊ ယင်အကိုက်ခံ ခြေညောင်းခံပြီးလည်း သွားရမယ်၊ တောကောင်တွေလည်း ရှိမယ်၊ သေလည်း မသေချာတဲ့ ရတနာသိုက်ကို. . . စိတ်မဝင်စားဘူး"

ဟု ဆိုသည်။

"အဲဒီအပြောနဲ့တင် ခင်ဗျားရဲ့အဖေကို မမြင်ဖူးသော်လည်း စိတ်ဝင်စားသွားတယ်၊ လောဘကို သတ်နိုင်တယ်ပေါ့ဗျာ၊ ကျွန်တော်တို့ မုဆိုးစကားနဲ့ဆိုရင် စည်းရှိတယ်ပေါ့၊ မုဆိုးလောကမှာ ဆင်ရလည်း ပစ်ချင့်တယ်၊ စာကလေးလည်း အလွတ်မပေးသူးဆိုတဲ့သူတွေ ရှိတယ်"

ဟု ကျွန်ုပ်က လောဘအကြောင်းကို ပြောလိုက်သည်။

"သို့သော်. . . အဖေက စိတ်မဝင်စားပေမယ့် အရက်မူးလာရင်တော့ အဲဒီမြေပုံလေးကို မီးခံသေတ္တာထဲကနေ ထုတ်ထုတ်ကြည့်ပြီး အရသာခံတယ်၊ ခုခေတ်လူငယ်တွေ ဝတ္ထုဖတ်သလို နေမှာပေါ့ဗျာ"

"ဟုတ်မှာပေါ့လေ"

"အဲဒီရတနာမြေပုံကိစ္စကနေ. . . ရတနာမြေပုံနဲ့ တိုက်ရိုက်ပတ်သက်လာမယ့်ကိစ္စကို ဖြတ်ပြောပါရစေ"

"အင်း. . . ဆိုစမ်းပါဦး"

"ကျွန်တော့်မိဘနှစ်ပါးက မွေးတဲ့အထဲမှာ မိန်းကလေး မပါဘူး၊ ဒါပေမဲ့. . . ကျွန်တော့်မိဘတွေက မိန်းကလေး လိုချင်တယ် ဘာညာမရှိပါဘူး၊ ညီအစ်ကိုနှစ်ယောက် ဆယ်နှစ်စီခြားပြီး မွေးလာတယ်ဆိုတော့ 'ညီနောင်'ဆိုတဲ့ စကားလုံးကို သူတို့သဘောကျတယ်"

"သူတို့ယူဆတာ ညီအစ်ကို ၂ ယောက် ၂ နှစ် ၃ နှစ်စီပဲခြားပြီး မွေးလာခဲ့ရင် ထက်မြက်လွန်းလို့ အသတ်ခံရတယ်။ အမြွာညီအစ်ကိုဆိုရင်လည်း ထက်ထက်မြက်မြက် မရှိလှဘူး။ အနည်းဆုံး ၅ နှစ်ခြားပြီးမှ မွေးလာခဲ့ရင် ဗျတ်ဝိ၊ ဗျတ္တ၊ မင်းကြီးမင်းကလေးလို မဟုတ်တော့ဘူး၊ ရာမ၊ လက္ခဏာလို သူရဲကောင်းတွေ ဖြစ်လာတယ်လို့ထင်တယ်၊ ဒါက. . . သူတို့အယူအဆပေါ့လေ"

"စိတ်ဝင်စားစရာပဲ၊ သူရဲကောင်းဆိုတာက ရာဇဝင်ထဲက





နေ ပွားယူလာတော့ ဒီနေ့ဆို ဗိုလ်ချုပ်တို့ ဗိုလ်လရောင်တို့ပေါ့ဗျာ"

"ထားလိုက်ပါတော့ဗျာ၊ ကျွန်တော်လည်း ဒါကို ယုံလွန်းလို့ ပြောတာ မဟုတ်ပါဘူး၊ မိဘတွေရဲ့ အယူဆပေါ့ဗျာ၊ မောင်နှမ နှစ်ယောက်ထဲဆိုရင်လည်း ကံဆိုးတတ်တယ်တဲ့ဗျ၊ ကံတော်မောင်နှမ၊ ဒန်းစီးမောင်နှမတို့ပေါ့၊ ကျွန်တော်တို့က ဒါလောက်ထိ အစွဲမရှိပါဘူး"

"အဲသလို လောကကြီးကို ကျေနပ်နေတုန်းမှာပဲ ကျွန်တော့်အသက် ၂၄ နှစ်မှာ အမေဆုံးသွားတယ်။ နောက်တစ်နှစ် ကျွန်တော် ၂၅ နှစ်မှာ အဖေဆုံးသွားတယ်ဗျာ၊ သွေးရိုးသားရိုးပါပဲ၊ သို့သော် ရတနာမြေပုံကြောင့်လို့ ကြံဖန်တွေးရင်လည်း ရတယ်၊ တကယ်တော့ ဆိုင်ဘူးလို့ ထင်တာပဲ"

"ဖြစ်နိုင်ပါတယ်. . .၊ ခင်ဗျားအဖေက ရတနာသိုက်မြေပုံနဲ့ ပတ်သက်လို့ ဘာမှအကောင်အထည်ဖော်တာမှ မဟုတ်ဘဲ"

"အဖေဆုံးသွားပေမယ့် စီးပွားရေးက ရပ်မသွားဘူးဗျ၊ ကျွန်တော့်အသက် ၂၀ လောက်ထဲက. . . စောစောက ပြောခဲ့သလို အဖေက သူ့မိတ်ဆွေတွေအားလုံးနဲ့ ဆက်သွယ်ပေးခဲ့ပြီးသား၊ သူသေမယ်ဆိုတာ ကြိုသိတာတော့ မဖြစ်နိုင်ဘူး၊ အဖေ့လို ၅၂ နှစ်လောက်မှာ သေသွားတဲ့သူတွေ တစ်ပုံတစ်ပင်ဆိုတော့. . . ဝမ်းနည်းစရာလည်း မဟုတ်ပါဘူး၊ တချို့ဆိုရင် သူတို့အဖေတွေ အမေတွေကို မမြင်ရဘဲနဲ့ လူဖြစ်လာရတာတွေလည်း ရှိတာပဲ၊ ကျွန်တော့်ညီလေးက အဖေဆုံးတော့ ၁၅ နှစ်ပေါ့၊ သူလည်း အနည်းအပါးပဲ ပူဆွေး

[illegible]

"ဒါပေါ့လေ. . . အသက်ရှည်ပြီး အမျိုးမျိုး ဒုက္ခရောက်နေတဲ့သူတွေလည်း တစ်ပုံတစ်ပင်ပါပဲ၊ သူ့အကြောင်းနဲ့သူပေါ့လေ"

ဟု ကျွန်ုပ်က အလိုက်အထိုက်ပင် ဝင်ပြောလိုက်၏။

"အဖေရော၊ အမေရော. . . ဘာမှ ဝေဒနာ မခံစားရဘဲ ညင်ညင်သာသာ သေဆုံးကုန်ရတာတော့ ကြံဖန်ကျေနပ်ရတာပေါ့ဗျာ၊ ဒါပေမဲ့ အဖေက သူကွယ်လွန်တဲ့အထိ ရတနာမြေပုံအကြောင်း ဘာမှ မမှာခဲ့ဘူး၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ မင်း အခက်အခဲတစ်ခု ဆုံးရှုံးမှုနဲ့ ကြုံခဲ့ရင် မြစ်ကမ်းတာရိုးနဲ့ ၈၃ လမ်းကြားရယ်၊ ၂၆ လမ်း နဲ့ ၁၅ လမ်းကြားမှာရှိတဲ့ အရက်ဆိုင်တွေမှာ မင်း ရှာနေတဲ့ကွင်းဆက်တစ်ခုခုတော့ ရလိမ့်မယ်လို့ဆိုတယ်ဗျ၊ အဲဒီစကားကတော့ နည်းနည်းဆန်းတယ်"

"ဟုတ်တယ်ဗျ. . . ခင်ဗျားအဖေက သိုက်ဆရာ၊ ပယောဂဆရာမဟုတ်ဘဲ အဲဒီနေရာ လေးထောင့်ကွက်ကိုပဲ ရှာကြည့်ရမှာ၊ ပြီးတော့ ကွင်းဆက်ပဲ တွေ့ရမှာ၊ ခင်ဗျားရှာနေတဲ့အဖြေ မဟုတ်ဘူး၊ အင်း. . . ဆန်းတော့ဆန်းတယ်"

ထိုစဉ်မှာပင် ကိုစက္ကင်းက စကားဝင်ပြောသည်။ ကျွန်ုပ်တို့မှာ ကိုကျော်ရွှေ၏ နောက်ကြောင်းပြန်ဇာတ်လမ်းတွင် နစ်မြောနေမိကာ ကိုစက္ကင်းကို မေ့လျော့နေမိသည်။ ကိုစက္ကင်းက. . .

"ကျုပ်လည်း နားထောင်ကောင်းကောင်းနဲ့ နားထောင်နေမိတာ ပြည်ကို ပြန်ထွက်မယ့်ကား မမီဘဲနေဦးမယ်၊ ကိုင်း. . . ကိုင်း





နောင်ရှိး၊ ကိုကျော်ရွှေ အားလုံးပဲပြန်ဦးမယ်"

ဟုဆိုကာ ထပြန်သွားတော့သည်။

မြဒင်က ကိုစက္ကင်းနှင့်အတူ ကားဂိတ်သို့ လိုက်သွားသည်။ ချိန်မှာ နေ့တစ်နာရီနီးပါး ရှိနေပြီ။ လူဦးရေ နည်းပါးလှသော ာင်လံမြို့မှာပင် အသံတိတ်ဆိတ်နေသည်။ သို့သော် ခွေးပွဲစျေး ဆူညံသော အသံများကတော့ သဲ့သဲ့ကြားနေရသည်။

◆ ◆ ◆

## အခန်း ( ၃ )

### ပုံပြင်ဝတ္ထုဖတ်ပြီး တက်ကြွလာသူ

ညနေပိုင်းတွင် အနားယူရင်း အိမ်ရှေ့မန်ကျည်းပင်ရိပ်တွင် င်လက်ကုလားထိုင်ကိုယ်စီနှင့် အနားယူရင်း ကိုကျော်ရွှေက သူ့ ်လမ်းကို ပြန်ဆက်သည်။ ရတနာမြေပုံနှင့် ဇာတ်လမ်းမှာ ကျွန်ုပ် ့ဖြင့် ကင်းကွာနေသော်လည်း တစ်စတစ်စ ဆက်စပ်လာမည် ုဆမိသည်။

"ကျွန်တော့်ညီနာမည်က ကျော်ဆွေတဲ့ဗျ၊ နေ့နံသင့်တော့ ်ဘူး၊ မင်းအောင်၊ မင်းနောင်ဆိုသလိုပေါ့ဗျ၊ ကာရန်ကို ယူထား ကျော်ရွှေ၊ ကျော်ဆွေပေါ့၊ သူက အဖေတို့ ကျွန်တော်တို့လို စီး ့ကို စိတ်မဝင်စားဘူး၊ ကိုနောင်ရိုးတို့လို တောနက်ထဲမှာ ခွန့် င်တယ်၊ စိတ်ကူးကလည်း ယဉ်တယ်၊ ဒီတော့ မင်း ပညာသာ ား၊ သစ်တောဌာနမှာ အလုပ်သွင်းပေးမယ်၊ ၉ တန်းအောင်ရင် ာပ်၊ ဝန်ထောက်အထိ ဖြစ်နိုင်တယ်ပေါ့ဗျာ၊ သို့သော် သူ့အဆင့်

အာ ကျွန်တော့်လိုပဲ ခုနစ်တန်းအဆင့်ထိပဲ ပါတယ်နဲ့တူပါတယ်"

ဟု ဆိုပြီး စကားကို ရပ်ထားလိုက်သဖြင့် ကျွန်ုပ်မှာ မ

ဆောင် သူ့ညီအတွက် စိတ်ပူသွားမိသည်။ မိဘ နှစ်ပါးလည်း ကွယ်

ကုန်ကြပြီ။ သူလည်း ကျန်းကျန်းမာမာရှိနေသည်။ သည်တော့ သူ

ခြင်းကိစ္စမှာ သူ့ညီအတွက်သာ ဖြစ်မည်ဟု တွက်ဆမိလိုက်ပေပြ

"ကျောင်း. . . ဆက်မတက်တော့ဘူးလား"

"အဲဒီသဘောမျိုး ဖြစ်သွားတာပေါ့၊ ကျွန်တော့်ညီရဲ့ အ

ရေးက ပွဲဦးထွက်မကောင်းဘဲ ဖြစ်သွားတယ်၊ သူက အနောက်

တိုက်တော်နားမှာနေတဲ့ ဗိနပ်ထောင်ဆရာတစ်ယောက်ရဲ့သ

ချစ်သူဖြစ်သွားတယ်၊ ကျွန်တော်က မမြင်ဖူးပါဘူး၊ သို့သော်လ

သိပ်လှတယ်လို့ သူက ပြောတာပါပဲဗျာ"

"သူကလည်း အတော့်ကို စွဲစွဲလမ်းလမ်း ဖြစ်နေတယ်၊

တော့ ကျွန်တော်တို့ကလည်း ဆင်းရဲသားဘဝက လာတာဆို

အဆင့်အတန်း မခွဲပါဘူး၊ အဆင်ပြေတဲ့တစ်နေ့ ပေးစားမယ်လို့

ဖြတ်ပြီးသားပါ၊ သူလည်း ၁၀ နှစ် ရှိနေပြီ။ ပညာရေးကလည်း

တဲ့အတိုင်းပေါ့၊ ထင်သလို ဖြစ်မလာဘူး၊ ဒီတော့ မိန်းမ ပေးစ

တစ်ခုခု လုပ်နိုင်းရရင်. . . ကောင်းမလားလို့ စဉ်းစားနေတုန်း၊

မိန်းကလေးက ဆိုင်းသမားတစ်ယောက်နဲ့ လိုက်ပြေးသွားတယ

ပြောရရင်တော့ ရွှေဥဒေါင်းအပြစ်ကြီးလည်း မဟုတ်ပါဘူး"

"ဘယ်က ရွှေဥဒေါင်းလဲ. . . ဇာတ်ဆရာလား၊ ဆိုင်း

လား"





ဟု ကျွန်ုပ်က စိတ်ဝင်စားစွာ ဖြတ်မေးလိုက်သည်။

ကိုကျော်ရွှေ၏မျက်နှာတွင် ရှားပါးသော အပြုံးတစ်ခု ဖြတ်သန်းသွားသည်။ သို့မဟုတ်လျှင် သူ့မျက်နှာက အများအားဖြင့် မှိုင်းဝေလျက်ရှိသည်။

"ခင်ဗျားတို့လည်း ကျွန်တော့်လို ဝတ္ထုစာအုပ်တွေ မဖတ်ကြဘူးနဲ့တူတယ်၊ ရွှေဥဒေါင်းဆိုတာ စာရေးဆရာဗျ"

"စာရေးဆရာဆိုတာတော့ ကျုပ်ဖြင့် မကြားဖူးတာ အမှန်ဘဲ၊ သီချင်းစာ ရေးတဲ့သူလား၊ မြို့အုပ်ရုံးမှာ ရုံးစာတွေ ရေးတဲ့သူလား၊ ကွက်စိပ်စာ ရေးတဲ့သူလား"

"ထားပါတော့ဗျာ၊ ကျွန်တော်လည်း ပုံစံမပြောတတ်ဘူး၊ ဇာတ်နိပါတ်ထဲက မဟာပဒုမတို့လို ဇာတ်လမ်းမျိုးတွေကို စာရေးပြီး ပုံနှိပ်တဲ့လူတွေပေါ့ဗျာ၊ ကျောင်းမှာသင်ရတဲ့ ပထဝီ၊ သမိုင်း စာအုပ်မျိုး၊ အဲလိုစာအုပ်မျိုးနဲ့ ပုံပြင်ဆန်ဆန်စာအုပ်တွေ. . . ရေးတဲ့လူပေါ့၊ သိပ်တော့ မရှိပါဘူး၊ တစ်ပြည်လုံးမှာတော့ ဆယ်ယောက်တောင် မရှိပါဘူး. . . ရန်ကုန်၊ မန္တလေးငှဲ့ ပြည်ကလွဲရင် ဝတ္ထုစာအုပ် ဖတ်တဲ့သူလည်း သိပ်မရှိပါဘူး"

"ထားပါတော့ဗျာ၊ အဲဒီ ရွှေဥဒေါင်းနဲ့ ပတ်သက်လာပုံလေးကို ရှင်းစမ်းပါဦး"

ဟု ကျွန်ုပ်က မေးလိုက်သည်။

"ကျွန်တော့်ညီကလည်း အဲဒီဗိနပ်ထောင်ဆရာရဲ့ သမီးနဲ့ တွဲပြီး ကျန်ရစ်ဖြစ်လို့. . . စိတ်ဓာတ်ကျ စိတ်လေနေတဲ့အချိန်၊ အဲဒီ

ရွှေဥဒေါင်းရေးတဲ့ 'ရူပနန္ဒီ'ဆိုတဲ့ ပုံပြင်ဝတ္ထုဖတ်ပြီး မျှော်လင့်ချက်တွေနဲ့ တက်ကြွလာပြန်တယ်လေ. . .။ အမှန်တော့ စိတ်ရောဂါတစ်မျိုးပဲဗျ၊ သူ့ရဲ့ဘဝပဟောင်းက ချစ်သူဟာ မြန်မာပြည်မြောက်ဖျားကနေ လွန်သွားတဲ့တောင်တန်းကြီးတွေပေါ်က တိုင်းပြည်တစ်ပြည်မှာရှိတယ်၊ သူ့နာမည်က မောင်စောနိုင်၊ အဲဒီတိုင်းပြည်ကို လိုက်သွားတော့မယ်ဆိုပြီး ဖြစ်လာတယ်"

ထိုစဉ်မှာပင် ကျွန်ုပ်ကလည်း ကြားဖြတ်ပြောလိုက်သည်။

"ဟုတ်မယ်ဗျ၊ ကျုပ်လည်း 'ဂါဒါးကြီး'ဗိုလ်တဲမှာတည်းတုန်းက တောလိုက်စာရေးတစ်ယောက် အဲဒီပုံပြင်ဆန်ဆန် အဖြစ်အပျက် ပြောသံကြားရဖူးတယ်၊ ကျောင်းမှာ သင်ရတဲ့ တိဘက်ပြည်ပေါ့ဗျာ၊ အင်္ဂလိပ်တွေ မရောက်နိုင်တဲ့နေရာနား နှင်းတောင်တွေပေါ်က ဘုရင်မ ရှိတယ်တဲ့၊ အဲဒီဘုရင်မဆီ ခင်ဗျားညီကကော လိုက်သွားရောလား"

"ရုတ်တရက်တော့ မဟုတ်ဘူးဗျ၊ ဝတ္ထုထဲကလို အဖော်တစ်ယောက် ရှာနေပုံရတယ်၊ ဒါမျိုးက. . . ဘယ်သူမှ တစ်ယောက်တည်းသွားရဲတာမှ မရှိဘဲ"

"ဒါပေါ့. . . ဒါလောက်ဝေးတဲ့နေရာ သွားဖို့ စိတ်တူကိုယ်တူ သူငယ်ချင်းတစ်ယောက်တော့ လိုမှာပေါ့"

"အဲဒီကြားထဲမှာ ကျွန်တော်လည်း သူအပြောကောင်းတာနဲ့ အဲဒီဝတ္ထု ဖတ်ကြည့်တယ်၊ ကျွန်တော်လည်း အသက် ၃၀ နား ကပ်နေပြီ၊ စိတ်ကူးနဲ့ရေးထားတာမှန်း သိသာပါတယ်၊ မြစ်ကြီးနားဟိုဘက်က မိုးလောက်မြင့်တဲ့တောင်ကြီးတွေကိုဖြတ်ပြီး ဘယ်သူ သွားနိုင်မှာလဲ၊ အဲဒီမှာ လူတွေရှိတယ်ဆိုတာတော့ ဖြစ်နိုင်ပါတယ်၊ ဒီကနေသွားဖို့မလွယ်လို့ အင်္ဂလိပ်တွေ လက်လျှော့ထားတာပေါ့ဗျာ၊ အင်္ဂလိပ်တွေ မရောက်တဲ့နေရာ ဘယ်မှာရှိလို့လဲ"

အင်း. . . အဲဒါလည်း ဖြစ်နိုင်ပါတယ်၊ ဆက်ပြီးတော့ ပြောမေးပါဦး၊ ခင်ဗျားညီကိစ္စ"

"ဖြစ်ချင်တော့ အကြောင်းအရာတွေအားလုံး တိုက်ဆိုင်လာတယ်လေ၊ အဖေ ထားခဲ့တဲ့ မှီခိုသေတ္တာထဲက ရတနာမြေပုံကို တွေ့သွားပြီး လက်ကကို မချတော့ဘူး၊ ပြီးတော့ တိုက်ဆိုင်တာက အဲဒီမြေပုံမှာ ချင်းတွင်းမြစ်ကနေ အနောက်စူးစူးကိုသွားရာ အမြင့်ဆုံးတောင်ထိပ်ဖြစ်တဲ့ စာရာမေတီတောင်ရှိတယ်၊ အဲဒီတောင်ရဲ့ မြောက်ဘက် မယ်ကုဝဏ်အရှပ်လို ဖြစ်နေတဲ့ ကျောက်တုံးကြီးတစ်တုံး ရှိတယ်၊ အဲဒီကျောက်တုံးနောက်က လိုဏ်ခေါင်းကနေ သွားရင် အဲဒီတိဘက်ပြည်ထဲ'ဆင်ကူး'လူမျိုးတွေ နေတဲ့ရွာက နတ်ကွန်းဆောင်ကြီးဆီ တိုက်ရိုက်ပေါက်တယ်၊ နတ်ကွန်းဆောင်မှာ. . . အမြဲလူရှိနေတာဟုတ်လို့ နတ်ရုပ်ကြီးရဲ့အောက်ခြေမှာ စိန်တွေရှိတယ်လို့ ရေးထားတယ်ဗျ၊ တခြားအကွရာတွေလည်း ပါသေးတယ်၊ အဖေက သံစုတ်နဲ့ခြစ်ပြီး ပြန်ရေးထားတာ"

"အင်း. . . တိုက်ဆိုင်မှုပေါ့ဗျာ၊ သူကလည်း ရူပနန္ဒီကို စိတ်ဝင်စားနေတဲ့အချိန်၊ တိဘက်က ပြည်နယ်တစ်ခုကို ဒိုးယိုပေါက်ရောက်နိုင်တဲ့လမ်းကနေ သွားတဲ့မြေပုံကို သွားတွေ့တော့ ပိုဆိုးတာ




ရွှေပဒေသာစာပေ

ပေါ့. . .။ ကုန်းလမ်းကနေ တိဘက်ကို အင်္ဂလိပ်တွေတောင် မသွား နိုင်ဘူး၊ သူက မြေအောက်လိုဏ်ဂူလမ်းက သွားရင် လွယ်မယ်ထင် နေတာ၊ အဲဒီလိုဏ်ဂူထဲမှာ ဘယ်လိုအန္တရာယ်နဲ့ တွေ့နိုင်တယ်ဆိုတာ မြေပုံထဲမှာ ရေးထားမှာ မဟုတ်ဘူး"

"သူကတော့ စိန်တွေကို မက်လို့ မဟုတ်ဘူးဗျ၊ အဲဒီတိုင် ပြည်ကို ရောက်ချင်နေတာပဲ သိတာ၊ ဒီမြေပုံက ကျွန်တော်လည် ကြည့်ပါများလို့ အလွတ်တောင် ရနေပါပြီ၊ သူ့ဆီကနေ အဲဒီမြေ ပြန်တောင်းတာနဲ့ ညဘက်ကျတော့ ကျွန်တော့်အကျီအိတ်ထဲက ငွေ သုံးရာယူပြီး တစ်ခါတည်း ပျောက်သွားတယ်၊ မနက်ကျမှ သိရတာ ပဲ။ လျှော်ချောင်က သူ့သူငယ်ချင်း ကံထူးဆိုတဲ့ကောင် ပါသွားတယ် တဲ့"

ဟု ဆိုရင်း စကားကို ရပ်ထားလိုက်သည်။ ဆက်ပြောစရာ လည်း မလိုတော့ပါပေ၊ ဇာတ်လမ်း၏ဆိုရင်းကို သဘောပေါက်ပေပြီ ထိုအချိန်က သူညီနောက်သို့ လိုက်သော် အလွယ်တကူ ပြန်လိုက်မှာ မဟုတ်၊ မုံရွာလောက်တွင် မီချင်မီနိုင်သည်။ မမီချင်လည်း မမီနိုင် ယခုမှ လုံးဝပြန်မလာ၍ သူညီနောက်ကို လိုက်ရန် ကျွန်ုပ်တို့ အဖော်လာခေါ်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့ ထိုလိုဏ်ခေါင်းကြီးအတွင် သို့ ဝင်ရောက်သွားရန် သေချာသလောက်ဖြစ်နေပြီ။

ကျွန်ုပ်က ဆေးတံတစ်ဆုံထည့်၍ ဘာရယ်မဟုတ်၊ မြေ စူးစူးကိုကြည့်ကာ စဉ်းစားတွေးတောမိပြန်၏။ စိတ်ထဲမှာလည် လေးလံ ထိုင်းမှိုင်းသွားတော့သည်။





ကျွန်ုပ်မှာ မြေပြင်တောနက်ထဲတွင် ကျားဆိုး၊ ဆင်ဆိုးကြီး များကို ရင်ဆိုင်ခဲ့ရပါ၏။ အကြိတ်အနယ်ပွဲများသာ ဖြစ်ခဲ့ပါ၏။ ပင် ပန်းသည်မှအပ တုန်လှုပ်ခြောက်ခြားစရာ မရှိခဲ့ပါပေ။ ယခု ရင်ဆိုင် ရမည်မှာ ဘာမှန်းမသိသော ရန်သူသတ္တဝါဖြစ်နိုင်၏။ လွတ်လွတ်လပ် လပ် ရင်ဆိုင်ရမည်မဟုတ်။ အကျဉ်းအကျယ် ခန့်မှန်းမရသေးသော လိုဏ်ခေါင်းတွင်းထဲမှာသာဖြစ်၏။

ဝက်ပါဆန်သော လိုဏ်ခေါင်းဖြစ်ကာ ထွက်ပေါက်မတွေ့ဘဲ တဝဲလည်လည်နှင့် အစာရေစာပြတ်ပြီး သေဆုံးနိုင်၏။ စင်စစ် ရတနာသိုက်ဆိုသည်မှာ ခလုတ်ထောင်ချောက်တို့ဖြင့် တန်ဆာဆင် ထားတတ်သည် မဟုတ်လော။ ယခု လိုဏ်ခေါင်းမှာ ဘယ်ချိန်ဘယ် ကာလကပင် ရှိခဲ့မှန်းမသိသော လိုဏ်ခေါင်းဖြစ်သည်။ ကမ္ဘာဦးအစ က ရှိခဲ့သော လိုဏ်ခေါင်းလည်းဖြစ်နိုင်သည်။ ကြီးမားသော ဖွတ်ကြီး များ၊ လှည်းဘီးပမာဏရှိသော ပင့်ကူကြီးများ၊ နစ်ချို့မြွေကြီးများ ရှိနိုင်ပေသည်။ မလိုက်၍လည်း မဖြစ်၊ နာမည်ကျော် မုဆိုးကြီး နောင်ရိုး၊ သူက ကိုယ့်ကိုအားကိုး၍ မန္တလေးမှပင် ပြည်၊ အောင်လံ ထိ လိုက်လာခဲ့သည်။ ယခု ကိုကျော်ရွှေပုံစံ ကြည့်ရသည်မှာ သူညီ ကို တွေ့သည် မတွေ့သည်ထက် သည်လိုရှာလိုက်ရမှ ဝတ္တရား ကျေ ပွန်မည်ဟု ထင်နေသည်။

ဒီလို ရှာလိုက်ရမှလည်း စိတ်ကျေနပ်သွားပေမည်။

"ခင်ဗျားညီ ထွက်သွားတာကော ဘယ်လောက်ကြာပြီလဲ"

အကြောင်းထူးမည် မဟုတ်သော်လည်း အချိန်အတိုင်း

အတာ တွက်ဆ၍ရအောင် မေးလိုက်ခြင်းဖြစ်သည်။

"သူ ပျောက်တဲ့နေ့မှာပဲ ပြန်ဆွဲထားတဲ့မြေပုံ ကျွန်တော့်ဆီမှာ ရှိပေမယ့် ၃ နှစ်လောက် ကြာသွားတယ်"

"လုပ်ငန်းတွေ မပြတ်လို့လား"

"အဲဒါလည်း ပါတာပေါ့ ကိုနောင်ရိုး၊ ဒါပေမဲ့ အဓိက အဲဒါ မဟုတ်ဘူး၊ အဖေ မှာခဲ့တဲ့အကြောင်းပေါ့၊ အခက်အခဲ ကြုံလာရင် ကမ်းနားတာရိုးနဲ့ ၈၃ လမ်းကြား၊ ၂၆ လမ်းနဲ့ ၁၅ လမ်းကြားက အရက်ဆိုင်တစ်ဆိုင်ဆိုင်မှာ ကျွန်တော် ရှာနေတဲ့ကွင်းဆက် တွေ့ရမယ်ဆိုတဲ့ကိစ္စ၊ အဲဒါ စမ်းကြည့်ချင်စိတ် ပေါ်လာတယ်"

"ဘယ်လိုလဲ. . . မှန်ရဲ့လား"

"သိပ်ကို. . . တိုက်ဆိုင်တယ်ဗျာ၊ အဖေဟာ လောကီဆရာ၊ သိုက်ဆရာ ဘယ်တုန်းကမှ မဟုတ်ခဲ့ဘူး၊ ဘာရည်ရွယ်ချက်နဲ့ မှာခဲ့တယ် ဆိုတာလည်း စဉ်းစားမရဘူးဗျာ၊ တစ်နေ့ ပိုက်ကျုံးက အရက်ဆိုင်တစ်ဆိုင်မှာ ခိုင်းတာ လုပ်နေပေမယ့် အရက်သမား မဟုတ်တဲ့ လူတစ်ယောက်ကို တွေ့တယ်၊ ကျွန်တော် ရှာနေတဲ့သူဟာ သူပဲဆိုတာ အလိုလို သိလိုက်မိပါတယ်၊ ကျွန်တော်က. . . တိုင်းရင်းသားဆိုလို့ လီရှောတို့၊ ရှမ်းတို့ပဲ တွေ့ဖူးတာ၊ သူ့ပုံစံက ချင်းလိုလိုပဲ၊ မြန်မာပြည်ရဲ့ အနောက်မြောက်ထောင့် ပတ်ကိုင်တို့ ဟူးကောင်းတို့ဘက်က လာတာ၊ မဏိပူရကသည်းတစ်ယောက်လည်း ဖြစ်နိုင်တယ်၊ သူက ဟိုမှာ မင်းညီမင်းသားတစ်ယောက်ပါ၊ သူ့တိုင်းပြည်ကို လိုက်ခဲ့မယ်ဆိုရင် အစားအစာပဲ ကျွေးပါ၊ သူက အပြန်မှာ စိန်တွေ နှီးဆီ တစ်ဘူး





စာလောက် ပေးလိုက်မယ်လို့ ပြောနေတာ၊ အရက်သမားတွေက ဘယ်ယုံမှာလဲ၊ အရူးလို့ပဲ ထင်နေတာပေါ့"

"ဒါနဲ့ ကျုပ်က ပါလာတဲ့မြေပုံပေါ်က စာတွေကို ဖတ်ခိုင်းတော့ သူဖတ်တတ်တယ်။ အမှန်က ကျုပ်မှတ်မိသမျှ ပြန်ရေးထားတာတွေပါ။ ဒီလမ်းက သူ မသွားဖူးပေမယ့် သူတို့ဘုရားကျောင်းမှာ အဲဒီမြေပုံ ဆွဲထားတယ်လို့ ပြောတယ်၊ အဲဒီလမ်းဝမှာ. . . လူစိမ်းတွေ ဝင်လာနိုင်လို့ အစောင့်ထားတယ်၊ အရေးကြုံလို့ သူတို့လူမျိုးတွေ ထွက်ပြေးရမယ်ဆိုရင်. . . အဲဒီလမ်းကပဲ ပြေးရမှာပဲလို့ ပြောတယ်၊ သေချာသွားပြီဗျာ. . .။ ဒါကြောင့် သူ့ကို အိမ်ခေါ်လာခဲ့တယ်၊ အခု အဲဒီလူကို အိမ်စောင့်ထားပြီး. . . ကျွန်တော် ကိုနောင်ရိုးဆီ လိုက်လာခဲ့တာပဲ"

ဟု စကားကို အဆုံးသတ်လိုက်သည်။ တကယ်တော့ ယခုကိစ္စတွင် ကျွန်ုပ်၏အဆုံးအဖြတ်သာ မူတည်နေပေသည်။

ကိုကျော်ရွှေသည် သူညီကို မတွေ့သည်ဖြစ်စေ၊ သေပြီဆိုသော သတင်းကို ခိုင်ခိုင်လုံလုံ သိရလျှင် လမ်းတစ်ဝက်နှင့် လှည့်ပြန်မည့်သူဖြစ်သည်။

သူပြောသော တိဘက်မျိုးနွယ်စု 'ဆင်ကူး' လူမျိုးများဆီမှ စိန်များ မရလျှင်ပင် ကျွန်ုပ်တို့ သူနှင့် အဖော်လိုက်သည့်အတွက် အဖိုးအခ ထိုက်ထိုက်တန်တန် ပေးနိုင်မည့်သူ ဖြစ်လေသည်။

သို့သော် ကျွန်ုပ် မှန်းဆမိပေပြီ။ ထိုလူမျိုးများသည် မြေပေါ်မှာထက် မြေအောက်တွင် အများဆုံးနေမည့် လူမျိုးများဖြစ်သည်။

ဝင်ရိုးစွန်းများကဲ့သို့ ရေခဲကန္တာရများ ရှိမည်။

"ကျုပ်. . . ခဏ စဉ်းစားပါရစေဦး"

ဟု ဆိုကာ ကျွန်ုပ်က အိမ်အပြင်သို့ထွက်၍ မြောက်စူးစူး ရွှေပြောင်ပြောင်ဘုရားဆီသို့ သွားသောလမ်းကို ကြည့်လိုက်သည်။ မိုးပြဒယ်ကြီးကို မှောက်ခုံရွက်၍ မြောက်စူးစူးသို့ လူတစ်ယောက် သွားနေသည်ကိုတွေ့လိုက်ရသည်။ ဤသည်မှာ အတိတ်နိမိတ်အခါ ကောင်းပင်ဖြစ်သဖြင့်. . .

"ကိုင်း. . . ကိုကျော်ရွှေ ခင်ဗျားနဲ့လိုက်ဖို့ ဆုံးဖြတ်လိုက်ပြီဗျို့"

ဟု ပြောလိုက်မိလေသည်။

◈ ◈ ◈



## အခန်း ( ၄ )

ကိုကျော်ရွှေ လူကဲခတ် မှန်ကန်ပေသည်။ သူရွေးချယ်ထား ...ဲ့လူဖြစ်သော စီလန်သည် သူ့အိမ်ကို ကောင်းစွာ စောင့်ကြပ်နေ ...ည်။ အိမ်ရှင် မရှိချိန်တွင် လိုချင်တာယူ၍ ထွက်ပြေးသော ဂျပိုးတစ် ...ောက် မဟုတ်ပေ။ သူလည်း ထိုတိဘက်ပြည်နယ်သို့ မဖြစ်မနေ ...န်ရမည့်ပုံ ပေါ်နေသည်။

အားလုံးကို အောက်ကျခံ၍ သူ့အကြံအစည် အောင်မြင်စေ ...် ကြိုတ်၍ကြံစည်လျက်ရှိသည်။

သူသည် သူတို့မျိုးနွယ်စုတွင် မင်းသားတစ်ပါးဖြစ်သည်မှာ ...ါဉပမိရုပ်နှင့် နှလုံးရည်(သည်းခံနိုင်မှု)တို့က ဖော်ပြနေသည်။ ...န်ုပ်တို့ဆီမှ စော်ဘွားမျိုးနွယ်တစ်ဦးပုံစံမျိုးဖြစ်သည်။

သူသည် ထိုဆင်ကူးလူမျိုးတစ်ဦးဖြစ်သည်နှင့်အညီ ထိုမြေ ...င့် တိုက်ဆိုင်စွာ တွေ့ရသူဖြစ်သည်။ နောင်တွင် စကားပြန်ဖြစ်လာ

နိုင်သည်။သို့သော် ထို'ဆင်ကူး'လူမျိုးများကို ကျွန်ုပ် မကြောက်ပါ ခရီး ဘယ်နှရက်ကြာ ဖြတ်သန်းရမည် မသိသော ဥမင်လိုဏ်ခေါင်းက သာ ကျွန်ုပ်ကို စိုးမိုးနေ၏။ ညဘက်တွင် ကျွန်ုပ်တို့စကားဝိုင်းဖြစ် ခဲ့သည်။

ကျွန်ုပ်တို့က အသက် ၃၀ ဝန်းကျင်ပင်ဖြစ်သော စီလန်အာ ကိုစီလန်ဟုပင် ခေါ်သည်။ ယခုချိန်ထိ သူသည် မျိုးနွယ်စုမင်းသား တစ်ပါးဖြစ်ကြောင်းကို အသိအမှတ်ပြုထားကြောင်း ယဉ်ကျေးမှု ပြသခြင်းဖြစ်သည်။ အထမ်းသမားလမ်းပြတစ်ဦးဟု မဆက်ဆံ ချေ။

"ကိုစီလန် ခင်ဗျား ဒီကိုရောက်လာတာ အကြမ်းဖျင်း ပြော ပြစမ်းပါ၊ ကိုယ်ရေးကိုယ်တာကိစ္စတွေတော့ ပြောချင်ပြော မပြောချင် နေပေါ့ဗျာ၊ ဒီကို ရောက်လာဖို့ ဘယ်လောက်ကြာခဲ့သလဲ"

ဤကဲ့သို့ ကျွန်ုပ်က စတင်မေးလိုက်သည်။ သူ့အသံမှာ သည်လည်း မဟုတ်၊ အသံထွက် မပီသ၍ မနည်း နားစိုက်ထောင် သည်။ နောက်တော့လည်း ကျင့်သားရ နားလည်သွားပါသည်။

"ကျွန်တော်တို့ လာမားမျိုးနွယ်စု (မူရင်းတိဘက်လူမျိုး ထက် အဆင့်မြင့်သည်ဟု သူကဆိုသည်။ လယ်ယာ၊ နွားမွေး၊ နို့ချ လက်ဖက်ခြောက်လုပ်ငန်းများ လုပ်သူမဟုတ်။) အဲ. . 'ဆင်ကူး အုပ်စုပေါ့ဗျာ၊ တိုင်းပြည်ရဲ့အဆုံးအဖြတ်နဲ့ မင်းညီမင်းသားတွေ ဘဝကြမ္မာကို အခု. . . ခင်ဗျားတို့ခေါ်တဲ့ ဗေဒင်ကျမ်းကြီးက အဆုံး အဖြတ်ပေးတယ်"





"အမျိုးသမီးတွေအကြောင်း မပါတာတော့ အတော့်ကိုထူး ခြားပါတယ်၊ မင်းညီမင်းသားတစ်ဦး သေဆုံးမယ်၊ သို့မဟုတ် အဝေး တစ်နေရာရာကို အပြီးတိုင် ထွက်ခွာသွားရမယ်ဆိုရင် အဲဒီကျမ်း ပုရပိုက်ထဲက အဲဒီမင်းသားရဲ့အကြောင်း အလိုလို ပျောက်ကွယ်သွား ပါတယ်"

"ဘုရင်တွေပဲ ဆိုပါတော့ဗျာ၊ ခေါင်းဆောင်တွေ၊ မင်းညီမင်း သားတွေရဲ့ ကံကြမ္မာ၊ တိုင်းပြည်နဲ့လူမျိုး ကံကြမ္မာကို ဘယ်သူမှ ခွက် ဖက်လို့ မရပါဘူး၊ စီရင်လို့ မရပါဘူး၊ အဲဒီကျမ်းပုရပိုက်ထဲမှာ အတိ အကျ ဖော်ပြထားပါတယ်. . .။ သို့သော် အဲဒီကျမ်းကို လားမား ဘုန်းတော်ကြီး ဆင့်ကဲဆင့်ကဲတွေသာ ဖတ်ခွင့်ရှိပါတယ်။ မည်သူမှ ဖတ်ခွင့် မရှိပါဘူး။(အနောက်နိုင်ငံမှ ပုပ်ရဟန်းမင်းကြီးကဲ့သို့ ဖြစ် ဟုရသည်။) ထားပါတော့. . . ကျွန်တော်တို့ ဆင်ကူးလူမျိုးစု အကြီး အကဲရဲ့သားကြီးဟာ ကျွန်တော်ပါပဲ၊ နောက်တစ်ဖက်က ကျွန်တော့်ညီ မင်းကွဲ 'လူရင်' ဆိုတဲ့ သူပါပဲ၊ ကျွန်တော့်မှာ ညီအရင်း မရှိပါဘူး၊ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော့်ဖခင်ကြီး ကွယ်လွန်တာဟာ လကွယ် နေ့ဖြစ်တယ်၊ ရွှေ့လာမယ့် ဘုရင်အသစ်ကို ရွေးမယ့်နေ့မှာ လပြည့် နေ့မှ ဝေဒကျမ်းစာကို ဖတ်မှာဆိုတော့ ၁၅ ရက်ပဲ စောင့်ရမှာပါ၊ ကျွန်တော်ဟာ ခေါင်းဆောင်သစ်ဖြစ်မယ်ထင်လို့ ဒီလိုပဲ နေခဲ့ပါတယ်၊ ဒါပေမဲ့ 'လူရင်'ရဲ့တပည့်တွေနဲ့ ကျွန်တော့်ကို ဝိုင်းပြီး လုပ်ကြံကြလို့ ကိုယ်လွတ် ရုန်းပြေးခဲ့ရတယ်၊ အဲဒါ လဆန်း ၁၄ ရက်ပေါ့၊ သံယောဇဉ် ကြောင့် လပြည့်နေ့ထိ ရွာအပြင် နှင်းကန္တာရထဲမှာ အချိန်ဖြုန်း-

နေမိတယ်၊ လပြည့်နေ့ကျရင် ကျွမ်းစာခမ်းမဆောင်ဖတ်ပွဲကို မြ သွားမယ်ပေါ့။ အဲဒီလပြည့်နေ့ ညမရောက်ခင် မနက် ၇ နာရီလော ထဲက နှင်းမှုန်တိုင်းတွေကျလာတယ်၊ ကျွန်တော်ကတော့ မှော ထားတဲ့ပုံစံမျိုးရှိတဲ့ တောင်ချွန်တစ်ခုထဲက ဂူမှာသွားပြီး ခိုနေမိတ နှင်းဒဏ်က သက်သာအောင်ပေါ့၊ ရှတ်တရက် ထွက်လာရတာ တော့ စားစရာလည်း မပါဘူး၊ ဒါပေမဲ့ အဲဒီဂူကြီးထဲမှာ ရွာကလူ တွေနဲ့ မသင့်မြတ်လို့ တစ်ယောက်တည်း စရဏာကျင့်နေတဲ့ အဘွား ရှိတယ်"

"လုံးစံအတိုင်း စုန်းမကြီးလို့ပဲ ခေါ်ကြတာပေါ့။ သူကျင့် အကျင့်ဟာ ခင်ဗျားတို့ ပြောနေတဲ့ နိဗ္ဗာန်ရောက်ကြောင်းလည် မဟုတ်ဘူး၊ ဘာရယ်လို့တော့ ကျွန်တော်လည်း မပြောတတ်ဘူး၊ သူ မီးဖိုပေါ်က အိုးထဲက ထောပတ်နဲ့ လက်ဖက်ခြောက် မွှေထား အခဲတွေနဲ့ ရေနွေးဖျော်ထားတာကို တိုက်တယ်၊ သာမန် လက်ဖက်ရ တွေထက် ပိုကောင်းတယ်လို့ ထင်တယ်၊ အားတွေရော မာနတွေ ပြန်ပြည့်လာတယ်"

"သူက ငါ့သား စီလန်. . . ကျွမ်းစာဖတ်ပွဲကိုလည်း သွ မနေနဲ့၊ အပိုပါပဲ၊ ဒီအချိန်မှာ မင်း ဒီနေရာက ထွက်သွားရမ အချိန်ရောက်နေပြီ၊ ဒီကနေ အနောက်တောင်စူးစူးက တိုင်းပြ တစ်ခုကို သွားပြီး ငါ့သား ဝင့်ကြွေးတွေ ဆပ်ရမယ်၊ တစ်နေ့ အ တိုင်းပြည်က လူတစ်စုနဲ့ ဥမင်ကိုးသွယ်လမ်းကနေ ပြန်လာရမ

"မင်းဟာ ဘုန်းတန်ခိုးနဲ့ပြည့်စုံတဲ့ လူမျိုးစုခေါင်းဆောင်ဖြ





ယ်၊ မင်းရဲ့လက်ထက်မှာပဲ. . . အဲဒီတောင်စူးစူးတိုင်းပြည်တစ်ခုက အဘိုးကြီးတစ်ယောက်ရယ်၊ နောက် ၁၀ နှစ်ကြာရင် လူရွယ်တစ် ယောက် တို့ဆီက 'ဝေဒကျမ်းကြီး' ကို လာခိုးလိမ့်မယ်၊ မအောင်မြင် ဘူး၊ နောက် မင်းရဲ့အစီအစဉ်နဲ့ ဗိုတန်ဗိုတာတောင်မကြီးကနေ အနောက်မြောက်စူးစူး ရေခဲကန္တာရဆိုတဲ့ 'ရှန်ဗဲလား'ကို အဲဒီကျမ်း ကြီးကို ယူပြီး အခမ်းအနားနဲ့ သွားပို့ရလိမ့်မယ်၊ အမေတို့လည်း အဲဒီ ာရှိမယ်၊ ခုတော့ ငါ့သား. . . တောင်စူးစူးက ဝင့်ကြွေးကို သွားဆပ် ိုက်ဦးလို့ ပြောတယ်"

"နောက် အဘွားကြီးက ဘာမှ ဆက်မပြောတော့ဘူး၊ သူက က်ဖက်ရည်တစ်ခွက် ထပ်တိုက်တယ်၊ ပိုပြီး အားအင်ပြည့်လာတယ်၊ ျွန်တော်လည်း သူပြောတာ ယုံပါတယ်၊ ကျွမ်းစာဖတ်ပွဲကို သွားနေ င် ဒီတစ်ခါ အသက်ပါသွားနိုင်တယ်လို့ ထင်တယ်၊နောက် အဲဒီ ဘွားကြီးက ကမ္ဘာဦးလိပ်တစ်ကောင်ရဲ့ ကျောခွံတစ်ခုကို ပေးတယ်၊ ျွန်တော် လာတဲ့လမ်းက အဆင်းခရီးဆိုတော့ အဲဒီလိပ်ကျောခွံကို ာ်လက်လှန်ပြီး လျှောတိုက်ဆင်းလာခဲ့တယ်၊ အဲဒီလိပ်ခွံက အတက် းမှာတော့ သုံးလို့ရမှာ မဟုတ်ပါဘူး၊ အဲဒီကနေ ချင်းတွင်းမြစ်ကမ်း ောက်တဲ့အထိ အားလုံး ၄၅ ရက်ပဲ ကြာတယ်၊ တစ်လမ်းလုံး အဘွား ြီးက အိပ်မက်ထဲကနေ လမ်းပြပေးတယ်၊ မန္တလေးရောက်တော့ ဘွားကြီး အိပ်မက်မပေးတော့ဘူး. . . ဒါပါပဲ"

ဟု ဆိုကာ 'စီလန်'က စကားကို အဆုံးသတ်လိုက်သည်။ ျွန်ုပ်တို့အားလုံး ငြိမ်သက် တွေဝေသွားကြသည်။

ကျွန်ုပ်တို့ခရီးစဉ် အောင်မြင်ပါမည်လောဟု မေးစရာလ
မရှိ၊ 'စီလန်'ကတော့ သူ့'ဆင်ကူး'ပြည်ကို ပြန်ရောက်သွားမှာ သေ
ပါသည်။ ကျွန်ုပ်တို့၏အပြန်ခရီးက ဘယ်လိုရှိမည်နည်း။

သို့သော် 'စီလန်'လို လူမျိုးတစ်ယောက်ပင် တစ်ယော
တည်း အရောက်လာနိုင်သောခရီးကို ကျွန်ုပ်မှဆိုးကြီးတို့အဖွဲ့
မသွားရဲစရာ မရှိပါပေ။

ဥမင်လိုဏ်ခေါင်းအကြောင်းကို မေးနေ၍ အပိုသာ ဖြစ်
မည်။ သူလည်း ဘာမှမသိ။

ကိုကျော်ရွှေ ပြောသော အဖိုးသားနားမှာ မက်မောစိတ်
စားစရာရှိပါသည်။ သူညီကို တွေ့သည်ဖြစ်စေ၊ မတွေ့သည်ဖြစ်
ဘာမှ သဲလွန်စ ရှာမရသည်ဖြစ်စေ၊ မန္တလေးသို့ ပြန်ရောက်သည်
တစ်ပြိုင်နက် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်လေသည်။

ကျွန်ုပ်မှာ ကြားဖူးနားဝရှိသည့်အတိုင်း ရေခဲကန္တာရ
ကြက်သွန်ဖြူသာ အကောင်းဆုံးဟုဆိုသဖြင့် ကြက်သွန်ဖြူ ၆ ပြ
ရမ်ကွန်ပေါင်းအရက် တစ်သေတ္တာ၊ လမ်းမှာ တောင်ဆိတ်များ ပစ်
ရန် ဝင်ချက်စတာ ၂ လက်၊ ခြောက်လုံးပြူး ၃ လက်၊ ဂျုန်းဝဲဘူ
တောစီးဖိနပ်များ၊ လက်ဖက်ခြောက်၊ နို့ဆီ၊ သကြား၊ ဂျုံနှင့်
အသားဘူး၊ စောင်၊ ရေနံဆီ၊ ရေဘူး၊ ဆားတစ်အိတ်၊ အာ
စုစုပေါင်းလျှင် နွားလှည်းတစ်စီးစာ အပြည့်ဖြစ်တော့သည်။

ကိုကျော်ရွှေ၏အိမ်ကို အမိန့်တော်ရ ရွှေနေကြီးတစ်
ခေတ္တ အပ်နှံထား၍ မန္တလေးမှ မုံရွာ၊ မုံရွာမှ ခန္တီးအထိ ဆန်



တော့သည်။

သို့ဤခရီးသည်ကား ကျွန်ုပ်၏ဘဝတစ်သက်တာတွင် သား
ကောင်ကြီးများကို ပစ်ခတ်ရခြင်း မဟုတ်သော်လည်း အပင်ပန်းဆုံး
ဖြစ်၍ နောင်တွင် မဟာရာဂျာများကဲ့သို့ ဆင်စီး၍ အမဲလိုက်ရလေ
သော် ကောင်းလေစွ။

အာဖရိက ဆာဖာရီမုဆိုးများကဲ့သို့ ဇီလီဂျစ်ကားစီးကာ
ကြဲများကို လိုက်လံပစ်ခတ်ရသော် ကောင်းလေစွဟု အောက်မေ့မိ
တော့သည်။

တိတ်ဆိတ် သာ ချင်းတွင်းမြစ်ကမ်းနံဘေးသို့ ရောက်သည်
တွင် အနောက်စူးစူး၌ ခန့်ထည်လှသော ပတ်ကွိုင်တောင်တန်းကြီး
က မိမိတို့ကို စူးစမ်းသလို ငုံ့ကြည့်နေ၏။

တော၏ တိတ်ဆိတ်သော ညနေခင်းက ကြည်နူးစေသည်။
ရာသီဥတု သာယာသော နွေဦးရာသီ ဖြစ်သည်နှင့်အညီ ကျေးငှက်
သာရကာများနှင့် သမင်၊ ဒရယ်တို့က ဘာသာဘာဝ အော်မြည် ကြွေး
နေတော့သည်။

အနောက်စူးစူး ကုန်းမြင့်သို့ တရွေ့ရွေ့ တက်ခဲ့ကြတော့
သည်။ အရှေ့ဘက်ကို လှမ်းမျှော်ကြည့်လိုက်သောအခါ ချင်းတွင်း
မြစ်ကို ချောင်းငယ်လေးမျှသာ မြင်ရတော့သည်။

လမ်းတွင် ဆတ်နှစ်ကောင်ကို ပစ်ခတ်ရရှိသဖြင့် အသား
ဘူးများကို လက်ဖျားနှင့် တို့စရာပင် မလိုချေ။ နာဂတိုင်းရင်းသား
အထမ်းသမားများကို စာရာမေတီတောင်ခြေထိ အဆပ်မြေခွာ ငှား၍

ရခဲ့သည်။

(အကျယ်တဝင့်ဖတ်ရှုလိုပါမူ ဦးချစ်ကိုကို၏ စာရာမေတီခရီးသည်၊ စာပေဗိမာန်ထုတ်ကို ရှာဖွေ ဖတ်ရှုစေလိုပါသည်။)

◈ ◈ ◈



## အခန်း ( ၅ )

စာရာမေတီတောင်ခြေ ရောက်သည်ထိ အပျော်ခရီးပမာ ဖြစ်နေပေသည်။

သို့သော် စာရာမေတီတောင်သို့ သွားရန် လမ်းခရီးတွင် တစ်ခါက မြန်မာစစ်တပ်ကြီးများ ဤပတ်ကွိုင်တောင်တန်းကြီးကို ဖြတ်ကျော်၍ အာသံ၊ မဏိပူရသို့ သွားရောက် တိုက်ခိုက်ခဲ့ကြသည်ကို စဉ်းစားနေမိသည်။

အမြင့်ပိုင်းတွင်ရှိသော အိန္ဒိယမဟာရာဇာပင်လျှင် ထိုတောင်တန်းကြီးများကို ကျော်ဖြတ်၍ မြန်မာပြည်သို့ ရောက်လာခဲ့သည် မဟုတ်ပေ။ ဟူးကောင်းတောင်ကြားနှင့် ပတ်ကွိုင်တောင်ကြားကို ဖြတ်ကျော် သွားလာခဲ့ကြသော မြန်မာစစ်သည်တော်များသည် ကမ္ဘာ့ပေါ်တွင် အပင်ပန်းခံနိုင်ဆုံးသော စစ်သည်တော်များပင်ဖြစ်ပေလိမ့်မည်။

မဟာမြတ်မုနိကဲ့သို့ ကြီးမားသောဘုရားကြီးကို ဖူးရှက်မည်း မှ အမ်း၊ ဒလက်တောင်ကြားလမ်းအတိုင်း မင်းဘူးဆိပ်ကမ်းအထိ သယ်ဆောင်လာနိုင်ခဲ့သည်မှာ တဖုံတဖြ ရှိလှတော့သည်။

စာရာမေတိတောင်ခြေသို့ ညနေ ၄ နာရီတိတိတွင် ရောက်ခဲ့သည်။ ချင်းတွင်းမြစ်ကို ရေးရေးမျှပင် မမြင်ရတော့ပေ။ ကျွန်ုပ်တို့ တက်လာခဲ့သော ခရီးစဉ်ကို မှန်းဆရင်း ကျွန်ုပ် ကိုရဲခေါင်၏ အရည်အသွေးမျိုးနှင့်ပင် မဟာဗန္ဓုလ၏တပ်မတွင် ပါဝင်နိုင်ရန် မလွယ်ပါပေ။

ကျွန်ုပ်တို့မှာ ကိုယ့်ရိက္ခာကိုယ် မထမ်းရသေးပေ။ ခန္တီးတောအုပ်က စီစဉ်ပေးလိုက်သည်။ ကိုယ့်ရိက္ခာ ကိုယ်ထမ်း၍ အာသံမဏိပူရကို တက်ရသော်. . .။ ကျွန်ုပ်သည် အနောက်စူးစူးမှ တောင်တန်းကြီးများကို ကြည့်၍ မြန်မာစစ်သည်တော်ကြီးများကို လေးစားမိပါ၏။

နံနက်လင်းသောအခါ စာရာမေတိတောင်၏ မြောက်ဘက်တွင် မြေပုံအညွှန်းအတိုင်း မယ်ကုဝဏ်ပုံ ဖြစ်နေသော ကျောက်တုံးကြီးကို ရှာရန် စောစောစီးစီး စားသောက်ကြသည်။ ထိုအချိန်ထိ မြူပေါ်တွင် စားသောက်ရသလို အဆင်ပြေလှတော့သည်။

စားသောက်ပြီးသည်နှင့် တစ်နာရီပင် မပြည့်မီ ထိကရုန်းပင်လိုအပင်မျိုး၊ အိုင်ဗီခြုံပင်မျိုးကို ခုတ်ထွင်လိုက်သောအခါ ထိုအရုပ်ကြီးကို တွေ့ရသည်။ မိုးရာသီဆိုလျှင် အတော်ပင် အရှာရခက်ပေမည်။ ယခု နွေဦးပေါက်မှာပင် ခြုံတွေ အတော်ထူနေသည်။





ထို့နောက်တွင်ကား ဆယ်ပေပတ်လည် ကျယ်ဝန်းသော လိုဏ်ဂူအဝကို တွေ့ရလေပြီ။ အတွင်းတွင် မည်ကဲ့သို့သော စိမ့်စမ်းရှိသည်မသိ။ ရေခဲတိုက်ကို ဖြတ်လာသောပုံစံရှိသည့် လေအေးက ပြင်ပသို့ ရုတ်တရက် မိတ်ဆက်လိုက်သည်။

နောက်ပိုင်းတွင် ပြင်ပလေများကသာ ဂူတွင်းသို့ ဖြတ်သန်းတိုက်ခတ်လာတော့သည်။

ဇုံမဲနှင့်ဇိုမုန်းဆိုသော နာဂလူငယ်နှစ်ဦးက လွဲလျှင်၊ ကျန်လူအထမ်းသမားများက ဂူတွင်းသို့ မဝင်လိုကြ၊ လုပ်ခကိုယူပြီး မြေနိမ့်ပိုင်းသို့ ပြန်ဆင်းသွားကြတော့သည်။

စီလန်ကတော့ စိတ်မပျက်ပေ။

“လူများတော့လည်း သိပ်မထူးပါဘူး။ သူတို့ရိက္ခာ သူတို့သယ်ရတာပဲ ရှိမှာပဲ. . .။ လူနည်းတော့ ရိက္ခာနည်းနည်းပဲ သယ်ရတာပေါ့”

ဟု ဆိုသည်။

ကိုကျော်ရွှေက ပြုံးယောင်သန်းလာသည်၊ခရီးစဉ်က ဒီနေ့မှ အစဟု ဆိုနိုင်ပါလိမ့်မည်။မြေပုံက သစ္စာမဖောက်ပေ။ အမှန်ကို ညွှန်ပြနေသည်။

ထိုလိုဏ်ဂူအတွင်းသို့ အားတက်သရော ဝင်ရန် ဆန္ဒပြင်းပြနေသူများမှာ စီလန်နှင့် ကိုကျော်ရွှေသာ ဖြစ်ပေလိမ့်မည်။

ကျွန်ုပ်က စဉ်းစားခန်းထုတ်ရင်း အချိန်အခါကိုစောင့်နေသည်။ကျွန်ုပ်ဘဝတွင် ဘယ်တုန်းကမှ နံနက်စောစော အရက်

မသောက်ဖူးခဲ့ပါ။ မိုးမိလာ၍ ဘရန်ဒီတစ်ခွက် သောက်ခြင်းက ခြွင်းချက်ဖြစ်ပါသည်။

ယနေ့နံနက် ၁၀နာရီ ထိုးပါပြီ။ နံနက်စာကို ကျော်ခင်နှင့်စီလန်တို့က ချက်ပြုတ်နေကြပြီ။ ကျွန်ုပ် ကိုနောင်ရိုး၊ မြဒင်၊ ဇုံမဲ၊ အိုမုန်းတို့ အဆင့်အတန်းမခွဲဘဲ တောင်ဆိတ်အသည်းနှလုံးကို ကာလသားချက်,ချက်၍ ကွန်ပေါင်းရမ်နှစ်ပုလင်းနှင့် ဝိုင်းဖွဲ့လိုက်သည်။ စီလန်မှာ လက်ဖက်ရည်ကိုသာ ကြိုက်သည်။ အရက် အနည်းငယ်သာ သောက်သည်။

ကိုကျော်ရွှေလည်း အနည်းငယ်သာ သောက်သည်။ သူက အရက်သောက်ရန်ထက် ဂူအတွင်းသို့ ဝင်ရန် ဆန္ဒပြင်းပြနေသည်။

"ဒီလမ်းကပဲ ဝင်သွားရမှာပါဗျာ၊ စိတ်မစောပါနဲ့၊ နောက် ထပ်ပေ ၅၀၀၀ (ပေငါးထောင်)လောက် အမြင့် ထပ်မတက်ပါဘူး ဒီလိုဏ်ဂူထဲကပဲ သွားမှာပါ"

ဟု နှစ်သိမ့်လိုက်သည်။

အမှန်အားဖြင့် ကျွန်ုပ် ရဲဆေးတင်နေခြင်းပင် ဖြစ်ပါသည်။ ကြည်းတပ်ဗိုလ်ကြီး နယ်လဆင်က ရေကြောင်းတိုက်ပွဲများ မကျွမ်းသကဲ့သို့ တင်စားရမည် ထင်ပါ၏။

သို့သော် လတ်ဆတ်သော တောင်ဆိတ်ကလီစာနှင့် ရမ်ကွန်ပေါင်းအရက်မှာ လိုက်ဖက်လှသဖြင့် စိတ်မှာ မြူးကြွလာသည်။ နောက် ဂူဝမှာပင် နံနက်စာ ဝိုင်းဖွဲ့စားလိုက်ကြသည်။

ကျွန်ုပ်က တောင်ခြေမှ ထင်းရှူးတောဘက်ကို ယွက်ခဲ့သည်။





ထိုစဉ်မှာပင် တောကြက်ဖတစ်ကောင်က စာရာမေတီတောင်မကြီးဘက်ဆီသို့ ပြန်တက်သွားသည်။

"ကိုင်း. . . အချိန်ကျပြီဟေ့ ဝင်ကြမယ်"

ကျွန်ုပ်က အခါအောင်နိမိတ်ကို ယူလိုက်သည်။ တစ်တောမှာ တစ်ကြက်ဖ တွန်ရပေမည်။ ကိုကျော်ရွှေ့မျက်နှာမှာ ဝင်းလက်သွားသည်။ ကျွန်ုပ်က ဝင်ချက်စတာကို မောင်းချိူး၍ ရှေ့ဆုံးမှ ဝင်သည်။

'အိုမုန်း'က အရက်ပုလင်းဖင်ကပ်ဖြင့် ရိုးရာအယူအဆအရ ကျောက်ဂူနံရံသို့ ပုလင်းဖြင့် ပစ်ပေါက်လိုက်သည်။

ပုလင်းက အစိပ်စိပ်အမွှာမွှာ ကွဲသွားသည်။ နောက် ဇုံမဲပါ သူတို့ဘာသာစကားဖြင့် ဟစ်အော်လိုက်သည်၊ သူတို့ကား အမှန်ပင် မျက်ကန်းတစ္ဆေ မကြောက်ရုံမက၊ ပျော်ပင်ပျော်နေပုံရသည်။ဂူတွင်းသို့ဝင်ချိန်ကို နာရီကြည့်ထားပါသည်။

နံနက် ၁၁နာရီခွဲ၊ (ဆယ့်တစ်နာရီခွဲ)။

နေ့လယ် ၂နာရီတွင်၊ ဂူအတွင်း၌ ခဏနားကြသည်။ စူးစမ်းလိုစိတ်ဖြင့် တစ်ယောက်နှင့်တစ်ယောက် ဘာစကားမှ မပြောမိ၊ အတွေးကိုယ်စီဖြင့် ငြိမ်သက်နေသည်၊ စီလန်အပါအဝင် ကျွန်ုပ်တို့ ၅ ဦး၏ ဂျန်းဂဲလ်ဘွတ်ခေါ် စစ်ဘိနပ်သံကြောင့် တကယ့်တပ်မကြီးတစ်ခု ချီတက်လာသည့်အလား၊ အသံက ဟိန်းနေသည်။ ဒီတောစီးဖိနပ်သံကပင် ယုံကြည်မှုနှင့် အားမာန်ကို ဖြစ်စေတော့သည်။

ဂူနံရံတွင် အရုပ်များ ရေးဆွဲထားသည်၊ ဘယ်လိုမှ အဓိပ္ပာယ်ဖော် မရပါပေ။ အပြန်မှပင် အေးအေးဆေးဆေး လေ့လာမည်ဟု

စိတ်ကူးထားသည်။ သို့သော် ကျွန်ုပ်က သမိုင်းကို အယုံအကြည်ရှိသူ တစ်ဦး မဟုတ်ပါချေ။

နေ့လယ် ၂ နာရီကျော်တွင် ဂူအမိုးမှ ကျောက်စက်ကျရေများသည် လမ်းဘေးမြောင်းထဲမှ မှောင်မိုက်သော နေရာများထိ စီးဆင်းသွားသည်။ ရေအတွက် မပူပင်ရပေ။

ထိုခရီးစဉ်တွင် ကျွန်ုပ်တို့ မစဉ်းစားမိသော သံလိုက်အိမ်မြှောင်ကွန်ပတ်စ်ကို မြဒင်က မမေ့မလျော့ခြင်းကြောင့် ကြိတ်၍ကျေးဇူးတင်ရသည်၊ ပဲခူးရိုးမတွင် မျက်စိလည်သည့်ရာဇဝင် ကျွန်ုပ်မှာ မရှိခဲ့ပါပေ။

သို့သော် ညနေ ၅ နာရီခန့်တွင် လိုဏ်ဂူ၌ လမ်းခွဲအများအပြား တွေ့လာရသည်။ မီးတုတ်ကို ချွေတာသည့်အနေဖြင့် ခပ်မြန်မြန်လျှောက်ရင်း၊ တောင်မြောက်တန်းနေသည့် သံလိုက်အိမ်မြှောင်ကိုသာ ကြည့်နေရသည်။

အဆင်ပြေမှုနှင့် မပြေမှုများက အမှန်ပင် ရောထွေးနေတော့သည်။ ဤဂူတွင်းမှာ ရေမပူရ၊ နောက်တစ်ချက် နေ့ခင်းဘက်တွင် မီးတုတ်ကို နာရီဝက်လောက်သာ ထွန်းရသည်၊ နံရံတွင် သူ့အလိုလိုဖြစ်နေသော ဖော့စဖေါရပ်မီးစုန်းဓာတ်နှင့် နေ့အလင်းရောင်တို့က ရောင်ပြန်ဟပ်နေသည်။ ညဘက်တွင် မီးတုတ်သာ ထွန်းထားနိုင်ပါသည်။ မီးဖိုရန် ထင်းအလုံအလောက် မပါ၊ပါ။ ထင်းတွေကိုသာ သယ်နေရလျှင် စားနပ်ရိက္ခာများ သယ်ရမည် မထင်ပါချေ။

ကျွန်ုပ်တို့ သွားနေသည်မှာ ထင်းပေါများသော ချပ်သင်း





ကြိုးဝိုင်းသို့ သွားနေသည် မဟုတ်ပေ။ ရေခဲကန္တာရကို ဖြတ်သန်းရင်း၊ ထင်း အလုံအလောက် မသုံးနိုင်သော အခြေအနေ။ အမြန်ဆုံး 'ဆင်ကူး'တိုင်းပြည်သို့ ရောက်မှဖြစ်ပေမည်။ ပါလာသူများအား အချမ်းဒဏ် ကာကွယ်ရန် ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ကြက်သွန်ဖြူ စားပေးဖို့ရန် သတိပေးနေရသည်။

ငွဲတင်းပြီး လျှောက်ကြရာ ည ၇ နာရီတွင် စခန်းချလိုက်သည်။ မြင်ကွင်းကတော့ ပြောင်းလဲသွားသည် မဟုတ်ပေ။

နံနက်မှ ကျန်ရစ်သော တောင်ဆိတ်အသည်းနှလုံး ဟင်းလျာနှင့် ဂျုံနှင့်ဆန်ရော၍ ပြုတ်ထားသော စွပ်ပြုတ်ကိုသာ မှီဝဲရတော့သည်။

ညဥ့်နက်လာ၍ တိတ်ဆိတ်မှုနှင့် အအေးဓာတ် ပိုကဲလာသော အခါ ထင်းခြောက်များ သယ်ရန်၊ နောက်ထပ် နာဂနှစ်ဦးလောက် ချော့၍ ခေါ်မလာခဲ့ခြင်းကို နောင်တရမိသည်။

သို့သော်လည်း သူတို့က တောထဲတွင် အမဲလိုက်ချင်သာ လိုက်မည်၊ ဘာမှန်း မသိရသည့်လိုဏ်ဂူထဲသို့ အရမ်းလိုက်မည် မဟုတ်ပါ။ ကျွန်ုပ်တို့မှာ ပါသမျှ စောင်ကိုသာ မျှတ၍ ပူးကပ်အိပ်ကြရသည်။ ကင်းကတော့ ၂ နာရီ တစ်ယောက်ကျ စောင့်ရသည်။ နောက်နေ့တွင် ထူးခြားမှု မရှိပါက၊ ကင်းစောင့်ရန်မလို ဟုလည်း စဉ်းစားမိသည်။

နံနက်စောစော ကျောက်စက်ကျစမ်းရေနှင့်ပင် ကျိုထားသော လက်ဖက်ရည်၊ ရေနွေးကြမ်း၊ ပေါင်မုန့်ခြောက်များကို ဝါး၍ ခရီး

ဆက်ခဲ့ကြသည်။ တိဘက်များ၏ ကျွမ်းကျင်မှုပင်ဖြစ်မည် ထင်ပါသည်။ 'စီလန်' ဖျော်၍နှပ်ထားသော လက်ဖက်ရည်လောက် ကောင်းသော လက်ဖက်ရည်ကို မသောက်ခဲ့ဖူးပါချေ။

နောက်မှ သူပြောပြသည်။ ကျွန်ုပ်တို့ဆီမှာ ရေခဲသေတ္တာ ရှိသကဲ့သို့၊ လက်ဖက်ရည်ကြိုသော အိုးကြီးများကို နံရံနှင့်ကပ်၍ တွင်းထားသည်။ တစ်နေကုန် မီးထိုးထားပြီး၊ ထောပတ်နှင့် နယ်ထားသော လက်ဖက်ခြောက်ကို လိုသလို ခပ်ထည့်၍ နွေးရောညပါ သောက်ကြသည်၊ ရိုးရိုးရေအေးသောက်သူပင် မရှိဟု ဆိုလေသည်။

ဒုတိယနေ့တွင် ဘေးနံရံများ၌ လိုဏ်ဂူပေါက်များ ပို၍ တိုးပွားလာသည်။ သံလိုက်အိမ်မြှောင်ကို လက်က မချရဲအောင်ဖြစ်ရသည်။ တစ်ခုတော့ ကောင်းပါသည်။ ဂူပေါက် များလာသဖြင့် လမ်းများမှာ မစိုးရိမ်ရသော်လည်း၊ လေဝင်လေထွက် ကောင်းလာသည်၊ အလင်းရောင် ပို၍ရလာသည်ဟု ထင်မိသည်။

ထိုဒုတိယနေ့မှာပင် လမ်းလယ်ခေါင်၌ 'ဘင်ဆန်'အမျိုးအစား သံစီးကရက်ဘူးခွံကို တွေ့ရသဖြင့် ကိုကျော်ရွှေ ပျော်ရွှင်သွားသည်။

"ဒါ. . . ကျုပ်ညီ သောက်တဲ့ စီးကရက်ဘူးခွံပဲဗျ၊ သူ ဒီနေရာထိ ရောက်ခဲ့တာ သေချာပါပြီ"

သူ၏ ဝမ်းသာကျေနပ်မှုက ကျွန်ုပ်တို့ထံသို့ ကူးစက်လာသည်။ စီးကရက်ဘူးခွံ (သံဘူးခွံ)မှာ အနည်းငယ် သံချေးတက်နေပြီ ဖြစ်သော်လည်း မကြာမီ တွေ့ရတော့မည်ဟု ယူဆ၍၊ အားလုံး ခြေ





လှမ်းတွေက ပို၍သွက်လာသည်။

သို့သော် ညဘက်တွင် ကိုကျော်ရွှေ၏အိပ်မက်တို့ လွင့်ပျယ်ရတော့သည်။ လိုဏ်ဂူဥမင်သည် ရေမပြတ်ခြင်း၊ လေကောင်းလေသန့် ရရှိခြင်းမှလွဲ၍ ပန်းခင်းသော လမ်းခရီး မဟုတ်ကြောင်း စတင် ပြသလေတော့သည်။

ညဘက်တွင် အအေးဓာတ်က ပိုမိုအစွမ်းပြလာသည်။ လာလမ်းအတိုင်း လျှောက်၍ ဂူမြင် ပြန်ထွက်ကာ ထင်းခြောက်များကောက်၍ မီးဖိုချင်သောစိတ် ပေါ်လာသည်အထိ အအေးဓာတ်က ပိုမိုသည်။

သို့သော် မြေပေါ်လမ်းမှဆိုလျှင် နှင်းမုန်တိုင်းဒဏ်၊ နှင်းကိုက်ခြင်းဒဏ်၊ ကျွတ်၊ ဒက်စသော အကောင်များ၏ဒဏ်ကိုပါ ခံရဦးမည်။ ရေစီးချောင်းတွေကို အသည်းခိုက်အောင် ဖြတ်ရမည်။ ဝံပုလွေ၊ ဝက်ဝံ စသောသတ္တဝါကြီးများဒဏ်ကို ကြုံတွေ့ရဦးမည်မှာ မလွဲပေ။

ကျွန်ုပ် အောင်လံသို့ ပြန်ရောက်ခဲ့သော် 'ရူပနန္ဒီ' ဝတ္ထုစာအုပ်ကို ရှာ၍ ဖတ်ပါဦးမည်။ 'မောင်စောနိုင်'တို့ခရီးသည် ပျော်ပွဲစားခရီး ဟုတ်မဟုတ် မသိပါ။ ကျွန်ုပ်တို့မှာ လိုဏ်ဂူထဲမှာပင် အစားအသောက်ချို့တဲ့မှု၊ အအေးဒဏ်ကြောင့် အိပ်ကောင်းခြင်း မအိပ်ရမှုတို့ကို ရင်ဆိုင်နေရသည်။

အရက်ကိုလည်း စိတ်တိုင်းကျ မသောက်ရဲပါချေ။ တိဘက်ပြည်တွင် အရက်မရှိဟု စီလန်က ပြောပါသည်။ ဆင်ကူးပြည်သို့

ခဲရာခဲဆစ် ရောက်ရသည်ထားဦး၊ ပြန်ရမည့်ခရီးက တွေးရုံနှင့် ရ
မောစရာ ကောင်းလှသည်။ ယခု ကျွန်ုပ်တို့ ခံစားနေရသော ဒုက
အပေါင်းသည်၊ ကိုကျော်ရွှေ၏ညီလောက်မှ တန်ဖိုးရှိပါ့မလား၊ ဘာ
မဟုတ်သည့် လူတစ်ယောက်အတွက် ကျွန်ုပ်တို့ ဤမျှလောက် ဒုက
ခံသင့်သလားဟု တွေးနေမိပါသည်။

အအေးဓာတ်ကြောင့် မည်သူမှ ကောင်းကောင်း အိပ်မပျော
တော့ပါ။ တစ်ယောက်မဟုတ်တစ်ယောက် နိုးနေသည်ဖြစ်၍ ကင
စောင့်စရာလည်း လိုတော့မည် မထင်ပါ။

ည ၁၂ နာရီ ခြေသံတရှပ်ရှပ် ကြားနေရသည်။ တောင်က
လား၊ မြောက်ကလား၊ သို့မဟုတ် မျက်နှာခြင်းဆိုင် လက်တက်ဂူမှာ
ထဲမှလား၊ အသံတွေက တစ်စစ နီးကပ်လာသောအခါ လိုက်သ
ပွဲတင်သံတွေနှင့် ရောထွေးလာသည်။ ဘာသံတွေလဲ 'လားမား' တွေ
မိမိတို့ကို သတ်ဖို့ ရောက်လာပြီလား။ သူတို့နောက်ကို လိုက်သွားလှ
အဖမ်းခံရတယ်ပဲ ထားဦး၊ နွေးနွေးထွေးထွေးတော့ အိပ်ရမယ်. . .
ဟု တွေးချင်ရာ တွေးနေမိသည်။

"ဆရာကိုနောင်ရိုး. . . ဘာသံတွေလို့ ထင်သလဲ"

မီးတုတ်အလင်းရောင်တွင် ကိုကျော်ရွှေလည်း နိုးလာပြ
မျက်စိမျက်နှာ ပျက်နေသည်။ သူ့ညီအတွက် ဤမျှ အားလုံး ဒုက
နေရသည်မှာ လွန်လှပြီဟု အမြင်မှန်ရနေပုံလည်းပေါ်သည်။

ခုမှတော့ မထူးတော့ပါဘူးဆိုပြီး ရှေ့ဆက် ဇွတ်တိုးလိုသေ
ပုံလည်းပေါ်လာသည်။ စီလန်၊ ကျော်ခင်တို့ပါ နိုးလာပြီး ဇုံမဲ၊ အိုမု





ဦးသာ သဘာဝဒဏ်ကို မမှုသောသူများပီပီ နှစ်နှစ်ခြိုက်ခြိုက်
ပ်ပျော်နေကြသည်။

မှန်ပါသည်။ လောကကြီးသည် ကတ္တူကတ္တ ဖွဲ့စည်းထား
သည်မှာ အမှန်ပင်။ ကြည့်ပါ. . . လူတစ်ဦးအတွက် လူခုနစ်ဦး ဒုက္ခ
ရောက်နေရပြီ၊ ငွေမက်လို့ ဘာဖြစ်လို့ဟု မစွပ်စွဲပါလျှင် လူမှုဆက်ဆံ
ရေးမျက်နှာ ထောက်ထားမှုတို့က ရှိသေးသည်။

ဤသည်ကပင် လူ့လောက၏ ဖွဲ့စည်းမှု မဟုတ်ပါလား။
အကြေးငွေ၊ လူမှုရေး၊ သံယောဇဉ်၊ ဝတ္တရားတို့၏ ဖွဲ့စည်းမှုပင်ဖြစ်
သည်။

သို့ဖြင့် အသံများက တစ်စစ နီးကပ်လာပါပြီ။ လူခြေသံ
ဖြစ်နိုင်တော့ပါ။ တစ်ခါမှ မကြုံဖူးသော သတ္တဝါဆန်းတစ်ကောင်
ပါလိမ့်မည်။ တောင်မြောက် နှစ်ဖက်ထပ်မှ အသံတွေ လာနေ
သည်။ ညှပ်ပူးညှပ်ပိတ် အနေအထားဟု ဆိုရသော် မှန်ပါလိမ့်မည်။
သန်၊ ဇုံမဲ၊ အိုမုန်းတို့မှ လွဲလျှင် အားလုံး ခြောက်လုံးပြူး (ရိုင်ဖယ်လ်)
ယ်စီ ရှိနေသည်။ အသင့်အနေအထားဖြင့် စောင့်နေကြသည်။

ကျောခြင်းကပ် အနေအထားဖြင့် ပေါင်နှင့်မြောက်အရပ်
သို့ မျက်နှာခြင်းဆိုင်ထားသည်။ ကျွန်ုပ်နှင့် ကျော်ခင်၊ ကိုကျော်ရွှေ
မြဒင်တို့ ယှဉ်တွဲ၍အသင့်အနေအထားဖြင့် ရပ်နေကြသည်။
ပ်ချင်မှုးတူးစိတ်၊ ချမ်းအေးသောစိတ်များ ခေတ္တ လွင့်ပါးသွားကြ
တော့သည်။

"ဟိုမယ်ဆရာ. . . ကင်းကြီးတွေ"

ကျော်ခင်က လှမ်းပြလိုက်သည်။ သိပ်တော့မကြီးပါ။ လူတ
ကိုယ်စာမျှသာရှိသော ကင်းမလက်မဲ (စကော်ပီယမ်)နှစ်ကော
ပင်ဖြစ်သည်။

"ကိုကျော်ရွှေ မြဒင် အရမ်းမပစ်နဲ့၊ ကျည် မဖြုန်းနဲ့၊ မျက်
ကိုသာ ချိန်ပစ်၊ နောက်ထပ် ဘယ်နှစ်ကောင် လာဦးမယ် မသိဘူး..

ဟု ကျွန်ုပ်က သတိပေးလိုက်သည်။

နည်းနည်းလည်း စိတ်အေးသွားသည်။ ကင်းမလက်မဲဆိုသ
မှာ ကျည်ဆံဖြင့် ဖြေရှင်း၍ ရသောသတ္တဝါ မဟုတ်ပါလား။ ကျွန်ုပ်
ကျော်ခင်ကို မပစ်စေဘဲ နှစ်ကောင်လုံးအတွက် ကျည် ၂ တောင့်သ
ဖြုန်းလိုက်သည်။ ကင်းမြီးကောက်၏ခေါင်းပိုင်းများ ကြေလွင့်
သည်။ မြဒင်နှင့် ကိုကျော်ရွှေဘက်မှလည်း ၂ ကောင်၊ ကျည်
တောင့်သာ ကုန်သည်။

ယမ်းနံ့နှင့် ကင်းမြီးကောက်၏ညှော်နံ့တို့ ပေါင်းစပ်သွားသ
တစ်ထွာသာသာ ကင်းမြီးကောက်ကိုသာ မြင်ဖူးသော ကျွန်ုပ်တို့
လူတစ်ကိုယ်စာရှိသော ကင်းမြီးကောက်များကို ကြည့်ရင်း
လေးလံလျှက်ရှိသည်။

'ခရီးက ဘယ်နှရက် ဆက်ရဦးမလဲ။ နောက်ထပ် ဘယ်
ကောင် ကျန်ဦးမလဲ။ ကင်းမြီးကောက်တွေပဲလွှား။ တခြားဘယ
ကောင်တွေ လာဦးမလဲ' ဟုတွေးနေမိတော့သည်။

ကင်းမလက်မဲကြီးတွေပဲလား၊ ကင်းခြေများ ဆိုလျှင်
သူလာလျှင်တော့ အသံကြားရမှာ မဟုတ်၊ ရွှေ့လျားမှုက ညင်သ





သည်။

ကျွန်ုပ်တို့ အခြေအနေကို စောင့်ကြည့်နေရသည်။ ပြန်အိပ်
င်စိတ်လည်း မရှိတော့ပါ။ ကျွန်ုပ် တစ်ခုတော့ စဉ်းစားမိသည်။
နေ့ခင်းဘက်တွင် အိပ်၍ ညဘက်တွင်ခရီးဆက်ရန်။ ဒါကလည်း
ဟုတ်.အလုံအလောက် မရှိပါချေ။ သို့သော် ညအိပ်လည်း မိုးထွန်း
အိပ်ရမည့် အတူတူ၊ နေ့ခင်းဘက်အိပ်၍ ညဘက်မှ လမ်းလျှောက်လျှင်
အိပ်ရေးဝမည်။ စိတ်ချလက်ချ အိပ်ရမည်ဟု ဆုံးဖြတ်လိုက်သည်။

ကျွန်ုပ်တို့မှာ တစ်ည အိပ်ရေးပျက်တာပင်လျှင် ခေါင်းတွေ
ကိုက်ခဲမှုဝေလျက် ရှိတော့သည်။ ရွှေပဲ ရရ၊ စိန်ပဲရရ သည်
နိုးသည် အထိုက်တန်ဆုံးခရီး ဖြစ်တော့သည်။

နောက်တစ်နေ့တွင် နံနက် ၉ နာရီနီးပါးထိ အိပ်ပျော်နေ
သည်။ ဘာကောင်မှ ထပ်မလာတော့သဖြင့် ကံကြမ္မာသည် ကျွန်ုပ်
တို့၏ဘက်တွင် ကြံ့ကြံ့ဖန်ဖန် ရှိနေသေးတော့သည်။

နံနက် ၉ နာရီ ချက်ပြုတ် စားသောက်ကြပြီး၊ ၁၁ နာရီခွဲ
သည်နှင့် တစ်ပြိုင်နက် မြောက်စူးစူးသို့ ဆက်၍ ချီတက်ကြသည်။
အတတ်နိုင်ဆုံး အသားဘူးများကို မဖေါက်ရန် ဆုံးဖြတ်လိုက်သည်။
င်းမလက်မဲကြီးများ လာရောက်သည်မှာ အသားဘူးများမှ အညှီနံ့
ကြောင့်ဟု ကျွန်ုပ် ထင်မိသည်။

ဤလမ်းခရီးတလျှောက် 'ဆင်ကူး'တိုင်းပြည်သို့ ရောက်လို
တ်က၊ စိုးမိုးနေသဖြင့် တစ်ယောက်နှင့်တစ်ယောက် ဘာစကားမှ
ပို မပြောမိချေ။ တကယ့် 'ဝစီပိတ်'ခရီးရှည်ကြီးတစ်ခုအဖြစ်

မှတ်တမ်းတင်ရတော့သည်။

ထိုနေ့က ကျွန်ုပ်တို့ လျှောက်သောခရီးမှာ ည ၈ နာရီ ထိပ
ဖြစ်သည်။ အရက်ပိုင်းလေးဖွဲ့၊ တစ်ယောက်တစ်ခွက်စီသော
ဂျုံဆန်ပြုတ်နဲ့ ကြက်သွန်ဖြူပေါ်ဗျာ။ သုံးနာရီခြား ကင်းစောင့်
နှစ်ခြိုက်စွာ အိပ်ကြသည်။ ဆိုနေ့ညတွင် ကျွန်ုပ်တို့အဖွဲ့ ည ၁
နာရီခွဲပြီးမှ အိပ်ဖြစ်ကြသည်။

နောက်တစ်နေ့ ရှစ်နာရီတိတိမှာ အားလုံး နိုးလာသည်
လက်ဖက်ရည်ဖျော်၊ ငါးမုန့်နှင့် စားသောက်ပြီး ခရီးဆက်ကြသည်
ထိုနေ့မှာ စတုတ္ထနေ့ လေးရက်မြောက်သောနေ့ပင် ဖြစ်လေသည်
ထိုနေ့မှာ ထူးခြားမှုတစ်ခု ရှိပြန်လေသည်။ နေ့လယ် နှစ်နာရီလော
တွင် ကျောက်ဂူ၏ ဝဲယာတစ်ဖက်တစ်ချက်စီ၌ ငုတ်တုတ်ထိုင်
အနေအထားနှင့် သေဆုံးနေသော အလောင်း နှစ်လောင်းကို တွေ့
သည်။

ဘယ်အချိန်၊ ဘယ်ကာလက သေဆုံးနေသည်လည်း မသိ
ချေ။ အအေးဓာတ်ကြောင့် နောက်နှစ်ပေါင်းများစွာထိ ပုတ်သိုးမ
မထင် ပါ။ ကိုကျော်ရွှေမှာ တုန်လှုပ်ခြောက်ခြားသွားပြီး သူ
မဟုတ်ပါစေနှင့်ဟုဆိုကာ ထိုအလောင်း နှစ်လောင်းကို စစ်ဆေ
နေတော့သည်။

ကျွန်ုပ်တို့က သည်းခံ၍ စောင့်ဆိုင်းနေရသည်။ သူညီ ဖြ
လျှင် သူ့သဘောအတိုင်း သဂြိုဟ်လ၍ ပြန်ရုံသာရှိသည်။ သို့ေ
'စီလန်'တစ်ဦးတည်း ရှေ့ဆက်သွားရမည်က သနားစရာ။ သူ



သည်း မဟုတ်၊ သူ့ညီသူငယ်ချင်းလည်း မဟုတ်ပေ။ ရတနာသိုက်
တူးရထားသူများ၏ ဒုက္ခပင်ဖြစ်ပေမည်။ သို့ဖြင့် ခြေလှမ်းများက
သွက်ချင်ဘဲ သွက်လာသည်။ မြင်ပ ရေမြေတောတောင်ရှုခင်းကို
သည်း မမြင်ရ၊ နေရောင်လရောင်လည်း မတွေ့ရ။ လေးရက်မျှနှင့်ပင်
ငြီးငွေ့နေလေပြီ။

မြန်မာပြည်၌ ပင်းတယလိုဏ်ဂူနှင့် ပုဂံမြို့ဟောင်း လိုဏ်ဂူ
ည်ကြီး ရှိသည်ဟု ကျွန်ုပ်တို့ ကြားဖူးပါသည်။ သို့သော် မည်သူမျှ
ချွေးမိုက်မိုက် စူးစမ်းသွားသည်ဟု မကြားမိပါချေ။ နောက်ထပ်
ယ်ရက်အထိပင် ကျွန်ုပ်တို့ ငြီးငွေ့ခြင်းကို ခံနိုင်ရည် ရှိပါ့မလား။

လူသားဟူသည် အလင်းရောင်နှင့် လုံးဝ ဆက်စပ်နေမှန်း
သိရတော့သည်။ ကျွန်ုပ်တို့က ညဥ့်ငှက်တွေလို အမှောင်ကြိုက်သူ
ဟုတ်။ အလင်းရောင်က ကျွန်ုပ်တို့၏ စိတ်ဓာတ် အတက်အကျနှင့်
ဆက်စပ်နေသည်။ အလင်းရောင် ကောင်းစွာမရ၊ မှောင်မှိုင်း စိုထိုင်း
သောနေရာတွင် မိချောင်းများသာ ပျော်ရွှင်စွာ နေကြလိမ့်မည်ဟု
တွေးမိတော့သည်။

ရုံဖန်ရံခါ ကျောက်မီးသွေးတွင်း လုပ်သား၊ ဘော်တွင်း လုပ်
သားများကဲ့သို့သောဘဝကို စာနာနေမိသည်။ ထိုလူများသည် ညဥ့်
ာက် အိမ်ပြန်ရောက်ချိန်တွင်သာ ပျော်ရွှင်ချိန် အနည်းငယ်၊ ယမကာ
ဖြင့် မိသားစုဘဝကို ခရီးဆက်ရပေလိမ့်မည်။ ကျန်သောအချိန်
များတွင် နေ့ဆိုင်း၊ ညဆိုင်းခွဲ၍ ကျောက်မီးသွေးတွင်း လိုဏ်ခေါင်း
များတွင် အချိန်ကုန်ရသော လူ့ဘဝ၏ အမိုက်ယ် ကင်းမဲ့နေမှုကို

ဆင်ခြင် တွေးတောနေမိပြန်ပါ၏။

ကျွန်ုပ်တို့မှာ တစ်ညအိပ်ရတိုင်း ဒီတစ်နေ့တော့ ပြီးသွားပြ

ပေါ့ဟုသာ အောက်မေ့မိသည်။

နေ့စဉ်မှတ်တမ်းတွင်လည်း ကင်းမလက်မဲကြီးနှစ်ကောင် တွေ့

ရသော ညမှလွဲလျှင် ဘာမျှ ထူးထူးခြားခြား ရေးစရာမရှိပါ။

ပဉ္စမနေ့ညတွင် အဝေးဆီမှ အသံသဲ့သဲ့ဆူးဆူးသေးသေးအာ

များ ကြားရသောကြောင့် လူများနှင့် နီးလာပြီဟု ယူဆရသည်။ သ

သော် ဟုတ်ချင်မှလည်း ဟုတ်ပါလိမ့်မည်။

ရုံဖန်ရံခါ နေ့ခင်းဘက်တွင် မီးတုတ်မလိုဘဲ ဇစ်ဇက်ဆန်ဆ

ဖေါက်ထားသော နံဘေးမှ လိုဏ်ဂူပေါက်များကြောင့်လည်း ဖြစ်

သည်။

သတ္တမနေ့ ကျွန်ုပ်မှာ ကိုယ့်ကိုကိုယ်ပင် အထင်ကြီးမိတေ

သည်။ ကျွန်ုပ် မှန်းဆခဲ့သည့် သားစားဖွတ်ကဲ့သို့သတ္တဝါကြီးမျာ

မြွေကြီးများကို မတွေ့ရသေးသော်လည်း တစ်ခုအပါအဝင်ဖြစ်သ

လှည်းဘီးပမာဏကြီးသော အမွေးပွပင့်ကူကြီးက လိုဏ်ဂူလမ်း

ပိတ်ဆို့ အိမ်ဖွဲ့ထားပေသည်တကား။ ပင့်ကူကြီး၏နောက်မှ မီးခိုးတ

များ လွင့်ပါလာသည်ကိုလည်း တွေ့ရသည်။

◈ ◈ ◈



အခန်း ( ၇ )

တစ်ခါမှ မမြင်ဖူးသော ပင့်ကူကြီးဖြစ်၍ တအံ့တသြ ငေးမော ကြည့်မိသည်။ ဟသ်ာကိုးသောင်း ဇာတ်ပျက်၍ သေဆုံးရခြင်းမှာ ဤကဲ့သို့သော ပင့်ကူကြီးကြောင့် ဖြစ်ခဲ့ပေသည်။ တုန်လှုပ်စရာ မရှိပေ။ ဤကဲ့သို့သော သတ္တဝါကို ကျွန်ုပ်တို့လူများ တီထွင်ခဲ့သော လက်နက်ဖြင့် မဖြေရှင်းနိုင်စရာ မရှိပါ။

ကျွန်ုပ်တို့က အကြောင်းမဲ့ ရန်မပြုလိုသော်လည်း လိုဏ်ဂူကို ပိတ်ဆို့ထားခြင်း ဖြစ်သောကြောင့် ခြောက်လုံးပြူးဖြင့် သုံးချက်ဆင့် ပစ်လိုက်ရုံဖြင့် ဤကိစ္စ ရှင်းသွားသည်။ ခေတ်မီနည်းပညာတို့၏ တိုးတက်မှုအောက်တွင် သဘာဝ၏ဘေးရန်တို့ ပြားပြားဝပ်သွားရ သည်။ ထိုစဉ်မှာပင် မီးခိုးရနံ့ပါ ရလာသည်။

သို့သော် လက်နက်ဖြင့် ဖြေရှင်းမရသော ဘယ်လိုဘေးရန် မျိုး လာဦးမည်နည်း။ ပင့်ကူကြီးကို ရှင်းလင်းပြီးသော်လည်း ကျွန်ုပ်

စိတ်က ရှုပ်ထွေးနေသဲဖြစ်သည်။ သို့ဖြင့် လေတိုက်ခတ်မှုနှုန်း သိသာ မြန်ဆန်လာခြင်းက စိတ်အား ပြန်လည်တက်ကြွလာသည်။

ညနေ ၂ နာရီ (သတ္တမနေ့)။ ထိုနေ့တွင်ကား နီရဲတောက် ပသော အလင်းတန်းများ ဂူတွင်းသို့ ဝင်လာသည်၊ မီးစုန်းခတ်နှ ရိုက်ခတ်သွားသောအခါ တဖျပ်ဖျပ် တောက်ပလာသည်။

သို့သော် နေ၏အလင်းရောင် မဟုတ်၍ စိတ်ချရခြင်းတော မရှိသေးပါချေ။ နောက်ထပ်ပေ ၁၀၀ ခန့် သွားမိသောအခါ ကော် ဇောနီများ ခင်းထား၍ နံရံတွင် ဟသ်ာပြဒါးအနီရောင်ကဲ့သို့ စစ်ဓ များ သုတ်လိမ်းထားသော ကျယ်ဝန်း ခန့်ညားသည့်'ဝေဒကျမ်းဗ ခန်းမဆောင်ကြီး'ကို တွေ့လိုက်ရသည်။

"ဝေဒကျမ်းစာ ခန်းမဆောင်ကြီးပဲ"

ဟု စီလန်က ကျေနပ်စွာ ရေရွတ်လိုက်သည်။

ခန်းမဆောင်အတွင်းသို့ အလင်းရောင် ဝင်နေသည်မှာ ဘယ ကမှန်းပင် ခန့်မှန်း၍ မရတော့ပေ။ နေရာအနှံ့ အနီရောင်များ ဆင်းတော့မတတ် အိနေသည်။ ပေသုံးဆယ်ခန့်မြင့်သော ကျွဲခေါင်း နှင့် လူကိုယ်ခန္ဓာ နတ်ရုပ်ကြီးမှာလည်း ကြေးဝါဖြင့် သွန်းထာ သော်လည်း နှစ်ပေါင်းကြာရှည်မှုက ရွှေရောင်ဘက်သို့ လုနေသည်

နတ်ရုပ်ကြီး၏အထက်တွင် ခမ်းမခေါင်မိုးမှာ ကပ်လျက် သည်။ မျက်နှာကြက်ရှိ ကြော်ပုံစံ မှန်ကူကွက်များက ရွှေရောင်နှ ပတ္တမြားအနီရောင် ရောင်ပြန်ဟပ်နေသည်။

ရုပ်ထုကြီးရှေ့တွင် ထာဝစဉ် မငြိမ်းသော မီးဖိုတစ်ခု မီးပြဒ





ကဲ့သို့ ကြေးဝါခွက်ကြီးထဲတွင် မီးဖိုထားသည်။

နတ်ရုပ်ကြီးရှေ့ အမွှေးတိုင် တင်သောခွက်များ၊ ပန်းအိုးများ မှာ ရွှေအစစ်ဖြစ်ပုံရသည်။

အမွှေးရနံ့များက စိတ်ကို ထူးခြားစေသည်။ လွင့်မျောစေ သည်။ စိတ်ကူးယဉ်စေသည်။ ကုလားအမွှေးတိုင်ရနံ့နှင့်လည်း မတူ၊ တရုပ်စံပယ်အမွှေးတိုင်နှင့်လည်း မတူ၊ ဒေါနပန်းရနံ့မျိုး ထွက်ပေါ်နေ သည်။

လူ၏ပခုံး နီးပါးဖြစ်သော ကျောက်ဖြူစားပွဲကြီးပေါ်တွင် အထူ ခြောက်လက်မ၊ ဗျက်ခြောက်လက်မ၊ အရှည်သုံးပေမျှရှိသော ဝေဒ မှတ်တမ်းစာအုပ်များက ကိုးအုပ်ရှိနေသည်။ သက်နုရောင်၊ မြစိမ်း ရောင်၊ အနီရောင်၊ အနက်ရောင်၊ ပင်လယ်ပြာရောင်၊ ရွှေရောင်၊ မရမ်းရောင်၊ အဖြူရောင်၊ ပန်းနုရောင် ဖဲစများဖြင့် ထုပ်၍ထားသည်။

(တစ်အုပ်ချင်းလျှင် ထိပ်ဝ ခြောက်လက္ခမပတ်လည် အရှည် သုံးပေခန့် ရှိပေမည်။ စုစုပေါင်း ကိုးအုပ်။)

ထိုပုရပိုက်ကြီးများဘေးတွင် အမွှေးတိုင်ကို ရွှေခွက်တွင် စိုက်၍ ပူဇော်ထားသည်။ ပန်းအိုးတော့ မရှိပါချေ။

မြန်မာပြည်မှ ယွန်းပြားများကဲ့သို့ တစ်ပေပတ်လည် ယွန်းပြား ပေါ်တွင် ပြည့်တင်း ဝိုင်းစက်နေသော အဖြူရောင်လမင်းကို အနက် ရောင်နောက်ခံတွင် ရေးဆွဲ၍ ကျမ်းစာအုပ်များဘေးတွင် ထောင်ထား သည်။ စီလန်က စိတ်လှုပ်ရှားစွာ ထပ်မံ ရေရွတ်လိုက်သည်။

"ဒီနေ့ လပြည့်နေ့ပဲ..."

အခြားထွက်ပေါက် ရှာမတွေ့ပါချေ။ စက်ဝိုင်းပုံခန်းမတစ်နေရာတွင် လူသုံးယောက် တန်းစီပြီး ဝင်သာရုံ ကြေးဝါတံခါးကြီး နှစ်ချပ် ပိတ်၍ထားသည်။ အတွင်းက ဖွင့်၍မရ။ အပြင်က ဖွင့်မှသာ ရမည်။

တံခါး၏ဘေးတွင် စကောတစ်ချပ်အရွယ်ရှိသော ကြေးဝါမောင်းကြီးတစ်ခု ချိတ်ထားသည်။ မြန်မာပြည်မှ မောင်းများကဲ့သို့ အလယ်တွင် ဘု မပါရှိပေ။ ကြေးဝါကို အနည်းငယ်သာ မျက်နှာပြင်ခုံးထားသည်။ ကြေးလင်ပန်းအခုံးဟု ခေါ်လျှင်လည်း ရသည်။

ညနေခြောက်နာရီ လထွက်ချိန်မှာ 'လားမား'များ ရောက်ရှိလာမည်။ ကျွန်ုပ်တို့မှာ ဂူတွင်းသို့ ပြန်ဝင်၍ ကျန်သမျှနှင့် အဲဟာမှီတင်းလိုက်ရပြန်သည်။ စိုးရိမ်စရာ မရှိတော့ပါဟု 'စီလန်'က ပြောသော်လည်း ကမ္ဘာကြီးသည် မသေချာခြင်း၊ စိတ်မချရခြင်းတို့ဖြင့် ဖွဲ့စည်းထားသည် မဟုတ်ပါလား။

'စီလန်'က ကျောက်စက်ကျ စမ်းရေဖြင့် ကိုယ်လက်များကို သန့်စင်နေသည်။ ကိုကျော်ရွှေကတော့ သူ့ညီနှင့် ပတ်သက်၍ သဲလွန်စ ပျောက်သွားပြီဟု ယူဆပြီလား မသိ။ စီးကရက်သောက်ရင်း၊ ကွဲခေါင်းပုံ နတ်ရုပ်ကြီးကို ဂူတွင်းမှ လှမ်းမျှော် ငေးကြည့်နေသည်။

အချိန်က ကုန်ခဲလှသည်။ ဝုံမဲနှင့် အိုမုန်း နာဂလူငယ်နှစ်ဦးကတော့ အပူအပင် ကင်းမဲ့စွာ ထမင်းငုံး စီနေကြပြီလားမသိ။ မှိန်းနေသည်။ မကြာမီ ဝေးလံသောအရပ်မှ ကြေးလင်ပန်းများ တီးသံနှင့် ကျွဲချို (ကဒိုး) မှုတ်သံကဲ့သို့ အသံမျိုးကို ကြားလာရသည်။ နားထောင်





က နားဝင်ပီယံမရှိဟု ထင်ရသော်လည်း ကျွန်ုပ်တို့ပြည်တွင် နံနက်စောစော ဆွမ်းတော်ကြီးကပ်ချိန် တီးမှုတ်သွားသော အသံကဲ့သို့ ကြည်နူးစရာ ကောင်းလှသည်ဟု ထင်သည်။

ကျွန်ုပ်တို့က ကျောက်ဂူ၏ အမှောင်ရိပ်ကို အကာအကွယ်ယူရင်း၊ ခန်းမဆောင်ဘက်သို့ ချောင်းမြောင်း ကြည့်ရှုနေသည်။

'လားမား'များ သီဆိုလာသောတေးသံက တစ်စတစ်စ နီးကပ်လာသည်။ (ထိုလားမားစကားများ၊ တေးသံများကို 'စီလန်'က ဘာသာပြန်ပေးသည့်အတိုင်း ထည့်သွင်းရေးသားခြင်း ဖြစ်ပါသည်။)

လူသည် ကျမ်းစာကဲ့သို့ မမြင့်မြတ်ပါ။
လူသည် ယက်(နွား)ကဲ့သို့ မဖြူစင်ပါ။
လူသည် ဝံပုလွေနှင့်လည်းကောင်း။
ကျားများနှင့်လည်းကောင်း။
မိကျောင်းများနှင့်လည်းကောင်း ရောထွေး ဆက်စပ်ခဲ့ဖူး၏။
လူတို့သာ သေဆုံးကုန်၏။
ကမ္ဘာ၊ နေ၊ လ၊ နက္ခတ်တို့ ထာဝရ ကျန်ရစ်၏။
စကြာဝဠာ ပျက်သည်မရှိ။
ဝေဒကျမ်းသည် တစ်နေ့လဗီမှာန်သို့. . .
ပျံသန်းရပေမည်။
ဝေဒကျမ်းစာနှင့်အတူ လိုက်ပါနိုင်ရန်. . .
ဆုတောင်းကြစို့။

သူ့အဓိပ္ပာယ်နှင့်သူတော့ ရှိပေလိမ့်မည်။ သူတို့သည် ကျွန်ုပ်

တို့က နိဗ္ဗာန်၊ ခရစ်ယာန်တို့က ကောင်းကင်ဘုံကို ထွက်ရပ်ဟု သဘောထားသကဲ့သို့ လားမားတို့ကလည်း လဗိမ္ဗာန်ကို ထွက်ရပ်ဟု သဘောထားပုံပေါ်ပါသည်။ ကျွန်ုပ်တို့သည် ဗိုဟန်ဗိုတာတောင်မကြီး၏ အလယ်အူတိုင်ကျသောနေရာသို့ ရောက်နေပေပြီ။ တောင်စောင်းမှ ပြန်ထွက်ရန် မနည်းကြိုးစားရပေဦးမည်။

တံခါးမကြီးပွင့်၍ သုံးယောက်တစ်တန်း ဝင်လာကြသည်၊ အလယ်မှ ဂိုဏ်းချုပ်လားမားဘုန်းတော်ကြီး၊ လက်ယာဘက်တွင် ဒုတိယဂိုဏ်းချုပ်ဘုန်းတော်ကြီး၊ လက်ဝဲဘက်တွင် သိုးမွေးနှင့် ဝံပုလွေရေ၊ တာကင်သားမင်းရေတို့ဖြင့် ချုပ်ထားသောအင်္ကျီနှင့် ဘောင်းဘီရှည် ဝတ်ထားသော၊ ဝက်စွယ်ကင်းပိတ်ကို ဖေါက်၍ ဆွဲထားသောပုတီးလည်ဆွဲများနှင့် လက်ရှိဘုရင် 'လူရင်ခြောက်'တို့က ရှေ့ဆုံးမှ ဝင်လာကြသည်။

နောက်မှ ဤကဲ့သို့ခေါင်းစွပ်နှင့် (မျက်လုံးနေရာတွင်သာ အပေါက်ဖေါက်ထားသော)လားမားများ သုံးယောက်တစ်တွဲ ဝင်လာကြသည်။ အတန်းဆယ်တန်း၊ အယောက်သုံးဆယ်ပြည့်ချိန်တွင် အားလုံး ရပ်တန့်လိုက်ကြသည်။ သံပြိုင်တေးသံပါ ရပ်တန့်သွားသည်။

ခန်းမကျယ်ကြီးထဲတွင် အပ်ကျသံပင် ကြားရမတတ် တိတ်ဆိတ်သွားသည်။ ကျွန်ုပ်တို့၏အသက်ရှူသံ ကြားရမည်စိုး၍ ဂူတွင်းဆီသို့ ခြေတစ်လှမ်း ပြန်ဆုတ်လိုက်သည်။

ဂိုဏ်းချုပ်ဘုန်းတော်ကြီးက နတ်ရုပ်ကြီးအား အရိုအသေပြုပြီးနောက် ကျမ်းစာထုပ်များရှိရာ ကျောက်ဖြူစင်မြင့်ပေါ်တွင် ရပ်





လိုက်သည်။

ထိုသက်န်းရောင်ဖဲစဖြင့် ပတ်ထားသော ကျမ်းစာထုပ်ကို ဖြည်၍ ဖတ်လိုက်သည်။ ထို့နောက် လေးနက် ခန့်ညားသောအသံဖြင့်. . .

"ဤနေ့သည် မျှော်လင့်တွက်ဆထားသည့်အတိုင်း အပြောင်းအလွဲရှိသောနေ့ဖြစ်သည်။ သမရိုးကျနေ့များ ကုန်လွန်ခဲ့ပြီ၊ အချိန်မသင့်၍ တိုင်းတစ်ပါးသို့ ရောက်ရှိနေသော ဘုရင်စီလန် ပြန်ရောက်မည့်အချိန်ဖြစ်သည်၊ ကျမ်းစာသည် ဘယ်သောအခါမှ ကျွန်ုပ်တို့ 'ဆင်ကူး'လူမျိုးများအား သစ္စာမဖေါက်ခဲ့ပါ၊ ကျမ်းစာ၏ အကူအညီဖြင့် ကျွန်ုပ်တို့သည် တိဘက်လူမျိုးစုကြီးထံမှ အနောက်စူးစူးသို့ ခွဲထွက်လာခဲ့သည် မဟုတ်ပါလော"

"ဟုတ်ပါသည်၊ အို. . . စီလန်. . . စီလန် ကျမ်းစာ၏အဆုံးအဖြတ်ကိုခံရန် ထွက်ခဲ့ပါလော့"

တစ်ခဲနက် ဟိန်းထွက်လာသော အသံကြောင့် မတောက်ဘခေါက်ဗေဒင်၊ သက်ရောက်ကြိုလ်စားလောက်သာ တတ်ကျွမ်းခဲ့သော ကျွန်ုပ်မှာ ဝေဒကျမ်းစာကို မလေးစားဘဲ မနေနိုင်အောင် ရှိတော့သည်။

စီလန်က လိုဏ်ဂူဝမှထွက်၍ ကော်ဇောနီများကို ဖြတ်ကာ ဝေဒစာအုပ်များရှိရာ ကျောက်ဖြူစင်မြင့်မှ လားမားဂိုဏ်းချုပ်ကြီးနံဘေးသို့ သိုင်းသမားတစ်ဦးကဲ့သို့ ဖျပ်ခနဲ ရောက်ရှိသွား၏။ သူ၏အင်္ကျီကို ချွတ်ထားပြီး ဝံပုလွေရေဘောင်းဘီတိုကို ဝတ်ထားရာ သူ၏

ဘာယဗလနှင့် သားမွေးရေ ဘောင်းဘီတိုတို့ကြောင့် တာဇံကဲ့သို့ပင် ကြည့်၍ကောင်းလှတော့သည်။ သူ၏ရင်ဘတ်၌ မင်္ဂလာခရုသင်းနှင့် ကျွဲချိုပုံကို ဆေးမှင်ဖြင့် ရေးထိုးထားသည်။ လောက၏တန်ဆာဖြစ်သော 'အသံ'ကို အထူးဂရုပြု ရေးဆွဲထားပုံရသည်။ အမြင်အကြား လူလူချင်းဆက်သွယ်မှု သင်္ကေတ။

ဂိုဏ်းချုပ်ကြီးက ကျမ်းစာအတွက် ဂုဏ်ယူ ဝင့်ကြွားသော အပြုံးဖြင့်. . .

"ကျမ်းစာသည် အကြိမ်ငါးထောင်မြောက် မှန်ကန်ခဲ့လေပြီ"

ဟု ပြောလိုက်သည်နှင့် တစ်ပြိုင်နက် လားမားများက. . .

"စီလန်. . . စီလန်၊ ဘာဘေး. . . ဘာဘေး"

ဟု ခန်းမဆောင်ကြီး ပွင့်သွားမတတ် ဟစ်အော်လိုက်သည်။ ခန်းမဆောင်မှ ကြေးဝါမောင်းကြီးကို သုံးကြိမ်ဆင့်၍ ထုနှက်လိုက်သည်။

ထိုအသံသည် လိုဏ်ခေါင်းပေါက်များမှတစ်ဆင့် ပြင်ပ ဆင်ကူးမြို့တော်တစ်လျှောက် ပြန့်နှံ့သွားလောက်ပေပြီ။

ကျွန်ုပ်တို့က ဘုရင်ပေှာင်း ဘယ်လို တုန့်ပြန်မည်နည်းဟု စိတ်ဝင်စားစွာ စေးကြည့်နေသည်။ ကိုကျော်ရွှေပင်လျှင် ထိုအချိန်၌ ပျောက်ဆုံးနေသော သူ့ညီကို သတိရမည် မဟုတ်ပေ။

ဂိုဏ်းချုပ်ကြီးက လက်ဝှေ့ဒိုင်လူကြီးကဲ့သို့ စီလန်၏လက်ကို ဆွဲ၍ အပေါ်သို့ မြှောက်လိုက်သည်။

"စီလန်. . . စီလန်၊ ဘာဘေး. . . ဘာဘေး"





ဟူသော အသံကြီး ထွက်ပေါ်လာပြီးနောက် မကျေနပ်သော ဘိတ်ဆိတ်မှုက နက်ရှိုင်း၍လာလေတော့သည်။

"လူရင်ခြောက်. . .၊ ယနေ့ည လပြည့်ညမှာပင်. . . စားနပ် ရိက္ခာ အပြည့်အစုံနှင့် သင်၏ဇနီးသားမယားတို့ကိုခေါ်၍ ဂိုဗီသဲ ကန္တာရကို ဖြတ်ကျော်၍ 'ရှန်ဗဲလား'သို့ အရောက်သွားပေတော့"

ဟု ဂိုဏ်းချုပ်ဘုန်းတော်ကြီးက အေးစက်သောအသံဖြင့် စီရင် ချက် ချမှတ်သည်၊ လျော်ကန်သင့်မြတ်ပေသည်။ သို့သော်. . .

"ဂိုဏ်းချုပ်ကြီး. . . ကျွန်ုပ်အသက်နှင့်ကိုယ် တည်မြဲနေသ၍ 'ရှန်ဗဲလားတောရ'သို့ မထွက်ခွါနိုင်ပါ"

ဟု'လူရင်ခြောက်'က တုန့်ပြန်သည်။

"ဆန်ပြားခြင်းတော့ မဟုတ်ပါ၊ တော်တော်များများ၏ အတတ်မှာ ကျမ်းစာ၏ အထက်တွင် နေချင်ကြသည်။ ကျမ်းစာနှင့် ဆန့်ကျင် ဘက်အရပ်တွင် ကုတ်ကပ် တွယ်ဖက်၍ နေတတ်ကြသည်။ သဘာဝ ကို ဖီလာဆန့်ကျင်လိုလျှင် ကျမ်းစာလွှမ်းမိုးသောအရပ်မှာ မနေလင့်။ အရိုင်းအစိုင်းတို့ ရှိရာသို့ ပို့ပေးရမည်၊ လူရင်ခြောက်. . . သင့် ဆုံးဖြတ်ချက်ကို မပြင်ပြီလော"

ဟု ဂိုဏ်းချုပ်ကြီးက ဒေါသဖြင့် မေးလိုက်သည်။

လူရင်ခြောက်ကလည်း ပြတ်သားစွာဖြင့်. . .

"ကျွန်ုပ်စကားကို တစ်မျိုးသာ. . . ပြောပါသည်"

ဟု ခေါင်းမာစွာ တုန့်ပြန်သည်။ လားမားအားလုံးသည် အဖြူရောင်ဝတ်ရုံရှည်ကြီးများ ကတော့ကိုမှောက်ထားသောပုံရှိသည်

ခေါင်းစွပ်အဖြူကို ဝတ်ထားကြသည်။ ခေါင်းမှခြေဖျားထိ အဖြူရောင် ကမတာ့ကြီးများကို မှောက်ထားသည်နှင့်တူပေသည်။

ထိုစဉ်မှာပင် မည်ကဲ့သို့အချက်ပြလိုက်သည်မသိ။ ကျွဲခေါင်း ပုံနတ်ရုပ်ကြီး၏နောက်မှ အနက်ရောင်ခေါင်းစွပ်၊ အနက်ရောင်ဝတ် ရုံဝတ်သော သေမင်း၏အမှတ်တံဆိပ် ပသျှူးခေါင်းဖြတ်များသဖွယ် ဝတ်ထားသောလူသုံးဦး ရုတ်တရက်ပေါ်လာပြီး 'လူရင်ခြောက်'ကို ဖမ်းချုပ်ကာ ကြေးရုပ်ကြီး၏နောက်ကွယ်သို့ ပြန်ဝင်သွားကြသည်။

ထို့နောက် ဂိုဏ်းချုပ်၊ ဒုဂိုဏ်းချုပ်တို့က ခန်းမဆောင်တွင်း မှ စတင်ထွက်ခွါသည်။ လားမားများနောက်မှ လိုက်ပါသွားကြသည်။ နောက်ဆုံးတွင် ဘုရင်စိုလန်ကို နန်းတော်သို့ ပို့ဆောင်ခေါ်ယူသွား မည့် 'လားမား'တစ်ဦး၊ ဘုရင်စိုလန်နှင့်ကျွန်ုပ်တို့သာ ခန်းမဆောင် ထဲတွင် ကျန်ရစ်ခဲ့သည်။

◈ ◈ ◈



## အခန်း ( ၈ )

ကျွန်ုပ်က ကျောင်း၌ သင်ခဲ့ရဖူးသော အရည်းကြီးများ၏သိုင်း ပညာနှင့် လားမားဘုန်းတော်ကြီးများ၏ 'ဥဒယရှောင်လင်' သိုင်း ပညာကို နှိုင်းယှဉ်နေမိသည်။ သို့သော် လားမားဘုန်းတော်ကြီးများ သည် လက်နက်နှင့်လည်းကောင်း၊ အသားငါးနှင့်လည်းကောင်း၊ မိန်းမများနှင့်လည်းကောင်း၊ ရတနာများနှင့်လည်းကောင်း လုံးဝ ကင်းရှင်းပေသည်။

သူတို့သည် တစ်နေ့တွင် မွန်မြတ်သော ဂူနားခေါ် လဝိမ္မာန် သို့ရောက်ရန် ယုံကြည်ချက် ပြင်းပြနေသူများဖြစ်လေသည်။

ဘုရင်စီလန်သည် ကျွန်ုပ်ရှိရာသို့ လျှောက်လာပြီး. . .

"မုဆိုးကြီးနောင်ရိုး ည ၉ နာရီ ရှိပါပြီ၊ ဧည့်ခန်းဆောင်တွင် အေးဆေးစွာ အနားယူပါ၊ လက်နက်အားလုံး ဥမင်ဂူဝတွင် ထားခဲ့ပါ၊ ထမင်းစားခန်းမကိုဖြတ်၍ လက်နက်များ ယူခွင့်မရှိပါ၊ နက်ဖြန်မှ ဥမင်

ရွှေပဒေသာစာပေ

အမှတ် ၉၀ ကို ဖြတ်၍ လက်နက်များ ယူငင်ပေးပါမည်"

ဟု ဆိုသောကြောင့် လိုဏ်ဂူပတွင် ကျည်ဆန်များ၊ ဝင်ချက် စတာရိုင်ဖယ်၊ ခြောက်လုံးပြူး၊ ဓုံမဲ၊ အိုမုန်းတို့၏ အမဲလိုက်ဓားများကို ထား၍ ဖိနပ်ကို ချွတ်ကာ ကော်ဇောနီများပေါ်မှ ဖြတ်၍ ကြေးဝါ တံခါးကြီးမှ နောက်ထပ်လိုဏ်ဂူတစ်ခုအတွင်းသို့ ဝင်ရောက်ခဲ့ရပြန် သဖြင့် မနက်မိုးလင်းရင်တော့ ပြင်ပလောကကို တွေ့မြင်ကောင်း ပါရဲ့ဟု အောက်မေ့မိတော့သည်။

မည်သို့ပင်ဖြစ်စေ၊ ယနေ့ည နှစ်ခြိုက် ငြိမ်းချမ်းစွာ အိပ်ရ တော့မည်ဟူသော အသိအမြင်က စိတ်ကို ရွှင်မြူးစေတော့သည်။ ဘုရင်စီလန်နှင့် လားမားကြီးက ရှေ့မှလျှောက်သွားသည်။ သူတို့ ဘာတွေ ပြောနေကြသည်ဟု ခန့်မှန်း၍မရပါ။ လိုဏ်ဂူနှစ်ခု ဖြစ်နေ သောနေရာတွင် ဝံပုလွေနှင့် ရေခဲမြေခွေးရေများ ပေါင်းစပ် ဝတ်ဆင် ထားသည့် လုံကိုင်စစ်သားတစ်ယောက် စောင့်နေသည်။

"ကိုင်း. . . မိတ်ဆွေများ၊ သူက ညေ့ခန်းဆောင်သို့ လိုက်ပါပို့ ဆောင်ပေးပါမည်၊ ညလယ်စာများ သုံးဆောင်၍ အေးဆေးစွာ အနား ယူပါ"

ဟုဆိုပြီး လားမားဘုန်းကြီးနှင့်အတူ လက်ဝဲဘက်လိုဏ်ဂူ ဘက်မှ သွားနေသည်။ ထိုလိုဏ်ဂူကား ကျွန်ုပ်တို့ ဖြတ်လာခဲ့သော လိုဏ်ဂူကဲ့သို့မဟုတ်။ မီးတိုင်များဖြင့် ထိန်ညီးနေတော့သည်။

ကျွန်ုပ်တို့က အစောင့်စစ်သား၏နောက်မှ တိတ်ဆိတ်စွာ လိုက်ပါလာခဲ့သည်။ နန်းတော်ခန်းမဘက်ကို သွားသော လိုဏ်ဂူကဲ့သို့





...တ်များ မများလှသော်လည်း အလင်းရောင် လုံလောက်ပါသည်။

လှေခါးများက မြေညီလမ်းအတိုင်း မဟုတ်ဘဲ အမြင့်သို့ ...င်ထစ်ပြီးတစ်ထစ် တက်နေရသည်။ ခေါင်မိုးကျောက်သားများနှင့် ...တ်ကင်းရှဲသာ ရှိတော့သည်။

ဆယ်မိနစ်မျှ လျှောက်ပြီး ကျယ်ဝန်းသော ခန်းမတစ်ခုတွင် ...ိုတစ်ခု၊ သားမွေးရေများ ခင်းထားသော ကျောက်ခုတင်များ၊ လက် ...ာ်ရည်ကရားများ၊ သစ်သီးနှင့် ဂျုံမုန့်များကို ပြင်ဆင်ပြီး လူတစ် ...ောက်က ထိုင်စောင့်နေသည်။ အထူးသဖြင့် တိဘက်လက်ဖက်ရည် ...့က သင်းပျံ့နေသည်။

ကိုးလက်မ ထူသောကျောက်နံရံကို ထွင်းထား၍ သုံးပေပတ် ...ည်ကျယ်သော ပြတင်းတံခါးကို ဖေါက်ထားသည်။ တံခါးချပ်များ ...၍ အဖွင့်အပိတ်လုပ်၍ မရပေ။ ထိုပြတင်းဝမှ မြောက်စူးစူးသို့ ...ကြည့်ရာ နက်ပြာရောင်ကောင်းကင်၌ ခုနစ်စဉ်ကြယ်နှင့် အခြား ...တ်တာရာများကို တွေ့မြင်ရသည်။

ဖြူဖွေးနေသော မျက်စိတစ်ဆုံး ကျောက်တောင်များ၊ ထို ...ောက်ဖြူတောင်စွယ်များတွင် ကျောက်လိုဏ်ဂူကို အိမ်ပြုလုပ်နေ ...များ၏ မီးဖိုပေါင်းများစွာမှာ ကျောက်တောင်ခါးပန်းတွင် သီတင်း ...တ်မီးပုန်းများ ချိတ်ဆွဲထားသကဲ့သို့ ကြည့်ကောင်းလှပေတော့သည်။

သို့ဖြင့် ကျွန်ုပ်တို့ ရေမိုးသန့်စင်ပြီး ညလယ်စာများကို သုံး ...ောင်ကြသည်။ ည ၉ နာရီခွဲ။ ကိုကျော်ရွှေက မြောက်စူးစူးရှိ နက်ပြာ ...ောင်ကောင်းကင် လပြည့်ဝန်းကြီးနှင့် ကျောက်ဖြူတောင်မှ မီးအိမ်

လေးများကိုကြည့်ကာ စီးကရက်ကို ဖွာရင်း ငေးမောနေသည်။

"ခရီးတစ်ဝက်တော့ . . . ကျိုးသွားပါပြီ ကိုကျော်ရွှေ၊ ခင်ဗ ညီကို ရှာဖို့လည်း စီလန်ကိုယ်တိုင် ဘုရင်ဖြစ်နေမှတော့ သိပ်ပြဿ မရှိပါဘူး၊ တွေ့မှာပါ၊ အပြန်ခရီးကိုသာ ရင်ဆိုင်ဖို့ရှိတော့တယ်"

ဟု အားပေး နှစ်သိမ့်လိုက်သည်။

ည၏အလှကို ကြည့်ရင်း၊ ကျွန်ုပ်တို့ တော်တော်နှင့် အိပ်မပေ ပေ။ ဟိုးအဝေးမှ ဝံပုလွေအူသံသဲ့သဲ့ကို ကြားနေရသည်။

ဇုံမဲ၊ အိုမုန်း၊ ကျော်ခင်၊ မြခင်တို့လည်း ဘာတွေကို စားမြုံ ပြောဆိုနေကြသည်မသိ။ ဇုံမဲကတော့ မြန်မာစကားကို ထမင်းစား သောက်မျှသာ တတ်သူဖြစ်လေသည်။

ဆင်ကူးလူမျိုးများသည် အရိုင်းအစိုင်းများတော့မဟုတ် သီလကောင်းသူများ ဖြစ်ကြသည်။ ကျွန်ုပ်တို့ကို ဧည့်ခံရန် အစ အသောက်များ ပို့ဆောင်ရာတွင် အမျိုးသားများသာ ရှိပေသည် အမျိုးသမီးများ၏ အရိပ်အခြေကိုမှ မတွေ့ရချေ။

ကျွန်ုပ်တို့ မြောက်စူးစူးကွက်လပ်ကို ကြည့်နေစဉ်မှာပင်၊ ရောင်က မြင့်တက်လာခဲ့သည်။

မီးတုတ်များဖြင့် လူအများစု တစ်ယောက်ပြီး တစ်ယော ကွင်းပြင်သို့ ထွက်လာကြသည်။ ဆယ့်တစ်နာရီ ကျော်ပေပြီ။ ဝတ် ရှည်ကြီးများ ခြုံထားသော လူအုပ်ကြီးသည် တစ်စတစ်စ များပြား သည်။ ဘုရင်စီလန် ညတွင်းခြင်းပင် ဘိသိက်ခံနေပြီလား မသိ၊

သဲသဲကွဲကွဲ မမြင်ရသော်လည်း၊ လူတစ်ဝက်ကျော်ကျော်သ





န်ုပ်တို့ ရှိရာဘက်သို့ လက်ညှိုးထိုးကာ ညွှန်ပြနေလေပြီ။ ချီးမွမ်း ကိုပြုနေခြင်းတော့ ဟုတ်မည်မထင်ပေ။

မီးတုတ်ကို ကိုင်ဆောင်ထားသူတစ်ဦးသည် သူတို့၏ဘာသာ းဖြင့် မိမိတို့ ဧည့်ခန်းဆောင်ဘက်သို့ ညွှန်ပြကာ ပြောဆိုလျက် သည်။

သေသေချာချာ စူးစိုက်ကြည့်သောအခါ အလွှမ်းဝေးသော ည်း ထိုသူမှာ ညနေက နန်းကျသွားသောဘုရင် 'လူရင်ခြောက်'ဖြစ် သည်။ ဘယ်လိုပုံနှင့် လားမားဘုန်းကြီးနက်များလက်မှ လွတ် က်လာသည်လဲ မသိရပေ။

သူသည် ကျောက်ဖြူတုံးတစ်တုံးပေါ်တွင် မတ်တပ်ရပ်ရင်း၊ ားကို လက်သီးလက်မောင်းတန်းကာ ပြောဆိုနေ၏။

သူ တစ်ခွန်းပြောတိုင်း လူအုပ်ကြီးသည် ကျွန်ုပ်တို့ရှိရာ ဧည့် းဆောင်ဘက်သို့ မော့၍ကြည့်နေကြသည်။ နောက် ကျွန်ုပ်တို့ ာပြည်မှာကဲ့သို့ သဘောကျ လက်ခုပ်ပင် တီးလိုက်သေးသည်။

ကျွန်ုပ် ရိပ်စားမိပါသည်။ နိုင်ငံတော်တော်များများ နေမဝင် ပါယာ အင်္ဂလိပ်လက်အောက်သို့ ကျရောက်ချိန်၊ ထိုကဲ့သို့ လူသူ မ်းဝေးရာ ပေတစ်သောင်းအထက်မြင့်သော တိုင်းပြည်များတွင် ိုင်သူတို့က လူစိမ်းများ ဝင်ထွက်၍ ကျူးကျော်လာမည်ကို လို ခြင်း မရှိပါပေ။

တရုတ်ပြည်မတွင်ပင်၊ နယ်ချဲ့များ ခြေရှုပ်နေသည်၊ ဘိန်း ဖြစ်နေပြီဟု သတင်းကြားနေရသည်။ လမ်းပန်းခက်ခဲသော

ကွန်လွန်တောင်မကြီးကိုဖြတ်ကာ တစ်နေ့ အင်္ဂလိပ်တို့ ရောက်
မည်ဟု ယူဆပုံပေါ်သည်။

ထိုအချိန်တွင် လူစိမ်းဧည့်သည်များအား ဝေဒခန်းပဆေ
ထိ၊ ခေါ်ဆောင်လာခဲ့သော ဘုရင်စီလန်အား ဆန့်ကျင်ပြော
စည်းရုံးနေသည်ဟု ထင်မြင်မိပေသည်။

ကျွန်ုပ်တို့မိတ်ဆွေ ဘုရင်စီလန်မှာ ရောက်သည့်ညမှာ
အတိုက်အခံများနှင့် ရင်ဆိုင်နေရပြီ။

တဖြည်းဖြည်းနှင့် စီလန်၏ပြောစကားအရ ဝေဒကျမ်
သည် လားမားဘုန်းတော်ကြီးများသာ ဖတ်ရှုခွင့်ရခြင်းကို ကေ
လူကြီးခေါင်းဆောင်များက ကြေလည်မည်မထင်။

ဝေဒကျမ်းစာဆိုသည်မှာ ဘုန်းတော်ကြီးများက သူတို့
ချင်သလို ဖတ်မည်။ဘုရင်အသစ်စီလန်နှင့် လားမားဘုန်းတော်
များ စည်းဝါးကိုက်ထားသည်ဟု 'ဆင်ကူး'လူမျိုးစုခေါင်းဆောင်
နှင့် ဘုန်းတော်ကြီးများ၏ မကျေလည်မှုသည် ဘယ်အချိန်က စ
နေကြသည်ကို ကျွန်ုပ်တို့ မသိချေ။

ဘုရင်ဖြစ်ပြီး၊ ဘုန်းတော်ကြီးနှင့် ကျမ်းစာ၏အစဉ်အ
အမိန့်ကို မကျေနပ်၍ဖြစ်မည်ဟု ကျွန်ုပ်နှင့် ကိုကျော်ရွှေတို့က စဉ်
ပြောဆိုနေစဉ်မှာပင် ကျန်လူများက အပူအပင်ကင်းမဲ့စွာ အိပ်
နေကြပြီ။ အလွန်အေးချမ်းဆိတ်ငြိမ်သော တိုင်းပြည်ငယ်လေးမှ
အာယာတ အမုန်းတရားများ၊ အစဉ်အလာကို ချိုးဖောက်လိုသူ
ပိုင်ဆိုင်ခြင်းကို စွန့်လွှတ်ရန် ခက်ခဲနေသူများနှင့် မသိနားမလည်



များ ပေါင်းစည်းသွားမိပြီထင်သည်။

ဆက်လက်၍ လူထု၏ကြွေးကျော်သံက ပို၍စူးရှလာသည်။

"စီလန် . . . စီလန်၊ ဂူတား . . . ဂူတား"

ဟူသောအသံတွေက ညံစီလာသည်။ ညနေက လားမားများ
အော်ဟစ်ခြင်းက . . .

'စီလန် . . . စီလန်၊ ဘာဘေး . . . ဘာဘေး'

ဟု ဟစ်အော်ကြသည်။အဓိပ္ပာယ်ကတော့ ပြောင်းပြန်ဖြစ်ပေ
မည်။

ထိုစဉ်မှာပင် ကျွဲချိုခရာသံများနှင့် မြင်းသည်တော်များ၊ လူ
အုပ်ကြီးကြားသို့ ထိုးဖောက် ဝင်ရောက်လာသည်။

'ဟော်ကီရိုက်သော တုတ်တံကဲ့သို့ တုတ်များဖြင့် ရိုက်နှက်ကြ
ရာ လူအုပ်ကြီးမှာ ဖရိုဖရဲပြိုကွဲ၍ ဦးတည်ရာသို့ ပြေးကာလွှားကာ
သွားကြသည်။ ခဏအကြာတွင် ထိုကွင်းပြင်မှာ သုသာန်တစ်စပြင်
ကဲ့သို့ သေ့ခြောက်သွားတော့သည်။ လပြည့်ည ၁၂ နာရီလည်း ကျော်
ခဲ့ပြီ။

ကျွန်ုပ်တို့မှာ စီလန်အတွက် စိတ်မကောင်းဖြစ်ရသည်။ အိပ်
ရေးမှု အိမ်နောက်မချမ်းသာ ဖြစ်ရသည်။ နောက်တစ်လကျမ်းစာ
ဖတ်ပွဲအထိပင် 'စီလန်'ဘုရင်အဖြစ်မှာ မြဲပါ့မလား။ နံနက်ခင်းအတွက်
ကျွန်ုပ်ရော ကိုကျော်ရွှေပါ ရင်လေးရင်း အိပ်ရေးပျက်ရသောညတစ်
ည ဖြစ်ရပြန်လေသည်။ တစ်လောကလုံး တိတ်ဆိတ်သွားပြန်သည်။
မြောက်စူးစူးမှ ဝံပုလွေအူသံတို့ကို ယခုပြန်ကြားလာရသည်။

◈ ◈ ◈

## အခန်း ( ၉ )

နောက်တစ်နေ့နံနက်တွင် ကျွန်ုပ်နှင့် ကိုကျော်ရွှေကိုသာ ...စောင့်များက လာခေါ်ကြသည်။ ကျန်လူများကို စိတ်ချမ်းသာစွာ ...စေခဲ့သည်။ ညီလာခံတွင် လူများများစားစား ထုတ်ဖော် မပြလို ...န် ရှိပေသည်။ ကျွန်ုပ်တို့မှာ တိဘက်လက်ဖက်ရည်နှင့် ဆန်မုန့် ...စ်မျိုးသာ စားခဲ့ရသည်။ ညီလာခံတွင် ထပ်မံ, စားသောက်ရန် ...ျော်လင့်ရပေသည်။

နောက်ထပ် ဥမင်ရှည်တစ်ခုကို ဖြတ်လျှောက်ရသည်။ အခြေ ...နေမှာ မျှော်လင့်သလို ဖြစ်မလာတော့ပေ။

ကိုကျော်ရွှေမှာ သူ့ညီကို ရှာရန်ကိစ္စကို ဘေးချိတ်ပြီး ဆင်ကူး ...ည် အရှုပ်အထွေးတွင် ကျွန်ုပ်တို့မှာ မြေဇာပင် မဖြစ်အောင် သတိ ...းရတော့မည်။

မနေ့က 'ဝေဒကျမ်း'ခန်းမဆောင်တွင် ဘုန်းတော်ကြီးများသာ၊

ကျွန်ုပ်တို့ကို မြင်တွေ့သွားခဲ့သည်။ အရပ်ဘက်မှ အကြီးအကဲမျ
မျိုးနွယ်စုခေါင်းဆောင်များက မြင်တွေ့သွားခြင်း မရှိပေ။ ညီလာ
အခမ်းအနားမှာ ခေတ်မီလှသည်။

ဘုရင်ရှိရာဘက်သို့ ဦးတည်မျက်နှာမူ၍ ဝပ်တွားစရာ မလို
ပေ။ ဘုရင်နှင့် အမတ်ကြီးများ၊ ဂိုဏ်းချုပ်အဖွဲ့ဝင်တစ်ဦး (ဂိုဏ်းချ
လားမားဘုန်းတော်ကြီးမှာ ရံဖန်ရံခါမှာသာ ညီလာခံသို့တက်သ
စစ်သူကြီးများက စင်မြင့်ပေါ်တွင် နေရာယူထားသည်။ အဆ
ရှိသော အကြီးအကဲခေါင်းဆောင်များက စင်မြင့်ရှေ့ ကွက်လပ်တ
ကိုယ့်စားပွဲဝိုင်းနှင့်ကိုယ် လက်ဖက်ရည် သုံးဆောင်ရင်း ပြောစ
ရှိမှသာ စင်မြင့်ဘက်သို့လှည့်၍ စကားပြောကြသည်။ ကျွန်ုပ်
မြန်မာပြည်တွင် ပြုလုပ်သော မင်္ဂလာဆောင်အခမ်းအနားနှင့် တူ
တော့သည်။

စင်မြင့်သတို့သားနှင့် သတို့သမီး ထိုင်သောနေရာတွင် ဘု
စီလန်၊ ဂိုဏ်းချုပ်လားမားအဖွဲ့ဝင်တချို့၊ စစ်သူကြီး၊ အမတ်ကြီးတ
ထိုင်ကြသည်။

စင်အောက် ကျွန်ုပ်တို့နှင့်အတူ ဝိုင်းဝန်းထိုင်ကြသူများမှာ
သူကြီးများနှင့် လူမျိုးစုငယ်များမှ ခေါင်းဆောင်များ ဖြစ်ကြသ
မနေ့ညက ကွင်းပြင်တွင် မီးတုတ်ကိုယ်စီနှင့် အော်ဟစ်ကြ
များမှာ ရပ်ကွက်သူကြီး၊ ရွာသူကြီးအဆင့်နှင့် စစ်သူကြီးအချို့သာ
သည်။ ယနေ့ညီလာခံသို့ မတက်ရောက်သူများရှိသည်ဟု နောက
သာ သိရသည်။





ကျွန်ုပ်တို့နှစ်ဦး ဝင်လာသောအခါ စင်အောက်တွင် ရှိနေသော
သူများအားလုံးက မလိုသောအကြည့်ဖြင့် စူးစူးစိုက်စိုက် ကြည့်ကြ
သည်။

စင်ပေါ်က လူများကတော့ ဂရုမစိုက်ပါပေ။ ဘုရင်စီလန်
မှာ ဝံပုလွေရေ သိုးမွေးထည်၊ ဦးထုပ်၊ မြေခွေးရေဖိနပ်၊ ဓားပြားတို့ဖြင့်
တကယ့်မွန်ဂိုစစ်သည်တစ်ဦးပမာ ကြည့်ကောင်းလှသည်။ ကျွန်ုပ်တို့
ကို မျက်လုံးဖြင့်သာ နှုတ်ဆက်လိုက်သည်။

ကျွန်ုပ်တို့နှစ်ဦးသာ စားပွဲဝိုင်းတစ်ဝိုင်းတည်းမှာသာ ရှိသည်။
ယခုညီလာခံမှာလည်း မြေပေါ်တွင် မဟုတ်ပါချေ။ မြေအောက်ခန်းမ
တစ်ခု ဖြစ်သော်လည်း အလင်းရောင် ကောင်းစွာ လုံလောက်သည်။
နွေးထွေးသည်။

စားပွဲရှိ မတ်ခွက်များထဲသို့ လက်ဖက်ရည်ကရားဖြင့် လိုက်ဖြည့်
သူများမှာ မိန်းကလေးများသာဖြစ်သည်။

သို့သော် သူတို့ကလည်း ခေါင်းမြီးခြုံ ကုလားမများကဲ့သို့ပင်၊
မျက်နှာ၏အလှကိုသော်လည်းကောင်း၊ ကိုယ်ထည်၏အလှကိုလည်း
ကောင်း ခန့်မှန်းရန် မလွယ်လှပေ။

အစောင့်တစ်ဦးက ကြေးမောင်း (သို့မဟုတ်) ချိတ်ဆွဲထား
သည့် ကြေးလင်ပန်းကို သုံးချက်တိတိ တီးလိုက်သောအခါ ညီလာခံသို့
တက်ရောက်သူများ၏ ပကတိ လေးစားဟန်ပန်များ ခေတ္တပပျောက်
သွားပြီး တည်ကြည်စွာဖြင့် အားလုံး မတ်တပ်ရပ်လိုက်သည်။

ရပ်သည်ဆိုသော်လည်း စင်မြင့်ဘက်သို့ မျက်နှာမူ၍ ရပ်

သည် မဟုတ်ပေ။ ထိုင်နေရာမှ မျက်နှာမူသည့်အတိုင်း မတ်တပ်ရပ်လိုက်ခြင်းဖြစ်သည်။

၁၀ စက္ကန့် မကြာမီပင် အားလုံး ပြန်၍ထိုင်ကြသည်။ ထိုဘုရင်စံနစ်မှာ သက်ဦးဆံပိုင်စံနစ်တော့ ဟုတ်မည်မထင်ပါချေ။ ထို့နောက် လားမားဘုန်းတော်ကြီးတစ်ဦးက ပထမဆုံး စတင်စကားပြောသည်။

သူ တစ်ခွန်းပြောတိုင်း လူမျိုးစုခေါင်းဆောင်များက ကျွန်ုပ်နှင့် ကိုကျော်ရွှေရှိရာသို့ လှည့်ကြည့်နေတော့သည်။ ထိုမိန့်ခွန်းကို ဘုရင်စီလန်က နောက်မှ ပြန်ပြောပြသည်။ ဂိုဏ်းချုပ်အဖွဲ့ဝင် လားမားဘုန်းတော်ကြီး၏ မိန့်ခွန်းအပြည့်အစုံမှာ ဤသို့ဖြစ်သည်။

"ဆင်ကူး. . စီတာစ်နှင့် အူလန်းမျိုးနွယ်စုမှ ခေါင်းဆောင်များ၊ မနေ့ညက အဖြစ်အပျက်ကို သင်တို့အကြမ်းဖျင်းသိပြီး ဖြစ်ပါလိမ့်မည်"

"မူလကျမ်းစာပါ၊ အစဉ်အလာကို ဖေါက်ဖျက်၍ သားအရင်းဖြစ်သူ 'စီလန်'ကို မောင်းမငယ်တစ်ဦး၏သားဖြစ်သူ 'လူရင်ခြောက်'က တိုက်ထုတ် ဖယ်ရှား၍ ထီးနန်းကို စိုးစံခဲ့သည်။ မတရားမှုမှန်း သိသာသော်လည်း လက်ရှိကျမ်းစာ စာမျက်နှာက လူရင်ခြောက်ဘက်မှာ ရှိနေသဖြင့် လက်ခံခဲ့ရသည်"

"နောင်သုံးနှစ်အကြာတွင် နန်းလျာဖြစ်သူ စီလန်သည်၊ သာမန်လူတိုင်း ဖြတ်သန်းရန် ခဲယဉ်းသော ဥမင်ကိုးဆယ် လိုဏ်ခေါင်းမှတစ်ဆင့် ကျမ်းစာခန်းမဆောင်သို့ တိုက်ရိုက် ရောက်လာနိုင်ခဲ့သည်။ ဤမျှနှင့်ပင် သူ၏ဖွဲ့နှင့်သတ္တိကို ခန့်မှန်းရနိုင်ပေသည်"





ဟုဆိုလိုက်သောအခါ မျိုးနွယ်စုခေါင်းဆောင်များက တအံ့တဩ ဝိုင်းဝန်း ကြည့်ရှုကြသည်။ ထိုနောက် လားမားဘုန်းတော်ကြီးက စကားကို ဆက်သည်။

"အံ့ဩစရာကောင်းသည်မှာ ထိုနေ့ညသည် တိုတမ်လပြည့်ညနှင့် တိုက်ဆိုင်နေခြင်းဖြစ်သည်၊ ထီးနန်းကိစ္စအတွက် ကျမ်းစာကို ဖတ်ရှုရမည့်အချိန် ဖြစ်ပေသည်။ ကျမ်းစာကို ဖတ်ပြီးသည်နှင့် တစ်ပြိုင်နက်. . . ကျောက်ဖြူစင်မြင့်ပေါ်သို့ ဘုရင်လောင်း စီလန်သည ခုနစ်မောင်းတီတီတွင် ရောက်ရှိလာခဲ့သည်. . .။ ကျမ်းစာမျက်နှာ (၃၀၉) အရလည်း စီလန်ဘုရင်ဖြစ်ပြီဟု ညွှန်ပြထားသည်"

ဂိုဏ်းချုပ်အဖွဲ့ဝင်က လူထုကို အကဲခတ်ရင်း စကားကို ရပ်လိုက်သည်။ တိဘက်လက်ဖက်ရည်ခွက်ကို မြှောက်၍ ဟန်ပါပါ သောက်လိုက်သည်။

"ထို့ကြောင့် ဂိုဏ်းချုပ်ဘုန်းတော်ကြီးက. . . ဘုရင်ဟောင်း လူရင်ခြောက်အား ရိက္ခာအပြည့်အစုံ၊ လှည်းတစ်စီး၊ မိသားစုနှင့်အတူ ဒိုဗိသဲကန္တာရမှ ရှန်ပဲလားသို့ ထွက်ခွါသွားရန် ပြောဆိုခဲ့သည်. . .။ ထိုအခါ နောက်တစ်ကြိမ် ဘောင်မဝင်ဘဲ ဘုရင်ဖြစ်လိုသေးသူ လူရင်ခြောက်က. . . သူ့အသက်နှင့်ကိုယ် မြနေသ၍ ဆင်ကူးပြည်မှ ခွါမည်မဟုတ်ကြောင်း ကျမ်းစာကို အာခံ၍ ပြောကြားခဲ့သည်"

"ထုံးစံအတိုင်း မရဏ (အမဲရောင်လားမားသုံးဦးက 'ဗောဓိအသူရာ' ချောက်မှ ပစ်ချရန် ချုပ်နှောင် ခေါ်ဆောင်သွားရာတွင် သမ်းတစ်လျောက်လုံး လားမားဂိုဏ်းချုပ်အပေါ်တွင် အကြည်ညိုပျက်

အောင် အော်ဟစ်ပြောဆိုရင်း စီလန်နှင့် ဂိုဏ်းချုပ်တို့ ပူးပေါင်း၍ ကျမ်းစာကို ဖတ်ချင်ယောင်ဆောင်ပြီး သူ့ကို ဖြုတ်ချခဲ့ခြင်းဖြစ်ကြောင်း အသနားခံ မျက်ရည်ခံထိုးခဲ့သည်"

"ထိုအခါ ကျမ်းစာနှင့် အလှမ်းဝေးလှသော ဘုမသိဘမသိ လူများ ညရှစ်နာရီနီးပါးတွင် ဝိုင်းအုံလာပြီး သူ၏ဆွေမျိုးတစ်စု၊ သူ့ မိန်းမဘက်မှ ဆွေမျိုးတစ်စု၊ အင်အားသုံးရာခန့်က လားမားနက် (အမဲရောင်လားမား)များထံမှ ပြန်လည် လုယူသွားခဲ့သည်။ ထို နောက် ညတွင်းချင်းပင် ကျောက်ဖြူစကျင်လွင်ပြင်ဆီသို့ သွားကာ တိုင်းပြည်ကိုဖျက်ဆီးဖို့ စီလန် ပြန်လာကြောင်း၊ တိုင်းတစ်ပါးသား ခုနစ်ဦးကိုပါ ခေါ်ဆောင်လာကြောင်း၊ သူ့ကို. . . ထီးနန်းရအောင် လုပ်ပေးလျှင် 'ကြေးရုပ်တောင်ကြား' မှ စိန်များကို ပေးမည်ဟု ကတိ ပေး၍ ခေါ်ဆောင်လာကြောင်းဖြင့် လုံ့ဆော် ပြောဆိုခဲ့သည်"

"ဝေဒကျမ်းစာသည် ဘိုးဘေးဘီဘင်များလက်ထက်မှ စ၍ ယနေ့ထိ တလွဲတချော်များကို ညွှန်ပြခြင်း မရှိခဲ့ပေ။ မှန်ဂိုတာတာများ ကို ဆဗာကန်အရပ်သို့ မောင်းထုတ်ပြီးချိန်မှစ၍ နှစ်ပေါင်း ၁၀၀ တိတိ တိုင်းတစ်ပါးသားများရန်ကို စိုးရိမ်ရန်မလိုကြောင်း ဂိုဏ်းချုပ် ဆရာတော်မှတစ်ဆင့် လူထုကြီးကို တရားဝင် ထုတ်ဖော် ပြောဆို သည်။ တိုင်းတစ်ပါးသားများမှာ သူတို့၏သီးခြားကိစ္စနှင့် လာရောက် ခြင်းဖြစ်ပြီး ခုနစ်ရက်အတွင်း 'မုန်တိုင်းတောင်ကြား'မှ တစ်ဆင့်ပြန် လည် ထွက်ခွာသွားမည်ဖြစ်သည်"

"ယခုညီလာခံတွင် တက်ရောက်သူများမှာ သာမန်အရပ်သား





း မပါဝင်ပါ။ ရွာသူကြီးအဆင့် ရှိသူများသာဖြစ်သည်။ ကျမ်းစာကို သယရှိသူ အကြီးအကဲတိုင်း. . . 'ဗိုဟန်ဗိုတာ'ကျောက်လိုဏ်ဂူ း မတွင် တစ်လတိတိ ကျင့်ကြံအားထုတ်၍ ကျမ်းစာကို စိတ်ကြိုက် ာ်ရှုနိုင်သည်။ ကျမ်းစာကို ဖတ်ပြီး၍ လူ့အသွင်သို့ ပြန်လည် ကူး ပြောင်းရန် ခွင့်မပြုကြောင်းကိုလည်း အစဉ်အဆက်ဆက်က သင်တို့ အားလုံးကို သိရှိစေခဲ့ပြီးဖြစ်သည်၊ ကျမ်းစာကို ဖတ်နိုင်ရန်လည်း ကြိုးစားဘဲ၊ ထင်ရာမြင်ရာ ပြောနေသူများအားလုံး၊ ကြီးလေးသော ပြစ်ဒဏ်ဖြင့် စီရင်မည်ဟု ယခုအချိန်မှစ၍ သတိပေးလိုက်သည်"

ဟု လားမားအဖွဲ့ဝင်ဆရာတော်က ပြတ်ပြတ်သားသား ပြော က်သောအခါ လူထုက ကျမ်းစာကိုလည်း မဖတ်ချင်၊ စိတ်ထဲရှိတာ ည်း မစွန့်ချင်ဖြင့် မအီမသာ ဖြစ်နေကြသည်။ ကျွန်ုပ်တို့ဆီမှာကဲ့သို့ ခွန်း ပြီးဆုံးသွားသောအခါ ဩဘာလက်ခုပ်ပေးခြင်း မရှိပါပေ။

လက်ဖက်ရည် ထည့်ပေးသောမိန်းကလေးများလည်း ပြန် းကြလေပြီ။ အခြေအနေက တစ်စထက်တစ်စ တင်းမာလာတော့ ည်။ မျိုးနွယ်စုအကြီးအကဲတစ်ချို့ ထပြန်သွားသည်။ ထို့နောက် န်ုပ်တို့၏ဘုရင်စီလန်က မိန့်ခွန်းပြောရန် ထိုင်ရာမှ ထလိုက်သည်။

"မျိုးနွယ်စုအကြီးအကဲများ. . သင်တို့သည် ဝေဒကျမ်းစာကို ရှုနိုင်ရန် လမ်းကြောင်းကို လားမားဘုန်းတော်ကြီးများက ဖွင့်ပေး းပါလျှက် ကျမ်းစာကိုလည်း ဖတ်ချင်သည်။ မျိုးနွယ်စုအကြီးအကဲ းကိုလည်း မစွန့်လွှတ်ချင်၊ လှေနံနှံဖက် နင်းလျှက်ရှိသည်။ ရာတော် ပြောသကဲ့သို့ ဝေဒကျမ်းစာကိုသော်လည်းကောင်း၊ ကျွန်ုပ်

ကိုသော်လည်းကောင်း၊ လားမားအဖွဲ့ချုပ်ကိုသော်လည်းကောင်း ဆ ြင်း မကျေနပ်လာခဲ့မှု ပေါက်ကွဲလာခြင်းလား၊ လားမားများအပေါ်
ကျင်လိုသူအားလုံးသည် မနက်ဖြန်နံနက် ဗိုဟန်ဗိုတာတောင်မ ြကြည်မှုကင်းမဲ့ခြင်းလားဟု ကျွန်ုပ်အနေဖြင့် ခန့်မှန်း၍ မရနိုင်
၏ အနောက်တောင်စောင်း 'ဒရယ်ကြီး' လွင်ပြင်တွင် စုရုံးရန် ကျွန် သာက်အောင် ရှိတော့သည်။
စိန်ခေါ်လိုက်သည်"

"သင်တို့အားလုံးသည် ဝေလေလေလူများစုအတိုင်း မတ
မှုကို ရင်ထဲမှကြိတ်၍ နှစ်သက်နေသူများဖြစ်သည်။ ထိုးနန်းနှင့်
ဆိုင်ခြင်း မရှိသော 'လူရင်ခြောက်'က ကျွန်ုပ်ကို တိုက်ထုတ်၍ ကျွန်
'ဆင်ကူး'ပြည်မှ ထွက်ပြေးရစဉ်က၊ ကျွန်ုပ်ဘက်မှ မည်သူမှ မရပ်တ
ဘဲ ရေငုံနှုတ်ပိတ် နေခဲ့ကြသည်။ ယခု ကျွန်ုပ် ပြန်လာ၍ ကျမ်း
အတိုင်း နေရာမှန် ပြန်ရောက်သော်လည်း ကျွန်ုပ်ကို အကြောင်း
၍ 'ရိုးရာဝေဒ ကျမ်းစာ'စာအုပ်ကိုပင် ပုတ်ခတ် စော်ကားခဲ့ပြီ မဟု
လော၊ ယခုအချိန်မှစ၍ ကျွန်ုပ်ကို ဆန့်ကျင်လိုသူများ ညီလာခံ
ထွက်ခွာသွားနိုင်ပါပြီ"

ဟု ကြေငြာလိုက်သောအခါ မျိုးနွယ်စု၏ သုံးပုံနှစ်ပုံခန့်
သွားကြသည်။ ဘုန်းတော်ကြီးများကို လေးစားသူနှင့် လက်ရှိရာ
ရာခံအရ နန်းတော်တွင် အမှုထမ်းနေသူတို့သာ ကျန်ရစ်တော့သည်
အဝေးပြည်နယ်များမှ အကြီးအကဲတိုင်းလိုလိုပင် အကုန်ထပြန်
တော့သည်။

စစ်ပွဲကိုကား ရှောင်လွှဲ၍ မရတော့ပြီ။ ကျွန်ုပ်မုဆိုးကြီး
နောင်ရိုးက ခရီးသွားဟန်လွှဲ တရားသောစစ်ပွဲတွင် နွဲပျော်ရတေ
မည်။ စစ်ပွဲကား ဝေဒကျမ်းကြောင့် ဖြစ်ရသော စစ်ပွဲလား၊ တစ်သ





◈ ◈ ◈

## အခန်း ( ၁၀ )

ဤသို့ဖြင့် ကျွန်ုပ်တို့ ညီလာခံမှ ပြန်လာသောအခါ ဥမင်
းဆယ်ဂူထဲတွင် ကျန်ရစ်ခဲ့သော လက်နက်များကို လာရောက် ပို့
ဆောင်ထားပြီ။ ဝင်ချက်စတာနှစ်လက်၊ ခြောက်လုံးပြူးသုံးလက်တို့
ား ပထမဆုံးအကြိမ် လူသွေးကို သောက်ရတော့မည်။ နေ့လယ်စာ
းပြီး၊ တစ်ခုတည်းသော မြောက်ဘက်ပြတင်းဝမှ လှမ်းမျှော်ကြည့်
တွင် ကျောက်ဖြူလွင်ပြင်တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်လျက်
သည်။

ထိုဆင်ကူးပြည်နယ်၏ အနေအထားကို သတိပြုမိလိုက်သည်။
တိုက်ပွဲသည် နာရီပိုင်းအတွင်း ပြီးသွားမည့်စစ်ပွဲဖြစ်သည်။ မျိုးနွယ်
အကြီးအကဲများသာ စစ်ပွဲတွင် ပါဝင်လာမည်။ နောက်လိုက်စစ်သား
း ပါလာမည် မဟုတ်ပေ။

ကျောက်သားကုန်းမြေတွင် လူ၊ ဆတ်၊ ဂျုံများကို ခက်ခက်ခဲခဲ

စိုက်ပျိုးကြရသည်။ နို့၊ ဒိန်ခဲ၊ လက်ဖက်ခြောက် ရရန်လည်း လူတိုင်း ကိုယ်စီ အလုပ်လုပ်ရသည်၊ နွားအုပ်များကိုလည်း သည်အတိုင်း လွှတ် ထား၍မရ၊ ဝံပုလွေနှင့် တောခွေးများရန်မှ ကာကွယ်ပေးရသည် စစ်တိုက်ဖို့ထက် ကလေး၊ လူကြီးအားလုံး အလုပ်လုပ်ပါမှ စားဝတ် နေရေး အဆင်ပြေရုံသာရှိသည်။

မည်သူ အုပ်ချုပ်သည်ဖြစ်စေ၊ တိဘက်ကုန်းပြင်မြင့်ကို အဓ ရေစာ ပေါကြွယ်ဝလာအောင် ပြုလုပ်ပေးနိုင်မည် မဟုတ်ပေ။

ရိုးရာသဘာဝအရ စိုက်ပျိုးရန် မြေသား ရှားပါးခြင်း၊ နွားစ ကျက်များ ရှားပါးခြင်း၊ နွေရာသီတစ်ခုတည်း၌သာ အလုပ်လုပ်ကို ရန် ရာသီဥတု မှန်ကန်သည်။

နှင်းမုန်တိုင်းများ ရက်ဆက် တိုက်ခတ်နေပါက၊ ကျွဲနွားမှ ရော၊ လူပါ ပြင်ပသို့ ထွက်မရတတ်ချေ။

စားဝတ်နေရေးနှင့် တိုင်းပြည်လုံခြုံရေးကိုသာ စိတ်ဝင်စ သည်။ မွန်ဂိုအရိုင်းအစိုင်းများ၊ တရုတ်မန်ချူးများ၏ရန်ကို ကာကွ ရန်သာ စိတ်ဝင်စားသည်။ ပြည်တွင်းရေး ပြောင်းလဲမှုကို စိတ်မဝ စားကြချေ။

သူတို့၏ လက်လုပ်လက်စားဘဝကို 'ဝေဒကျမ်း'စာအုပ်ကြ က ပြောင်းလွဲပေးမည်မဟုတ်ဟု ယူဆထားသည်။ သူ (စီလန်) ထွ ပြေးစဉ်က လူထုက စိတ်မဝင်စား။ ယခု 'လူရင်ခြောက်' ထွက်ခွာသွ မည်ဆိုပါကလည်း သူတို့ စိတ်မဝင်စားပါ။ လူမျိုးစုအကြီးအကဲများ ဘုရင်စီလန်၏ သီးခြားတိုက်ပွဲ ဖြစ်နိုင်သည်ဟု နေ့ခင်းဘက်တွ





စီလန်ကိုယ်တိုင် လာရောက်ရှင်းပြကာ လက်နက်များကို အသင့်ပြင် ထားရန် မှာကြားသွားသည်။

နောက်တစ်နေ့ နံနက်တွင် တိဘက်ကုန်းပြင်မြင့်၏ စိတ်ကူး ယဉ်ဆန်လှသောအလှကို တွေ့ရတော့သည်။ ပေနှစ်ထောင်မက နက် ရှိုင်းသော ချောက်ကမ်းပါးများ ရှိနေသည်။

မြင်းကိုယ်စီနှင့် ဘုရင်စီလန်၏အင်အား (၂၀၀)ခန့် ရှိသော လုံ့ကိုင်တပ်ဖွဲ့နှင့် ကျွန်ုပ်တို့ တောင်မကြီး၏ အနောက်ဘက်လွင်ပြင်သို့ ချီတက်ခဲ့ကြသည်။ ဇုံမဲ၊ အိုမုန်းနှင့် အခြားဆင်ကူးတပ်သားအတော် များများမှာ ခြေလျင်သာ လိုက်ပါလာခဲ့ကြသည်။

ကျွန်ုပ်တို့ကလည်း နွားခြေရာခွက်ထဲမှ မောက်မာရိုင်းပျလှ သော ဖားသူငယ်ဆန်သည့် လူမျိုးစုအကြီးအကဲများကို မုန်းတီးနေမိ သည်။ အလိုလိုနေရင်း ပြဿနာရှာသည်ဟု ကျွန်ုပ်က ယူဆမိသည်။

ကြိုတင် ခန့်မှန်းထားသည့်အတိုင်းသာဖြစ်သည်။ ကွင်းပြင်ထဲ တွင် လူမျိုးစုခေါင်းဆောင်များကိုသာ မြင်းကိုယ်စီနှင့် တွေ့ရသည်။ လက်လုပ်လက်စား လုံ့ကိုင်စစ်သည်များကို သပ်သပ်ခေါ်မလာနိုင်။

ဘုရင်စီလန်ကတော့ သူ့ကိုယ်သူ ယုံကြည်ချက်အပြည့်ရှိသည်။ အချိန်ယူစောင့်စားခြင်းနှင့် တရားမျှတခြင်းက သူ့ဘက်တွင် ရှိနေ သည်ဟု ယုံကြည်ထားပုံပေါ်သည်။

နောက်အရေးကြီးသည်မှာ လုံ့ကိုင်စစ်သည်များသာ ရှိပြီး အဝေးပစ် ယိုရောက်မှုမရှိသည့် လေးနှင့်မြား မပါရှိပေ။ ဒါကလည်း သစ်ဝါးရှားပါးခြင်းကြောင့် ဖြစ်ပေမည်။

ထို့ထက် ပို၍ဆိုးဝါးသည်မှာ ရိုင်ဖယ်သေနတ်များ၏အရည် အသွေးနှင့် ထိရောက်မှုကို သူတို့ လုံးဝမသိကြပေ။

ကျွန်ုပ်တို့ မှန်းသကဲ့သို့ နာရီပိုင်းအတွင်းသာ ပြီးစီးသွားမည် မှာ သေချာပေသည်။ လူမျိုးစုအကြီးအကဲများကြားတွင် လူရင်ခြော ကို မြင်းတစ်စီးနှင့် ဟန်ရေးပြနေသည်ကို မြင်ရသည်။

သူ့ကို အရင်ဆုံး ဇီဝိန်ချွေပါက တိုက်ပွဲမှာ ပို၍စောစီးစွ ပြီးပေမည်။

သို့သော် သူတို့၏လူအင်အားမှာ ကျွန်ုပ်တို့ထက် နှစ်ဆမျှ သာ နေသည်။ အင်အား(၄၀၀)ခန့် ရှိသည်။ အားလုံး ဝံပုလွေရေ၊ နွာ နောက်ရေ၊ သားမင်ရေပြားများဖြင့် ပြုလုပ်ထားသော အင်္ကျီမျာ နွားနောက်ဂျီ ကျက်ထားသောဒိုင်းများ ကိုင်စွဲထားကြသည်။

နေရောင်က တစ်စတစ်စ မြင့်တက်လာခဲ့ပြီ။ ကျွန်ုပ်တို့ ကုန်းမြင့်နှင့် လက်နက်အသာစီးရသူများပီပီ ခံစစ်မှသာ တိုက်ပွဲဝ မည်။ သူတို့ ချီတက်အလာကို စောင့်နေမည်။

လူမျိုးစုမြင်းတပ်၏ နောက်ကျောဘက်တွင် ဂိုဘီသဲကန္တာ က တစ်မျှော်တစ်ခေါ် လှပနေသည်။

လူမျိုးစုခေါင်းဆောင်က နီရဲသောအလံတစ်ခု ပူးတွဲချည်ထာ သည့် လှံတိုတစ်ချောင်းကို မြေပြင်သို့ စိုက်လိုက်သည်နှင့် တစ်ပြိုင်နက် မြင်းများကို ဒုန်းစိုင်း၍ ဟစ်အော် ချီတက်လာသည်။

ကျွန်ုပ်နှင့် မြဒင်က ဝင်ချက်စတာ ကိုယ်စီကိုင်ထားကြသည် ကိုကျော်ရွှေနှင့် ကျော်ခင်တို့က ခြောက်လုံးပြူးကိုယ်စီ။ ကျွန်ုပ်၏ခ





ငြင်လည်း ခြောက်လုံးပြူးတစ်လက်ကို ချိတ်ဆွဲထားသည်။

သေနတ်တစ်ကမ်းသို့ မြင်းများ ဝင်ရောက်လာသည်နှင့် တစ် ပြိုင်နက် လူကိုသာ ချိန်ရွယ်၍ ပစ်ခတ်လိုက်ကြသည်။

“ဒိုင်း. . . ဒိုင်း. . . ဒိုင်း”

ရှေ့မှ တက်လာသော လူမျိုးစုခေါင်းဆောင် ခြောက်ဦးတိတိ မြင်းပေါ်မှ လွင့်စင်ကျသွားသောအခါ. . . ကြိုတင်တွက်ဆထားသည့် အတိုင်း ဖြစ်လာတော့သည်။

မယုံကြည်နိုင်ခြင်း၊ အံ့ဩခြင်းတို့က သူတို့မျက်နှာပေါ်တွင် ပေါ်လွင်နေသည်။ ထို့နောက် ကြောက်လန့်ခြင်းဖြင့် စနစ်တကျ စည်း ကမ်းနှင့် ဖွဲ့စည်းထားသည် မဟုတ်ဘဲ အရေးပေါ် လူစုလာခြင်းဖြစ် သောကြောင့် ဖရိုဖရဲနှင့် ဦးတည်ရာသို့ ထွက်ပြေးကြတော့သည်။

ကျွန်ုပ်တို့လည်း သူတို့နောက်မှလိုက်၍ ပစ်ခတ်ရမည်ဖြစ်၍ ဝင်ချက်စတာသေနတ်များကို ပခုံးတွင် ပြန်လွယ်ကာ ခြောက်လုံးပြူး မြင့်ပင် ကောင်းဘွိုင်များကဲ့သို့ လိုက်လံပစ်ခတ်တော့သည်။

ခြေလျင်တပ်များကလည်း သိုးအုပ်နောက်သို့ ဂံပုလွေများ လိုက်သကဲ့သို့ တစ်ဟုန်ထိုး လိုက်လံတိုက်ခိုက်ကြသည်။

‘မီးလက်နက်တွေဟေ့. . . မီးလက်နက်တွေ’ ဟုလည်း အော် ဟစ် ဆုတ်ခွာသွားကြသည်။ ဘုရင်ဟောင်း ‘လူရင်ခြောက်’သည် သူ မသွားချင်သော ဂိုဘီသဲကန္တာရဘက်သို့ မြင်းကို ဒုန်းစိုင်း၍ သွား တော့သည်။

သူ့နောက် ဘုရင်စီလန်၏မြင်းက အပြေးလိုက်သွားသည်။

ဗောဓိအသူရာချောက်က အရှေ့အနောက်တန်းကာ အလျားလိုက် ရှိနေသည်။

မြင်းနှစ်စီး ယှဉ်မိသွားသောအခါ တကယ့်ရှေးခေတ်မြင် သည်တော်များကဲ့သို့ သဲသဲမဲမဲ ဓားချင်း ယှဉ်ခုတ်ကြတော့သည် နှစ်ယောက်လုံးမှာ မီးခိုးရောင် သားမွေးအင်္ကျီများနှင့်ဖြစ်၍ လူချင် မကွဲပြား၊ ရောထွေးနေသည်။ နှစ်ယောက်လုံးမှာ လက်ညီနေ၏။

တိုက်ပွဲက အဆုံးသတ်သွားပြီ။ သူတို့ဘုရင်နှစ်ဦး၏ စီးချင် ထိုးပွဲသာ ရှိတော့သည်။ လူမျိုးစုအကြီးအကဲများလည်း ကတော့ ကျောက်တောင်များကြားတွင် ပြေးဝင် ပျောက်ကွယ်သွားကြသည်

ဘုရင်နှစ်ဦးသည် မြင်းပေါ်မှ တိုက်ခိုက်ရသည်ကို အားမ အားမရ ဖြစ်ဟန်တူသဖြင့် မြင်းပေါ်မှဆင်းကာ အပြင်းအထန် ခြင်း ယှဉ်ခုတ်နေကြသည်။ ကျွန်ုပ်တို့က အဝေးမှ အကဲခတ်နေသည်

တိုက်ပွဲက အဆုံးသတ်လုပါပြီ။ 'လူရင်ခြောက်' ဟုထင်ရ က နောက်ဆုတ်ရင်းဆုတ်ရင်း 'စီလန်'၏ ဓားချက်များကို ခုခံ က ကွယ်နေရသည်။ နှစ်ဦးလုံးပင် ချောက်ကမ်းပါးစပ်သို့ ရောက်မှန်းမ ရောက်သွားကြပြီ။

နောက်တော့ နှစ်ဦး ရောထွေးသွားသည်။ အဆုံးသတ်တွ တစ်ဦးက ချောက်ကမ်းပါးအတွင်းသို့ လျှောကျသွားသည်။ ဘုရ စီလန်က မြင်းစီး၍ ကျွန်ုပ်တို့ဆီသို့ ပြန်လာသည်။

တရားမျှတခြင်းသည် လောကတွင် ရံဖန်ရံခါ ပြန်လည် ပေါ်လာတတ်သည်ကို သတိပြုမိသည်။ အများအားဖြင့်တော့ မတ





မှုတွေကသာ လဆုတ်ရက်များလို ကြီးစိုးနေသည်။

နောက်နှစ်ပေါင်း အတော်ကြာသည်အထိ လူမျိုးစုအကြီး အကဲများသည် ဝေဒကျမ်းစာကိုလည်းကောင်း၊ ဘုရင်စီလန်ကိုလည်း ကောင်း၊ အံ့တုယှဉ်ပြိုင်ရဲတော့မည် မဟုတ်ပေ။

တစ်ဖက်ရန်သူများသည် အင်အား ၄၀၀ မျှ ရှိသော်လည်း အမှန်တကယ် ကျဆုံးသူမှာ ၅၀ မျှသာရှိသည်။ သေနတ်ကို ကြောက် လန့်၍ ထွက်ပြေးသူက ၃၅၀ ပင် ရှိနေသည်။ ကျွန်ုပ်တို့ဘက်မှ ကျ ဆုံးသူ တစ်ဦးမှ မရှိချေ။ ဘုရင်စီလန်က အတော်ပင် ယဉ်ကျေးမှု နားလည်မှု ရှိသူဖြစ်သည်။

သက်ဆိုင်သူများကို လွင်ပြင်သို့ လာကြည့်လျှင် ပို၍စိတ် မကောင်းဖြစ်မည်စိုး၍ ထိုအလောင်းများကို ချက်ချင်း မီးရှို့ပစ်ရန် ညွှန်ကြားပြီး ကျွန်ုပ်တို့ နန်းတော်သို့ ပြန်လာခဲ့ကြသည်။

သို့သော် 'ကိုကျော်ရွှေ'မှာ ကျဆုံးသွားသော မျိုးနွယ်စု အလောင်းများထဲတွင် သူညီပါမည်ဟုအထင်ဖြင့် မီးရှို့မည့်စစ်သား များနှင့်အတူ ကျန်ရစ်ခဲ့သည်။ ကျွန်ုပ်တို့ကတော့ ကိုယ်ရေးကိစ္စမဟုတ် သည့်အတွက် အလောင်းများကို စေ့စေ့စပ်စပ် လိုက်ကြည့်ရန် ခက်ခဲ ပါသည်။ သို့သော် ထိုကိစ္စမှာ မဖြစ်နိုင်ဟုလည်း ပြောမရပါ။ ဥမင် ကိုးဆယ်လိုဏ်ခေါင်းကို ကျော်ဖြတ်နိုင်လျှင်လည်း ဝေဒခန်းမဆောင် ထဲတွင် ကျမ်းစာဖတ်မည့်နေ့ကို စောင့်နေရဦးမည်။ ထို့နောက် အစွန် အဖျား မျိုးနွယ်စုရွာတစ်ရွာတွင် ပုန်းအောင်းနေမည်ဟု ယူဆစရာ လည်းဖြစ်သည်။

ရှုပနန္ဒီကို တွေ့လိုသူမှာ ဘယ်လို မိန်းကလေးနှင့်များ အိမ်ထောင်ကျနေမည်လဲ။ အသက်နှင့်ကိုယ်မှ တည်မြဲနေပါလေစ။ တိုက်ဆိုင်မှုအရမှသာ တွေ့နိုင်မည်။ ဘုရင်စီလန်တစ်ယောက်လုံး ကျွန်ုပ်တို့ဘက်မှ ရှိနေသည့်အတွက် အခြေအနေကောင်းသည့်တိုင်အောင် 'ပျောက်ဆုံးနေသောသူ၊ ပုန်းအောင်းနေသောသူ'ကို ရှာဖွေရန် မလွယ်ပါပေ။

ကျွန်ုပ်တို့မှာ ဘုရင်စီလန်နှင့် လမ်းခွဲပြီး ဇည့်ခန်းမဆောင်သို့ ပြန်လာခဲ့သည်။ ပြင်ပရှုခင်း တစ်မျှော်တစ်ခေါ်ကြီးကို ရှုမြင်ခဲ့ရသော်လည်း လူလူချင်း သတ်ဖြတ်ရသည့်စစ်ပွဲတွင် ဆင်နွှဲရခြင်းကြောင့် စိတ်လက်မအီမသာ ဖြစ်ရသည်။ မင်္ဂလာမဲ့သော နံနက်ခင်းဖြစ်ရသည်။

သတ်ရသည့်သူများမှာလည်း ရဲရင့်၍ ရက်စက်ကြမ်းကြုတ်သူများမဟုတ်။ မသိနားမလည်သည့် အူကြောင်ကြောင်လူများဖြစ်သည်။ နေ့ ၁၀ နာရီခွဲလောက်မှ ကိုကျော်ရွှေက 'ဆင်ကူး'စစ်သားတစ်ယောက်နှင့်အတူ ပြန်လာသည်။ အလောင်းတွေထဲမှာ သူ့ညီကို မတွေ့ရ၍ ဝမ်းနည်းဝမ်းသာ၊ မအီမလည် ခံစားနေရပုံပေါ်သည်။

မည်သို့ပင်ဖြစ်စေ။ တိဘက်လက်ဖက်ရည်ကို သောက်ရသည်မှာ၊ အိပ်ရေးပျက်သူပင်ဖြစ်စေ အားပြည့် လန်းဆန်းလာသည်မှာ ထူးခြားမှုအဖြစ် မှတ်တမ်းတင်ရမည်။ နံနက်ခင်းတိုက်ပွဲကိုပင် မေ့လျော့သွားစေခဲ့သည်။

◈ ◈ ◈



## အခန်း ( ၁၁ )

နောက်ရက်များတွင် ဘုရင်စီလန်ကိုယ်တိုင် အထောက်တော်များလွှတ်၍ လွန်ခဲ့သောလေးနှစ်အတွင်း လူစိမ်းငည်သည်နှစ်ဦး ဝင်ရောက်လာသည်ကို သတင်းပေးနိုင်သူအား နွားမ ၅ ကောင်တိတိ ချီးမြှင့်မည်ဟု ကျန်ရှိနေသော ရွာလူကြီးတိုင်းအား အကြောင်းကြားစေသည်။

ရွာလူကြီးများ ကောင်းကောင်းကြီး သင်ခန်းစာရရှိသွားလေပြီ၊ ဦးကျိုးသွားခဲ့ပြီ။ စေ့စပ်စွာ ရှာဖွေပေးပါမည်ဟု ကတိပြုကြသည်။ သူတို့ရွာနေတွင် ဂျုံတစ်အိတ်၊ နွားတစ်ကောင်၊ လက်ဖက်ခြောက်တစ်ပိဿာသည် ရွှေဒင်္ဂါးတစ်ပြားထက် တန်ဖိုးရှိနေသည်။

သို့သော် နွား ၅ ကောင်၏မက်လုံးဖြင့် နောက်ရက်များတွင် လာရောက် ပို့ဆောင်သူလူများမှာ ကိုကျော်ရွှေ၏ညီ မဟုတ်ပေ။ သို့သော် သူတို့ စိတ်ကျေနပ်စေရန် ဂျုံတစ်အိတ်ကိုသာ ဆုအဖြစ်

ပေးလိုက်ရသည်။

ကြာတော့ ကိုကျော်ရွှေပါ စိတ်ဓာတ်ကျလာသည်။ အားလ
ရက်ဟူ၍လည်း နေ့တိုင်းလိုလိုဖြစ်နေ၍ ကိုကျော်ရွှေ၊ မြဒင်၊ ကျွန်ုပ်တို
သုံးဦး မြင်းကိုယ်စီဖြင့် 'ဆင်ကူး'ပြည် တောင်ကုန်း၊ တောင်တန်းမျာ
တလျှောက် လိုက်လံရှာဖွေကြသည်။

သူ့ညီကို မတွေ့ရသော်လည်း တိဘက်တောင်တန်းမျာ
ကျောက်ဖြူတောင်များသည် စိမ်းလန်းသော တောကြီးမျက်မည်းမျာ
ကိုသာ တွေ့ဖူးသော ကျွန်ုပ်အတွက် ရှင်းသန့်သော ပန်းချီကားများ
ကြည့်ရသလို ဖြစ်နေသည်။ မျက်စိတစ်ဆုံး ရှိနေသော အဖြူရောင်
တောင်တန်းများ၊ ပြာလဲ့သော ကောင်းကင်ပြင်၊ နက်ရှိုင်းသော
ချောက်ကမ်းပါးကြီးများသည် ဘယ်လိုမှ မျက်စေ့ထဲက မထွက်နိုင်ပေ

သို့သော် ထိုကဲ့သို့ လွင်တီးခေါင်တွင် တစ်သက်လုံး နေနိုင်
မည်ဟု အာမ မခံနိုင်ပါပေ။ လေတိုးသံ တစ်ဝီဝီမှအပ ဘာသံ
မကြားရအောင် တိတ်ဆိတ်နေတတ်သည်။ ရံဖန်ရံခါ မြင်းကိုယ်စီဖြ
တစ်နေကုန် ခရီးထွက်သည့်တိုင်အောင် လူဟူ၍ တစ်ဦးတစ်လေကို
မမြင်တွေ့ရခြင်းက အထီးကျန်ဆန်စေသည်။

လူထောင်သောင်းချီ၍ အစုလိုက်အဝေးလိုက် တွေ့ရန်က
တကယ့်ကို ခဲယဉ်းလှသည်။ ရံဖန်ရံခါ လူမရှိသော တခြား ဂြိုလ်ကမ္ဘ
တစ်ခုသို့ ရောက်နေသလားဟုလည်း ထင်ရသည်။

"မိန်းကလေးကလည်း ရှားမှရှား၊ ရှိတဲ့မိန်းကလေးတွေ
လည်း အလုပ်နဲ့လက်နဲ့ မပြတ်တော့. . . ကျွန်တော်တို့လူပျိုကြီးသ





ယောက် ဒီမှာ မိန်းမရဖို့တော့ မလွယ်ဘူးဗျာ၊ ကိုကျော်ရွှေ့ညီ ဒီမှာ
ရောက်ပြီး မိန်းမရနေပြီ ဆိုရင်တော့ အတော့်ကို ကံထူးလို့ဖြစ်မှာပဲ"

ဟု မြဒင်က ထင်မြင်ချက်ပေးသည်။

ထို့နောက် ကျွန်ုပ်က ကျွန်ုပ်၏ကိုယ်တွေ့ဖြစ်စဉ်ကို လက်တွေ့
သာဓကအဖြစ် ထုတ်ဖော်ပြလိုက်သည်။

"လူဆိုတာ မြို့ဒေသတွေနဲ့ပဲဖြစ်ဖြစ်၊ လူလူခြင်းပဲဖြစ်ဖြစ်၊
ရေစက်ဆိုတာ ရှိကိုရှိတယ်၊ ရေစက်ကုန်ပြီဆိုရင် သားသမီးနဲ့
မိဘဖြစ်ပါစေ၊ မြန်မာပြည်ထဲမှာနေပြီး. . . တွေ့ဖို့ခဲယဉ်းသွားတယ်၊
သူငယ်ချင်းပဲဖြစ်ဖြစ် တွေ့ဖို့မလွယ်ဘူး၊ ကျွန်တော်ဆိုရင် ပခုက္ကူမြို့
မှာမွေးတယ်၊ ဒါပေမဲ့. . . အသိအကျွမ်းတွေလည်း မရှိ၊ ဆွေမျိုး
ရယ်လို့လည်း မရှိတော့ ပခုက္ကူကို မရောက်တာ ၂၅ နှစ်ကျော်ပြီ။
ထွက်လာကတည်းက တစ်ခါမှကို. . . မရောက်တော့ဘူးဗျာ"

"ပြီးတော့. . . ကျုပ်မှာ ရွှေဒင်္ဂါးဆယ်ပြားရှိလို့ ငါးပြား ခွဲဝေ
ပေးနိုင်လောက်တဲ့ ညီမအရင်းတစ်ယောက် ရှိတယ်၊ သာစည်မှာ နေ
တယ်။ ကျုပ် ချမ်းသာသမျှ တစ်ဝက် ခွဲပေးရအောင်လည်း၊ ယောက်ဖ
မျက်နှာ မကြည့်ချင်တာနဲ့ ကျုပ် 'သာစည်'ကိုလည်း မသွားဘူး၊ ကျုပ်
ညီမကလည်း သူ့အလုပ်နဲ့သူ ကျုပ်ဆီလည်း မလာနိုင်ဘူး၊ ခင်ဗျားညီ
နဲ့ ခင်ဗျား ကွဲသွားတာ ၅ နှစ်လောက်ပဲ ရှိဦးမယ်ထားလိုက်၊ ကျုပ်နဲ့
ကျုပ်ညီမ မတွေ့ရတာလည်း ၁၅နှစ်လောက်ရှိပြီ။ တကယ်တွေ့ဖို့ရာ
အကြောင်းဖန်လာရင် အောင်လံနဲ့သာစည် ဘာမှဝေးတာမဟုတ်ဘူး၊
အခု ကျုပ်တို့လာခဲ့တဲ့ခရီးရဲ့ ဆယ်ပုံတစ်ပုံတောင် ဝေးတာမဟုတ်

ဘူးလေ. . ."

ဟုကျွန်ုပ်က မဆုံးနိုင်သော တောင်တန်းများကို ကြည့်ရင်း ကိုကျော်ရွှေကို ပြောနေမိသည်။

ကိုကျော်ရွှေလည်း တရားပေါက်သွားပြီလား။ စိတ်ပျက်လက်လျှော့သွားပြီလား မသိ။ တွေဝေ ငေးငိုင်နေသည်။

မြဒင်ကလည်း ဝင်ပြောသည်။ သူသည် မာန်အောင်ကျွန်းအနောက်ဘက်ခြမ်းရှိ 'ကာအီ'ကျေးရွာမှဖြစ်ကြောင်း။ မိုင် ၂၀ မျှသာ ကျယ်ဝန်းသောကျွန်း ဖြစ်သော်လည်း ချောင်းများ၊ မြောက်များရှိကြောင်း။ မွေးချင်းထဲတွင် သူက သားအလတ်ဖြစ်သည်။ မိဘမေတ္တာကို မရဟု သူကိုယ်သူထင်၍ အသက် ၂၀ အရွယ်တိုင် ရွာမှထွက်လာခဲ့သည်။ ယခု သူလည်း ရွာကိုဘယ်လိုမှ မပြန်နိုင်အောင်ရှိသည်။ ကုန်းလမ်းမှ ပြန်ဖို့မှာ စိတ်ပင်မကူးရဲတော့သလောက်ဖြစ်သည်။

သို့သော် သူ့မိဘတွေတွင် အားကိုးရသည့် သားကြီး၊ သမီးကြီးများ ရှိသည့်အတွက် မိဘများအတွက် ပူပင်ကြောင့်ကျစရာ မလိုပေ။ မိဘညီအစ်ကိုမောင်နှမများနှင့် ကွဲကွာရသည့်အတွက် ဝမ်းနည်းရသည်သာရှိသည်။ စိတ်ပူစရာတော့ မရှိ။ ယခု ပြည်၊ တောင်ကုတ်လမ်းကို ပြင်ဆင်နေသည်ဟု ကြားရသည်။

သို့သော် ရခိုင်ရိုးမတော၏ နက်ရှိုင်းပုံက စာဖွဲ့မမီအောင်ဖြစ်နေသည်။ ပြည်မြို့စား 'သီဟသူ'၏ ဆင်တပ်ကြီးနှင့် ရခိုင်သို့ ချီလာရာတွင် ရခိုင်ရိုးမတောနက်ကြီး၏အနောက်ဘက် တောင်ကုတ်အထိ ထွက်မလာဘဲ တောနက်ထဲမှာပင် တပ်မကြီး အစလုံးဝပျောက်





သွားသည်ဟုသော ရာဇဝင်အရ တော မည်မျှနက်သည်ကို ခန့်မှန်းရသည်။

တစ်နေ့တော့ သွားဖြစ်အောင်သွားမည်ဟု ဆုံးဖြတ်ထားသည်ကို 'မြဒင်'က ကြေကွဲစွာ ပြောပြသည်။

ကျွန်ုပ်ကလည်း 'ညီအစ်ကိုဟာ ညီအစ်ကိုပါပဲ၊ ဘာမှထူးဆန်းတာ မဟုတ်ပါဘူး၊ မိုးညိုဝဲကြီးလမ်းရှိ ရွာတစ်ရွာတွင် ဖခင်ရှေ့မှောက်တွင်ပင် ညီအစ်ကိုချင်း ရန်ဖြစ်စကားများ၍ အစ်ကိုဖြစ်သူ သေဆုံးရကြောင်း၊ လက်ပံတန်းမြို့ တောင်ဘက်အထွက်မှာ ရွာတစ်ရွာတွင်လည်း ဤကဲ့သို့ ညီအစ်ကိုချင်း ဓားခုတ်မှု ဖြစ်ရကြောင်း' ကို မှတ်မိသမျှ ပြန်ပြောနေကြသည်။

သို့သော် အစွဲကြီးလွန်းသဖြင့် စိတ် ပုံမှန်မဟုတ်တော့ပြီဟု ယူဆရသည့် ကိုကျော်ရွှေမှာ. . .။

အပြန်ခရီးတွင် မြင့်မားသော တောင်ကုန်းများပေါ်မှ မြင်းစီး၍ ပြန်လာရသဖြင့် မြေနီမုံ့ပိုင်း ရေမရှိတော့သော ရေစီးကြောင်းများ၊ မြေပြန့်လွင်ပြင်များကို အပေါ်စီး မြင်ရသည်မှာ အတော်ပင် ကြည့်ကောင်းလှတော့သည်။

မြောက်စူးစူး မြေနီမုံ့ပိုင်းလွင်ပြင်များ၌ ရုပ်ရှင်ထဲတွင် တွေ့ဖူးသော အီဂျစ်ပြည်မှလူများ လက်တင်ကုလားထိုင်တွင် ထိုင်နေသော နှင့်တူသည့် ၁၅ ပေမျှမြင့်သော ကျောက်ရုပ်ကြီးများကို တွေ့ရသည့်အတွက် စဉ်းစားမရနိုင်အောင်ရှိသည်။

ထိုအရုပ်ကြီးများကို အီဂျစ်သို့ ရောက်ဖူးသဖြင့် မြင်တွေ့ရ

ခြင်း မဟုတ်ပါပေ။ ရုပ်ရှင်ဇာတ်ကားများထဲတွင်သာ တွေ့မြင်ဖူးခြင်း
ဖြစ်ပါသည်။ ရုပ်ထု၏မျက်နှာမှာ အီဂျစ်ဖာရိုးဘုရင်များအတိုင်းသာ
ဖြစ်သည်။

ရုပ်ရှင်များမှာလည်း အသံထွက်ရုပ်ရှင်တော့ မဟုတ်ပါချေ
ထို ၁၅ ပေမျှ မြင့်သောရုပ်ထုကြီးများနှင့် ပတ်သက်၍ 'ဆင်ကူး'လူမျိုး
များရော၊ တိဘက်မျိုးနွယ်များပါ ရှင်းမပြနိုင်ပေ။ သူတို့ဘေးဘိုးဘီဘင်
များပင် ထိုရုပ်ထုကြီးများအကြောင်းကိုမသိဟု ဆိုသဖြင့် ဆရာကိုင်
ပြောသလိုပင် လောကကြီးသည် လျှို့ဝှက်မှုများနှင့် ဖွဲ့စည်းထားသည်
ဆိုသောစကားကို လက်ခံရတော့မလို ဖြစ်နေသည်။

ယခုပင်လျှင် ကျောက်ကုန်သည် လူကြီးလူကောင်းဟု ယူဆ
သော ကိုကျော်ရွှေက ထူးထူးဆန်းဆန်းစကားကို ဆိုသည်။ အရာရာ
တိုင်းတွင် ညီကိုချစ်လွန်း၍ ဖြစ်ရသည်ဆိုသော ဆင်ခြေကို ကျွန်ုပ်
လက်သင့်မခံနိုင်ပါချေ။

အပြန်တစ်လမ်းလုံးလိုလိုပင် 'ကိုကျော်ရွှေ'က တစ်စုံတစ်ရာ
ကိုကြိတ်၍ ကြံစည်နေပုံရသည်။ ငါလုပ်လျှင်ဖြစ်ရမယ်ဟူသော သူ့ရွေ
မာန၊ မနမာန ဖြစ်ပုံရသည်။

အရာရာကို ငွေနှင့် ပေါက်ယူလျှင် ရနိုင်သည်ဟူသော လူပြိန်
အတွေးအခေါ်များ ရှိနေသလား။ သို့မဟုတ် ရုတ်တရက် ရူးကြောင်
သွားခြင်းလားဟု ခန့်မှန်းမရအောင် ရှိတော့သည်။

တစ်နေကုန် မြင်းစီးလာခဲ့သမျှ ပင်ပန်းလွန်း၍ လက်ဖက်
ရည်ကျကျနှင့် စီးကရက်ကို ဖိမ်ခံ၍ သောက်နေမိသည်။ ပြင်ပကောင်





င် ပြာလဲ့လဲ့တွင် လဆုတ်ညက ထွန်းလင်းနေသည်။

ကျောက်ဖြူတောင်ကုန်းများဆီသို့ လရောင် ယိုစီးကျနေတော့
သည်။ ထိုစဉ်မှာပင် ကိုကျော်ရွှေသည် ကျွန်ုပ်အနီးသို့ တိုးကပ်လာခဲ့
င်း. . .

"ဒီမှာ. . . ကိုနောင်ရိုး"

ဟု တီးတိုးခေါ်လိုက်သည်။

စိတ်ချရသော အနေအထားမှာပင် တီးတိုးစကား ဆိုလိုက်
ခြင်းကြောင့် ကျွန်ုပ် အံ့အားသင့်သွားသည်။

"ဆိုစမ်းပါဦး"

သူက ကျော်ခင်တို့ကိုပင် မလုံမလဲဖြင့် လှည့်ကြည့်လိုက်သည်။
မိစိတ်တွင်းမှ တည်ငြိမ်သည်ထင်၍ လေးစားနေမိသူက 'အခြောက်
ကြီး' တစ်ယောက်လို အမူအရာ ပျက်နေသည်ကို တွေ့ရသောအခါ
ဆတ်ခနဲ တုန်လှုပ်သွားမိသည်။

"ခင်ဗျား. . . 'ဥမင်နံပါတ် ၉၀ 'ကို မှတ်မိလား"

"ခုတလောမှာ ခေါင်းရှုတ်စရာ ပြဿနာတွေကြောင့် သေသေ
ချာချာတော့ မမှတ်မိဘူးဗျ၊ ဥမင်တွေက အများသားပဲ"

"ဒီလိုဗျာ. . . ဝေဒခမ်းမဆောင်ထဲမှာ လက်နက်တွေ မယူရ
ဘူး မဟုတ်လား၊ သွားတော့လည်း ကော်ဇောနီတွေပေါ်မှာ ဖိနပ်ချွတ်
သွားရတယ်၊ အဲဒီတုန်းက လက်နက်တွေကို ကျုပ်တို့ ဝင်လာတဲ့ ဂူဝမှာ
ထားခဲ့ရတယ် မဟုတ်လား"

"ဟုတ်တယ်"

"အဲဒီတော့ ဘုရင်စီလန်ကနေ နောက်နေ့ ဥမင်နံပါတ် ၉၀ ကနေ ပြန်ယူပေးမယ်လို့ ပြောတယ်မဟုတ်လား"

"အင်း. . . အဲဒီတော့ ဘယ်လိုလုပ်ချင်သလဲ"

"အစောင့်တွေကို နည်းနည်း လာဘ်ထိုးပြီး ဥမင် ၉၀ ကို အရှာခိုင်းမယ်၊ ရှာစရာတောင် မလိုပါဘူး၊ သူတို့ သိပါတယ်"

"ဆက်ပါဦး"

"အဲဒီ ဥမင် ၉၀ ကနေ ဝေဒကျမ်းစာခမ်းမကို တိတ်တိတ် ခိုးဝင်လို့ ရတယ်ဗျ"

"ဘာများ လုပ်မလို့လဲ. . . ခင်ဗျားလည်း ချမ်းသာနေပါပြီ၊ စီလန်ကလည်း ကျုပ်တို့ ပြန်တဲ့နေ့မှာ သွားနားက မျောက်ဖြူလို အဘိုးကြီးကို သေမင်းတောင်ကြားလို့ခေါ်တဲ့ ကြေးရုပ်တောင်ကြားက တစ်ဆင့် စိန်တွေကို ပေးလိုက်ဖို့ မှာထားတယ် မဟုတ်လား"

"စိန်တွေအတွက် မဟုတ်ပါဘူးဗျ"

"ဒါဖြင့် ဘာ့အတွက်များလဲ၊ ကျုပ်ဖြင့် စဉ်းစားရင်း ကြက်သီး ထမိတယ်၊ အဲဒီကြေးရုပ်ကြီး 'မိုလော့'လို့ခေါ်တဲ့ နတ်ရုပ်ကြီးက အလ ထားတာ မဟုတ်ဘူး၊ ပါရှားမှာလည်း အဲဒီလို အရုပ်မျိုးတွေ ရှိတယ်"

"ကျုပ်က ရတနာတွေအတွက် မဟုတ်ပါဘူး၊ အဲဒီမှတ်တမ်း ကြီးထဲမှာ ကျုပ်ညီ ဘယ်ရောက်နေတယ်ဆိုတာ သိရအောင် ရှာဖတ် ကြည့်ရမလားလို့ပါ"

ဟု ပြောလိုက်လေသည်။

◈ ◈ ◈



## အခန်း ( ၁၂ )

## တစ်မျှော်တစ်ခေါ်

ကျွန်ုပ်မှာ စိတ်ပျက် နုန်းလျော့သွားခြေင်း၊ မယုံကြည်နိုင်ခြင်း တို့ကြောင့် ဘာပြန်ပြောရမှန်းပင် မသိဘဲဖြစ်နေသည်။ သူလည်း ကျွန်ုပ် ဘာပြန်ပြောမည်နည်းဟု စိတ်ဝင်စားစွာ မျှော်လင့်နေပေ သည်။

"ခင်ဗျား ကာလီမားကျောင်းဆောင်က 'ကိုဟီးနူး' စိန်ကြီး ကို ခိုးပြေးတာထက် ဆိုးသွားမယ်နော်"

"ဘယ်လိုလဲဗျ"

"ကမ္ဘာပေါ်မှာ ဗုဒ္ဓဘာသာကလွဲရင် ခရစ်ယာန်လည်း ပါတာ ပေါ့လေ၊ သူတို့ အထွတ်အမြတ်ထားတဲ့ ပစ္စည်းတစ်ခုကို ယူသွားရင် တောင်အမေရိကားက 'ဖောက်ကလင်'ကျွန်းလို အခေါင်ဆုံး၊ အဝေး ဆုံး နေရာထိ လိုက်သတ်မယ့် ဘာသာရေး အသေခံအဖွဲ့အစည်းတွေ

ရှိကြတယ်၊ ဟိုတစ်လောကတင်. . . ဂျပန်ပြည်က အထွတ်အမြတ်လို့ ဝိုက်ထားတဲ့ မော်ဝင်ကင်ဒိုဓားကို ရှောင်လင်သိုင်းသမားတွေ သွားခိုးတယ်၊ အဲဒါ နင်ဂျာသိုင်းသမားတွေက တရုပ်ပြည်ထဲထိ လိုက်သတ်တယ်လို့ သူရိယသတင်းစာမှာ ပါခဲ့သေးတယ်"

"ကျွန်တော်က ခိုးသွားမှာမှ. . . မဟုတ်ဘဲ"

"ဒီကျမ်းစာကို. . . လူမျိုးခြားလည်းဖြစ်တဲ့၊ အရပ်သားလည်းဖြစ်တဲ့ ခင်ဗျား ဖတ်ခွင့်မရှိဘူး။ ဒီလူမျိုးတွေတောင် လားမားဘုန်းတော်ကြီး မဟုတ်ရင် ဖတ်ခွင့်မရှိဘူးလို့ ဟိုနေ့က ညီလာခံမှာ ပြောတာ ခင်ဗျား မမှတ်မိဘူးလား"

"ဟုတ်တော့ ဟုတ်ပါတယ်"

"ပြီးတော့ ဘုရင်စီလန်ဆိုတာ ခင်ဗျားနဲ့ ပတ်သက်ပြီးမှ သိတာပါ၊ သူက ဘုရင်တစ်ပါး ဖြစ်ပေမယ့် မန္တလေး၊ ပိုက်ကျိုးက အရက်ဆိုင်မှာ လူပေါတစ်ယောက်လို လာနေနိုင်တာ၊ သူ့ကျမ်းစာအတွက် ပေးဆပ်မှုတစ်ခုနဲ့ ကျမ်းစာအပေါ် ယုံကြည်မှု ဘယ်လောက်ရှိတယ်ဆိုတာ ပြလိုက်တာပဲ၊ ပြီးတော့ ဒီကျမ်းစာနဲ့ လားမားဘုန်းတော်ကြီးတွေကို မယုံကြည်တဲ့သူတွေကို သူ ဘယ်လိုရှင်းပစ်ခဲ့တယ် ဆိုတာလည်း ခင်ဗျားအသိပဲ မဟုတ်လား"

"ဒါကလည်း ကျုပ်တို့ ဝင်ကူလို့ပါဗျာ"

"ကိုကျော်ရွှေ"မှာ တွေ့စကပုံစံမျိုး မဟုတ်တော့။ စကားပြောရသည်မှာ လက်ဝင်လှသည်။ စကားကို ကပ်ပြောသည်။

"အဲဒီကျမ်းမှာ. . . အရောင်တွေ ခွဲထားတာ တွေ့တယ်မဟုတ်





လား၊ မိန်းမတွေအတွက် မပါဘူး၊ တိုင်းပြည်အတွက်. . . ဘုရင်တွေအတွက်ပဲ ပါတယ်၊ ခင်ဗျားညီလို သာမန်လူသူတို့နဲ့ မသက်ဆိုင်သူအတွက် ဘယ်ပါမလဲ"

(စနေမောင်မောင် ဘယ်မြို့တွင် မွေးဖွားသည်မသိပါ၊ မန္တလေးသားနှစ်ဦးဖြစ်သော ကိုကျော်ရွှေနှင့် ပထမဆရာသိန်းတို့က ထိုအာတပ္ပနဝေဒကျမ်းကြီးကို စိတ်ဝင်စားခဲ့သည်။ ထိုကျမ်း၏ မူကွဲတစ်ခုမှာ 'မဒရပ်' မြို့တောင်ဘက် နဒီဟူသော ရွာလေးတစ်ရွာတွင်ရှိသည်ဟု ယူဆပါသည်။ )

ကျွန်ုပ်၏ နောက်ဆုံးစကားကြောင့် သူ လက်လျှော့သွားရသည်။

"တကယ်လို့ ခင်ဗျားညီအကြောင်း ပါတယ်ပဲ ထားပါဦး၊ မြန်မာလို ရေးထားမယ်လို့ ခင်ဗျား ထင်သလား"

ကိုကျော်ရွှေ ငိုင်ကျသွားသည်။ သူ့ညီနှင့် သူ၏ကြားတွင် ဘာတွေ ဆက်သွယ်မှု ရှိကြသလဲ။ ညောင်ရမ်းညီနောင်(ကော်ဆီကန်ဘုရားသား)ကဲ့သို့ ဝေဒနာခံစားမှုချင်း ဆက်စပ်နေသလား။ ဒီလိုမှမဟုတ်လျှင် သူ့ညီက ဘယ်လောက် အဖိုးထိုက်တန်နေလို့လဲ။ ကျွန်ုပ်တို့ ဤမျှထိ ပင်ပန်းဒုက္ခခံနေရသည်မှာပင် လွန်လှပါပြီ။ အပြန်ခရီးက တွေးဝံ့စရာမရှိ။ ထိုလိုဏ်ခေါင်းထဲသို့ ထပ်မဝင်ချင်တော့ပေ။ ဤကဲ့သို့ ချောချောမောမော ပြန်ရောက်ဖို့ မလွယ်တော့ပါဟု ထင်သည်။

တကယ်ကို မှန်းဆ၍ မရနိုင်သောခရီး ဖြစ်နေသေးသည်။

ကုန်းလမ်းမှ ပြန်ရလျှင်သော်လည်းကောင်း၊ လမ်းခရီးမှာ ကြုံရမည့် အန္တရာယ်က ထူးမှာတော့ မဟုတ်။ ပသီပုံပြင်ထဲကလို ကော်ဇော စီးသွား၍ ရမှာမဟုတ်။

အပြန်ခရီးအကြောင်းကို စဉ်းစားမိသောအခါ အမှန်ပင် စိတ် လေးလံ ထိုင်းမှိုင်းသွားရတော့သည်။

သို့သော် ကျွန်ုပ်၏စိတ်ကလည်း ဤလို ခေါင်လှသော တိုင် ပြည်မျိုးတွင် သူတို့ ညွှန်းဆိုဖွဲ့သော 'ရှုပနန္ဒီ'မင်းသမီးနှင့်ပင် တစ်သ လုံး နေနိုင်မည် မထင်ပါ။ တောင်တန်းများ ဝန်းရံနေသော ဤတိုင် ပြည်သည် လကမ္ဘာမှာ နေရသလို ဖြစ်နေသည်။

ပြန်လည်း ပြန်ချင်သည်။ ပြန်နိုင်ရန်လည်း မလွယ်ပါ။ ဒီအ ကိုကျော်ရွှေက တမှောင့် ဖြစ်နေပြန်သေးသည်။ သူက တစ်ယူသန်စိတ် ထားနေဆဲဟုဆိုရမည်။ အမှန်အတိုင်း ဝန်ခံရပါက ကျွန်ုပ်သည် ဆင်းရဲလှသူ မဟုတ်ပါ။ ရိုးကုမ္ပဏီတွင် ရှယ်ယာ ထည့်ဝင်ထားသော အစုရှယ်ယာများ ရှိနေသည်။ 'ဆင်ကူးပြည်'မှ မန္တလေးသို့ တစ်ညအိပ် ခရီးဖြင့် ရောက်မည်ဆိုလျှင်ပင် ကျွန်ုပ် ရစရာရှိသော အဖိုးအခများ မယူဘဲ ခုချက်ချင်း ပြန်သွားမည်သာဖြစ်သည်။ ယခု ကျွန်ုပ်တို့ ဆင်ကူ ပြည်သို့ ရောက်သည်မှာ တပတ်ခန့် ရှိပြီဖြစ်သည်။

နောက်တစ်နေ့တွင် ဘုရင်စီလန်က ကျွန်ုပ်နှင့် ကိုကျော်ရွှေ နှစ်ယောက်ထဲကိုသာ သူ၏ ခမ်းမဆောင်သို့ အခေါ်လွှတ်လိုက် သည်။ ကျွန်ုပ်တို့မှာ ညီလာခံစည်းဝေးခမ်းမသို့သာ ရောက်ဖူးသော် လည်း သူ၏ သီးသန့်နန်းတော်ခမ်းမသို့ ဤတစ်ကြိမ်သာ ရောက်ဖူ





ပါသည်။ အစားအသောက် ရှားပါးသော်လည်း စိန်၊ ရွှေ ကျောက်သံ ပတ္တမြားတို့ ပေါများပုံရပေသည်။ ခမ်းမဆောင်နှင့် တိုင်လုံးများမှာ ပြိုးပြိုးပြက်ပြက် ဝင်းလက်၍ ရွှေရောင်အိနေသည်။

ထုံးစံအတိုင်း မိဖုရားများက လက်ဖက်ရည်ကရားများနှင့် မုန့်များ လာချပေးသည်။ ဂျုံနှင့် ထောပတ်တို့ဖြင့် ပြုလုပ်ထားသော မုန့်များလည်း ပါသည်။

"မုဆိုးကြီး ကိုနောင်ရိုးအနေနဲ့ ပျင်းရိနေမယ်ဆိုတာ ကျွန် တော် ရိပ်စားမိပါတယ်၊ ဒါပေမဲ့ ကိုကျော်ရွှေအနေနဲ့ လက်မလျှော့ ချင်သေးဘူးဆိုတာလည်း. . . ကျွန်တော် သိတယ်၊ ဒါကလည်း သူ့ အကြောင်းနဲ့သူ ဖြစ်နေတာပါ၊ 'လူရင်ခြောက်'နဲ့ ကျွန်တော်တို့လည်း ငယ်စဉ်က ကစားဖော်ကစားဖက် ညီအစ်ကိုဝမ်းကွဲပါ၊ တစ်ယောက် နဲ့တစ်ယောက် အဆုံးစွန်ထိ လုပ်ကြံကြတာကလည်း သူ့အကြောင်းနဲ့ သူပါ၊ အပေါ်ယံကြည့်ရင်. . .

သူ့ကြောင့် ကျွန်တော် ဒီတိုင်းပြည်က ထွက်ပြေးရတယ်လို့ ထင်စရာ ရှိပါတယ်။ ကျွန်တော့်ကြောင့်လည်း သူသေဆုံးပြီး ချောက် ထဲကို ကျသွားရတယ်လို့ ထင်စရာ ရှိပါတယ်။ ဒါတွေဟာ တကယ့်ကို သူ့အကြောင်းနဲ့သူ ဖြစ်ရတာတွေပါ၊ အဲဒီအယူအဆကို လက်မခံရင် ဒေါသ၊ စိတ်ခြောက်ခြားမှု၊ ကြောက်လန့်မှု၊ မခံချင်မှုတွေနဲ့ အမြဲရင် ဆိုင်ရမှာပါပဲ"

"ကိုကျော်ရွှေ မကြုံကောင်းမစည်ရာတွေ ဆက်ပြီး ကြုံစည်မယ် ဆိုရင် ကိုကျော်ရွှေရဲ့ညီနဲ့ ရင်ကွဲ့ကွဲနေရာက သေကွဲ့ကွဲတဲ့အထိ

ဖြစ်သွားပါလိမ့်မယ်၊ ခရီးစဉ်က အတော်ရှည်လျားလွန်းပါတယ်. . .

"ကျွန်တော့်အနေနဲ့ ဒီတိုင်းပြည်နဲ့ ဘုရင့်ဘဏ္ဍာတွေထဲက စိန် တွေကို ပေးပိုင်ခွင့် မရှိပါဘူး၊ အရှေ့တောင်အရပ်၊ 'ကြေးရုပ်တောင် ကြား'ခေါ်တဲ့ ခေါင်းတလားခမ်းမက စိန်တွေကိုသာ ပေးပိုင်ခွင့်ရှိ ပါတယ်၊ ခရီးက နှစ်ဆင့်သွားရမှာပါ၊ လမ်းမှာ စားသောက်ဖို့ ဇာကလီ နဲ့ ရမ်ပဆိုတဲ့ မျောက်ဖြူအဘိုးကြီးတို့က လိုက်ပို့မှာပါ၊ ပထမတစ်ဆင့် က ကျေးဇူးဆပ်ခြင်းနဲ့ ဒုတိယအဆင့်က အကျိုးဆောင်ခ ပေးခြင်းပါ ပဲ"

ဟုဆိုကာ မြောက်ဘက်မှ လိုက်ကာကို ဆွဲ၍ ဖွင့်လိုက်သည်။ ကျွန်ုပ်မှာ ယနေ့ထိ ရုပ်ရှင်ထဲမှအပ ပြင်ပတွင် ပင်လယ်ပြင်ကို မမြင် ဘူးပါ။ ယခုမြင်တွေ့ရသည့် လှိုင်းများကဲ့သို့ လှုပ်ရှားမနေသော်လည်း သစ်ပင်တောအုပ် လုံးဝမရှိသည့် မြေသားတောင်ကုန်း ကန္တာရ ပင်လယ်ပြင်သာ ဖြစ်လေသည်။ မျက်စိတစ်ဆုံး ကျယ်ဝန်းခြင်းက သော်လည်းကောင်း၊ လှိုင်းများကဲ့သို့ ဖြစ်နေသော တောင်ပူစာလေး များကပင် ပင်လယ်ပြင်နှင့် ပို၍တူနေလေသည်။

"မုဆိုးကြီး ကိုနောင်ရိုးကို ကျွန်တော် မန္တလေးမှာ ပြောခဲ့ဖူး ပါတယ်၊ ကျွန်တော် ဆင်ကူးပြည်ကနေ ထွက်မလာခင် ကျွန်တော့်ရဲ့ အနာဂတ်ကို ဟောကြားပေးတဲ့ အများက စုန်းမကြီးလို့ ယူဆတဲ့ အဘွားကြီးကို မှတ်မိမယ် ထင်ပါတယ်"

"မှတ်မိပါတယ်"

"ဒီအဘွားကြီး ဂါဂူးလ်ဟာ အမှန်တော့ 'ရှင်ဗဲလား'ကို ရောက်



နေသင့်ပါပြီ၊ ဒါပေမဲ့ သူ့အကြောင်းနဲ့သူပေါ့လေ၊ အချိန်ရယ်၊ အခါရယ် နိမိတ်ရယ်ကို စောင့်ရင်း ကြယ်အများဆုံး ကြွေတဲ့အရပ်၊ အဲဒီ မိုင် ၅၀ ပတ်လည်ကျယ်တဲ့ ကုန်းတွင်းမြေသားပင်လယ်ထဲက လှိုဏ်တစ်ခု မှာ နေတယ်၊ မြေသားပင်လယ်ဆိုတဲ့အတိုင်း ရေတော့ အင်မတန်ရှား ပါတယ်၊ ရေရယ်၊ ကုလားအုပ် ၃ ကောင်ရယ် စီစဉ်ထားပြီးသားပါ၊ 'ဇာကလီ'က လိုက်ပို့ပါလိမ့်မယ်၊ အဲဒီကနေ အပြန်ခရီးမှာ 'ကြေးရုပ် တောင်ကြား'အဝမှာ မျောက်ဖြူအဘိုးကြီး ရမ်ပ စောင့်နေပါလိမ့်မယ်၊ အဲဒီတောင်ကြားက တစ်ဆင့် ယူနန်ကုန်းပြင်မြင့်ကို ဖြတ်ပြီး ပြန်ရ မှာပါ. . ."

"လောလောဆယ်တော့ ကိုကျော်ရွှေရဲ့ညီ ဘယ်မှာ ရောက်နေ တယ်ဆိုတာ အဲဒီကဝေမကြီး ဂါဂူးလ်ကလွဲလို့ ဘယ်သူမှ မသိပါဘူး။ ကမ္ဘာပေါ်မှာ ပင်လယ်ပြင်ထက် လေတိုက်တဲ့နေရာ တစ်နေရာ ရှိပါ တယ်၊ အဲဒါ ကဝေမကြီးနေတဲ့ 'မုန်တိုင်းတောင်ကြား'ပါပဲ၊ စိတ်မပျက် ပါနဲ့ မုဆိုးကြီး၊ ဒီမုန်တိုင်းကြောင့်ပဲ ၁၀ မိုင်ဝေးတဲ့နေရာကနေ ရွှေ စင်အတိနဲ့ သွန်းလုပ်ထားတဲ့ ၃ ပေမြင့်တဲ့ ခေါင်းလောင်းသံကို ကြားရ ပါလိမ့်မယ်၊ အဲဒီအသံကြားရရင် ကဝေမကြီး ဂါဂူးလ်နဲ့ မဝေးတော့ ဘူးဆိုတာ သိပါလိမ့်မယ်၊ ဂါဂူးလ်နဲ့တွေ့ရင် ကိုကျော်ရွှေ ရှာနေတဲ့ အဖြေကို တစ်ဆင့် တွေ့ပါလိမ့်မယ်၊ နောက်ဆုံးအဆင့်ကတော့ ကြေး ရုပ်တောင်ကြားလို့ခေါ်တဲ့ သေမင်းခမ်းမကနေ ယူနန်နယ်ထဲကို ဖြတ် ထွက်ရမှာပါ"

ဘုရင်စီလန့်သည် စကားကို ရှည်လျားစွာ ပြောနေပါသည်။

အမှန်တကယ် စေတနာကောင်းဖြင့် ဂါဂူးလ်ထံသို့ ညွှန်ပြနေခြင်းလား။ ကိုကျော်ရွှေ၏ မနောကံဖြင့် 'ဝေဒ'ကျမ်းစာကို ခိုးကြည့်ရန် ကြံစည်မှုအပေါ် သိရှိသွားသဖြင့် ပညာရှိနိုပ်စက်နည်းဖြင့် နှိပ်စက်နေသည်လား မသိရပါချေ။

ကျွန်ုပ် မုဆိုးကြီး ကိုနောင်ရိုးကတော့ ကိုကျော်ရွှေကိုလည်းကောင်း၊ သူ့ညီကိုလည်းကောင်း၊ စိတ်မဝင်စားတော့ပါ။ ခရီးတစ်ခု ပြီး၍ ကောင်းကောင်းပင် အနားမယူရသေးမီ နောက်ခရီးတစ်ခုက ကြိုလင့်နေပြီ။

"ကောင်းပါတယ် ဘုရင်ကြီး၊ ကျွန်ုပ်လည်း ကိုကျော်ရွှေ့ကျေးဇူးကြောင့် တိဘက်ဆင်ကူးပြည်တင်. . . မကဘူး၊ ရုရှားပြည်အထိ မရောက်ချင်ဘဲ ရောက်ရတော့မှာပါ၊ ကျွန်ုပ်တို့ဆီမှာတော့ အပြစ်ကျူးတဲ့သူတွေပို့တဲ့ မဲဇာဆိုတာ အဲဒီဂါဂူးလ်နေတဲ့ မုန်တိုင်းတောင်ကြားလိုနေရာမျိုးပါ"

ဘုရင်စီလန်က မသိမသာ ပြုံးလိုက်သည်။

"ကိုမြဒင်၊ ကျော်ခင်၊ ဖုံမဲ၊ အိုမုန်းတို့ကတော့ ဒီမှာပဲ ကျန်ရစ်ခဲ့မှာပါ၊ ဂါဂူးလ်က သူတို့နဲ့ တွေ့ချင်တဲ့ဆန္ဒ မရှိပါဘူး၊ ကိုနောင်ရိုးတို့ ပြန်ရောက်မယ့်အချိန်မှာ သူတို့ မြေသားကန္တာရအစပ်ကို လာကြိုကြမှာပါ၊ မျောက်ဖြူအဘိုးကြီးလည်း. . . ပါမှာပါ"

"မြေသားပင်လယ်က ပြန်လာတာနဲ့ တစ်ပြိုင်နက် ကြေးရှင်တောင်ကြားကို ခရီးဆက်ရမှာလား. . . ဘုရင်ကြီး"

ကျွန်ုပ်က တမင်အရွဲ့တိုက်ကာ မေးလိုက်သည်။





"မဟုတ်ပါဘူး မုဆိုးကြီး၊ အနားယူမယ်၊ ဆက်သွားမယ်ဆိုတာက မုဆိုးကြီးရဲ့ဆန္ဒပါ၊ ဒါပေမဲ့. . . လောလောဆယ် ကိုကျော်ရွှေရဲ့ဆန္ဒကို ဖြည့်ဆီးပေးဖို့ ကျွန်ုပ်ကပဲ မေတ္တာရပ်ခံပါတယ်"

ဟု ဆိုကာ မျက်နှာလွှဲ၍ အတွင်းဆောင်သို့ ဝင်လေသည်။ နာရီကို ကြည့်လိုက်တော့ ၁၀ နာရီ ရှိပါပြီ။ အလင်းရောင် ကောင်းစွာ မရှိပါ။ ကောင်းကင်တွင် တိမ်လိပ်များ ထူထပ်နေပါသည်။

သို့သော် ထိုတိမ်တောင်တိမ်လိပ်များသည် မိုးရွာစေနိုင်သော ရေငွေ့ပါဝင်မှု နည်းပါးလွန်းလှသည်။

မြောက်အရပ်မှ လေ တဟူးဟူး တိုက်ခတ်နေသည်။ မိုးကုတ်စက်ဝိုင်းထိ တောင်ကုန်းများသာ မျက်စိတစ်ဆုံး ရှိနေတော့သည်။

ခြေနင်းကွင်းအတိုင်း ကုလားအုပ်ကျောပေါ်သို့ တက်ရသည်မှာ ပထမဆုံးအကြိမ် ခက်ခဲမှု မရှိပါပေ။ ကိုကျော်ရွှေက ဖုတ်ဝင်ကောင်ကဲ့သို့ ဘာစကားမှမဆိုဘဲ ကုလားအုပ်ကျောပေါ်မှ ငြိမ်သက်စွာ လိုက်လာခဲ့သည်။ ဇာကလီကတော့ ရှေ့မှ ပုံမှန်အတိုင်း ကုလားအုပ်ကို ခပ်ဖြည်းဖြည်း သွားစေသည်။ ဗိုဟန်ဗိုတာတောင်မကြီးက နောက်တွင် ကျန်ရစ်ခဲ့ပြီ။

◆ ◆ ◆

## အခန်း ( ၁၃ )

## တောင်ပေါ်ကအချစ်

အဓိပ္ပာယ် ဆိုသောစကားကို ကျွန်ုပ် စဉ်းစားနေမိတော့သည်။

လူ့ဘဝတွင် ဖြစ်ပျက်သမျှတိုင်းသည် တစ်ခုနှင့်တစ်ခု အဆက်အစပ်ရှိသည်တော့ မဟုတ်ပေ။ ကွင်းဆက် ပြတ်တောက်နေသော အကြောင်းအရာတို့ကလည်း မလိုအပ်ဘဲ ဖြစ်ပေါ်နေသည်။ ဇာတ်မ်း၏အစသည် ကိုကျော်ရွှေ၏ညီ ပျောက်ဆုံးခြင်းသည် အဓိက ဖြစ်သည်။

စီလန် 'ဆင်ကူး' ပြည်မှ ထွက်ပြေးလာရခြင်းသည် ကျွန်ုပ်တို့ နှင့် ဆက်စပ်မှုမရှိလှ။ သို့သော် အပြန်အလှန် အကူအညီသဘောမျိုး နှင့် အဓိပ္ပာယ်ကင်းမဲ့သော လိုဏ်ဂူကြီးအတွင်းတွင် ခုနစ်ရက်တိတိ နီးရှည်ကြီး ဖြတ်သန်းခဲ့ရသည်။ အဓိပ္ပာယ်ဆိုတာ ဘာလဲ။

ယနေ့ထိ ဤပြင်ပန်းဆင်းရဲမှု ခရီးစဉ်အတွက် အကျိုးဖလ ဖြစ်ထွန်းသူမှာ 'စီလန်' သာ ဖြစ်လေသည်။ ကိုကျော်ရွှေလည်း ဆုံးရှုံး

မှုတွေသာ ဖြစ်နေသည်။ ဘာတစ်စုံတစ်ရာမှ အကြောင်းမထူးသေး

'ဇာကလီ'သည် ကျွန်ုပ်တို့၏ ဘာသာစကားလည်း မတတ် စကားပြန်လည်း မပါ။ ဘာစကားပြော၍ ဘယ်လို ခရီးဆက်ကြမည်နည်း၊ မြောက်စူးစူးသို့ လေကိုဆန်၍ ခရီးနှင်နေသည်။

"ကိုကျော်ရွှေ. . . ခင်ဗျား ဘုရင်စီလန်ကို ဘယ်လိုထင်သလဲ"

ကျွန်ုပ်က ဖြတ်မေးလိုက်သည်။ လမ်းခရီးတွင် တစ်နာရီမျှ ခရီးကြာပြီးမှ မနေနိုင်မထိုင်နိုင် တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်ခြင်း ဖြစ်သည်။

ကိုကျော်ရွှေသည် ဘိန်းမိနေသူတစ်ယောက်ပမာ ငေးငိုင်လျက်ရှိသည်။

"အခုထိတော့ သူကလွဲရင် ကျွန်တော်တို့အားလုံး အဓိပ္ပာယ်ကင်းမဲ့နေတုန်းပဲ၊ အခုတော့ သူ့ကိစ္စကိုပဲ လိုက်လုပ်ပေးရသလိုဖြစ်နေတယ်၊ အခု သူက ကျွန်တော်တို့ကို ပြန်ပြီး ခိုင်းနေတယ်လို့ ထင်တယ်၊ ဒါပေမဲ့. . . အဲဒီ'ဂါလူးလ်' ခေါ်တဲ့ ကဝေမကြီးဟာ ကျွန်တော်အတွက် နောက်ဆုံးမျှော်လင့်ချက်လည်း ဖြစ်နိုင်တယ်"

"ကျုပ် မုဆိုးကြီး ကိုနောင်ရိုးအတွက်တော့ ဘာမှအဓိပ္ပာယ် မရှိဘူးဆိုတာကော. . . ရိပ်စားမိတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ခင်ဗျား ဒါလောက်ရိပ်မိရင် အခြေအနေ မဆိုးသေးဘူးလို့ ဆိုရမယ်၊ ဒါလောက်ဆိုရင် ခင်ဗျားညီကို လိုက်ရှာနေတာ အဓိပ္ပာယ် မဲ့နေပြီ၊ ပင်ပန်းဖို့နဲ့ သူတစ်ထူး ကောင်းစားဖို့ဆိုတာ နားလည်လောက်





ပြီလို့ ထင်တယ်"

"ဟုတ်ပါတယ်၊ ကျုပ် ခင်ဗျားကို ပထမဆုံးအကြိမ် တောင်းပန်ရမှာပဲ"

ကျွန်ုပ်က ဘာမှ ဆက်မပြောချင်တော့။ အလိုလိုနေရင်း စိတ်ပျက်နေမိသည်။ ယခု ကျွန်ုပ်တို့ မုန်တိုင်းတောင်ကြားတွင်းသို့ မသွားခဲ့ဘဲ လှည့်ပြန်ပါက ကျွန်ုပ်တို့မှာ လူပေါင်ထားခဲ့သလို ဖြစ်နေမည်။

မြဒင်၊ ကျော်ခင်၊ ဂုံမဲ၊ အိုမုန်းတို့သည် တိုင်းပြည်မှာ ဘဝတစ်သျှောက်လုံး နေရတော့မည်။ မနေနိုင်၍ ပြန်ပြေးလျှင်လည်း လက်ကော်တွေ အစုံအလင် ပါမည်မဟုတ်။

ကျွန်ုပ်တို့၏တိုင်းပြည်က တောင်စူးစူးတွင် ကျန်ရစ်ခဲ့ပြီ။ ယခု သွားနေသည်က မြောက်စူးစူး၊ ဆန့်ကျင်ဘက် ပို၍ဝေးသောနေရာဆီသို့ သွားနေသည်။ အဓိပ္ပာယ်မဲ့ခြင်း၏ ခါးသီးငြီးငွေ့မှုတို့ ခံစားနေရသည်။ ပြန်ရမည့်ခရီးကကော တမျှော်တခေါ် ဟိုအဝေးမှာ ကျန်ရစ်ခဲ့ပြီ။ ဒီတစ်သက် မြန်မာပြည်ကို ပြန်မှရောက်ပါဦးမလားဟု ထင်မိသည်။ ကျွန်ုပ်အနေဖြင့် လူ့ဘဝတွင် ပထမဆုံးအကြိမ် စိတ်ဓာတ်ကျခြင်း ဖြစ်မိသည်။

ထူးထူးခြားခြား အရက်သောက်ချင်လာမိသည်။ အရက်သည် ဤကဲ့သို့ ငြီးငွေ့ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ဘဝတွင် အဖြေရှာ မရခြင်းအတွက် တစ်ညတာ ပပျောက်စေနိုင်သော ဆေးဝါးမဟုတ်ပါလား။

အခြားသူများ အရက်ကို ဘာကြောင့် စွဲစွဲလမ်းလမ်း သောက်သည်ကို နားမလည်နိုင်ပါ။ နိုင်ငံခြားမဂ္ဂဇင်းတစ်စောင်တွင် စိတ်

ကို ပြောင်းလွဲစေသော ဆေးဝါးများ ဟူသောခေါင်းစဉ်ကို သဘော ကျမိသည်။

နောက်ဆုံးတွင် မည်သူ့ကိုမှ မကျေနပ်ဖြစ်စရာ မလို။ ယ ပင်လျှင် နောက်ကြောင်းကို ကုလားအုပ်ဖြင့် ပြန်လှည့်ကာ မြ ကျော်ခင်၊ ငုံမဲ၊ ဒိုမုန်းတို့ကို ပြန်လှည့်ခေါ်နိုင်သေးသည် မဟုတ် လား။ ဘုရင်စီလန်က ကျွန်ုပ်တို့ကို တားဆီးမည် ထင်ပါသလာ ယခုပင်လျှင် အိတ်ထဲ၌ ဝင်ချက်စတာကျည်ဆန်အတောင့် ခြော ဆယ်လောက် ကျန်ရှိနေသေးသည်။ မြဒင်တို့၊ ကျော်ခင်တို့ဆီတွ လည်း ဝင်ချက်စတာကျည်ဆန်ရော၊ ခြောက်လုံးပြူးကျည်ဆန်တို့ ကျ နေသေးသည်။

ဘုရင်စီလန်က လမ်းတစ်လျှောက်လုံး ကျွန်ုပ်၏ လက်စွ လက်စကို သိ၍ တားရဲမည်တော့မထင်။ သူ အသုံးချလို၍ ကျွန်ုပ် တားဆီးမည်ဆိုလျှင် သေသည်ထက်ပင် ဆိုးဝါးသောဆုံးရှုံးမှုကို ခံစားရမည်။

ဆင်းရဲသားတစ်ဦး သေဆုံး၍ သူ နှမြောစရာတွေ ဘာ ကျန်ခဲ့မည် မဟုတ်ပါ။ သား၊ သမီး၊ ဇနီး၊ သံယောဇဉ်တွေသ ကျန်ခဲ့မည်။ ဘုရင်တစ်ပါး သေဆုံးပါက နှမြောတသစရာတွေ အတွက် များစွာကျန်ခဲ့မည်။ စည်းစိမ်၊ အာဏာ၊ ရတနာ၊ စိန်ရွှေ

သို့သော် ကျွန်ုပ် 'စီလန်'ကို ထိုကဲ့သို့ မလုပ်ချင်ပါ။ မြော စူးစူးခရီးစဉ်သည် ဘာမှန်းမသိသော်လည်း ငြီးငွေ့မှုပေါင်းများ ထဲမှ တစ်စုံတစ်ခုက ဖယောင်းကိုင်မီးအလင်းကဲ့သို့ ဆွဲဆောင်





သေးသည်။

ကာဝေမကြီး ဂါကူးလ်ကတော့ ကျွန်ုပ်ကို ဆွဲဆောင်သည် မဟုတ် ပါ။

သို့သော် ဘာမှန်းမသိသော အရာတစ်ခုက ကျွန်ုပ်ကို ဆွဲဆောင်နေသည်။ ထိုစဉ်မှာပင် ကိုကျော်ရွှေက ဘရန်ဒီပုလင်းပြား လေးတစ်လုံး ထုတ်ပေးသည်။ မယုံနိုင်အောင် ဖွံ့အားသင့်သွားသည်။

"ကိုနောင်ရိုးပဲ. . . ယူထားလိုက်ပါ"

ကျွန်ုပ်၏စိတ်အာဟာရကို သူ မည်သို့သိနေသနည်း၊ 'စီလန် နှင့်သူ တစ်ကြိတ်တည်းတစ်ဉာဏ်တည်း စည်းဝါးရိုက်ကာ ဤခရီး ကို ထွက်ခွာစေခဲ့သည်လား။ ကိုကျော်ရွှေ ဆိတ်ဆိတ်နေခြင်းက စိတ် ဝင်စားစရာကောင်းလှသည်။

ကုလားအုပ်၏ ဘေးလွယ်အိတ်တွင် ထူးထူးခြားခြား ဘာမှ စားစရာ မပါ။ ၁၀ ပြည်နီးပါးရှိသော ပဲလှော်တစ်မျိုး၊ လက်ဖက် ခြောက်တို့သာ ပါသည်။ ဘယ်ဘက်တွင် ရေအိတ်ရှိသည်။ ပိုက်တပ် ထားသဖြင့် စုပ်၍ သောက်ရုံသာရှိသည်။ ရေ အလေအလွင့်မရှိ။

အရက်သောက်လိုက်၊ ရေစုပ်သောက်လိုက်၊ ကုလားပဲလုံး လှော်ကို စားလိုက်ဖြင့် ရီဝေဝေ ဖြစ်သွားသည်။ ဒေါသအာဃာတများ လွင့်စင်သွားပြီ။ ကုလားအုပ် သယ်ဆောင်ရာသို့ လိုက်နေသော လေ လွင့်ခရီးသည်ဆန်ဆန် ဖြစ်သွားသည်။ ကိုကျော်ရွှေကတော့ တစ်ခု ခုကို ကျေနပ်နေဟန်ရှိသည်။ သူ ဘာကိုကြိတ်၍ ကျေနပ်နေသည် လည်း မသိတော့ပါ။

ကျွန်ုပ်အနေနှင့် ယခုအချိန်တွင် ဘရန်ဒီပေးသော ဘဝသာ ရှိပါတော့သည်ဆိုလျှင် လွန်လွန်းရာကျပေမည်။ သို့သော် ကျွန်ုပ် အရက်သမား မဟုတ်ခဲ့ကြောင်း မြဒင်၊ ကျော်ရွှေတို့သာ သိပါသည်။

"ဘုရင်စီလန်က အဲဒီ စုန်းမကြီး ဂါဂူးလ်ဆီကို ပစ္စည်းတစ်ခု ပို့လိုက်မယ်၊ အဲဒါ ကျုပ်တို့နှစ်ယောက်ကို အစောင့်သဘောမျိုး ထည့် လိုက်တာလို့ ခင်ဗျား မထင်ဘူးလား"

"ဖြစ်ကောင်းဖြစ်နိုင်ပါတယ်၊ မိုင် ၅၀ ဆိုတာ သိပ်ဝေးလှ တာ မဟုတ်ပါဘူး၊ သူ့မှာ အဘိဓမ္မာရှိပါတယ်၊ သူက. . . တစ်ကိုယ် ကောင်းသမား မဟုတ်ပါဘူး"

"ခင်ဗျား ခုမှ စကားအပြော တော်တော်ကောင်းလာပါလား ကိုကျော်ရွှေ၊ ဟိုမှာတုန်းကတော့ အာတပွနဝေဒကျမ်းကြီးကို ခိုးဖတ် ဖို့ ကြံခဲ့တယ်ဆိုတာ တကယ်လား၊ ကျုပ်စိတ်ကို စမ်းတာလား"

"ကျွန်တော်လည်း. . . ခင်ဗျားလိုပဲ ရှစ်တန်းလောက်ပဲ ပညာ သင်ခဲ့ရပါတယ်၊ ကျွန်တော့်ပတ်ဝန်းကျင်မှာဆိုရင် စာဖတ်တဲ့သူ မရှိ ပေမယ့် ကျွန်တော် စာဖတ်ခဲ့တယ်၊ အခုဆိုရင် ခင်ဗျား ဝတ္ထုတောင် မဖတ်ဖူးသေးဘူး မဟုတ်လား"

"ခင်ဗျား ဘာကို. . . ဆိုလိုချင်တာလဲ"

"စိတ်ပညာစာအုပ်တွေလည်း ကျွန်တော် ဖတ်တယ်၊ လူဆို တာ အသက် ၄၀ မကျော်မချင်း တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် ရူး ကြောင်ကြောင် ဖြစ်ဖူးမှ ဓာတ်ပုံမှန်ဖြစ်တယ်ပေါ့ဗျာ၊ ဓာတ်ရူးတို့ ဓာတ်လိုက်ရူးတို့လိုပေါ့၊ ကျုပ်လည်း. . . အဲဒီကျမ်းကြီးကို ခိုးဖတ်ဖို့





တ်ရူးပေါက်ခဲ့တာ ဖြစ်မှာပေါ့ဗျာ. . .၊ ကျွန်တော်အသက်က ၃၅ ပဲ ရှိသေးတာ။ ဒါပေမဲ့. . ."

"ဆိုစမ်းပါဦး"

"အချစ်ရူးကတော့ မသေမချင်း ဖြစ်နိုင်တယ်တဲ့ဗျ၊ ဘာနဲ့မှ ဆိုင်ဘူး။ သူက အနေအထားပေါ် မူတည်ပြီး ပေါ်ပေါက်တာ၊ အလို နေရင်း ချစ်စိတ်ဖြစ်နေတယ်ဆိုတာ မရှိဘူး။ မုဆိုးကြီးကော ချစ်သူ ဖူးသလား။ ကြည့်ရတာ တစ်မျိုးပဲ၊ အချစ်ကို ကြုံဖူးတဲ့သူနဲ့ မတူဘူး၊ ားချက် မဲ့နေတဲ့ပုံစံမျိုး ဖြစ်နေတယ်"

သူ့စကားကြောင့် စိတ်က လေလွင့်သွားသည်။ မိုင်ပေါင်းများ သော မြန်မာပြည်သို့ ပြန်လည် ရောက်ရှိသွားသည်။ မြောက်လေ ဝီခေါ်အောင် တိုက်နေသည်။

ကောင်းကင်တွင် ကြယ်ရောင်တို့က လင်းလက်နေသည်။ တ်ခုနစ်ရက်မို့ ညနက်မှ လထွက်ပေမည်။ ကုလားအုပ်များက ာန္တာရ မဟုတ်သော်လည်း သွားနေကျ လမ်းခရီး ဖြစ်ဟန်တူသည်။ ရွက်လွှင့်သွားနေသော သင်္ဘောတစ်စင်းလို ဖြစ်နေသည်။

"အမှန်တော့. . . ကျွန်တော်လည်း ခင်ဗျားလိုပဲ၊ ရှစ်တန်း ာက်ထိ ကျောင်းနေခဲ့ဖူးတယ်၊ ဓာတုသိပ္ပံပညာတွေထက် တကယ် သုံးကျတဲ့ ကမ္ဘာ့မြေပုံကို ကောင်းကောင်းကြည့်တတ်တယ်၊ အခု တို့ သွားနေတာ 'ဆမာကန်'ဆိုတဲ့မြို့ထိ ဦးတည်နေတယ်"

"အချစ်နဲ့ ဘယ်လို ပတ်သက်နေသလဲ ကိုနောင်ရိုး"

"ဆိုလိုတာက ဒီလိုပါ။ ကျုပ်က လူကြမ်းစိတ်ကြမ်း၊ နလပြိန်း

အကြင်နာတရားကင်းမဲ့တဲ့ မုဆိုးကြီး မဟုတ်ဘူး၊ ကိုယ့်ကို အန္တရာ" မပြုရင်. . . ခွေးတစ်ကောင် ကြောင်တစ်မြီးတောင် မသတ်ဘူး၊ ဦး ကိုးဆယ်ထဲမှာတုန်းက အမွေးစုတ်ဖွားနဲ့ ပင့်ကူကြီးကိုတောင် ပိတ်ဆို့ထားလို့ သတ်လိုက်ရတာ"

"အချစ်နဲ့ ပင့်ကူဆိုတာက. . ."

"ခင်ဗျားကလည်း စကား ကပ်မေးနေတာကိုး၊ အချစ်ဆို သနားတတ်တဲ့လူရဲ့ နှလုံးသားမှာသာ ကိန်းအောင်းတာဗျ၊ ကြ တယ် ဆိုတာတွေက ကျယ်ဝန်း ရှုပ်ထွေးပါတယ်ဗျာ. . .၊ နှလုံး စိတ်ကြမ်းလူကြမ်း လူ့အနွေတွေမှာသာ တပ်မက်တဲ့စိတ်၊ အပိုင်စီး စိတ်ရှိတာ၊ အဲဒါ အချစ်မဟုတ်ဘူး. . . ရမွက်"

"မုဆိုးကြီးက ကျွန်တော် ထင်တာထက် အချစ်ကို တီးမိ မိရှိတာပဲ"

"ဒါကလည်း. . . တစ်သက်မှာ နှစ်ခါတည်းပါ ကိုကျော် ကျုပ်ဘဝမှာ နတ္တလင်းက မိန်းကလေးတစ်ယောက်ရယ်၊ မိတ္ထီလာ မိန်းကလေးတစ်ယောက်ကိုပဲ ရမွက်မပါတဲ့အချစ်နဲ့ ချစ်ဖူးတ ကျန်တာတွေက စာဖွဲ့လို့ မရတဲ့အချစ်တွေပါ၊ အလိုရမ္မက်ပေါ့"

"အခုကော. . . အချစ်ကို ဘယ်လိုမြင်သလဲ"

"ကျွန်တော် မြင်တဲ့အချစ်ဆိုတာ မိန်းမလှပဲလေ၊ ကျွန် အတွက်တော့ မိန်းမလှ မပါတဲ့ အချစ်ဆိုတာ လူသားသံယော သက်သက်ပါ"

"အင်း. . . စိတ်ဝင်စားစရာပဲ၊ ဒါလည်း သဘာဝကျပါ





လရောင်က မြင့်တက်လာသည်။ လောကဓာတ်၏အလှက ပေါ်လွင်လာခဲ့ပြီ။ မအိပ်ချင်သေးသ၍ ပုံမှန် ခရီးဆက်နေရဦး ည်း

ထိုစဉ်မှာပင် အနောက်မြောက် ရာဟုဒေါင့်ဆီမှ ဝံပုလွေအူသံ ကြားလာရပြီ။ ခါတိုင်းကဲ့သို့ ကျွန်ုပ်တို့နှင့်ဝေးရာမှ ညည်း၏ဂီတဖြင့် သီကျူးနေခြင်းမဟုတ်။ သားကောင်၏ရနံ့ရသဖြင့် တော ၏ မှော်ရှိုဟေဝန် အူမြူးနေသော တေးသံ။ အကောင် ၂၅ ကောင်လောက် ရှိပါမည်။ ကြွက်စုတ်များကဲ့သို့ ကျွန်ုပ်တို့ဆီသို့ တစ် တည်း လာနေသည်။

"ကိုနောင်ရိုး၊ ကျည်ဆန် မဖြုန်းနဲ့နော်၊ တစ်ကောင်တည်းသာ တယ်၊ ကျွန်တော် စာအုပ်တွေထဲမှာ ဖတ်ဖူးတယ်"

ဟု ကိုကျော်ရွှေက ဆိုသည်။ မှန်ပေသည်။ ကျွန်ုပ်က ဝံပုလွေ သည်မှာ ကြားသာကြားဖူးသည်။ မကြုံဘူးပေ။ သူ၏ စာတွေ့ တွေ့အကြုံက ဘယ်လိုလဲ။ ကုလားအုပ်တွေက နောက်ပြန်လှည့် ချင်နေသည်။ ကျွန်ုပ်က မျက်နှာချင်းဆိုင် အနောက်မြောက်ဒေါင့် ပြေးလာနေသည့်အကောင်ကို သေသေချာချာ ချိန်၍ ပစ်လိုက် ည်။

ပြေးနေသည့် မြင်းတစ်ကောင်ကို ရှေ့မှ ဝါးလုံးဖြင့် ရိုက်လိုက် ကဲ့သို့ ကျွမ်းပစ်သည် ထွက်သွားသည်။ အံ့ဩစရာပင် ထိုအကောင် နောက်မှ ဝံပုလွေများက အငမ်းမရ ကိုက်ဖဲ့ စားသောက်နေသည်။

မကြုံဖူးပါချေ။ တကယ့် ဟသ်ာကိုးသောင်း ဇာတ်ပျက်သကဲ့
ပင်။ ၁၅ မိနစ်ပင် ကြာမည်မထင်။ နောက်က ပြေးလိုက်လာသည်
ဒီတစ်ခါ မျက်နှာချင်းဆိုင်မှ လာနေခြင်းမဟုတ်။

ကျွန်ုပ်က နောက်ပြန်လှည့်၍ ရှေ့ဆုံးမှ အကောင်ကို ချိန်
ပစ်လိုက်သည်။ လည်ထွက်သွားသည်။ သည်တစ်ကောင်ကိုလည်
နောက်မှ အကောင်များက ဝိုင်းဝန်း ကိုက်ဖဲ့ စားသောက်လိုက်
သည်။ လေးကောင်မျှ သေဆုံးပြီးသောအခါ နောက်ထပ် လိုက်ပါလ
ခြင်း မရှိတော့ပေ။ ဒီတစ်ခါ ဘယ်သူအလှည့်လဲဟု စဉ်းစားကြမ်
ပေါ်သည်။ တောင်ကုန်းလျှိုမြောင်များအတွင်း ပျောက်ကွယ်သွား
သည်။

ဇာကလီက 'ဘုရင်စီလန်'၏ အထောက်တော်များဖြစ်သည
မို့ မီးဖိုဘေးတွင် နွေးထွေးစွာ အိပ်ရသည်။ ဇာကလီကတော့ ကျွမ်
ပေါ်သည်။ ထင်းရှိသောနေရာကို သူက မှန်းဆတတ်သည်။

ညစာကတော့ ဆိုးဝါးလှသည်။ ပဲကြီးတစ်ဆုပ်ကို ဝါး၍
သောက်နေရခြင်းပင် ဖြစ်တော့၏။ လက်ဖက်ခြောက်များ ပါလ
သော်လည်း ဇာကလီက ဘာမှ စီစဉ်မပေး၍ ကျွန်ုပ်တို့မှာ သည
အတိုင်းသာ နေရသည်။ ခရီးစဉ်ကတော့ ပဟေဠိဆန်နေဆဲ။

◆ ◆ ◆



## အခန်း ( ၁၄ )

နောက်တစ်နေ့ နံနက်တွင် ဇာကလီ ဘယ်အချိန်ကတိုင်
အောင် နိုးနေသည် မသိ။ ကုလားပဲပြုတ်နှင့် လက်ဖက်ရည်၏ရနံ့
တို့က သင်းပျံ့နေသည်။ သူ့အိတ်ထဲတွင် နို့ခဲခြောက်များ ပါသလား
သိရပေ။ ယခုထိ ကျွန်ုပ်တို့နှင့် တိုက်ရိုက် မျက်နှာချင်းမဆိုင်ပေ။

"တကယ်ပါပဲ ကိုကျော်ရွှေ၊ ခင်ဗျားကြောင့် ကျုပ်မှာ ဘာခံစား
ချက်မှ မရှိဘဲ၊ သမုဒ္ဒရာအလယ်မှာ မျောချင်ရာ မျောနေတဲ့ သစ်တုံး
သစ်တုံးလို ဖြစ်နေရပြီ"

ကျွန်ုပ်က မဂ်လာနံနက်ခင်းမှာပင် မကျေမနပ်နှင့် ရေရွတ်နေ
သည်။ မှန်ပါ၏။ ကျွန်ုပ်၏ဘဝကို ဘယ်သူက ကြိုးကိုင်၍ ဘယ်ကို
လွှတ်နေမှန်း မသိရသောဘဝ။

"ကူညီလက်စနဲ့ ကူညီလိုက်စမ်းပါဦး မုဆိုးကြီးရာ၊ ဒီခရီးပြီးလို့
ဘုရင်စီလန် အကြောင်းကြောင် လုပ်နေရင် သူ့ကို သင်ခန်းစာလှလှ

ပေးပြီး ပြေးကြတာပေါ့ဗျာ၊ သူပေးမယ့် စိန်တွေလည်း မရချင် နေပါစေတော့"

ဟုဆိုသည်။ ကျွန်ုပ်၏စကားက ကိုကျော်ရွှေ၏စိတ်ကို ထိခိုက်သွားစေသည်။ လက်ဖက်ရည် အဝသောက်ပြီး နံနက်ရှစ်နာရီလောက်မှာပင် မြောက်စူးစူးကို ထွက်ခဲ့သည်။ ကောင်းကင်က မှုန်ရီမှိုင်းပြနေသည်။ လေနုအေးတို့ ကလူကျီစယ် တိုက်ခတ်လျက်ရှိသည်။

ကုလားအုပ် စီးရသည်ကတော့ မြင်းထက်ပင် ငြိမ့်ညောင်းလှသည်။ အပြန်ခရီးစဉ်တွင် ကုလားအုပ်တွေကို ယူခဲ့ရန်ပြန်ရမည်လား။ ခရီးကကော တွင်ပါမည်လား၊ ဒီတစ်ခါတော့ ပြန်ဖို့ကို အလေးအနက် စဉ်းစားနေရပြီဖြစ်သည်။

စိတ်က ကြည်နူးလာလိုက်၊ ရှုတ်ထွေးလာလိုက်နှင့်ပင် ဝေခွဲမရ။

"ခင်ဗျားကို တစ်ခုပြောဖို့ ကျန်နေသေးတယ် မှဆိုးကြီး"

"သူနဲ့ကျွန်တော် မန္တလေးမှာ တွေ့ကတည်းက သူဟာ အင်္ဂလိပ်လို ကောင်းကောင်း ရေးနိုင်ဖတ်နိုင်တာ တွေ့ရတယ်ဗျ"

"အေးဗျာ၊ တိဘက်ဆိုပေမယ့် သူတို့လူမျိုးတွေက နီပေါတို့၊ အိန္ဒိယတို့နဲ့ ဆက်စပ်နေတာကိုး၊ နီပေါမှာကို တိဘက်တွေ ရှိသေးတယ်။ အင်ဖာကနေ မိုင် ၇၀ လောက် ဝေးရင်ကို. . . တိဘက်တွေ ရှိနေတော့ အင်္ဂလိပ်စာ တတ်တယ်ဆိုတာ ဆန်းတယ်တော့ မဟုတ်ပါဘူး"

"ဟိုမှာတည်းက ရှပနန္ဒီဆိုတာ မြန်မာလို မှီးထားတဲ့ဝတ္ထု၊ မူရင်း





အင်္ဂလိပ်လို ရေးထားတာလို့ ပြောတယ်၊ ဒါပေမဲ့ ကျုပ်က ဝတ္ထုကို စိတ်ဝင်စားတာ မဟုတ်တော့ မူရင်းဖြစ်ဖြစ်၊ အမှီးပဲဖြစ်ဖြစ် ကျွန်တော့်အတွက် မထူးခြားဘူး"

"ဒါလည်း ဟုတ်တာပဲ"

"နောက်. . . သူက ခင်ဗျားညီ ကျော်ဆွေဟာ အဲဒီစာအုပ်ထဲက လီအိုဗင်ဆီ ဒါမှမဟုတ်. . . မောင်စောနိုင် ဝင်စားတာ ဖြစ်နိုင်တယ်လို့ ပြောခဲ့ဖူးတယ်၊ ဒါလည်း ကျွန်တော်က ဘယ်ယုံမှာလဲ၊ နောက် သူကတော့ အဲဒီနောက်ကြောင်းတွေ အများကြီး သိထားတယ်တဲ့။ မူရင်းစာရေးဆရာက အာဖရိကတိုက်ကို အခြေခံထားတာ၊ အာဖရိက နဲ့တိဘက် ဘယ်လိုဆက်စပ်တယ်ဆိုတာ မသိရပေမယ့် အီဂျစ်က လိုင့်လိုအရုပ်မျိုးကြီးတွေ တိဘက်မှာ ကျုပ်တို့ မြင်းစီးထွက်ရင်း တွေ့ခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ ၁၅ ပေ၊ ပေ ၂၀ လောက်မြင့်တဲ့ ကုလားထိုင်ပေါ်မှာ ထိုင်နေတဲ့ အရုပ်မျိုးကြီးတွေ"

"သူက ဆက်ပြောတယ်၊ ကိုကျော်ရွှေ ခင်ဗျားက နောင်ထွက်လာမယ့် ဝတ္ထုတစ်ပုဒ်ထဲကို ရောက်သွားရမှာပါ၊ အစိတ်အပိုင်းတစ်ခုအနေနဲ့ပေါ့ဗျာလို့ ပြောတယ်"

"ဒါ ဝမ်းသာစရာ ရှိလားဗျာ။ မှောင်မိုက်ပြီး ဘာအလင်းရောင်မှ မရှိတဲ့ ဥမင်ကိုးဆယ်ဂူကြီးထဲမှာ ခုနစ်ရက်တိတိ ကြာခဲ့ရတယ်၊ စကော်ပီယွန် ကင်းမလက်မဲကြီးတွေနဲ့ ကြုံရတယ်၊ ထင်း မလုံလောက်လို့ ချမ်းချမ်းအေးအေးနဲ့ အိပ်ရေးမဝဘဲ အိပ်ခဲ့ရတယ်၊ ချို့

ချို့တဲ့တဲ့ စားခဲ့သောက်ခဲ့ရတယ်၊ တထိတ်ထိတ်နဲ့ အိပ်ခဲ့ရတယ်၊ ကိုယ်တွေလက်တွေ ညောင်းညာခဲ့ရတယ်၊ ဒါလားဗျ ဝတ္ထု၊ ဘာလုပ်ဖို့လဲ ကြည်နူးစရာတစ်ကွက်မှ မပါတဲ့ဝတ္ထု"

ကျွန်ုပ်၏စကားကြောင့် ကိုကျော်ရွှေမှာ မျက်စိမျက်နှာပျက်ကာ အားတုံ့အားနာ ဖြစ်နေဟန် တူပေသည်။ လူယဉ်ကျေးတစ်ယောက်၏စရိုက်ပုံစံ ပေါ်လာသည်။ ကျွန်ုပ်ပြောသည်ကလည်း အမှန်တွေသာ ဖြစ်တော့သည်။ ဉမင်ကိုးဆယ်လိုဏ်ဂူမှ ဝေဒနာများကို မနေ့တစ်နေ့ကလို ခံစားနေရဆဲဖြစ်သည်။

"နောက်ပြီးတော့ အပြန်ခရီး၊ ဘုရင်စီလန် ပြန်ခွင့်ပြုတယ်ပဲ ထားဦး၊ ဘာမှန်း မသိရတဲ့အန္တရာယ်တွေက စောင့်နေမှာ သေချာတယ်၊ အထူးသဖြင့် ခြေထောက်တွေ၊ ပေါင်တွေ ညောင်းရမယ် ချမ်းအေးရမယ်၊ ထင်း မလုံလောက် ချို့ချို့တဲ့တဲ့ စားရမယ်၊ ဒါကတော့ သေချာတယ်၊ ခွေးတစ်ကောင် ကြောင်တစ်မြီးမှ မတွေ့ဘူးဘဲ ထားဦး၊ အိပ်ရေးပျက်တာကတော့ ကျုပ် မခံစားနိုင်ဆုံး ဝေဒနာပဲ"

ကိုကျော်ရွှေမှာ ဘာပြန်ပြောလို့ ပြောရမှန်းမသိ ဖြစ်နေသည်။

"အင်း. . . ခင်ဗျားကလည်း လူချမ်းသာတစ်ယောက် ဖြစ်နေတော့ ကျသင့်တဲ့ငွေထက် နှစ်ဆပိုပေးပါ့မယ်ဆိုရင်တောင် ခင်ဗျား ကျေနပ်မှာ မဟုတ်ဘူး၊ ကိုင်းဗျာ. . . ကျုပ် ဘာလုပ်ပေးရမလဲ၊ အခု လှည့်ပြန်ကြမလား"

ဟု သူက စိတ်ထိခိုက်စွာ ပြောတော့ ကျွန်ုပ် ကိုနောင်နိုးလည်း ပြန်အားနာရတော့သည်။ အမှန်တော့ နေမှုထိုင်မှု၊ စားမှုသောက်မှုတွေ ချို့တဲ့ခြင်းက ကျွန်ုပ်၏ သမာဓိတည်ငြိမ်မှုကို ဖျက်ဆီးပြီး စိတ်ထဲ ရှိသမျှ ဖွင့်ဟနေမိသည်။

"အေး. . . ဆောရီးဗျာ၊ ကျုပ် စိတ်ထိခိုက်လွန်းလို့ ပြောမိပြောရာတွေ ပြောမိတာပါ၊ အမှန်တော့ ကျုပ် ကျေနပ်လို့ လိုက်လာခဲ့တာပဲ၊ ဒီလိုဒုက္ခတွေ ကြုံရမယ်ဆိုတာ ကြိုတွက်သင့်တာပေါ့၊ ပဲ့နှိုးမဆိုတာကတော့ ကိုယ့်အိမ်ကိုယ်ယာလို ဖြစ်နေတာ၊ ဆယ်မိုင်ကျော်ကျော်လောက်မှာတင် သိပ်မသားနားပေမယ့် ဗိုလ်တဲတစ်ခုတော့ ရှိနေတာပဲ၊ အခုလို လူသူအရောက်အပေါက် နည်းတဲ့နေရာနဲ့တော့ ဘယ်တူမှာလဲ၊ ကိုင်းပါ. . . ခင်ဗျား စကားဆက်စမ်းပါဦး"

ဟု ကျွန်ုပ်က စကားလမ်းကြောင်းကို ပြန်လည် တည့်မတ်ပေးလိုက်သည်။

"ဘုရင်စီလန်က အနုပညာသမားနဲ့ တူတယ်ဗျ၊ တစ်ခုခုကို ကြုံသိနေသလိုပဲ၊ အဓိက အရေးကြီးတာ ယုံကြည်မှုပဲလို့ဆိုတယ်၊ ဒါ ငါ့ရဲ့ချစ်သူပဲ၊ ငါကလည်း သူကလွဲလို့ ဘယ်သူ့ကိုမှ မချစ်ဘူး၊ သူကလည်း ငါကလွဲလို့ ဘယ်သူ့ကိုမှ ချစ်မှာမဟုတ်ဘူးဆိုတဲ့ အလိုလိုနေရင်း သစ္စာရှိနေတဲ့အချစ်ကမှ ယုံကြည်မှုနဲ့ ပေါင်းစပ်နေတာလို့ ဆိုတယ်"

ကျွန်ုပ်က ပြုံးလိုက်သည်။

"အင်း. . . ခင်ဗျားနဲ့ ဘုရင်စီလန်က အချစ်အကြောင်း အတော်ဆွေးနွေးဖြစ်ခဲ့တာပဲ၊ တယ်ဟုတ်တဲ့လူတွေပဲဗျာ"

"အဲဒါကို. . . ဒီခရီးစဉ်က လက်တွေ့ပြမယ်လို့ ကျွန်တော့်ကို

ဩြို့ပြောခဲ့တယ်"

"ခရီးစဉ်က ဆုံးလုပြီပေါ့"

"ထင်ရတာပဲလေ"

ကျွန်ုပ်ကတော့ ကြည့်မြင်တိုင်မှ 'လူလည်' ကိုခင်မောင်တင့် ပြောစကားကို သတိရရင်း ပြုံးလိုက်မိသည်။

"နောက်ဆုံးတော့ အချစ်ဆိုတာလည်း ဘာမှမဟုတ်ပါဘူး။ အလှဆိုတာလည်း ဘာမှမဟုတ်ပါဘူး၊ ခဏပါလို့ သိလိုက်ရတဲ့အချိန်မှာတော့ ကလေးတစ်ပြုံကြီးနဲ့ ဖြစ်နေပြီ။ သံယောဇဉ်တွေ လူမှုရေးတွေ ထွေးလုံးရစ်ပတ်နဲ့ ဘဝဆိုတာ နောက်ဆုံးတော့ မြေကြီးပါပဲဗျာ"

ဟူသော ကိုခင်မောင်တင့်စကားကို သတိရနေမိသည်။ သံဝေဂလည်းရမိသည်။ သို့သော် အသက် ၃၅ နှစ်အရွယ်တွင် ဒီလိုအတွေးမျိုးဝင်မလာသင့်ဟု ယူဆမိသည်။

"ဘာပြုံးတာလဲဗျာ"

ကိုကျော်ရွှေက မေးသည်။

"ထားလိုက်ပါတော့ဗျာ၊ အဲဒီစကားကို ခင်ဗျားမင်္ဂလာဆောင်ကျမှပဲ ပြန်ပြောတော့မယ်"

ဟု ဆိုလိုက်စဉ်မှာပင်. . .

ညာဘက်တောင်ကုန်းပေါ်မှ ဝံပုလွေများ အုပ်စုလိုက်ပေါ်လာသည်။ ဒီတစ်ခါတော့ ကျည်ဆံကုန်ရုံးတော့မည်ဟု စိတ်လေးလံစွာ တွေးလိုက်စဉ်မှာပင်. . .

မြောက်စူးစူးမှ ကျွဲချို(ကဒိုး)မှုတ်သံသဲ့သဲ့ကို ကြားလိုက်ရသောအခါ ဝံပုလွေများ ပျောက်ခြင်းမလှပျောက်သွားသည်။ ဤချိုသံက ပြတ်တောင်းပြတ်တောင်းပေါ်လာသည်။ နောက် လုံးဝအသံတိတ်သွားသည်။



"ပြဿနာပဲဗျို့၊ မွန်ဂိုတာတာတွေများ ချီတက်လာကြပြီလား၊ မွန်ဂိုအကျဉ်းသားဖြစ်သွားရင်တော့ မြန်မာပြည်နဲ့ ဒီတစ်သက်ဝေးပြီထင်ပါရဲ့"

ဟု ကိုကျော်ရွှေက ကျွန်ုပ်အရင် ငြီးတွားလိုက်သည်။ မှန်ပါ၏။

သည်ခရီးသည် အောင်မြင်မှုကော ရှိပါမည်လော၊ စာရာမေတိတောင်ခြေရင်းမှ ဗိုဟန်ဗိုတာတောင်ခြေရင်းရောက်သည်အထိ တငြီးငြီးတမြြုမြြု လိုက်ပါခဲ့ရသည်။ မင်္ဂလာစကားကို ကျွန်ုပ်တို့ မေ့လျော့ခဲ့ရသည်။

ဇာကလီကတော့ ဘာမှမပြော။ ခံစားချက်မဲ့သောအရုပ်တစ်ရုပ်လို ကုလားအုပ်ပေါ်တွင် ထိုင်လိုက်လာသည်။ ရေစုပ်သောက်တာပင် သိပ်မတွေ့ရ၊ သဘာဝဘေးဒဏ်ကြောင့် အလိုလိုနေရင်း တည်ငြိမ်နေပြီလားမသိ။

လေက အရှိန်မြှင့်၍တိုက်ခတ်လာသည်။ ပင်လယ်ပြင်မှာသာဆိုလျှင်၊ လှိုင်းလုံးကြီးများကို ဖြစ်ပေါ်စေနိုင်သောလေပြင်း။ ကုလားအုပ်များက မျက်လုံးကိုမှိတ်ထားသည်။ သဲကန္တာရထဲမှာဆိုလျှင်တော့ ကျွန်ုပ်တို့အားလုံး သဲတောင်ပို့အောက်တွင် နစ်မြုပ်သွားလောက်သည်။

ထိုမုန်တိုင်းကြားမှ လွင့်မျော စီးဆင်းလာသည်က လွမ်းမော
ဖွယ် 'ခေါင်းလောင်းသံ'။

တကယ့်ကုန်းပင်လယ်၏ အလယ်ဗဟိုတည့်တည့်တွင် ရွှေ
ခေါင်းလောင်းကို ချိတ်ဆွဲထားသည်။ လူဆိုးဓားပြများ ဖြုတ်ယူသွား
ခြင်း မရှိသည်ကပင် အံ့ဩစရာ ကောင်းနေပြန်သည်။

တောင်ကမူထဲတွင် အမြင့်ဆုံးတောင်ထွတ်သို့ ကျောက်လှေ
ကားများကို ထွင်း၍ထားသည်။ ဂူပေါက်တစ်ခုကို တွေ့ရသည်။

ဇာကလီက ကုလားဘုပ်ပေါ်မှ ဆင်းကာ အထုပ်ကိုဆွဲ၍ လှေ
ကားအတိုင်း တက်သွားသည်။ ကျွန်ုပ်တို့က အပေါ်သို့ တက်ရမည်
လော၊ အောက်မှာပဲ နေရမည်လော တွေးမရပေ။

ဘုရင်စီလန်၏ဆန္ဒက ဘယ်လိုရှိပါသနည်း။ ဇာကလီကို
အစောင့်အရှောက်သက်သက်လော့။ သို့သော် ခါတိုင်းကလည်း ကျွန်ုပ်
တို့ မပါဘဲလျက် သွားသွားလာလာ ရှိခဲ့ပုံပေါ်ပေသည်။

ဝံပုလွေလောက်ကိုတော့ မှုပုံမရပေ။ ဂူဝကို မြင်တွေ့နေ
သော်လည်း ကျွန်ုပ်မှာ လိုဏ်ဂူကိုမြင်လျှင်ပင် အလိုလိုနေရင်း တုန်
လှုပ်ခြောက်ခြားနေသည်။ စိတ်ကုန်နေသည်။ ဖြစ်နိုင်လျှင် ဂူဝမှာသာ
ထိုင်နေချင်ပါသည်။ ကိစ္စပြီးလျှင် မြန်မြန်ပြန်ရှုံသာ ရှိတော့သည်။

အတော်ကြာမှ ဇာကလီ ပြန်ထွက်လာပြီး ကျွန်ုပ်တို့ကို လက်
ယပ် လှမ်းခေါ်သည်။ မတတ်သာတော့။ လှေကားထစ်များအတိုင်း
အပေါ်သို့ တက်ကြရသည်။ စုန်းမကြီး ဂါဂူးလ်ဆိုသူကိုလည်း မတွေ့
ချင်ပါ၊ သို့သော် ကိုကျော်ရွှေ၏ကိစ္စသည် ဂါဂူးလ်နှင့် ဆက်စပ်နေသည်





ဟုတ်ပါလား။ ဖြစ်နိုင်လျှင် ဂူဝမှာပင် ဂါဂူးလ်နှင့် တွေ့ချင်ပါ၏။
းဘုတ်ကိုင်၍ လိုဏ်ဂူတွင်းသို့ ဝင်ရဦးမည်လော။ ထိုစဉ်မှာပင်
ားမားလူရွယ်တစ်ဦး ထွက်လာပြီး ကိုကျော်ရွှေကို တွေ့သည်နှင့်
စ်ပြိုင်နက် 'ဟာ. . . အစ်ကိုကြီး'ဟုခေါ်ကာ အံ့အားသင့်သွားပုံ
သည်။ တုန်လှုပ်၍လည်းသွားသည်။ ကိုကျော်ရွှေ၏မျက်နှာတွင်
ယုံကြည်နိုင်ခြင်း၊ ကြည်နူးခြင်း၊ ဝမ်းနည်းခြင်းတို့ဖြင့် မျက်ရည်
ားပင် လည်နေသည်။

"ညီလေး. . . ကျော်ဆွေ"

ထိုအသံမှာ ဆို့နင့်ကြေကွဲနေသည်။ ရုပ်ရှင်ထဲမှာကဲ့သို့ တစ်ဦး
ီးတစ်ဦး ဖက်၍ ငိုကြွေးခြင်းတော့ မရှိပေ။

"မင်းက ဆင်ကူးပြည်ကို ကျော်ပြီး မုန်တိုင်းတောင်ကြားထိ
ရောက်လာတာပါလား"

ဖြစ်နိုင်သည်၊ မဖြစ်နိုင်သည်ကို စဉ်းစားစရာပင် မလိုတော့
း၊ လက်တွေ့ထက်၊ ပဓာနကျသောအရာထက် ဘာမျှမရှိ။

ထိုအချိန်မှာ ဇာကလီက ဘယ်ကို ပျောက်သွားသည်မသိ။ ဂူ
တွင်းသို့ ဝင်ရောက်သွားသည်ဟု ထင်သည်၊ ကျွန်ုပ်တို့ ခရီးပန်း
ာသည်ကို သိ၍လားမသိ။ သူညီက ဂူအတွင်းသို့ ပြန်ဝင်သွားပြီး
က်ဖက်ရည်အိုးနှင့် ခွက်များကို ယူလာသည်။

ဂါဂူးလ်၏ လက်ဖက်ရည်သည် အားအင်များ ပြည့်လွှမ်းသွား
သည်။ စီလန် မန္တလေးမှာရှိစဉ်ကပင် ပြောခဲ့သည်။ ဂါဂူးလ်၏လက်
ရည်နှစ်ခွက်ကို သောက်၍ စီလန်က တိဘက်မဏိပူရလမ်း

အတိုင်း ဆင်းလာခဲ့သည် မဟုတ်ပါလား။

မှန်ပေသည်။ ဂါဂူးလ်၏ ဂူတွင်းမှ လက်ဖက်ရည်သည် အ... အသွေးအသားများသာမက အကြောထဲထိ စိမ့်ဝင်သွားအောင်... အာနိသင် စွမ်းပကား ပြင်းပြလှပါသည်။ ကျွန်ုပ်တို့က စီးက... ကိုယ်စီခဲ၍ ကျော်ဆွေ ဘာပြောမည်ကို နားစွင့်နေမိကြသည်။

◈ ◈ ◈



## အခန်း ( ၁၅ )

တစ်ခါတစ်ရံတွင် ဒဏ္ဍာရီနှင့် လက်တွေ့ ရောစပ်သွားပေ...ည်။ အမြဲတန်း ပူးပေါင်းသွားသည်တော့ မဟုတ်ပေ။ ဤသည်မှာ...် စိတ်ရှုပ်ထွေးစရာများ ဖြစ်လာနိုင်သည်။

"ပဲလှော်ချောင်က . . . ကံထူးကော"

"ရေသံတွေ ကြားနေရတယ်ဆိုပြီး မျက်စေ့ရှေ့မှာတင် ဝါး...စ်ရိုက်လောက်ပဲ တောထဲ ဝင်သွားတယ်၊ ကျွန်တော်လည်း သူ့ကို...တ်ရှာရင်းနဲ့ ဆင်ကူးပြည်ကနေ ကျော်ပြီး ဒီဘက်ကို ရောက်လာ...တယ်၊ သူ့ကို ဘယ်လိုမှ ရှာမတွေ့တော့ဘူး"

"တောရဲ့မာယာ လှည့်စားမှုပေါ့ကွာ၊ မြစ်တွေ ပင်လယ်တွေ ...မကြာခဏ လူကို စားတတ်သလို၊ တောကလည်း ဒီလိုလူနည်းစု...ွ ရောက်လာရင် စားပစ်တတ်တယ်ကွ"

"အမှန်တော့ မင်းရောင်ါတို့ရော ဒီလိုက်ခေါင်းဟာ မြုံနွယ်

ပိတ်ပေါင်း မရှိဘူး၊ သစ်ပင်ပေါ်ကနေ လူပေါ်ကို ခုန်ချတဲ့ ဂျပ်တွေ ဒက်တွေ၊ မျှော့တွေ မရှိဘူး၊ တီကောင်တွေလည်း မရှိဘူး၊ တော ဆင်းတောင်တက် မရှိဘူးဆိုတာ မှန်တယ်၊ ပြဿနာက တစ်ခုပဲ တယ်၊ အဲဒါ ထင်းပြဿနာပဲ၊ စားနပ်ရိက္ခာနဲ့ လက်နက်တွေကို ထမ်း ဖို့တင် မဟုတ်ဘူး၊ ထင်းသယ်ဖို့ နောက်ထပ် လူဆယ်ယောက်လောက် နဲ့ ဝင်သွားမှရမှာကွ၊ ထားလိုက်ပါတော့ကွာ၊ မင်း လိုဏ်ဂူထဲထိတော့ ရောက်တယ် မဟုတ်လား"

"ဟုတ်တယ်အစ်ကို၊ အစာရေစာလည်း ချို့တဲ့၊ မလင်းတလင်း အမှောင်ထဲမှာ ဖြတ်သွားနေရတော့ သုံးရက်မြောက်တဲ့နေ့လား မသိ ဘူး အစ်ကိုကြီးရာ၊ ဖြစ်ချင်ရာ ဖြစ်ပစေဆိုပြီး ရှေ့ဆက်မလျှောက် တော့ဘူး၊ မျက်နှာချင်းဆိုင်က ဂူပေါက်တစ်ခုထဲကို စွတ်ဝင်သွားတော့ တာပဲ၊ လိုဏ်ဂူဝကိုလည်း ပြန်မထွက်ချင်တော့ဘူး၊ အဲဒီလို စွတ်ထွက် သွားတော့ ညနေလည်းစောင်းရော ဟူးကောင်းတောင်ရဲ့ အနောက် ဘက်ခြမ်းကို. . . ရောက်သွားတယ်၊ ကုန်းပေါ်လမ်းစာရင် ခရီးတော့ ပေါက်ခဲ့တာပေါ့၊ အတိုးချပြီး ထင်းခြောက်တွေနဲ့ မီးလှုံ၊ ပါသမျှ ချက် ပြုတ်စားကြ၊ နောက်ရက်တွေမှာတော့ ရေက ပြဿနာပဲ၊ အဲဒီ ကြောင့် ကံထူးလည်း တောထဲမှာ ကျန်ရစ်ခဲ့တာပဲ"

ထို့နောက် စကားဆက် ပြတ်သွားသည်။ ကံကြမ္မာကို ယုံ မည်လား။ လောက၏ မာယာလှည့်စားမှုကိုပဲ အံ့သြရမည်လား နိုင်မာသော ရည်ရွယ်ချက်လည်းမဟုတ်။ ရှူးကြောင်ကြောင် ရည်ရွယ် ချက်ဖြင့် လိုဏ်ဂူကြီးထဲကို လူငယ်နှစ်ဦး ရောက်လာခဲ့ကြသည်။





ရေသံကြားသည်ဆိုပြီး တစ်ယောက်က တောထဲမှာ ကျန်ရစ် သည်။ နောက်တစ်ယောက်က ဘာမှ အဆက်အစပ်မရှိသော ကျောက်ထောင်တွေကြားက အဘွားအိုကြီးတစ်ယောက်ထံသို့ ရောက် သည်။

"နို့. . . ဆိုစမ်းပါဦး၊ မင်းက ဒီမှာ ဘာလုပ်နေတာလဲ၊ ပြန်ဖို့ ကော မစဉ်းစားဘူးလား၊ အားထုတ်မကြည့်ဘူးလား"

"ဖြစ်ရာဘဝမှာပဲ ပျော်တော့မယ်လို့တော့ မဟုတ်ဘူး အစ်ကို ကြီးရာ၊ ကျွန်တော် ပြန်ရမယ့်ခရီးကို လက်တွေ့မပြောနဲ့ စဉ်းစားကြည့် တာတင် ကျောချမ်းမိတယ်၊ မလွယ်ပါဘူး"

ထို့နောက် စကားစပြတ်သွားသည်။ ကျော်ဆွေမှာ သူ့အစ်ကို ကြီးသမျှကိုသာ ဖြေနေသည်။ သူက ဘာကိုမှ စတင် မပြောခြင်းက ထူးခြားလှသည်။ ကျွန်ုပ်မှာ ဤလိုဏ်ဂူထဲတွင် ထိုင်နေရသည်မှာ လုံပိတ်ထားသော အခန်းတွင်းမှာ ထိုင်ပြီး စကားပြောနေရသကဲ့သို့ ခံစားနေသည်။ ပြင်ပတွင်တော့ လေက ဝီခေါ်အောင် တိုက်ခတ်နေ သည်။ ဤလိုဏ်ဂူတစ်ဝိုက်တွင် ကျောက်ရေတွင်းတစ်တွင်းတော့ ရှိ သည်ဟု ထင်မိသည်။ ထိုရွှေခေါင်းလောင်းမှာ ရုပ်ရှင်ထဲတွင် မြင်တွေ့ ရသော ပုံစံအတိုင်းဆိုလျှင် ပင်လယ်ပျော် 'ဗိုက်ကင်း' လူမျိုးများ၏ ခေါင်းလောင်းပုံစံ ဖြစ်နေသည်။

ဤကုန်းခေါင်ခေါင်သို့ ဘယ်လိုလုပ်ရောက်နေသည် မသိပါ။ ခေါင်းအနောက်စူးစူးတွင် 'အဘူဆင်ဗယ်'အရုပ်မှာကဲ့သို့ ထိုင်နေသော ခြင်္သေ့ရုပ်ထုကြီးသုံးခု ရှိနေပေသည်။

ဇာကလီက ဘယ်က ပြန်ပေါ်လာသည်မသိ။ ကုလားအုတ်များကို ပဲလုံးများကျွေး၍ ရေတိုက်နေသည်။

လေ ခေတ္တငြိမ်သွားသောအခါ ခေါင်းလောင်းသံက ရပ်သွားသည်။ ထူးခြားမှု တစ်စုံတစ်ရာတော့ ညီအစ်ကိုနှစ်ဦးကြားတွင် ဖြစ်ပေါ်နေသည်။ ဂူဝက တောင်သို့လှည့်ထားသည်။ ဆင်ကူးပြည်ဘက်သို့ မျက်နှာမူထားသည်။ မျက်နှာချင်းဆိုင် အနေအထား။

ကြောင်ထက်ပင် ကြီးမားသော ယုန်ညိုတစ်ကောင်က ခြုံဂွမ်းတစ်ခုထဲသို့ ဆင်းပြေးသွားသည်။ ဒီနေရာဟာ ရှားစားတတ်သူတော့ သူ့ဟာနှင့်သူ ရှိနေသည်ပဲဟု တွေးနေမိသည်။

ကျွန်ုပ်က မအီမလည် အနေအထားမှ ဂူဝသို့ ထွက်၍ ဆေးကရက်တစ်လိပ် ထိုင်သောက်နေသည်။ စိတ်က ရှုတ်ထွေးနေသည်။ သူညီက ကျွန်ုပ်တို့နှင့် ပြန်မလိုက်ဟု စိတ်တွင်းက အလိုလိုသိနေသည်။ စိတ်ရှုပ်အောင် စဉ်းစားနေမိသည်။ ဂါဂူးလ်နှင့်သူ ဘယ်လိုပတ်သက်နေသလဲ။ ဇာကလီကလည်း မျက်နှာကို သေသေချာချာ မမြင်ရ၊ ယောကျ်ားလိုလို မိန်းမလိုလိုပုံစံ။

ထို့နောက် သူတို့ညီအစ်ကိုနှစ်ယောက်လုံး ဂူပြင်သို့ ထွက်လာပြီး အနောက်စူးစူးကို ညွှန်ပြနေသည်။ တစ်မိုင်ခန့် ဝေးသောနေရာတွင် ရုပ်ထုကြီးသုံးခု။ ထိုရုပ်ထုကြီးများ၏နောက်မှ သေးငယ်သော မီးခိုးတန်းကို မြင်နေရသည်။

"အဲဒီမှာ လူရိုင်းတွေ ရှိတယ်၊ အသားတော့ မစားဘူး၊ ဒါပေမဲ့ ရက်စက်ကြမ်းကြုတ်တယ်၊ ကျွန်တော်တို့ကလွဲရင် လူမှန်သမျှ သူ





န်သူပဲ၊ ဆင်ကူးလူမျိုးတွေနဲ့တော့ စစ်မဖြစ်သေးဘူး၊ သူ့အချိန်ကိုယ့်အချိန်နဲ့ လန့်နေကြတာပေါ့။ အခု. . . ကျွန်တော့်ကို ခေါ်လာတဲ့ အဘိုးကြီးက အဲဒီရွာ သွားပြီး ရိက္ခာတွေ သွားယူနေတယ်"

"မင်းကရော. . . "

"ကျွန်တော်. . . အစ်ကိုကြီး လာမယ်ဆိုတာ ကြိုသိနေတယ်၊ အစ်ကိုကြီး ယုံမှာတော့ မဟုတ်ပါဘူး။ အဲဒါကြောင့် လိုက်မသွားတာ"

"ဘာမယုံစရာရှိသလဲကွာ၊ မင်းလို မန္တလေးကကောင် အခု ဟန်ဗိုတာကနေ မိုင် ၅၀ လောက်ဝေးတဲ့ ကျောက်ဂူတစ်ခုတောင်ရောက်နေပြီ မဟုတ်လား"

သူ့ညီ၏စကားအရ သူ့ကို ဤ'မုန်တိုင်းတောင်ကြား' သို့ ခေါ်လာသူမှာ အဘိုးအိုတစ်ဦးဖြစ်ကြောင်း သိရသည်။

သူ့ညီပင်လျှင် ဤခရီးစဉ်ကို ဝတ္ထုတစ်ပုဒ်ဖွဲ့၍ ရလောက်ပြီ။ အမှန်တော့ ထိုနေရာမှာ 'မုန်တိုင်းတောင်ကြား'ဟု နာမည်တွင်နေသော်လည်း လှိုင်းကြက်ခွပ်များကဲ့သို့ တောင်ကုန်းလေးများ ပေါင်းစပ်ထားသည့် တောင်ကုန်းလွင်ပြင်တစ်ခုသာ ဖြစ်ပေသည်။

"ဒီအဘိုးကြီးကကော. . . ဒီမှာ ဘာလာလုပ်နေတာလဲ"

သူက ကျွန်တော့်ကို လိုက်ပို့တာ၊ ကျွန်တော် ပြန်ရင် သူပြန်မှာ

"မင်းကကော ပြန်ဦးမှာလား"

"အစ်ကိုကြီးကို ညီတစ်ယောက်အနေနဲ့ စကားလက်ဆောင်တစ်ခု ပေးပါရစေ။ အဲဒါက 'အချိန်'လို့ လူတွေ ပြောပြောနေတာဆိုတ

အရေးကြီးပါတယ်၊ အချိန်နဲ့ဒီရေသည် . . . လူကိုမစောင့် ဆိုတာ တကယ့်အကျဉ်းအကြပ်အနေနဲ့သာ ဆိုင်ပါတယ်၊ သာမန်တော့ ဘာ မဆိုင်ပါဘူး"

"အင်း . . . လုပ်စမ်းပါဦး။ မင်းတော့ လားမားအဝတ်တွေ ဝ ပြီး တရားဟောဆရာ လုပ်နေဦးမှာလား"

သူညီက တစ်ချက်ပြုံးပြီး . . .

"အခု အစ်ကို ကျွန်တော့်ဆီကို လာရတာ အစ်ကို စိတ်ကျေ သွားရတာပဲ မဟုတ်လား၊ ဒီအတွက် အချိန်တွေ၊ လုပ်အားတွေ၊ တွေ ဘယ်လောက် ကုန်ခဲ့ရသလဲ"

"မင်းက ဒါကို အပြစ်ပြောချင်သေးလို့လား"

"ဒီနေရာမှာ အစ်ကိုကြီးဆိုတဲ့လူကို ခဏဖယ်ပြီး စဉ်းစာ ကြည့်၊ အဲဒီမှုဆိုးကြီး ကိုနောင်ရိုး၊ သူလည်း အစ်ကိုကြီးလောက်တော မဟုတ်ပေမယ့် ချမ်းသာကြွယ်ဝတဲ့ သူတစ်ယောက်ပဲ၊ ကိုင်း အခုခ စဉ်က အချိန်ကုန်တာလေးတစ်ခုပဲ စဉ်းစား၊ သူ့အတွက် ဘယ်လော ဆုံးရှုံးသွားသလဲ၊ အချိန်ဆုံးရှုံးတာကို ပြောတာပါ၊ အဲဒီအချိန်တွေ သူဖြုန်းခဲ့တာ မဟုတ်ဘူး၊ အခု ခရီးစဉ် ဆုံးတော့မယ်၊ သူ့အတွက် ဘာတွေ အကျိုးရှိသလဲ၊ စိတ်ကော ကျေနပ်ရဲ့လား"

"မင်းက ဘာဆိုလိုချင်တာလဲ"

"အချိန်တိုင်းဟာ လူတိုင်းအတွက် မဟုတ်ပါဘူး၊ တစ်နည်း မဟုတ်တစ်နည်း ဟိုလိုလို ဒီလိုလိုနဲ့ အချိန်တွေ ပြုန်းတီးသွားရတာ ချည်းပဲ၊ ဒါပေမဲ့ အချိန်အခါ ပေးလာခဲ့ရင် တစ်ရက်တည်းနဲ့ တစ်သက်



သုံး ရှာလို့မရနိုင်တဲ့ စိန်တုံးကြီး ရသွားနိုင်တယ်၊ တစ်ရက်တည်း မဟုတ်ပါဘူး အစ်ကိုကြီးရာ၊ တစ်မနက်တည်းနဲ့ တစ်သက်စာ ရသွား နိုင်ပါတယ်"

သူ့အစ်ကို ကိုကျော်ရွှေကတော့ မသိ။ ကျွန်ုပ်ကတော့ သဘော ကျ ထောက်ခံနေခဲ့သည်။ တောင်နဝင်းချောင်းဖျားက ဆင်ကြီး ရဲ သမိန်ကို စောင့်ဆိုင်း ချောင်းမြောင်းရသည်မှာပင် ၅ လတိတိ အချိန် ကုန်ခဲ့သည်။ ဆင်ကြီးမှာ မကောင်းဆိုးဝါး စီးနေပြီ။ ဒီဆင်ကြီး သေနတ်ပြီးသည်။ လူနဲ့မဟုတ်၊ သေနတ်တွင်ပါသော သံမဏိပြောင်း ၏ရန့်ကိုပင် သူက ရနေတတ်သည် ဆိုသောစကား (ကောလာဟလ) များကို လက်ခံရမလို ဖြစ်နေစဉ် လင့်စင်မှအထ မျက်မှာပင် မသစ်ရ သေးမီ ဆင်ကြီးကို ပက်ပင်းတွေ့ပြီး တစ်မနက်တည်းနှင့် ဆင်ကြီး သေပွဲဝင်သွားခဲ့ရသည်။ ကျည်ဆန်တစ်တောင့်တည်းသာ ကုန်သည်။

ဤသို့ဆိုလျှင် ထိုဆင်ကြီးရဲသမိန်အတွက် ကျွန်ုပ် အလဟဿ ၅ လတာမျှ အချိန်ကုန်ခဲ့ရသည်မှာ ဘယ်လိုအကြောင်းမျိုးပါလဲ။ ဒီလိုအဖြစ်မျိုး လူတိုင်း ကြုံဖူးပါလိမ့်မည်။ သတိမထားဘဲ တွေးတော ဆင်ခြင်မှု မရှိ၍ မှတ်တမ်း မတင်ခဲ့၍ မေ့မေ့ပျောက်ပျောက် ဖြစ် နေသည်။

"အချိန်ထက် အရေးကြီးတာ . . . အခြေအနေပဲ"

ဟူသောကျော်ဆွေ၏စကားသည် အခြားသူများအတွက် တော့ မသိ။ ကျွန်ုပ်အတွက်မူ တောင်အာဖရိက စိန်တုံးတစ်တုံးကဲ့သို့ တန်ဖိုးရှိလာသည်။ ယခု ဆင်ကူးပြည်တွင်ရှိ စိန်များသည် တောင်

အာဖရိက ထိုမှတစ်ဆင့် မြောက်အာဖရိက၊ ထိုမှတစ်ဆင့် အာရှမိုင်းနား၊ ပါးရှားတို့ကို ဖြတ်ကာ တိဘက်သို့ ရောက်လာခဲ့သည်ဟု အိန္ဒိယမှတ်တမ်းများကို နောင်မှဖတ်ရှုရသည်။ တိဘက်မှာ စိန် မထွက်ပါချေ။

"အခြေအနေ ကောင်းဆိုလာခဲ့ရင် ကျွန်တော် ဒီဂူထဲမှာ နေချင်ပါတယ် ဆိုလို့တောင် နေခွင့်မရတော့ပါဘူး၊ ပြန်ချင်သည်ဖြစ်စေ၊ မပြန်ချင်သည်ဖြစ်စေ လမ်းမှာ သေသည်ပဲဖြစ်စေ၊ ပြန်ကိုပြန်ရမှာပါ၊ အစ်ကိုကြီး မစိုးရိမ်ပါနဲ့"

ကျွန်ုပ်မှာ 'စကားလက်ဆောင်'ဟူသောစကားကို ပြန်ပြောင်းသတိရမိပြန်သည်။ ကျွန်ုပ်မှာ ထိုင်းမှိုင်း ရိဝေလျက်ရှိသည်က ဆယ့်ငါးရက်မကပင် ရှိခဲ့ပြီ။ စာရာမေတီတောင်ခြေရင်း ဦးမင်းကိုးဆယ်လိုက်ဂူသို့ စဝင်သည်မှ ယနေ့ထိဖြစ်တော့သည်။

သို့သော် လူသည် ဘာမှမဟုတ်။ အခြေအနေ မပေးခဲ့လျှင် နလပိန်းများကဲ့သို့ ဘာမှဖြစ်မလာဘဲ အလဟဿ အချိန်ကုန်ဆုံးရသည်ဆိုသောစကားကြောင့် ကျေနပ်လျက်ရှိသည်။

ထိုစကားကို လက်ခံကြရန် ကျွန်ုပ် တိုက်တွန်းခြင်း မရှိပါချေ။ လက်ဖျား ငွေသီးနေသူများအတွက်တော့ အချိန်က တန်ဖိုးရှိပါ၏။ ကျွန်ုပ်မှာ မုဆိုးလိုင်စင် ရရန်သော်လည်းကောင်း၊ မင်္ဂနမ်ရိုင်ဖယ်ကြီး ကိုင်ဆောင်ခွင့် ရရန်သော်လည်းကောင်း၊ စောင့်ဆိုင်းရင်း အချိန်ကုန်ဆုံးခဲ့ရသည်။ အချိန်တွေ အလဟဿ မဖြစ်စေနဲ့၊ ရိုင်ဖယ်ကြီး ဝယ်ခွင့်မရသေးခင် ကိုယ့်ရဲ့ရှိပြီး အိန်းဖီးလ်ရိုင်ဖယ်လေးနဲ့ လေ့ကျင့်ပါတော့လားဟု ဆရာလုပ်တတ်သော ဥပဒေသကာလို လူစားမျိုးကို





သည်း ကြုံခဲ့ဖူးပါသည်။

ထိုအခါ ဆန္ဒစောခြင်း၊ မိမိကိုယ်မိမိ အားမလိုအားမရ ဖြစ်ခြင်းတို့ အခိုက်အတန့် ပပျောက်သွားရသည်။

[ သို့သော် မှန်ပေသည်။

အင်္ဂလိပ်ဝတ္ထုရှည်များကို ဖတ်ရှုနိုင်စွမ်းသော အရိုင်းအစိုင်းဟုတ်သည့် ဘုရင်စီလန်က ကျွန်ုပ်တို့သည် ဝတ္ထုတစ်ပုဒ်၏ အစိတ်အပိုင်းတစ်ခုအတွင်းသို့ ဝင်ရောက်နေခဲ့ပြီဖြစ်ကြောင်း ရယ်စရာဖြစ်ပြောခဲ့သည်။ မှန်ပေသည်။ ထို စိုဟန်ဗိုတာတောင်တန်းကြီးသို့ ရောက်ချိန်တွင် ကျွန်ုပ်မှာ အသက် ၃၅ နှစ်ကျော်ရုံသာ ရှိသေး၏။ ကိုကျော်ရွှေသည်လည်း အသက်၃၅ နှစ်သာ ရှိပါဦးမည်။ နောက် ၁၅ နှစ်အကြာတွင် ကျွန်ုပ်သည် မုဆိုးအလုပ်ကို အပြီးတိုင်နှုတ်ခဲ့၏။ ဝတ္ထုစာအုပ်များကိုတွေ့လျှင် မငြီးငွေ့စတမ်း အချိန်ကုန်၍ကုန်မှန်းမသိ ကုန်ခဲ့ရသည်။

ရှုပနန္ဒဝတ္ထု၏နောက်ပိုင်းတွင် လူအများ တသသဖြစ်ရ၏။ တတ်လမ်းမှာ မတင်မကျ၊ သို့လောသို့လောနေရာမှာပင် အဆုံးသတ်သွား၏။ နောင်သော် 'ရှုပကလျာဏီ' ခေါ် ဝတ္ထုရှည်ကြီးတစ်ပုဒ်ကို ဆရာကြီးရွှေဥဒေါင်းက ထပ်မံ ရေးသားထုတ်ဝေလိုက်သည်။

ထိုအခါမှပင် ကျွန်ုပ် မုဆိုးကြီးကိုနောင်ရိုးသည် ကမ္ဘာကျော်ဝတ္ထုရှည်ကြီးတစ်ပုဒ်တွင် နာရီပိုင်းမျှ ခေတ္တပါဝင်ခဲ့ရသည်ကို တသသကျော်ယူမဆုံး ဖြစ်ခဲ့ရပါ၏။

ဘယ်သောအခါမှ ငြိမ်းမည်မဟုတ်သော 'အာယုဒီယ မီးလျှံကို

ပက်ပင်းကြုံခဲ့ရပါလျက် မကြည့်ခဲ့မိသည်ကိုလည်းကောင်း၊ စုန်းမကြီး ဂါဂူးလ်နှင့် တွေ့ဆုံခွင့်ရပါလျက် မတွေ့ဆုံဖြစ်ခဲ့သည်ကို နောင်တရ၍ မဆုံးနိုင်အောင် ရှိရပါသည်။

ယခု ဝတ္ထုကို သီးခြားဖတ်ရှု၍ရပါသည်။ အကျယ်တဝင့်ကို စိတ်ဝင်စားလျှင် ဆရာအောင်ခန့် ဘာသာပြန်သော 'ပညာရှင် သခင်မ'ကို ရှာဖွေ ဖတ်ရှုနိုင်ပါသည်။ ]

◈ ◈ ◈



## အခန်း ( ၁၆ )

## အချစ်တောင်တန်းနှင့် သစ္စာတောင်တန်း

အချိန်မည်မျှ ကုန်ဆုံးသွားခဲ့ပြီ မသိပါ။ ကျွန်ုပ် ဝေးမောတွေး တောရာမှ သတိပြန်လည်လာသောအခါ ညနေစောင်းနေခဲ့ပြီး နေ ရောင်က အနောက်စူးစူး တောင်တန်းများတွင် တစ်ဝက်သာ ထွန်း လင်းနေတော့သည်။

"မင်းပြောတာတွေ တစ်ခုမှ မဖြစ်နိုင်ပါဘူးကွာ"

ကိုကျော်ရွှေ၏အသံပင်ဖြစ်သည်။ သူက သူ့ညီပြောသမျှကို ဆင်ခြေဟု ထင်နေသည်။ စုန်းမကြီး ဂါဂူးလ်က သူ့ညီကို ဖူးသွင်းလိုက် ပြီး ဆေးခတ်လိုက်ပြီဟု မှတ်ယူပုံ ပေါ်နေသည်။

အစ်ကိုကြီးအဖအရာ ဖြစ်နိုင်ပါပေသည်။ ယခုလည်း ကို ကျော်ရွှေက ကိုယ့်သားသမီး၏အပြစ်နှင့် အားနည်းချက်များကို မမြင် နိုင်ပဲ ဟိုကလေးနှင့် ပေါင်းလို့ ဟိုကလေးက ဖျက်ဆီးလို့ စသဖြင့် ကိုယ့်မျက်ချေးမမြင်ဘဲ အပြစ်ဖို့သကဲ့သို့ ယခုလည်း သူ့ညီ သူ့နောက်

သို့ ပြန်မလိုက်ခြင်းကို အဘွားကြီး ဂါဂူးလ်ကို အပြစ်ဖို့နေပုံ ပေါ်သည်။

"ယုံကြည်မှုဆိုတာ အချစ်ထက် တန်ဖိုးရှိပါတယ် အစ်ကိုကြီးရာ"

သူ့ညီကျော်ဆွေ၏ အသံပင်ဖြစ်သည်။

မှန်ပေသည်။ ယုံကြည်မှုသည် သစ္စါတရားနှင့် ဆက်စပ်နေသည်ဟု ဘုရင်စီလန်က မန္တလေးမှာပင် ပြောခဲ့သည်ဟု ကိုကျော်ဆွေကပင် ပြောခဲ့သည်။ အချစ်တွင် မွေ့လျော်သူတစ်ဦးသည် မိန်းကလေးတစ်ဦးအပေါ်မှာပင် သစ္စာရှိနိုင်ပါမလား။ သူ ရွေးချယ်ခဲ့သော မိန်းကလေးတစ်ဦးအပေါ် သစ္စာမရှိဘူးဆိုလျှင်ပင် အချစ်အပေါ် သစ္စာရှိသည်ဟု မဆိုနိုင်ပါ။

"အေးလေ. . . ဒါဆိုရင် မင်းသဘောပဲ၊ ငါ့တာဝန်ကတော့ ကုန်ပြီ"

ဟုဆိုကာ ထိုင်ရာမှ ထလိုက်သည်။

"ကိုင်း. . . ကိုနောင်ရိုး ပြန်ကြရအောင်ဗျာ"

ဟု ဆိုသည်။

ကျွန်ုပ်က ပြုံးလိုက်ပြီး. . .

"ဒါလောက် အဝေးကြီး စွန့်စွန့်စားစား လာခဲ့ပြီးမှ ပြန်တော့မလို့လားဗျာ. . .၊ တစ်ညလောက်တော့ အိပ်ပါဦး။ အခုနေသွားရင် လမ်းမှာ နှစ်ညလောက် အိပ်ရဦးမယ်၊ ဒီညပါ ထည့်တွက်ပေါ့ ဝံပုလွေတွေရန်က တထိတ်ထိတ်နဲ့ အိပ်ရတာ၊ ဒီမှာ တစ်ညတလေ





တော့ အိပ်ရအောင်၊ ကျုပ်က. . . လိုက်ဂူဆိုရင် ခင်ဗျားထက်တောင် ပိုပြီး စိတ်ကုန်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် တစ်ညလောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ချင်တယ်ဗျာ"

ဟုဆိုသဖြင့် သူက ဘာမှပြန်မပြောဘဲ ငြိမ်နေသည်။ ဂါဂူးလ်၏ အရိပ်အယောင်ကိုကား လုံးဝ မမြင်တွေ့ရချေ။

ထိုစဉ်မှာပင် အဘိုးကြီးတစ်ဦး အိတ်တစ်အိတ်ကို ထမ်း၍ ပြန်ရောက်လာသည်။ မောင်ကျော်ဆွေက လှေကားရင်းထိ ဆင်း၍ ကြိုဆိုကာ အိတ်ကိုယူပြီး အတွင်းသို့ ခေါ်ဆောင်သွားသည်။

ကျွန်ုပ်တို့နှင့် လုံးဝ မိတ်ဆက်ပေးခြင်း မရှိပါချေ။ လိုတော့လည်း မလိုပါချေ။ သူပြောသောစကားကို ကျွန်ုပ်တို့ နားလည်မည် မဟုတ်သလို ကျွန်ုပ်တို့ ဘာသာစကားကို သူ နားလည်မည် မဟုတ်ပါ။ သို့သော် မောင်ကျော်ဆွေကော တိဘက်လို စကားတတ်သွားပြီလားဟု တွေးမိသည်။

ထိုအဘိုးကြီးမှာ အသက်ကြီးသည်နှင့်အမျှ ရင့်ကျက် တည်ငြိမ်သူတစ်ဦးဖြစ်မှန်း သတိပြုမိသည်။ ထိုစဉ်က အဘိုးကြီး၏နာမည်ကို ပြောသော်လည်း ကျွန်ုပ် မေ့သွားပါပြီ။

(စိတ်ဝင်စားမှုရှိလျှင် ဆရာအောင်ခန့်၏ 'ပညာရှင်သခင်မ' ဝတ္ထုကို ရှာဖွေဖတ်ရှုပါက ကာလီကရိတ်ခေါ် မောင်ကျော်ဆွေနှင့် အတူတွေ့ရသော အဘိုးကြီးဖြစ်ပါသည်။ မြန်မာအမည် ဦးဖိုးထော် ဖြစ်နိုင်ပါသည်။)

ညနေဘက် လက်ဖက်ရည်ကလည်း တစ်မျိုးကောင်းနေသည်။

ဂျိုနှင့် လုပ်သောမုန့်မှာ သူချည်းဆိုလျှင် အာသာမပြေ၊ လက်ဖက်ရည်နှင့် အစားပိတ်လိုက်သောအခါ အာသာပြေ ကျေနပ်သွားရသည်။ ခါတိုင်းဆိုလျှင် အဘိုးကြီး၊ စုန်းမကြီး ဂါဂူးလ်နှင့် မောင်ကျော်ဆွေတို့ သုံးဦးသာ ရှိပေမည်။

ထိုကျောက်ဂူဝမှနေ၍ နေဝင်ဆည်းဆာကို ကြည့်ရသော ရှုခင်းမှာ နောင်နှစ်ပေါင်း အတော်ကြာသည်အထိ ဘယ်လိုမှ မေ့မရသော ရှုခင်းဖြစ်ပါသည်။ ကိုကျော်ရွှေနှင့် သူညီကတော့ ယခင်ရှေးဟောင်းနှောင်းဖြစ်များကို စားမြုံ့ပြန် ပြောဆိုနေကြသည်။ ယခု လောလောဆယ် အကြောင်းအရာများကို ပြောဆိုခြင်း မရှိတော့ပေ။

ကျောက်ဂူမှာ အတွင်းတွင် အတော်ရှည်လျားပေဦးမည်။ စားနပ်ရိက္ခာများ သိုလှောင်သော အခန်းလည်း ရှိဦးမည်ထင်သည်။ သို့သော် ဝင်ကြည့်လိုသောစိတ် မရှိပါ။ ကျွန်ုပ်တို့ကို ဧည့်ခံစကားပြောသူမှာ ကျော်ဆွေတစ်ဦးတည်းသာဖြစ်သည်။

ကျန်လူများအားလုံးမှာ ငြိမ်သက်နေသော်လည်း ကျွန်ုပ်တို့သုံးဦးအား အကဲခတ်နေမည်မှာ ယုံမှားသံသယရှိစရာ မလိုပေ။

ဂူ၏အတွင်းပိုင်းတွင် နီရဲတောက်ပသော ပတ္တမြားသွေးရည်အလင်းတန်းများ ယှက်ဖြာနေသော်လည်း မီးခိုးများ ထွက်လာခြင်း မရှိသဖြင့် အံ့သြရသည်။

"သူ မီးပုံထဲ ဆင်းရမယ့်နေ့နဲ့ နက္ခတ်ကို စောင့်နေတာပဲ"

"အင်း"

ကိုကျော်ရွှေ၏ စိတ်ပါလက်ပါ မရှိသော အင်းလိုက်သံပင်





ဖြစ်သည်။

"အဲဒါပြီးရင်တော့ အာဖရိကတိုက် အလယ်ပိုင်းက မြို့ပျက်ကြီးဆီ ပြန်မှာပဲ"

ကျွန်ုပ်က မောင်ကျော်ဆွေဘက်မှ ယုံကြည်ထောက်ခံနေမိသည်။ လူသူကင်းဝေးသော ရေမရှိသလောက် ရှားပါးသော လူရိုင်းများရှိသော တောင်ကုန်းကန္တာရတစ်ခုရှိ ဂူထဲတွင် ဝံပုလွေများ ဝန်းရံလျက် ဘဝတစ်ခုကို တည်ဆောက်နေသူတစ်စု။

(ဂါဂူးလ်၊ အဘိုးကြီး၊ မောင်ကျော်ဆွေ) တို့သည် အာဖရိကတိုက်အလယ်ပိုင်း ရှေးဟောင်းမြို့ပျက်ကြီးသို့ ပြန်မရောက်နိုင်ပါဟု စကားကိုကပ်၍ မပြောသင့်ပေ။ သူတို့အတွက် အခက်အခဲဆိုသည်မှာ နေ့စဉ် ရင်ဆိုင်နေကျဖြစ်သည်။

ခံနိုင်ရည်ရှိခြင်းမှာ ယုံကြည်ချက်နှင့် သက်ဆိုင်နေပေသည်။ ယုံကြည်မှု မရှိသော ခရီးစဉ်အတွက် မည်သူမှ ခြေညောင်းမခံချင်ပါ။ သခုပင်ကြည့်လေ။

ထိုလိုဏ်ဂူ့ထဲတွင် အိပ်စက်ရသည်မှာ ခေါင်းအုံးသစ်သားဘုံးပေါ်တွင် သိုးရေပတ်ထားသည်မှလွဲ၍ ဘာမှမရှိပါ။ စောင်မပါခြင်ထောင်မပါဘဲလျက် ချမ်းအေးခြင်း၊ ခြင်ကိုက်ခြင်း၊ ပူလောင်အိုက်စပ်ခြင်းမရှိဘဲ ခပ်နွေးနွေး အနေအထားဖြင့် အိပ်စက်ရသည်မှာ အံ့သြစရာကောင်းလှတော့သည်။

လဆုတ်ညက လောကဓာတ် တောင်ကုန်းတစ်ခုလုံးကို ဖြန့်ကျက်လိုက်ပြီ။ လုံခြုံစိတ်ချ နွေးထွေးသောနေရာတွင် အိပ်စက်ရ

သည်မှာ ဟိုအဝေးလွင်ပြင်များဆီမှ ဝံပုလွေအူသံကပင် ည၏တေ သံတစ်ပုဒ် ဖြစ်နေသည်။ ဘာသာဘာဝ အော်ဟစ်နေကြသည်ဟု သဘောထားနိုင်သည်။ ကွင်းပြင် ချောက်ကမ္ဘားထဲတွင် အိပ်စက်ရပ က ဝံပုလွေသံကြားလျှင် ဆောက်တည်ရာမရ ဖြစ်ရဦးမည်။ ထိုည သည် ခရီးစဉ်တစ်လျှောက်လုံး အိပ်ရေးဝဝ အိပ်ရသောညပင်ဖြစ်၏။ ထိုခရီးစဉ်အတွက်သာ မဟုတ်၊ ကျွန်ုပ်၏ဘဝတစ်လျှောက် နှစ်နှစ် ခြိုက်ခြိုက် အိပ်ရသောညဖြစ်သည်။

ခြေရာကောက်မုဆိုး (ပရိဒေတာ) လင့်စင်ကို စောင့်ကြည့်ရသ (နိုက်ကီပါး) ဘဝဖြင့် အိပ်ရေးပျက်ရသော ညပေါင်းများစွာကို ဖြတ်သန်းခဲ့ရသည်ကို စာဖွဲ့နေစရာ မလိုပါ။

နံနက်လင်းထဲက အားလုံး အဆင်သင့်ဖြစ်နေပေပြီ။ ကျွန်ုပ် တို့မှာ မျက်နှာသစ်ပြီးပြီ။ ရှမ်းပြည်နယ်မှ ခေါပုတ်လို မုန့်များစွာကို ထည့်ပေးလိုက်သည်။ အထူးကောင်းသော တိဘက်လက်ဖက်ရည်များ ကို စစ်သုံးရေဘူးများတွင် ထည့်ပေးလိုက်သည်။

ဇာကလီမှာ ကုလားအုပ်ပေါ်သို့ ရောက်နေပေပြီ။ ကျွန်ုပ်တို့ လှေကား (ကျောက်လှေကား) မှ စဆင်းသောအခါ ကျောက်ဂူဝတွင် မောင်ကျော်ဆွေ၊ အဝတ်ဖြူ (ဇင်စကဲ့သို့အစတစ်မျိုး) ကို တစ်ကိုယ်လုံး လွှမ်းခြုံထားသော၊ မျက်နှာကို မမြင်ရသော အမျိုးသမီးတစ်ဦး၊ အဘိုး အိုတစ်ဦးတို့က ထွက်၍ နှုတ်ဆက်သယောင်ဖြင့် မတ်တတ်ရပ်နေကြ သည်။

ပါးစပ်က ဘာမျှ ရေရွတ်ပြောဆိုခြင်း မပြုပါ။ ခေါင်းမြီးခြုံ



မျိုးသမီးက ကိုကျော်ရွှေကို ဦးညွှတ်၍ နှုတ်ဆက်လိုက်သောအခါ ျွန်ုပ်မှာ အလိုလိုနေရင်း မျက်ရည်များ လည်လာသည်။ ဘာကြောင့် း မသိပါ၊ အားရပါးရ ရှိုက်ကြီးတငင် ငိုချလိုက်ချင်သည့်စိတ် ပေါ် ာသည်။

ကျွန်ုပ်မှာ မုဆိုးကြီး ဖြစ်သော်လည်း အသည်းမမာလှပါ၊ ထုကို ဒုက္ခပေးသော တောကောင်ဆိုးကြီးများနှင့် ရိက္ခာအရေး ါ် လိုအပ်မှသာ ချေ၊ ဆတ်၊ တောင်ဆိတ်များကို ပစ်ခတ်ခဲ့ပါသည်။

မောင်ကျော်ဆွေ၏မျက်နှာမှာ ဆီးရွက်ပမာဏသာ ရှိတော့ ည်။ ဘာပဲပြောပြော၊ တစ်အူတုံ့ဆင်း ညီရင်းအစ်ကို နှစ်ယောက် ည် ဘဝအတွက် အပြီးတိုင်ကွဲရပြီ ဟူသောအသိက ကျွန်ုပ်ကဲ့သို့ းလူများပါ စိတ်ထိခိုက်စေသည်ဆိုပါလျှင် ကာယကံရှင်များကိုယ် င် ဘယ်လို ခံစားနေရမည်ကို မှန်းဆမရအောင် ရှိပါသည်။

ကျွန်ုပ်က မကြည့်ချင်သဖြင့် လှေကားခြေရင်းသို့ အမြန်ဆုံး သွက်သွက် ဆင်းလာခဲ့သည်။

ကိုကျော်ရွှေကမူ မြန်မာ့ရုပ်ရှင်များထဲကကဲ့သို့ အစ်ကိုကြီး ခါကာ နောက်က ပြေးလိုက်လာမည့် မောင်ကျော်ဆွေကို မျှော် င့်သည်လား မသိပါ။ ဖြည်းညင်း လေးတွဲ့စွာ ဆင်းလာနေသည်။ မာနလပြိန်းလောကတွင် စကားလုံးတချို့ရှိသည်။ မိန်းမသေရင် းမအစား ရတယ်၊ ညီမသေရင် ညီမအစား ရတယ် ဟုဆိုကြသော် ည်း အချစ်အတွက်နှင့် ဆွေမျိုးသားချင်း၊ မိဘမောင်ဘွားအားလုံး စွန့်လွှတ် ခွဲခွာနိုင်ပေသည်။ သီပေါမင်း၏ သမီးတော်နှစ်ဦးကို

ကြည့်လျှင် သိသာနိုင်သည်။

သူတို့ ဘယ်သောအခါမှ မြန်မာပြည်သို့ ပြန်မလာတော့ပေ ထိုအချိန်က အစားအစာ (စားဝတ်နေရေး) ခက်ခဲလှသော အိန္ဒိယ တွင် ဖြစ်သလို ရုန်းကန်ရင်း ကျန်ရစ်ခဲ့သည် မဟုတ်ပါလား။ ယ လည်း မောင်ကျော်ဆွေမှာ အစ်ကိုကြီးဖြစ်သူအား လုံးဝစွန့်ခွာလျက ရပိုင်ခွင့်ရှိသော အမွေများကို လစ်လျူရှုလျက် တောင်ကုန်းလွင်ပြ တွင် စုန်းမကြီးဟု အများက သတ်မှတ်ထားသူ အဘွားကြီးတစ်ဦ ကိုယ်ရံတော် အဘိုးကြီးတစ်ဦးတို့နှင့်အတူ ကျန်ရစ်ခဲ့သည်။

(မောင်ကျော်ရွှေနှင့်စုန်းမကြီး ဂါလူးလ်တို့၏ ဆက်စပ် ပ သက်မှုကို ဆရာအောင်ခန့်၏ ပညာရှင်သခင်မတွင် ရှာဖွေ ဖတ် နိုင်ပါသည်။ ထိုအထဲတွင် ဥရောပစာရေးဆရာ ဖွဲ့ဆိုထားသေ ကာလီကရိတ်ဆိုသူမှာ မောင်ကျော်ဆွေဖြစ်ပါသည်။)

ကိုက်တစ်ရာမျှ ခရီးပေါက်မိသောအခါ ကျွန်ုပ်က မြောက် စူးသို့ သမင်ပြန်လည် လှည့်ကြည့်မိသည်။ ဂူဝတွင် ရပ်နေသော သုံးဦးကို အရုပ်ကလေးများပမာသာ မြင်ရတော့သည်။

လူသားနှင့် ဘဝဆိုသည်မှာ ကိုယ့်လမ်းကိုယ် သွားနေကြသ မဟုတ်ပါလား။

သမင်လည်ပြန်ကြည့်ရင်း ဂူဝတွင်ရပ်နေသော ထိုလူသုံးဦ ကို ရေးရေးမျှပင် မြင်ရသလောက် ကျွန်ုပ်ဘဝမှာ ဝမ်းနည်းကြေ ခြင်း မဖြစ်မိပါ။ ကျွန်ုပ်၏မိဘနှစ်ပါးမှာ အသက်အရွယ် ပြည့်ဝ နေထိုင်ခဲ့ရပြီး သူတို့၏ ဘဝတစ်လျှောက်လုံး စိတ်မချမ်းသာစ





ရ၍ မတွေ့ရဘဲ၊ ဘာဝေဒနာမှ မခံစားရဘဲ ဘဝတစ်ပါးသို့ ပြောင်း သွားခဲ့ပါသည်။ ကျွန်ုပ် ကျေနပ်ပါသည်။ လူမှန်လျှင် သေရမည်ဖြစ် ပါသည်။

သို့သော် လူသူ ဝေးခေါင်လှသော မိုင် ၅၀ ပတ်လည် တောင် တုံး၊ ကန္တာရကျောက်ဂူတွင် ကျန်ရစ်ခဲ့သော လူသားသုံးဦး၏ဘဝကို င်းစားမိတိုင်း ဘယ်လိုမှ ဖြေဆည်၍ မရနိုင်အောင် ရှိပါ၏။ သူတို့ ဘဖရိကရှိ သူတို့နေရာ 'ကိုး'မြို့ပျက်ကြီးကို ပြန်နိုင်ကြပါစေဟု တောင်းမိသည်။ တစ်မိုင်ကျော်လာမှ ကိုကျော်ရွှေက စ,စကားပြော ည်။ ကျွန်ုပ်လည်း သိပါသည်။ သို့သော် ယဉ်ကျေးမှုအရ မမေးခြင်း ပါသည်။ သူက ဝမ်းနည်းစွာ စကားဆိုသည်။

"ကျွန်တော့်ညီတော့ အဘွားကြီးဂါလူးလ်နဲ့ အကြင်လင်မယား နေပြီ"

◆ ◆ ◆

## အခန်း ( ၁၇ )

## ဘဝ သို့မဟုတ် စောင့်ဆိုင်းခြင်း

မိန်းကလေးသည် မစောင့်ဆိုင်းနိုင်သဖြင့် မိန်းမယုတ်များ ပေးသော ဖယောင်းတိုင်ကို ညဉ့်လယ်ယံတွင် ထွန်းညှိလိုက်သည်။

ထိုအခါ သူမ၏ချစ်သူသည် နွားခေါင်းနှင့် သတ္တဝါကြီး ဟုတ်ဘဲ ရုပ်ရည် ချောမောလှသော လုလင်တစ်ဦး ဖြစ်နေ၏။ သူ ချစ်သူနှင့် ဘယ်အခါမှ မဆုံရတော့။ သူမအတွက် ပင်ဒိုရာ မျှော်လင့် ခြင်းသေတ္တာကိုသာ ပေးခဲ့သည်။

တားရော့ (၂၉း၃၀)

ထို့နောက် ကိုကျော်ရွှေက စကားကို ဆက်သည်။

"ဟုတ်တယ် မဟုတ်ဘူးဘဲ ထားပါဦး. . . မုဆိုးကြီးရော၊ ခင်ဗျား လူဝင်စားကို ယုံသလား"

"ဘာ မယုံစရာရှိသလဲ၊ လယ်တီဆရာတော်ဘုရားကြီးက လူ ဆိုင်း လူဝင်စားသာဖြစ်သည်။ မှတ်မိသူနဲ့ မမှတ်မိသူသာ ကွာခြား

သည်လို့ အတိအလင်း ရေးခဲ့၊ ဟောခဲ့ဖူးတာပဲ မဟုတ်လား"

"အေးဗျာ၊ လယ်တီဆရာတော်ဘုရားကြီးကတောင် ဟော
တယ်ဆိုတော့ မယုံလို့ ဘယ်ဖြစ်တော့မလဲ"

သည်တစ်ခါတော့ လေကိုဆန်၍ သွားရခြင်း မဟုတ်တော့
မြောက်လေအေးက ကျွန်ုပ်တို့ကို ဗိုဟန်ဗိုတာတောင်ခြေသို့ တွန်း
သလို ဖြစ်နေသည်။ ရွှေခေါင်းလောင်းသံက ကျွန်ုပ်တို့ကို နှုတ်ဆက်
နေသည်။

"ဒီလိုဗျ. . . မောင်ကျော်ဆွေ ပြောတာက ဂါဠုလ်ဟာ သူ့
နာမည်အရင်းက 'အေရှား'တဲ့။ သူကတော့ ကျွန်တော် လိုက်ကြည့်
လိုက်တဲ့ 'အာယုဒီယ'မီးလျှံကြောင့် တစ်ဘဝပြီး တစ်ဘဝ ဖီးနစ်ငှက်
လို မသေဘဲ နေနိုင်တယ်တဲ့ဗျ၊ သူနေရပ်က အာဖရိကမှာပေါ့ဗျာ
အချိန်တန်လို့ အာယုဒီယမီးလျှံထဲကို ဆင်းချိန်တန်ရင် အာဖရိက
ကနေ တိဘက်ကို အရောက်လာရတာပဲ၊ ခပ်ရိုင်းရိုင်း ပြောရရင်
လပြည့်လကွယ်တွေမှာ 'အောင်သန်းတင်'တို့ စုန်းတောက်စားသလို
ပေါ့ဗျာ။(အောင်သန်းတင်မှာ ဘုရားကြီးဇာတ် အငြိမ့်မင်းသမီး တစ်
လက် ဟုဆိုပါသည်။ အတိအကျ မသိရပါ၊ တိုက်ဆိုင်မှုရှိက ခွင့်လွှတ်
ပါ။) အဲဒါနဲ့ သူ ဘယ်အချိန်ကစပြီး အသက်ရှင်နေသလဲဆိုရင် ကမ္ဘာ
ပထမဆုံး သူ့ရဲ့ကောင်းကြီး 'အာချီလီး' လက်ထက်ကတည်းကပဲ၊ သူ
ဟာ (အေရှားကို ဆိုလိုသည်) ဘဝတိုင်း. . . ဘဝတိုင်းမှာ သူ့ချစ်သူ
'ကာလီကရိတ်' နဲ့ ရှင်ကွဲကွဲရတယ်၊ ကာလီကရိတ်က ဘဝတစ်ခုမှာ
သူ့ဆီကို လီအိုဗင်ဆီအနေနဲ့ ပြန်လာတယ်၊ နောက် သေဆုံးသွားတယ်





နောက်ဘဝတစ်ခုမှာ မောင်စောနိုင်အနေနဲ့ ပြန်လာတယ်၊ ရှင်ကွဲကွဲ
ရတယ်၊ မောင်စောနိုင် သေဆုံးသွားတယ်၊ အဲသလို ဘဝတိုင်း ဘဝ
တိုင်း ချစ်သူကို မြောက်စူးစူးတောင်ကုန်းတွေပေါ်က အရှယ်ရောက်
လာသည်အထိ စောင့်ရတဲ့ဘဝကို ငြီးငွေ့လာတယ်"

"အင်း. . . ဟုတ်တာပေါ့လေ၊ လူအဖြစ် ပြန်မွေး၊ အနည်းဆုံး
သူနဲ့တွေ့ဖို့၊ တောင်ဘန်းကြီးတွေကို ဖြတ်ကျော်လာဖို့ အနည်းဆုံး
၂၅ နှစ်တော့ စောင့်ရမှာပဲ"

"ဟုတ်တယ်. . . သူကလည်း ဘဝတစ်ခုမှာ ၂၅ နှစ် လောက်
ချစ်သူနဲ့ ကွဲကွာတဲ့ဘဝကို မနေနိုင် မစောင့်နိုင်ဘူး။ စိတ်မရှည်တာ
ပေါ့ဗျာ၊ ဒါပေမဲ့ ကျိန်စာကို သူမေ့နေတယ်၊ ပညာရှိ သတိဖြစ်ခဲ့ပေါ့၊
နောက်ဆုံး. . . မောင်စောနိုင်ဘဝနဲ့ ကာလီကရိတ်ကို သူ့လိုပဲ ထာဝရ
ဖီးနစ်အသက်ရှည်ဆေးကို ပေးချင်လို့၊ မောင်စောနိုင်ကို. . . အခု
ကျွန်တော်တို့ ရောက်ခဲ့တဲ့ မုန်တိုင်းတောင်ကြားက အာယုဒီယလိုဏ်ဂူ
ကြီးဆီကို ခေါ်လာခဲ့တယ်"

ဇာတ်လမ်း၏ အထွတ်အထိပ်ကို ရောက်ခါနီးမှ ကိုကျော်ရွှေ
က စစ်ရေဘူးထဲမှ လက်ဖက်ရည်ကို မော့သောက်လိုက်သည်။ စီး
ကရက်တစ်လိပ်ကို မီးညှိ၍ အားရပါးရ ဖွာရှိုက်လိုက်သည်။

"ဆိုစမ်းပါဦး၊ မောင်စောနိုင်တို့ 'အာယုဒီယ'လိုဏ်ဂူထဲကို
ရောက်တော့. . . ဘာဖြစ်သလဲ"

ကျွန်ုပ်က စိတ်မရှည်စွာ စကားကို ဖြတ်မေးလိုက်သည်။ ဘဝဟူ
သည် စောင့်ဆိုင်းခြင်းဆိုသော အဘိဓမ္မာကို ကိုကျော်ရွှေ ပို့ချနေစဉ်

မှာပင် ကျွန်ုပ်က စိတ်မရှည်ပါလေတော့။ သူ စကားစလာမည်ကို မစောင့်ဆိုင်းနိုင်တော့။

"ဖြည်းဖြည်းပေါ့ မုဆိုးကြီးရာ၊ ကျွန်တော်က ညီတစ်ယောက်လုံး ဆုံးရှုံးဖို့၊ ပြန်တွေ့ဖို့ အများကြီး စောင့်ရတဲ့သူပါ"

"ကိုယ့်လူ သိပ်အလွမ်းသယ်မနေနဲ့၊ မောင်စောနိုင် ဘာဖြစ်သွားသလဲ"

"မောင်စောနိုင်က မီးနင်းဖူးတဲ့ ကုလားလည်း မဟုတ်တော့ ဒီ အာယုဒီယမီးပုံထဲကို ဆင်းဖို့ ကြောက်နေတာပေါ့ဗျာ" —

"ကျွန်တော်တောင် စိတ်မရှည်တော့ဘူး။ ကျုပ်သာပါရင် မီးပုံထဲ ကန်ချပစ်တယ်၊ အချစ်အတွက် ဒါလောက် မစွန့်ရဲဘူးလား။ ကောင်ကောင် အေးရှားလို မိန်းကလေးနဲ့ မထိုက်တန်ဘူး ထင်တယ်"

"ဟုတ်တယ်၊ ခင်ဗျား ပြောသလိုပဲ၊ အဲဒီစောနိုင်ရဲ့ အကြောင်းကို ကျွန်တော့်ညီကျော်ဆွေ လိုမ့်ပြီး ဆပ်နေရတယ်၊ သို့သော် တစ်နည်းအားဖြင့် ပြောရရင် ကျော်ဆွေဆိုတာလည်း . . . စောနိုင် ဝင်စားတာပဲ မဟုတ်လား"

"ခင်ဗျားညီအကြောင်း ထားလိုက်ပါဦး. . . အဲဒီ စောနိုင်အကြောင်း ပြန်ဆက်ပါဦး"

"အဲသလို ရှုပနန္ဒီမင်းသမီးအနားမှာ ရပ်နေပေမယ့် စောနိုင်က မီးပုံထဲဆင်းဖို့ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေတယ်. . .၊ ဒါကလည်း ဖူးစာကံအကြောင်းတရား ထင်ပါရဲ့၊ အဲဒီအချိန်မှာ. . . ရှုပနန္ဒီမင်းသမီးဟာ စိတ်မရှည်တော့ဘူး၊ မလိုအပ်ဘဲနဲ့ ရုပ်ခန္ဓာအရ မဟုတ်



ဘဲ အချစ်ဆိုတဲ့ ကိစ္စလေးတစ်ခုအတွက်နဲ့ ဈာန်နိုးကြီးမားလှတဲ့ အာယုဒီယမီးလျှံထဲကို မဆင်းရဘူးဆိုတာ မေ့သွားတယ်နဲ့ တူပါရဲ့ ကိုင်း. . . ကိုစောနိုင် မဆင်းရဲရင် ကျွန်မဆင်းပြမယ်ဆိုပြီး မီးပုံထဲ ခုန်ဆင်းပြလိုက်တာ၊ အခု ကျွန်တော်တို့ တွေ့ရတဲ့ စုန်းမကြီး ဂါဂူးလ်လို ဖြစ်သွားတာပဲ၊ ကျွန်တော်ကတော့ ကြည့်ရမှာ အားနာလို့ မျက်နှာကိုမကြည့်ခဲ့ဘူး။ အဘွားကြီးပါလို့ ဘုရင်စီလန်လည်း ပြောခဲ့တယ် မဟုတ်လား. . .၊ အခုတစ်ခါ အချိန်နကွတ်ကျရင် သူတို့နှစ်ယောက်လုံး အဲဒီ အာယုဒီယမီးပုံထဲကို ဆင်းကြဖို့ စောင့်နေတာပဲ"

"အေးဗျာ၊ ဆင်းဖြစ်ပါစေလို့ပဲ ဆုတောင်းရတာပဲ၊ မဆင်းဖြစ်ရင် ဒီဇာတ်လမ်းက ပြတ်မှာမဟုတ်တော့ဘူး"

"အဘွားကြီး ဂါဂူးလ်ဗျာ. . . သနားစရာပါ၊ ကျော်ဆွေကိုသာ ကျွန်တော်က အမွေပြန်ခေါ်ခဲ့ရင် သူ ရင်ကွဲနာကျပြီး သေမှာဗျ၊ ကျုပ် အဲဒါကို သိလို့. . . စိတ်လျှော့လိုက်တယ်"

"သာဓုပါဗျာ သာဓု၊ သူတစ်ပါးချစ်ခြင်း မခွဲတာနဲ့ကို ခင်ဗျားမှာ ကုသိုလ် တော်တော်များများ ရသွားပါပြီ"

ဟု ကျွန်ုပ်က ကျေနပ်စွာ လိုက်လှဲဝမ်းသာ ပြောလိုက်ပါ၏။ ဂါဂူးလ်နှင့် ကိုကျော်ဆွေတို့ မီးပုံထဲကို သေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ ဆင်းဖြစ်ပါစေဟု ဆုတောင်းနေမိသည်။

(ကျွန်ုပ်မှာ ဆင်းကူးပြည်မှ ပြန်လာပြီး ဝတ္ထုစာအုပ်များကို ကြောင် ပုစွန်စားသကဲ့သို့ သဲသဲမဲမဲ ဖတ်ရှုလေတော့သည်။ ကျွန်ုပ်၏ အသက်ကလည်း ၄၀ ကျော်လာခဲ့သည်။

သို့သော် ဝမ်းနည်းစရာ ကောင်းလှသည်။ မောင်ကျော်ဆွေ ခေါ် ကာလီကရိုတ် ဝင်စားသူနှင့် ဂါဂူးလ်ခေါ် အေရှားတို့ အာယုဒီယ မီးလျှံထဲသို့ ဆင်းဖြစ်သည်၊ မဆင်းဖြစ်သည်ကို စာရေးဆရာအောင်ခန့် ကိုယ်တိုင် တိတိကျကျ မသိရဘဲ မူရင်းစာရေးဆရာ မျက်နှာဖြူ၏ ဝတ္ထုအတိုင်း မရေမရာ အဆုံးသတ်ထားသည်မှာ. . . စိတ်မချမ်းမြေ့ ဘွယ်ရာ ကောင်းလှတော့သည်။ သူတို့နှစ်ယောက်လုံး အာယုဒီယ မီးလျှံထဲကို မဆင်းဖြစ်ဘဲ နှစ်ယောက်လုံး ပျောက်သွားကြတာ ဘာကြောင့်လဲ၊ အာဖရိကတိုက် အလယ်ပိုင်း 'ကိုး' မြို့ပျက်ကြီးကိုလည်း ပြန်ရောက်မလာဘူးဆိုတာ ဘာကြောင့်လဲ၊ ဘယ်ကို ရောက်သွားကြတာလဲ၊ နှစ်ယောက်လုံး ၅၂၈ မေတ္တာနဲ့ 'ရှန်ဗဲလား' ကို ခိုလှုံသွားကြပြီလား ဟူသောအတွေးသည် ကျွန်ုပ်ဘဝ နောက်ဆုံးအချိန်ထိ အမြဲတွေးတောနေခဲ့ရသည့် ပုစ္ဆာတစ်ပုဒ် ဖြစ်ပါသည်။ ။ စာရေးသူ

မျက်နှာဖြူ စာရေးဆရာသည် တစ်ခုသော စာအုပ်တစ်နေရာတွင် ဂါဂူးလ် စုန်းမကြီးကို ဤသို့ဖွဲ့ဆိုထားသဖြင့် ဂါဂူးလ်ကို လူချင်းဆုံပါလျက် မျက်နှာကို မမြင်ခဲ့ရခြင်းအတွက် အထောက်အထားတစ်ခု ဖြစ်ရတော့သည်။ စာရေးဆရာမျက်နှာဖြူက ဤသို့ဖွဲ့ဆိုထားသည်။

"သူမ၏ လည်ချောင်းတွင်းမှ ထွက်ပေါ်လာသော အသံသည် အစ်တစ်တစ်ဖြစ်နေ၊ လျှာခင်. ခေါက်နေသဖြင့် ခက်ခက်ခဲခဲ ထွက်ပေါ်လာသော အသံမျိုးဖြစ်သည်။

သူမ၏ခါးမှာ ကိုးဆယ်ဒီဂရီနီးပါး ကုန်းနေတော့သည်။ ထို့နောက် အခြေအနေကို မလွန်ဆန်နိုင်၍ မျက်နှာပေါ်မှ အဖုံးကို





ယ်ရှားလိုက်သည်။

မျက်နှာမှာ အသက်အရွယ်ကို ဘယ်လိုမှ ခန့်မှန်း၍ မရနိုင်အောင် အိုမင်း ရွတ်တွနေသော အဘွားကြီးတစ်ဦးဖြစ်၏။

မျက်နှာတစ်ခုလုံးတွင် စပါးလုံးတစ်ထောက်နီးပါး နက်ရှိုင်းသော အညိုရောင် အရေးအကြောင်းများ ပြည့်နှက်နေ၏။ စက္ကူတစ်ရွက်ကို လုံးချေပြီး ပြန်ဖြန့်သွားသော ပုံစံမျိုးဖြစ်၏။

မျက်လုံးတစ်ဖက်မှာ ပြူးထွက်နေပြီး မျက်လုံးတစ်ဖက်မှာ ဟောက်ပက်ဖြစ်နေ၏။ ဆံပင်မရှိပါ။ ဦးခေါင်းတွင် ဆံပင် လုံးဝမရှိ။ တစ်ပင်တစ်လေမှပင် မရှိ။ ပြောင်ချောနေ၏။ ကြီးမားထူထဲသော နှုတ်ခမ်းနှစ်လွှာမှာ ဖားပြုတ်၏ကျောကုန်းကဲ့သို့ ဖြစ်နေ၏။ နှာခေါင်းမှာ ကျိုးနေပြီး နှာဝမှာ အပေါ်သို့ လန်နေ၏။ သူကား ဂါဂူးလ်ခေါ် န်းမကြီးဖြစ်၏။" (စောလမုံ ၁၀၀း၁၁၀)

(ဤနေရာတွင် ဂါဂူးလ်နှင့် မောင်ကျော်ဆွေတို့၏အကြောင်းကို အဆုံးသတ်၍ ဇာတ်လမ်းကို ရှေ့သို့ဆက်ပါမည်။)

◆ ◆ ◆

# အခန်း ( ၁၈ )

လမ်းမှာ တစ်ညအိပ်ရသော်လည်း ထူးထူးခြားခြား မတွေ့ရပါ။ ဝံပုလွေများ ပျောက်ကွယ်နေကြသည်။ ဒုတိယနေ့ နံနက်မိုးလင်းကတည်းကပင် 'ဗိုဟန်ဗိုတာ' တောင်မကြီးကို အဝေးမှ လှမ်းမြင်နေရပေပြီ။ တောင်စူးစူး ဟိမဝန္တာတောင်စောင်းနှင့် တွန်လွန်တောင်တန်းများကြားတွင် ခန့်ထည်စွာ တည်ရှိသော တောင်မကြီးဖြစ်သည်။

ထိုတောင်မကြီး၏ မိုင် ၁၀၀ ပတ်လည်ထိ အသားစားသူများ မရှိပါချေ။ ဂျုံ၊ နွားနို့၊ လက်ဖက်ရည်ကိုသာ အဓိက သုံးဆောင်ကြသည်။ ဆေးတံ သောက်ကြသည်မှအပ ပျော်ရွှင်မှုအတွက် ဘာမှမရှိ။ ဤကား အရှေ့အနောက် တန်းနေသော ဟိမဝန္တာတောင်မကြီး၏ ထူးခြားမှုဖြစ်လေ၏။ ဟိမဝန္တာတောင်စောင်းမှ မိုင် ၁၀၀ ဝေးကွာလာသည်နှင့်အမျှ ကော့ဆက်လူဆိုးများ၊ တာတာ၊ မွန်ဂိုလူဆိုးများကတိဘက်နှင့် စဗာတန်လွင်ပြင်တစ်လျှောက် မင်းမူနေသည်။

မြင်းရိုင်းများ၊ ဒရယ်ရိုင်း၊ နွားရိုင်းများ ရှိသလို ဝံပုလွေများက အုပ်စုဖွဲ့ သွားလာလျက်ရှိသည်။ ကမ္ဘာပေါ်ရှိ စာနယ်ဇင်းများ ပြက္ခဒိန်များမှာပင် တိဘက်ကုန်းပြင်နှင့် ဗိုဟန်ဗိုတာတောင်မကြီး၏ ဓာတ်ပုံကို မြင်တွေ့ရန် ခက်ခဲလှသည်။

ညနေစောင်းသောအခါ၌ များပြားလှသော လူစုလူအုပ်ကြီးက ကျွန်ုပ်တို့ကို စောင့်ကြိုနေလေသည်။ အဓိပ္ပာယ်ကို နားမလည်သော်လည်း မြဒင်က အသံတိုင်ပေးသည် ထင်ပါ၏။

ဆင်ကူးလူမျိုး ကျား၊ မ များစွာက မုဆိုးကြီး မုဆိုးကြီးဟု သံပြိုင်ဟစ်ကြွေးနေသည်။ ဘုရင်စီလန်က အောင်မြင်ပြီးဆုံး ကျေနပ်သောအပြုံးဖြင့် ဝေါပေါ်မှနေ၍ ကျွန်ုပ်တို့ကို ပြုံးပြနေလေသည်။

ဟုတ်ပေသည်။ အလာခရီးစဉ်က လုံးဝ အဆုံးသတ်ခဲ့ပြီဖြစ်သည်။ အပြန်ခရီးစဉ်ကိုသာ ဦးတည်ပေတော့မည်။

သို့သော် အတွေးစိတ်ကူး ဆိုသည်ကတော့ အဆုံးသတ်မည် မဟုတ်ပေ။ လူတစ်ဦးသည် အခြားလူတစ်ဦးဘဝသို့ ခေတ္တခင်ရောက်လာခဲ့သည်။ နောက် ပြန်ထွက်သွားသည်။ ရှေ့ဆက်သွားနေသည်။ သို့သော် ထိုလူ၏ဘဝတွင်းသို့ ဘယ်သောအခါမှ ပြန်ဝင်လာစရာ မရှိတော့ပေ။

နောင်သံသရာတွင် ဆုံတွေ့ခြင်း ရှိမရှိ မည်သူမျှ မပြောနိုင်ပါ။ ထို့အတူ ဒီဘဝတွင် ကိုကျော်ရွှေ၏ဘဝတွင်းသို့ ကျော်ဓါဆွေဆိုသော သူညီ ပြန်လည် ဝင်ရောက်လာမည် မဟုတ်တော့။ သူတို့မှာ လုပ်စရာတွေ ရှိနေသည်။ မီးဖြင့် ထုံကူးရဦးမည်။ အစီအစဉ် အောင်မြင်လျှင်





အာဖရိကတိုက် မြို့ပျက်ကြီးဆီသို့ သွားရဦးမည်။

အစီအစဉ်များ မအောင်မြင်ခဲ့လျှင် ဘယ်လိုဖြစ်လာမည်လဲ။ ကျွန်ုပ် မတွေးတောရက်ပါ။

"ခရီးစဉ်ကတော့ အဆုံးသတ်သွားပါပြီ ကိုကျော်ရွှေ၊ ဒီခရီးစဉ် အောင်မြင်တယ် မအောင်မြင်ဘူးဆိုတာက. . . လူသားတွေရဲ့ အလုပ် မဟုတ်ပါဘူး၊ ကံကြမ္မာရဲ့အလုပ်ပါ၊ ဒါပေမဲ့ ဒီလိုသွားကြည့်မှ သည်း သိတာမဟုတ်လား"

ဘုရင်စီလန်က ပြောသည်။ ကျွန်ုပ်ရော ဘုရင်စီလန်ပါ ထိုခရီးစဉ် ပြီးမြောက်မှုအတွက် ကျေနပ်နှစ်သက်ခဲ့သော်လည်း ကာယကံရှင် ကိုကျော်ရွှေအတွက် စိတ်ကျေနပ်မှု ရှိချင်မှရှိပေမည်။ ဤသည်က ဆုံးနိုင်သော လူ့သဘာဝပင်ဖြစ်သည်။

လူအုပ်ကြီးက ကျွန်ုပ်တို့ကို လူစွမ်းကောင်းများပမာ ဝိုင်းကြည့်ကြ။ ကိုယ့်နေရာသို့ ကိုယ်ပြန်ကြသည်။

"မုဆိုးကြီးရဲ့ ဘဝတစ်လျှောက်မှာ. . . ဒီခရီးစဉ်ဟာ အသက်ဘေးရန် မနီးပေမယ့် အရှည်လျားဆုံး၊ အပင်ပန်းဆုံး၊ စိတ်ရှုပ်ထွေးရာ အကောင်းဆုံး ခရီးစဉ် ဖြစ်နေမှာတော့ သေချာပါတယ်၊ နောင်မှ ပြန်စဉ်းစားမယ်ဆိုရင်လည်း စဉ်းစားစရာတွေ တစ်ပုံကြီး ဖြစ်မှာပါ"

"အမှန်ပါပဲ၊ စားမြုံ့ပြန်ရတယ်ဆိုတာ အရသာတစ်မျိုးပေါ့ ဘုရင်ကြီး၊ မှတ်တမ်းတင်ရမယ့်ခရီးလည်း ဖြစ်နေတယ်"

ဘုရင်စီလန်က ပြုံး၍ နှန်းခန်းမဆောင်သို့ ဝေါကို ဦးတည်

အစသည်။ ကျွန်ုပ်တို့က ဝေါနှင့်ယှဉ်၍ လိုက်လာခဲ့သည်။

"ဒါပေမဲ့. . . ဒီခရီးဟာ ပင်ပန်းငြီးငွေ့စရာ ကောင်းတာက လွဲလို့ရှိရင် တကယ့်ကျဉ်းထဲကြပ်ထဲဆိုတဲ့ အနေအထားမှာ ရှန်းကန်ရတာမျိုး မဟုတ်သေးပါဘူး၊ တစ်နေ့ အဲဒီလို ပွဲကြီးပွဲကောင်း မုဆိုးကြီး မလွဲမသွေ ကြုံရဦးမှာပါ"

"ဖြစ်နိုင်ပါတယ် ဘုရင်ကြီး၊ ကျွန်ုပ် ဒီတောင်မကြီးခြေရင်းမှာ ဘာမှ ထူးထူးခြားခြား မဖြစ်ခဲ့ပေမယ့်. . . ထပ်ဆင့်ခရီးခေါ်ရမယ့် မုန်တိုင်းတောင်ကြားက ဂါဂူးလ်ရဲ့ကျောက်ဂူကို ရောက်သွားတဲ့ အခါ ကျွန်ုပ် မရှာဖွေဘဲနဲ့ ဘဝပြဿနာတချို့ရဲ့အဖြေကို တွေ့ခဲ့ရတယ်"

"အချိန်ရဲ့ ဝါးမျိုမှုကို လူသားတိုင်း မလွန်ဆန်နိုင်ပါဘူး"

ဟု ဘုရင်ကြီးက ပြောသည်။

"ဒါက အိုမင်းခြင်းကို မဆိုလိုပါဘူး၊ အလဟဿ အချိန်ကုန်တဲ့ကိစ္စတွေ ရှိခဲ့တာ အမှန်ပဲ မုဆိုးကြီး. . .၊ ကျွန်ုပ်လည်း မန္တလေး ကမ်းနားအရက်ဆိုင်တစ်ခုမှာ. . . အလဟဿ အချိန်ကုန်ခဲ့ရတာပဲ မဟုတ်လား"

ထိုအချိန်ထိ တွေဝေ ငေးငိုင်နေဆဲဖြစ်သော ကိုကျော်ရွှေက. . .

"ဒါကလည်း ကျွန်တော်နဲ့တွေ့ဖို့ ဖြစ်လာခဲ့တယ် မဟုတ်လား ဘုရင်ကြီး"

ထိုအခါ ဘုရင်စီလန်က အားရပါးရ ပြုံးလိုက်ပြီး. . .





"ဟုတ်ပါတယ် ကိုကျော်ရွှေရာ. . . ကျေးဇူးပါပဲ၊ အခု ဘာဆက်လုပ်ဖို့ စဉ်းစားထားသလဲ ကိုကျော်ရွှေ"

"ဘာလုပ်စရာရှိတော့လို့လဲ ဘုရင်ကြီး. . .၊ ဒီမှာ တစ်ရက်လောက် အားမွေးပြီး သန်ဘက်ခါမနက် ပြန်ရုံပဲ ရှိတော့တာပေါ့"

ကိုကျော်ရွှေ၏စကားထဲမှ အားမွေးသည်ဆိုသော ဝေါဟာရကို သဘောကျမိသည်။ မှန်သည်။ အပြန်ခရီးသည် အလာခရီးထက်၌ မကြမ်းတမ်းပါဟု မည်သူ ပြောနိုင်ပါမည်နည်း။

"ကိုကျော်ရွှေ ခင်ဗျားညီရဲ့ (မီးနင်းပွဲ) မီးထုံကူးတာကို စောင့်မနေတော့ဘူးလား"

"သူတို့ ထုံကူးတဲ့ကိစ္စ အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ သူပြန်လိုက်တော့မှာ မဟုတ်ပါဘူး၊ မေးကြည့်ပြီးပါပြီ"

ဘုရင်စီလန်က စဉ်းစားခြင်းဖြင့် တွေဝေနေသည်။

"သန်ဘက်ခါမနက်ကျမှ. . . အနောက်မြို့ရိုးမှာ ဆုံကြတာပေါ့ဗျာ. . .၊ အေးအေးဆေးဆေး အနားယူကြပါဦး"

ဟုဆိုကာ ဝေါဖြင့် လိုဏ်ဂူတစ်ခုအတွင်းသို့ ဝင်သွားတော့သည်။ ကျွန်ုပ်တို့လည်း မြဒင်တို့၊ ဝုန်မဲတို့နှင့်အတူ ဧည့်ခန်းဆောင်သို့ ပြန်လာခဲ့ကြသည်။

အားလုံးလိုလိုပင် ပြန်ရတော့မည်ဖြစ်၍ စိတ်လှုပ်ရှားနေကြသည်။ ကျွန်ုပ်အတွက် တစ်ခုတော့ အပြောင်းအလွဲ ကြီးကြီးမားမားဖြစ်ခဲ့ရသည်မှာ အမှတ်တရ ဖြစ်တော့သည်။ မူလက သမိုင်းဘာသာကို စိတ်ဝင်စားခဲ့ခြင်းကြောင့် ဖြစ်မည်ထင်ပါ၏။ ထိုခရီးစဉ်မှ အပြန်

တွင် မုဆိုးကြီးဘဝမှ ရသစာပေများ ဖတ်ရှုခြင်း၊ နေ့စဉ်မှတ်တမ်း ရေးသားခြင်းစသော သီးခြားဘဝသို့ ရောက်ရှိလာခဲ့သည်။ ယခင်က ကျွန်ုပ်၏စာပေအဆင့်မှာ သတင်းစာကလွဲလျှင် အခြား ဘာမှစိတ်ဝင် စား ဖတ်စရာ မရှိခဲ့သောဘဝမှာ အချိန်များစွာ ကုန်ဆုံးခဲ့ရသည်။

လင့်စင်ပေါ်မှ နေ့ရောညပါ သားကောင်များကို စောင့်ကြည့် ရသောဘဝမှ ကိုယ့်ဘဝနှင့် အခြားသူများ၏ဘဝဖြစ်စဉ်ကို အမှု အမှတ်မဲ့ မနေတတ်သူ၊ စောင့်၍ကြည့်သောသူ၊ နောက် အတွေ အခေါ် သမားသို့ ကူးပြောင်းခဲ့သည်။ သို့သော် အကြောင်းကြောင်း အခြေအနေအရပ်ရပ်ကြောင့် မုဆိုးကြီးဘဝကို စွန့်လွှတ်ချင်ပါသော် လည်း အသက် ၅၀ နီးပါးထိ ရေကုန်ရေခန်း မုဆိုးနှင့်သားကောင် တို့၏တိုက်ပွဲကို ဆင်နွှဲခဲ့ရသေးသည်။

ပြန်ခါနီး တစ်ညတွင် ဘုရင်စီလန် ကျွန်ုပ်တို့ထံ လာရောက် ၍ စကားစမြည် ပြောနေပါသေးသည်။ မျိုးနွယ်စုထဲတွင် ရှားရှားပါး ပါး သဘောထား ပြည့်ဝပေသည်။ ပညာတတ်တစ်ယောက်လည်း ဖြစ်သည်။ ကိုယ်တွေ့သာ မဟုတ်လျှင် မယုံနိုင်စရာပင်။ ဘုရင်ဖြစ် ဖို့ အလားအလာရှိသူ အင်္ဂလိပ်စာတတ်သူတစ်ဦးက ပိုက်ကျုံးမြို့ အရက်ဆိုင်တစ်ဆိုင်တွင် စားပွဲထိုး လာလုပ်နေရသည်မှာ ကံကြမ္မာ ကြောင့်သာ မဟုတ်ခဲ့လျှင် လောက၏ ကြီးမားသော မှားယွင်းမှုဖြစ် သည်။ ထို့ကြောင့် လောကသည်လည်း မှားယွင်းမှု၊ လွဲချော်မှုများနှင့် ဆက်စပ်နေပြန်သည်။

လွဲချော် မှားယွင်းမှုများ၏အောက်တွင် အချိန် မည်မျှကုန်ဆုံး



သွားခဲ့ပြီနည်း။ ထိုပြန်းတီးမှုကို လူသားတိုင်း ပြုလုပ်ခြင်း မဟုတ်ပေ။ ပန်ရံခါ တန်ခိုးရှင်၊ ဖန်ဆင်းရှင်တို့၏ ဆန္ဒအရသာ ဖြစ်ပါလိမ့်မည်။ အဟောသိကံကိစ္စများကို မည်သူ ဖန်တီးပါသနည်း။

ပြန်မည့်ရက် မရောက်မီ ကျွန်ုပ်က ဘုရင်စီလန်အား ခြောက် င်းပြူးတစ်လက် ပေးခဲ့သည်။ သို့သော် သူက စိတ်မဝင်စားပေ။ လို ပ်စရာ အကြောင်းတိုက်ဆိုင်မှုများက ဆယ်နှစ်တွင် တစ်ကြိမ် ပေါ် ပေါက်ခဲ့ပါသည်။ သို့သော်လည်း ဟိမဝန္တာတောင်စောင်းတွင် အချင်း ချင်း အစုလိုက်အပြုံလိုက် သတ်ဖြတ်ကြသော မျိုးနွယ်စုစစ်ပွဲများ ဖြစ်ခဲ့ပါသည်။ အခြားဒေသများနှင့် မတူပါ။

တိဘက်လူမျိုးများသည် မွေးရာပါဗီဇအရ စားဝတ်နေရေး အတွက် လုပ်ဆောင်ပြုမူနေရေးကိုသာ စိတ်ဝင်စားပါသည်။ သို့သော် တိဘက်တချို့သည် ဒေသမဖွံ့ဖြိုးမှုကြောင့် အိန္ဒိယ၊ မြန်မာ၊ တရုတ် နယ်စပ်များဆီ ပြန့်နှံ့ကုန်ကြသည်။ ရေကြည်ရာမြက်နုရာသို့ လွင့်ပါး ကြသည်။

(သူတော်စင်များ နေရာဖြစ်၍ ဒုတိယကမ္ဘာစစ်ရော၊ ပထမ ကမ္ဘာစစ်များ၏ဘေးရန်မှ လွတ်ကင်းခဲ့ရသည်။ ဖက်ဆစ်ဂျပန်များ မြင်ဖူးခြင်းပင် မရှိ။ ကျွန်ုပ်မှာ အသက် ၅၉ နှစ်ပင် ဒုတိယကမ္ဘာစစ် ထိတွေ့ရတော့သည်။)

နောက်တစ်နေ့ နံနက်တွင်ကား အနောက်မြို့ရိုးအထိ ဘုရင် လန်နှင့် နန်းတော်အဖွဲ့ဝင်များ၊ မှူးမတ်၊ စစ်သူကြီးများ အားလုံး လို လိုက်ပို့ကြပါသည်။ ဘယ်ဘဝက ရေစက်မှန်းတော့ မသိ။

တစ်လကျော်ကျော်မျှသာ တွေ့ဆုံ ပတ်သက်ခဲ့ရသော်လည်း နော ဘယ်သောအခါမှ ပြန်လည် တွေ့ဆုံရတော့မည် မဟုတ်သည်ကို နှစ်ဦး လုံးပင် သိကြပါသည်။

သူ ကတိရှိသော စိန်များအတွက် ကျွန်ုပ်တို့က ကြေးမုံ တောင်ကြားမှတစ်ဆင့် နာနာဘာဝတောင်တန်းကြားမှဖြတ်၍ ယူ ကုန်းပြင်မြင့်ကို ဖောက်ထွက်ကြမည်။ ထိုကြေးရုပ်တောင်တန်းကြီး တောင်နှင့်မြောက် တန်းနေသော မိုင် ၁၀၀ နီးပါး ရှည်သည့် တော တန်းကြီးဖြစ်သည်။ အနောက်မြို့ရိုးတွင် သချိုင်းစောင့် အဘိုးကြ ရမ်ပခေါ် မျောက်ဖြူအဘိုးကြီးက စောင့်စားနေလေသည်။

မြင်းများကို ယူဆောင်လိုသော်လည်း လမ်းပြနှစ်ဦးက မြ များပင် တက်မရသည့် မတ်စောက်သည့် တောင်တန်းများ၊ နက်ရှိ သော ချောက်ကမ်းပါးများနှင့် လမ်းတွင် မြင်းစာမြက်ခင်းများ မ ကျောက်တောင်များသာဖြစ်၍ အကြောင်းထူးမည် မဟုတ်။ မြင်းမျ ကို ဒုက္ခပေးရုံသာ ရှိမည်ဖြစ်ပြီး ခြေလျင်သွားခြင်းကသာ ပို၍ခရီးတ စရာရှိပါသည်။ လောင်စာထင်း ရှားပါးသော အပြန်ခရီးစဉ်ကို စားရင်း စိတ်လေးရသည်။ ပြန်တော့လည်း သူတို့နှစ်ဦးတည်း ပြန်ရပေမည်။ ဘုရင်စီလန်က လမ်းတွင် သူတို့နှစ်ဦးအား ပစ် နည်း သင်ပေးရန် ပြောပြီး ကျွန်ုပ်ပေးသော ခြောက်လုံးပြူးကို သူ နှစ်ဦးလက်ထဲသို့ ထည့်လိုက်သည်။ လမ်းပြနှစ်ဦးမှာ စိတ်ပါဝင်စာ မရှိပါချေ။ သူတို့နှစ်ဦး၏အပြန်ခရီးတွင်သာ ခြောက်လုံးပြူး သုံး ဖြစ်သည်။ အဓိကအားဖြင့် စားနပ်ရိက္ခာအတွက် မဟုတ်။ ဝံပု





ျားရန်မှ ကာကွယ်ရန်သာ ဖြစ်လေသည်။ သူတို့နှစ်ဦးပုံစံကို ကြည့်၍ အပြန်ခရီးမှာ မည်မျှကြမ်းသည်ကို ခန့်မှန်း၍ မပြန်လို့ မရသည့် အဖြစ်ကိုလည်း တွေးမိတော့သည်။ ကြားစခန်း မရှိသော ခရီးများသို့ ွက်ခွာခြင်းက နောက်ဆုံးပင် ဖြစ်ပါလိမ့်မည်။ ဘုရင်စီလန်က သွား ါနီးတွင် ကျွန်ုပ်နှင့် ကိုကျော်ရွှေအား တစ်ခု သတိပေးလိုက်သည်။ ျောက်ဖြူအဘိုးကြီးရမ်ပအား လုံးဝ ယုံကြည်စိတ်ချ၍၊ သတိပေါ့ဆ သွားရန် အလေးအနက် မှာကြားလိုက်သည်။

ခရီးလမ်း ကြမ်းသည့်အထဲတွင် အဘိုးကြီးရမ်ပက ဘာများ ုက္ခပေးဦးမှာလဲ။

◆ ◆ ◆

## အခန်း ( ၁၉ )

## ကြေးရုပ်တောင်ကြား

အစကို ပြန်သတိရမည်ဆိုလျှင် ဆင်ကူးပြည်သို့ လာစဉ်က ည်း ကျွန်ုပ်တို့ မတက်ကြခဲ့ပါ၊ ကိုကျော်ရွှေ တစ်ဦးတည်း တက်ကြ ည်ဟု ခန့်မှန်းရပါသည်။ ယခု နံနက်ကိုးနာရီ လေးဆယ့်ငါးမိနစ် နောက်မြို့ရိုး၏အခြေမှဖြတ်၍ တောင်စူးစူးသို့ လေးတွဲ့စွာ ထွက်ခွာ ာခဲ့ကြသည်။

ဘုရင်စီလန်က မျက်စိတစ်ဆုံး ကျွန်ုပ်တို့ကို ကြည့်နေသည်။ ာက်ဆုံး ခပ်ရေးရေးသာ မြင်ရသည်အထိ သူတို့ ရပ်ကြည့်နေသေး ည်။ လက်ကိုပင် ဝှေ့ယမ်းပြနေသည်။ ကျန်ခဲ့ပြီ။

ထိုမှတစ်ဆင့် အနောက်တောင်စူးစူး (စနေထောင့်)ဆီသို့ ချိုး ွေ့သွားသောအခါ သူတို့ကို မမြင်ရတော့ပါ။

ဤနေရာတွင် အချက်အလက်တချို့ကို ဖော်ပြရန် ကျန်နေ သေးသည်။ မူလအလာခရီးတွင် စီလန် အပါအဝင် လူခုနစ်ဦးဖြစ်

ပါ၏။ အပြန်ခရီးတွင်မူ လူခြောက်ဦးမျှသာ ဖြစ်တော့သည်။ သို့တစေ တစ်ဦးတစ်ယောက်မှ လမ်းခရီးတွင် သေဆုံးခဲ့ခြင်း၊ ကျန်ရစ်ခဲ့ခြင်း မရှိမှုကြောင့် အချို့မှတ်တမ်းဝတ္ထုနှင့်စာလျှင် ဟာတာတာကြီး ဖြစ်နိုင် ပေသည်။ ပင်ပန်းဆင်းရဲ ခက်ခဲသည်မှအပ အားလုံး ရေကန်အသင့် ကြာအသင့်ဟု ယူဆနိုင်ပေသည်။

သို့သော် တတိယပိုင်း (ခေါ်) နိဂုံးပိုင်းတွင်ကား ကျွန်ုပ်တို့ အသေးအမွှားဖြစ်လျက် 'ဇုံမဲ'ခေါ် မြောက်ပိုင်း 'နာဂ' ကသာ အဓိက ဇာတ်ဆောင် ဖြစ်လာခဲ့သည်။ ဇိုမုန်းက တောင်ပိုင်းမှ မြောက်ပိုင်းသို့ ပြောင်းလာခဲ့သူ။ သူတို့ချင်း ဘာသာစကား တူမယောင်နှင့် ကွဲ သေးသည်။

အမှန်တော့ ဇုံမဲက လူလည်။ အားလုံးကို တီးမိခေါက်မိ သည်။ စင်စစ် မီးဇိုးဘာသာစကားသည် (ကုလားစကား မဟုတ်ပါ)

ထို့ပြင် ကျွန်ုပ်တို့ ဆင်ကူးပြည် တောင်ကုန်းတောင်တန်းများ တွင် မြင်းစီးထွက်စဉ်ကလည်းကောင်း၊ စုန်းမကြီး ဂါဂူးလ်ရှိရာ မု တိုင်းတောင်ကြားသို့ သွားနေစဉ်က ဆင်ကူးလူမျိုး အစောင့်များနှင့် မိတ်ဖွဲ့ကာ ဆင်ကူးဘာသာစကားကို သင်ကြားနေခဲ့သည်။ ဘာရည် ရွယ်ချက်မှ မရှိပေ။ အပျင်းပြေ စကားပြော သင်ကြားခြင်း ဖြစ်ပေ သည်။

သို့သော်၊ စကားအတော်များများသည် ဆင်ကူး၊ တိဘက်၊ အရှေ့ဘက် တောင်စောင်းအတိုင်း လူရှေ့ မီဇို၊ နာဂ၊ ကသည်း စကားလုံးများတွင် သေမင်း၊ ကလေး၊ ကျိန်စာ၊ မိဘ၊ မိုး၊ နွေ၊ ဆောင်





ာမင်း၊ မုန့်၊ ရေ၊ ရွှေ၊ ကျောက်၊ မုန်တိုင်း၊ အဘိုးကြီး၊ နတ်ပြည် စသောစကားများမှာ အတော်ဆင်တူနေသည်။ အခြေခံကျသော စကားလုံး အသံထွက်ခြင်း အတော်တူညီနေသဖြင့် ဇုံမဲမှာ ဆင်ကူး ဘာသာစကားကို ဆယ့်ငါးရက်အတွင်း အတော်တတ်မြောက်ခဲ့ပေ သည်။

အပြန်လမ်းတွင်လည်း လမ်းပြနှစ်ဦးနှင့် ဆင်ကူးဘာသာ စကားတစ်ဝက်၊ မီဇိုတစ်ဝက်၊ ကသည်းတစ်ဝက်၊ လူရှည်တစ်ဝက်နှင့် စကားပြောရင်း တဟားဟားနှင့် အဖွဲ့ကျလာခဲ့သည်။

ဇုံမဲကြောင့်သာလျှင် ကျွန်ုပ် ကိုနောင်ရိုးမှာ အပြန်ခရီး နိဂုံး ပိုင်းကို စာဖွဲ့ မှတ်တမ်းတင်နိုင်ခြင်း ဖြစ်တော့သည်။ သို့မဟုတ်လျှင် ကျွန်ုပ်တို့၏သချိုင်းမှာ ကြေးရုပ်တောင်ကြားရှိ ခေါင်းတလားခန်းမ တွင် မျောက်ဖြူအဘိုးကြီး၏ လျှို့ဝှက်ခလုတ်များကြောင့် သေပွဲဝင် ရာသာ ရှိတော့သည်။ ညနေစောင်းတွင် ကြေးရုပ်တောင်ကြားအဝ သို့ ရောက်လာခဲ့သည်။

ကျွန်ုပ် ထင်သည့်အတိုင်း ဆင်ကူးဘုရင်အဆက်ဆက်ကို မြှုပ် နှံခြင်း မဟုတ်။ ဘုရင်အဆက်ဆက်၏ အလောင်းများကို သိုလှောင် ထားသော ခန်းမဖြစ်သည်။

အမှန်အားဖြင့် အင်္ဂလိပ်မင်းများတွင်လည်းကောင်း၊ မြန်မာ မင်းအဆက်ဆက်ကလည်းကောင်း၊ အလောင်းများအတွက် စနစ် တကျနေရာ သတ်မှတ်ထားခြင်း မရှိပါ။ ပုဂံမြို့ဟောင်းတစ်ဝိုက်တွင် ကျယ်ပြန့်သော နေရာလွတ်ပေါင်းများစွာ ကျန်ရှိပါသေးသည်။ နတ်

လှောင်ကျောင်းဟူ၍သာ ရှိသော်လည်း အလောင်းများကို စနစ်တကျ မြှုပ်နှံထားရာ ဘုရင့်သင်္ချိုင်းဟူ၍ စနစ်တကျ မရှိပါ။

ပျူစောထီး၊ အနော်ရထာ၊ ကျန်စစ်သား၊ မင်းခွေးချေး၊ နရပတိစည်သူတို့၏ အလောင်းများ မည်သည့်နေရာတွင် မြှုပ်နှံသည်ဟု မသိရပါ။ မည်သူမှလည်း ရှာဖွေခြင်းမရှိပါ။ သေလျှင်ပြီးပြီဟူသော အယူအဆအတိုင်း ကြုံရာနေရာတွင် မီးသဂြိုဟ်လိုက်ခြင်း ဖြစ်ဟန်တူပါသည်။

အိန္ဒိယဘုရင်မင်းမြတ်များ၏ သင်္ချိုင်းတော်များအကြောင်းကို စာဖွဲ့သည်ဟု မကြားမိဖူးပါ။ မီးရှို့ပစ်သည်က များပါသည်။

တရုတ်ပြည်တွင်မူ ရှေးမင်းအဆ⸱⸱ဆက်များ၏ သင်္ချိုင်းများကို မြေအောက်လိုဏ်ခေါင်းများတွင် ထားရှိကြောင်း ကြားဖူးပါသည်။ (ပုံစံ။ ။ ရှိဝှမ်တီ)

ထူးထူးခြားခြား ပြည်မြို့မှ အောင်လံမြို့ဘက်အထွက်တွင် 'ဖရကြီး'စေတီအနီး၌ ပျူမင်းတစ်ပါး၏ အရိုးအိုးသင်္ချိုင်းကို တွေ့ရှိပါလျက် ပုဂံခေတ်၊ အင်းဝခေတ်တို့တွင် မြန်မာမင်းသင်္ချိုင်းတော်များ ပျောက်ဆုံးနေပေသည်။

ယခု ဆင်ကူးလူမျိုးများနှင့် အီဂျစ်လူမျိုး၊ မာယာလူမျိုးများသာ သင်္ချိုင်းတော်များကို အမိကရ အရေးတယူ နေရာသတ်မှတ်ထားသည်ကို တွေ့ရပါသည်။

ကျွန်ုပ်မှာ မုဆိုးတစ်ဦး ဖြစ်သော်လည်း သက်ကြီးရွယ်အိုများကို လေးစားပါသည်။ လူကြီး၊ သူကြီးလိုနေလျှင် အကောင်းဆုံး ဖြစ်ပါ





သည်။

ဘာရယ်မဟုတ် ကစဥ့်ကလျား ဟိုရောက်ဒီရောက် အိပ်မက်များတွင် အကြိမ်ပေါင်းများစွာ မြင်တွေ့ခဲ့ဖူးသော ရှုခင်းမျိုးဖြစ်နေသည်။

တစ်ကြိမ်မဟုတ်၊ ဒီနေရာသို့ ရင်းရင်းနှီးနှီး မြင်တွေ့ခဲ့ဖူးသော နေရာမျိုးလည်းဖြစ်သည်။ ရောက်ခဲ့ဖူးသော နေရာမျိုးလည်း ဖြစ်သွားသည်။

အလွန်ကြီးမားသော ရေခဲစက်လို စက်ရုံကြီးထဲတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားသဖြင့် လုံး၀ တိတ်ဆိတ်သွားသောအသံမျိုး ဖြစ်နေသည်။

တောင်ကြားကလည်း တောင်နှင့်မြောက် တန်းနေသည်။ အပေါ်သို့ မော့ကြည့်လိုက်သောအခါ၌လည်း ပေ ၇၀၀ ခန့်မြင့်သော တောင်ကြီးများကြားထဲသို့ ရောက်နေပါပြီ။ နွားလှည်းနှစ်စီးသာ ရှောင်နိုင်ရုံ လမ်းမကြီးဖြစ်ပါသည်။ လေဏ မြောက်မှတောင်သို့ ခပ်ပြင်းပြင်း တောင်ကြားလမ်းအတိုင်း တိုက်ခတ်နေသည်။

သစ်ပင် မရှိ၍ သစ်ရွက်ခြောက်များ လွင့်ပါးမနေသော်လည်း သဲမှုန်တို့က တောင်ကြားတစ်လျှောက် လွင့်ပါးနေသည်။

သည်နေရာကမှ မုန်တိုင်းတောင်ကြားဟု အမည်ပေးလျှင် ပို၍သင့်တော်ဦးမည်။

'ခွေးအ'များက အော်ဟစ်၍ ကျောက်တောင်များကြားသို့ ပြေးဝင်သွားသည်။

ဆေးရုံ၊ ရေခဲတိုက် အနီးအနားမှ ဖြတ်သွားစဉ် ရှုရှိုက်မိသော အော်ဂလီဆန်စရာရနံ့တစ်မျိုးကို ရှုရှိုက်မိသည်။ သို့သော် ဘုရင်စီလန်အနေဖြင့် သည်နေရာက စိန်များကိုသာ ပေးပိုင်ခွင့်၊ ယူနိုင်ခွင့်ရှိသည်။

"ဒီနေရာကို ရောက်ဖူးသလို. . . မြင်ဖူးသလိုလိုပဲဗျာ"

ကိုကျော်ရွှေ၏အသံမှာ တောင်ကြားအတိုင်း ပဲ့တင်ထပ်ထပ်မနေသော်လည်း အသံက ဟိန်းနေသည်။ အေးစက်စက်ကြီး ဖြစ်နေသည်။ အသံက သီးခြားဖြစ်နေသည်။

ကျွန်ုပ် စောစောက နိမိတ်ပြ စာကြောင်းတစ်ကြောင်း ရေးသားခဲ့ဖူးပါသည်။ လူကြီးက လူကြီးလိုနေတာ အကောင်းဆုံး ဖြစ်ပါသည်။ ရမ်ပခေါ် မျောက်ဖြူကြီးမှာ အသက်ရှစ်ဆယ်နီးပါးဖြစ်၍ မျောက်ဖြူခြောက်တစ်ကောင်လို ရွတ်တွနေပါသည်။

ခါးကိုင်းလွန်းသဖြင့် အရပ်က ၅ ပေသာသာပင် ရှိပါမည်၊ ကြောင်ဘီလူးတစ်ကောင်ကဲ့သို့ ပြူးကြောင်ကြောင်မျက်လုံးလည်း ရှိသည်။မျက်လုံးက မီးခိုးရောင်ဖြစ်သည်။

အညိုရောင်လည်း မဟုတ်၊ အနက်ရောင်လည်း မဟုတ်။

တစ်ခါတစ်ရံ ထိုမျက်လုံးက လျှပ်တစ်ပြက်အတွင်း ကျီးကန်းတစ်ကောင်၏မျက်လုံးအသွင် ကူးပြောင်းသွားပါသေးသည်။

'ဆင်ကူး'လူမျိုးများတော့ မသိ။ ကျွန်ုပ်တို့၏စိတ်များက လေးလံ ထိုင်းမှိုင်းသွားတော့သည်။

သည်လောက် အပင်ပန်း ဒုက္ခခံပြီးကာမှ စိန်များကို လက်လွှတ်မထားသင့်ဟု ကိုယ့်ကိုကိုယ် အားပေးနေရသည်။

'ကိုကျော်ရွှေ'ပေးမည့် အခကြေးငွေက သပ်သပ်။ လောဘကြီးခြင်း မဟုတ်ပါ။ ဆင်ကူးပြည်သို့ ဝေးလံစွာ လာခဲ့ပြီးမှ စိတ်ရောလူပါ အပင်ပန်းဆင်းရဲ၊ ဒုက္ခများစွာ ခံပြီးမှ၊ လက်ချည်း ပြန်ရမည်မှာ သဘာဝ မကျပါချေ။

"အဟစ်ဟစ်. . . အဟီးဟီး. . . အဟစ်ဟစ်. . . အဟီး ဟီး"

မျောက်ဖြူခြောက်ကြီးက ခုန်ဆွခုန်ဆွ သွားလိုက်၊ ခြေတစ်ပေါင်ကျိုး လျှောက်လိုက်ဖြင့်၊ ရူးကြောင်ကြောင်၊ သူငယ်ပြန်အကာဖြင့် လက်နှစ်ဖက်နှင့် ဦးခေါင်းကို ရွှေ့စွန်ညို ဝဲသကဲ့သို့ ဆန့်တန်းရင်းပါးစပ်က ကြက်မဖင်လို ပွစိပွစိဖြစ်လာပြီး အမေ့အိမ် ပြန်ရောက်လာသော ကလေးငယ်တစ်ဦးလို ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေသည်။

တကယ် ပျော်ရွှင်ရယ်မောခြင်းလော။ မိမိတို့၏စိတ်ကို ရှုပ်ထွေး ဝေဝါးသွားအောင် လုပ်ဆောင်နေခြင်းလော ဟုခန့်မှန်းရ ခက်ပါသည်။

လမ်းပြနှစ်ဦး၏ စကားအရ 'မြောက်ခြောက်ကြီးရမ်ပ'၏ အသက်မှာ ပိုပန်းအရ ရှစ်ဆယ်ခန့် ရှိပြီဖြစ်သော်လည်း လမ်းပြနှစ်ဦးငယ်စဉ်ကလေးဘဝကပင် ဤအရွယ်အတိုင်းသာရှိသည်။

သူက အမြဲလိုလို ဤကြေးရုပ်တောင်ကြားမှာနေသည်။ဘုရင်တစ်ပါး သေဆုံးမှသာလျှင် ဆင်ကူးမြို့တော်သို့ တက်လာရသည်။ ကလေးများက သူ့ကိုမြင်လျှင် တက်မတတ်၊ချက်မတတ် ငိုကြသည်။

ခွေးတွေက သံရှည်ဆွဲ၍ အူကြသည် ဟုဆိုသည်။

ယျှု မိမိတို့ကို စောင့်ကြိုစရာရှိ၍ အနောက်မြို့ရိုးမှ စောင့်နေသည်။ မြို့တွင်းသို့ မဝင်ပါ။ ဝင်လို့လည်း မရပါ။

ခေါင်းတလားခန်းမှ ကျန်ရစ်သူတို့က ဘုရင်နှင့် ပတ်သက်သမျှ လာရောက် စွန့်ပစ်ထားသော ရတနာများနှင့် ပတ်သက်၍ ဘာကန့်သတ်ချက်၊ ဘာရည်ညွှန်းချက်မှ မရှိသော်လည်း၊ ယျှုလို သူစိမ်းတိုင်းတစ်ပါးသားများအား ပေးလိုက်ရသောထုံးစံ တစ်ခါမှ မရှိဖူးခဲ့၍ မကျေမနပ် ဖြစ်နေသည်ဟု ဝုံမဲက တစ်ဆင့်ပြန်ပြောသည်။

သချိုင်းစောင့်တို့၏ သဘာဝ၊ ကြာကြာနေတော့ အစွဲအလန်း ဖြစ်သွားပုံ ပေါ်ပါ၏။ သူ ပြီးမှပြီးစတမ်း၊ သူ့လက်သူ့ခြေ၊ အတ္တတွေလည်း ဝင်လာပုံ ပေါ်ပါသည်။

"နားထောင်ကြ၊ နားထောင်ကြ
သေလွန်ပြီးသော ဘုရင်တို့လည်း နားထောင်ကြ။
စိန်တုံးရဲ့ အရောင်တောက်ပမှုဟာ
ယင်ကောင်များကိုလည်း ဆွဲဆောင်လာ
(အငေးက ပျံ့သန်းလာခဲ့တာ)
ကိုယ်ကျိုးနည်းရတော့မှာ။
ဒီတစ်ခါ အမေအသွစ်ရဲ့ ဝမ်းဗိုက်ထဲကို
ရောက်သွားရတော့မှာ။(ဘဝပြောင်းခြင်းကို ဆိုလိုသည်။)
ဘာမသိညာမသိ ကလေးတွေပါ
သေမင်းရဲ့ဘဝဟာ





သေမင်းသာပဲ ဖြစ်တော့တာ
ခေါင်းတလားခန်းမ ဝက်ပါ။"

ဟု သီဆိုရင်း၊ ဦးခေါင်းရိုးအကလား၊ အရိုးကလား မသိ။ ဒူးများ တဆတ်ဆတ်တုန်ပြီး၊ ဖက်ကလေး ပုလိုက်၊ ကုတ်ကလေးကို တိုလိုက်၊ မျက်စိမှိတ်ပြလိုက်၊လျှာထုတ်ပြလိုက်၊ ကုန်းကုန်းကွကွ လုပ်ပြ၊ ပတ်ခြာဝိုင်း ကလိုက် လုပ်နေရင်းဖြင့် အမှန်တကယ် ဒုံမြူးနေသည်။

"သေမင်းရယ်၊ မခွဲပါနဲ့. . . သေမင်းရယ်၊ မခွဲကြပါနဲ့"

ဟု အပြီးသတ် အော်ဟစ်သံမှာ လက်ဝဲ၊ လက်ျာဘက်များရှိ ခုနစ်ရာ မြင့်သော တောင်တန်းများအပေါ်ထိ ဟိန်း၍တက်သွားသည်။ ပွဲတင်ထပ်နေသည်။

ကျွန်ုပ်မှာ ဒေါသဖြစ်လာသဖြင့် သက်ကြီးရွယ်အို ဟူသောသိကို မေ့သွားလျက် သေနတ်ကို မောင်းတင်ပြီး ချိန်လိုက်မိသောခါ ဆတ်ခနဲ တွန့်သွားသည်။ သည်လိုလက်နက် (ရိုင်ဖယ်) မျိုးကို မြင်ဖူးဟန်တူပေသည်။ လျော့တွက်လို့ မရပေ။

"ဝင်လုဆဲ လမင်းကို နှုတ်ဆက်ပါတယ်. . .
ဝင်လုဆဲ လမင်းကို ဦးညွှတ်ပါတယ်. . ."

ဟုဆိုကာ ရှိုက်ကြီးတငင်၊ ကလေးတစ်ယောက်ကဲ့သို့ စည်းဝါးလွတ် ငိုကြွေးပြန်သည်။ ဘာမှမဟုတ် သူငယ်ပြန်နေခြင်းသည်။ သူငယ်နာ ထနေခြင်းဖြစ်သည်ဟု ထင်သည်။

မျောက်ဖြူခြောက်ကြီးနှင့်စာလျှင် စုန်းမကြီး ဂါးဂူးလ်က

အရမ်းတည်ငြိမ်ပေသည်။ သူသည် စိန်များကို အလွယ်တကူ ပေးမည် မဟုတ်ဟု အလိုလို သိလာမိတော့သည်။

ရှေ့ကိုက် ၁၀၀ နီးပါးတွင် ကြေးရုပ်သုံးရုပ်ကို တွေ့ရပါပြီ အလွန်ကြီးမားသော ကြေးရုပ်ကြီးများ ဖြစ်ပါသည်။ သို့သော် ဗေး ကျမ်းစာခန်းမတွင် တွေ့ရသော မိုလေ့နတ်ရုပ်ကြီးလို တောက် မနေပါ။ ရာသီဥတုဒဏ်ကြောင့် ကြေးညှိများ တက်ကာ အညိုရော သန်းနေပါသည်။ ဒါကပင် တစ်မျိုး ခြောက်ခြားစရာ ကောင်းတော့ သည်။

အလယ်မှအရုပ်မှာ ရုပ်ဆိုးလှသော မိန်းမတစ်ယောက်ပုံ ဖြ သည်။ အဝေးတွင် တွေ့ရသော ရုပ်တုကြီးများလို ၁၅ပေကျော်ကျော် မြင့်ပါသည်။ ဘေးမှရုပ်တုမှာ မြေခွေးတစ်ကောင်၏ဦးခေါင်းနှင့် လူ ခန္ဓာကိုယ်ဖြစ်သည်။ နောက် ညာဘက်မှ ရုပ်တုမှာ ကျီးကန်းတ ကောင်၏ဦးခေါင်းနှင့် လူ၏ခန္ဓာကိုယ်ဖြစ်သည်။ ဘယ်လို အဓိပ္ပာ ဖွင့်ဆိုရမည်လဲ?

ထိုနေရာ၏ တိတ်ဆိတ်ငြိမ်သက်မှုမှာ ဘယ်လိုမှ စာဖွဲ့၍မ ပါ။ အပ်တစ်ချောင်း လွတ်ကျလျှင်ပင် ကြားနိုင်လောက်သည်ဟု ထ ရပါသည်။ လေတိုးသံက ပီပြင်ထင်ရှားလာသည်။

'မျောက်ခြောက်ကြီး'က အလယ်မိန်းမရုပ်ထုရှေ့တွင် ရပ်ေ ပါးစပ်မှ ခပ်တိုးတိုး ရွတ်ဆိုနေပြန်သည်။ သူအဓိပ္ပာယ်နှင့်သူ မ လိမ့်မည်။ သို့သော် ဂူအတွင်းသို့ ဝင်ရမည်ဖြစ်၍ စိတ်က လေး သွားပြန်ပါသည်။ ခရီးတစ်လျှောက်လုံး လိုဏ်ဂူများကို ရှောင်လွှ





ရနိုင်အောင် ရှိတော့သည်။

ထို့နောက် ရုပ်တု၏ဝမ်းစိုက်တွင် ရှိသော ကြေးကွင်းကြီးကို ဆွဲလိုက်သည်။ လိုဏ်ဂူတွင်းမှ အေးစက်သောလေက ကျွန်ုပ်တို့ကို ရိုက်ခတ်လိုက်သည်။ အနံ့ဆိုးတစ်ခုက အတူပါလာသည်။ ဥမင် တစ်ခု မဟုတ်ပေ။ အလီဘာဘာ၏ လိုဏ်ဂူကျယ်ကြီးတစ်ခုဖြစ်သည်။ ဧည့်လှုံ့ရာခန်းမတစ်ခုဖြစ်သည်။

"ဘာပဲဖြစ်ဖြစ်. . . ဒီလူမျိုးတွေ အလောင်းတွေကို စနစ်တကျ ထားတယ်၊ သတ်သတ်မှတ်မှတ် နေရာတစ်ခု ပေးထားတယ်"

ဟုကိုကျော်ရွှေက ပြောသည်။ ယခုထိတော့ ရုပ်ကလာပ်များ ကို တွေ့ရခြင်း မရှိသေးပါပေ။ ခန်းမ၏အဆုံးသို့ ဆက်၍ သွားကြ သည်။

'ထုံးတမ်းစဉ်လာလို့ ခေါ်မလား၊' ထိုယဉ်ကျေးမှုသည် ရှောင်း သူများကို မည်သို့ အကျိုးသက်ရောက်စေသည်လဲ။ အီဂျစ်၏ ပိရမစ် များသည် သမိုင်း၏ ပြတ်တောက်နေသော ကွင်းဆက်များကို အမှန် ကယ် ဆက်စပ်ပေးနိုင်ပါသလား။ ပိရမစ်များနှင့် ပတ်သက်၍ ယခုထိ မည်သူမှ ရေရာ တိကျသောအဖြေကို မည်သူမျှ လက်ခံနိုင် အောင် ရှင်းမပြနိုင်သေးပါချေ။

လူအများ တအံ့တဩဖြစ်အောင် ကမ္ဘာလှည့်ခရီးသည်များ ကို ဆွဲဆောင်စေနိုင်ခဲ့သည်။ ရုပ်ရှင်သမားများကို အလုပ်ဖြစ်စေခဲ့ သည်။ အီဂျစ်ပြည်ကို နိုင်ငံခြားဝင်ငွေ ရှာပေးခဲ့သည်။

ဒါလောက်ပါပဲ။ မမ္မာရုံကြီးစေတီထဲတွင် မဏိစည်သူ၏

အလောင်းရှိသည်ဟု ငယ်စဉ်က ကြားခဲ့ဖူးသည်။ ဘယ်စာအုပ်ထဲမှာမှ ပါဝင်ခြင်းကို မတွေ့ရသဖြင့် အတည်မပြုရသေးသော ကောလာဟလတစ်ခု ဖြစ်ပါလိမ့်မည်။

"တောက်ပြောင် ဝင်းလက်သော ကျောက်များရှိရာ စတုဋ္ဌခန်းမသို့ သွားကြပါမည်၊ စိတ်လက်ချမ်းသာ လိုက်ခဲ့ပါလော့"

ဟုမျောက်ဖြူခြောက်က စကားဆိုသည်။ လမ်းပြနှစ်ဦးမှာ ယခုကိစ္စက သူတို့နှင့်လည်း မဆိုင်၊ ခေါင်းတလားခန်းမသို့လုံး မဝင်ရဲသဖြင့် အပြင်ကပဲ ထိုင်စောင့်နေပါမည်ဟု တောင်းဆိုသည်။ သဘာဝလည်းကျသဖြင့် ကျွန်ုပ်က လက်ခံလိုက်သည်။

မျောက်ဖြူခြောက်၏ မလိုမုန်းထား အမူအရာများက ပီပြင်ထင်ရှားလာသည်။ သူ တစ်ခုခု ကြံစည်တော့မည်ကို အလိုလို သိနေသည်။

"အသက်ဝိညာဉ် ကင်းမဲ့နေတဲ့ အလောင်းကောင်တွေဟာ ဘယ်အရာနဲ့မှ မတူအောင် သက်ရှိလူသားတွေကို ညှို့ယူဖမ်းစားမှုက ပြင်းပြလှပါသကော၊ သင်တို့ရဲ့စိတ်များကို စုစည်းကြ၊ အားမွေးကြကြံ့ကြံ့ခံကြ. . . "

ဟုသူက လေသံအထက်စီးမှ စကားဆိုသည်။ ကျွန်ုပ်က မဲ့ပြုံးပြုံးလိုက်သည်။

မှန်တော့မှန်သည်။ လူသေအလောင်းကောင်များနှင့် ထာဝစဉ် ထိတွေ့ဆက်ဆံရသူ စဏ္ဍာလများ၊ ရေခဲတိုက်စောင့် လုပ်သားများ ဦးနှောက်ပုံမှန် ရှိသည်ဟု မယူဆသင့်ပါဟု စိတ်ပညာရှင် 'ဖလင့်





ာ ဆိုခဲ့သည်။ ဆရာဝန်တစ်ဦးက တစ်နေ့တစ်လောင်းကိုပင် ထိတွေ့ ိုင်တွယ်ခွင့် မရရှာပေ။ အလောင်းတိုင်း ဆရာဝန် စစ်ဆေးရန် လိုအပ်ပါ။

"ဩော်. . . ဘုရင်၊ ဘုရင်၊ ဘုရင်တွေရဲ့အမိန့်ကို တို့များ ာစ်သက်လုံး နာခံခဲ့ပါရဲ့၊ ယခုတော့လည်း ဘုရင်တွေဟာ တို့များ ပြောသမျှ ဆိုသမျှ ပြန်မပြော. . . နားမထောင်နိုင်တဲ့ ဘဝပါလား၊ ီလန်. . . စီလန်' သူခိုးတွေကို ခေါ်ဆောင်လာတဲ့ စီလန်၊ တစ်နေ့ သင်လည်း ဒီခန်းမတွင်းကို ရောက်လာပြီး၊ တို့ပြုသမျှ နုရမယ့်ဘဝ ဆိုတာ သင် မသိလေရော့သလား"

"နားထောင်ကြစမ်း၊ နားထောင်ကြစမ်း !

" ဘယ်အချိန် ဘယ်ကာလကတိုင်၊ ဘယ်လို ရောက်ရှိလာမှန်း သိတဲ့၊ တောက်ပြောင်တဲ့ ကျောက်တုံးတွေ၊ သင်တို့အတွက် ကျန်ရစ် ူတွေ လာထားကြတယ်ဆိုတာ. . . တို့တောင် မပြောနိုင်ကြတာ၊ ီလန်'က ဒါတွေဟာ ဘုရင်လောင်းတွေ စွန့်ပစ်တဲ့ အရာတွေပါလို့ ူ ဒီဌပြောနိုင်သလား"

အချိန်က အဆုံးအဖြတ်ပေးဖို့ စောင့်နေပါပြီ။ နည်းနည်း လေးသာ လိုပါတော့သည်။ အချိန်ပိုင်းမျှသာ လိုတော့သည်၊ အချိန် ်းမျှသာ လိုတော့သည်။

"သူက ဘယ်လောက်ထိ သိထားလို့၊ ဒီလို ပေးနိုင်ရတာလဲ"

"ကောင်းပြီ ဂူဝမှာ ဆုံကြပါစို့ !"

မျောက်ခြောက်ကြီးက ကျွန်ုပ်တို့ နားမလည်ဘူးထင်၍ ဘုရင်

စီလန်ကို အပြစ်ဖို့ကာ ကျိန်ဆဲနေသည်။

"ဂူဝမှာ ဆုံကြပါစို့"

ဟုတ်သည်။ ဘယ်ဂူဝလဲ။ ဘယ်သူနှင့် ဆုံကြမှာလဲ။ စဉ်းစား
စရာတော့ ကောင်းသည်။

ခန်းမကြီး။ ။ကျွန်ုပ် ရောက်ခဲ့ဖူးသမျှ ရုပ်ရှင်ရုံ၊ အစည်း
အဝေးခန်းများထက် ကျယ်ဝန်းသော ခန်းမကြီးဖြစ်၏။

အခန်းများက ဆင့်ကဲ၊ ဆင့်ကဲဖြစ်ပေါ်လျှက်ရှိ၏။ စက်ဝန်း
ဖြစ်၏။ မျက်စိလည်သွားနိုင်သော ဝက်ပါခန်းမဖြစ်၏။ ပြတင်းပေါက်
ဘယ်လိုမှ မရှိနိုင်ပါပေ။ သို့သော် မှုံမွှားသော အလင်းရောင်သည်
ကောင်းကင်ထက်မှ ကျရောက်နေပုံပေါ်၏။ သဘာဝအတိုင်းမဟုတ်
လူတို့က ဆင့်ပွားအလင်းရောင်ကို သွယ်ဝိုက်၍ ယူထားသည်ဆိုလျှင်
အံ့ဩစရာပင်ဖြစ်၏။ ဘေးတစ်ဖက်တစ်ချက်တွင် ရေခဲတိုင်ကြီးများ
ဟု ယူဆရသောတိုင်များက အစီအရီ ဖြစ်ပေါ်နေ၏။

မြေပြင်မှ ဂူ၏အမိုးထိမှာ ပေ ၂၀ ခန့် မြင့်ပုံပေါ်ပေသည်။
အမိုးမှ ရေစက်သည် ကြမ်းပြင်သို့ တစ်စက်စက် ကျဆင်းနေ၏။

ရေစက်တိုင်းတွင် ဆားဓာတ် ပါလာလေရာ တစ်စက်ခြင်း
ကျသည့်အခဲက ရေခဲတုံးကဲ့သို့ မာကျောလာသည်။ ထိုအပြင်
ဓာတ်ပါ ပါလေရာ၊ ကြမ်းပြင်တွင် တောင်ပို့သဏ္ဌာန် စုပုံလာ
အပေါ်မှ ရေစက်များကလည်း၊ ထိုတောင်ပို့ပေါ်သို့ တစ်စက်ချင်း
တစ်စက်ချင်း ဆက်လက်ကျဆင်းနေ၏။ ကြာလာသောအခါ တော
ပို့သည် ဂူ၏အမိုးနှင့် တစ်သားတည်း ဆက်သွားမိရာ၊ ရေခဲတိုင်





ကျောက်တိုင်ကြီးများသဖွယ် ဖြစ်လာသည်။

ဤအတိုင်းသာ ထုံးကျောက်စက်ရေများ ဆက်ကာ ဆက်ကာ
ကျနေပါလျှင် နောင်နှစ်ပေါင်း၅၀အကြာ၌ ဤမရဏခန်းမအတွင်း
သို့ ဝင်ရန်ပင် ခက်ခဲပေဦးမည်။

သို့သော် ဤကိစ္စသည် ကျွန်ုပ်တို့နှင့် သက်ဆိုင်ခြင်း ရှိတော့
သည် မဟုတ်ပါပေ။

အောက်ခြေရှိသော ကျောက်တိုင်ကြီးများ ရှိသလို အထက်မှ
တွဲထားသလို တန်းလန်းကျနေသော ကျောက်စက်ပန်းဆွဲများလည်း
သည်။

ထိုအလှအပများကို ငေးမောနေစဉ်မှာပင်၊ သဘာဝ၏အသံ
စူးစိုက်ကြည့်လျှင် ကြားယောင်နေရသည်။ အောက်ခြေတောင်ပို့
ပေါ်သို့ အပေါ်မှရေများ တစ်စက်စက် ကျဆင်းနေသောအသံ
၏။ တစ်ယောက်တည်းသာဆိုလျှင် အတော်ခြောက်ခြားစရာ
ကောင်းသောအသံပင်ဖြစ်သည်။ လိုဏ်သံနှင့် ပေါင်းစပ်မိသောအခါ
နက်ရှိုင်းဝေးလံသောအရပ်မှ အသံတစ်ခုဖြစ်လာသည်။

မရဏခန်းမ၏ ဖြစ်တည်မှုကို စစ်ဆေးရန် မျောက်ဖြူကြီး
ပက အချိန်မပေးပါ။ အလုပ်ကိစ္စပြီးစေရန် ရှေ့မှ ခပ်သွက်သွက်
နေသည်။ ဒါကလည်း တစ်နည်းတစ်ဖုံကောင်းခြင်းပင်ဖြစ်သည်။

ရှေ့တွင် နောက်ထပ်ဝင်ရန် ဂူပေါက်တစ်ခု ရှိနေသည်။ဒုတိယ
ဆင့်လိုဏ်ဂူဟု ခေါ်ရမည်ဖြစ်သည်။ ထိုဂူ၏ဝင်ပေါက်မှာ စောစော
ကဲ့သို့ ပေါင်းမိုးအခုံး မဟုတ်ဘဲ လေးထောင့်ပုံ ဖြစ်နေသည်။

"ဂူဝမှာ. . . တစ်ဖန် ပြန်လည်ဆုံစည်းကြပါစို့"

မျောက်ခြောက်က သူ့အမိပွာယ်ကို သူကျေနပ်ပြီး တခိခိ ရယ်နေပြန်ပါ၏။ သူက ရှေ့မှဂူပေါက်ထဲသို့ စွတ်ခနဲ ဝင်သွားသည်။ ကျွန်ုပ်တို့လည်း ထပ်ချပ်မကွာ လိုက်သွားသည်။ စောစောက ခန်း ထက် အလင်းရောင် နည်းသွားသည်။

ခြောက်ခြားစရာကောင်းလာသည်။

အော်ဂလီဆန်စရာ အနံ့တစ်မျိုးကို ရှူရှိုက်ရသည်။

"ဒီအခန်းက ပိုသတိထားရမယ်. . .၊ စောစောက အခန်းလို လင်းလင်းကျင်းကျင်း ရှိတာမဟုတ်ဘူး"

ဟုကိုကျော်ရွှေက ပြောလိုက်သည်။

မျောက်ဖြူခြောက်က ခြေလှမ်းကို ခပ်သွက်သွက်ဖြင့် အမြန် မြှင့်လိုက်သည်။ ဆတ်ခနဲ၊ ဆတ်ခနဲ သွားသည်။

"ကိုနောင်ရိုး၊ မြန်မြန်လိုက်မှဗျ၊ ဒီကောင်ကြီး ခြေရာပျောက် သွားနိုင်တယ်"

"အေးဗျ"

ကျွန်ုပ်တို့ကလည်း ခြေလှမ်းသွက်လှသော လူအိုကြီးကို တအံ့ တသြငေးနေမိသည်။

လူ ဟုတ်မှဟုတ်ပါလေစ။ အစိမ်းသရဲ ဝင်ပူးနေသလား။ ခြေ လှမ်းတွေက အရွယ်နဲ့ မလိုက်အောင် သွက်လှချည်လား။

"လိုက်. . . လိုက်၊ တကယ့်မျောက်ဖြူခြောက်ကြီးဗျ"

ကိုကျော်ရွှေက ပြောပြောဆိုဆို ကျွန်ုပ်ကို ကျော်တက်၍





အဘိုးကြီး၏နောက်သို့ စွတ်လိုက်သွားသည်။

အချိန်ပိုင်းအတွင်း မသမာမှုတစ်ခု၊ အန္တရာယ်တစ်ခု ဖြစ်လာတော့မည်ကို မုဆိုးသဘာဝ 'ဗိုင်ကျူးအီရှင်း' သဘာဝဖြင့် ခံစားမိလာရသည်။ နောက်ထပ် လေးဒေါင့်စပ်စပ်ပုံ အခန်းလွတ်ကြီးတစ်ခု။ အလျားပေလေးဆယ်၊ အနံပေသုံးဆယ် ကျယ်ဝန်းသော ခပ်မှိန်မှိန် အခန်းထဲတွင် သူက တုန့်ခနဲ ရပ်လိုက်သည်။

အမှောင်ထဲတွင် ကျင့်သားရလာသောအခါ အခန်းလုံးပြည့် ရှိသော ကျောက်ဖြူစားပွဲတွင် ကုလားထိုင်များ ပတ်ချာဝိုင်းလျက်ရှိနေသူ၊ ကုလားထိုင်တွင် လူပုံစံရုပ်တုများ ရှိနေသည်။

စားပွဲ၏တစ်ဖက်စွန်းထိပ် အကြီးအမှူးများ ရပ်သည့်နေရာတွင် အဖြူရောင်ရုပ်ထုကြီးတစ်ခုရှိသည်။

ထိုအရုပ်ကြီးမှာ နောင် တားရော့ကတ်များတွင် မြင်တွေ့ရသော သေမင်း၏ရုပ်တုပုံစံဖြစ်သည်။ လက်တစ်ဖက်မှာ သူ၏ဓား ကောက်ပုံ၊ အသွားပုံပါသော လှံကြီးကို မြှောက်ထား၏။ လက်တစ် ဖက်က ကျောက်စားပွဲပေါ်တွင် လက်ထောက်ထားသည်။

အရိုးခေါင်းပုံမျက်နှာမှ မျက်လုံးကြီးက ပြူတ်ကျတော့မယောင် ပြူးထွက်နေသည်။ လက်ရာမြောက်သလောက် ကျက်သရေ ကင်းမဲ့လှသော ရုပ်တုကြီးဖြစ်သည်။ လူ၏နှစ်ဆ ကြီးမားသည်။

ဂူ၏ခေါင်မိုးနှင့် ထိမတတ်ဖြစ်နေသော ဦးထုပ်ကြီးက ငိုက်နေသည်။ လူ၏နှစ်ပြန် အစအဆုံး အရပ်မှာ ၁၅ ပေအမြင့် ရှိသော အရုပ်ကြီးသာဖြစ်သည်။ စားပွဲတစ်ဖက်တစ်ချက်တွင် ထိုင်နေသော

အရုပ်များမှာ သာမန်လူအရွယ်အစားပင်ဖြစ်သည်။ သေမင်းရုပ်တုသာ အကြီးမားဆုံးဖြစ်သည်။

အတန်ကြာအောင် ကြည့်ရင်း မျက်စိကျင့်သား ရလာပေသည်။ သေမင်းရုပ်တုသာလျှင် ရုပ်တုကြီးဖြစ်၍ ဘေးစားပွဲတွင် ဝိုင်းထိုင်နေကြသူများသည် အရုပ်မဟုတ်။ လားမားအဝတ်အစားကို ဝတ်ဆင်ထားသော ကွယ်လွန်ပြီးသော ဘုရင်များ၏ အလောင်းများပင်ဖြစ်တော့သည်။

အလောင်းကောင်ဆိုသည်မှာ ကျွန်ုပ်အတွက်သာ မဟုတ်။ အရွယ်ရောက်ပြီးသူတိုင်းအတွက် ဆန်းပြားသောအရာ မဟုတ်ပါ။ တစ်ကြိမ်မဟုတ်တစ်ကြိမ် ထိတွေ့ကိုင်တွယ်ဖူးခြင်း ရှိရမည်။ အနီးကပ်ကြည့်ရန်ပင် ဝါသနာပါသူများ ရှိပါသည်။ သို့သော် အနေအထားက စကားပြောပါသည်။

ဂူနှစ်ဆင့်အတွင်း ကျက်သရေကင်းမဲ့သော သေမင်းနံပါတ် ၁၃၏ရုပ်တုကြီး။ တကယ့်အလောင်းကောင်များက ပက်လက်အနေအထား မဟုတ်ဘဲ ကုလားထိုင်တွင် ထိုင်ရင်း ဝိုင်းဖွဲ့ စကားစမြည်ပြောသောပုံစံ လုပ်ထားခြင်းမှာ အတော်ပင် စိတ်ရှုတ်ထွေး၊ စိတ်ပျက်စရာဖြစ်ပါသည်။

"မှန်းဆမရသော အနာဂတ် စကြာဝဠာ အဆုံးမဲ့ခရီးစဉ်အတွက် ဘုရင်တကာ့ဘုရင်တို့က. . . ပူးပေါင်းခြင်း၊ အဖြေရှာခြင်း၊ ဆန်းစစ်ခြင်းတို့က အဓိကလား၊ သာမညလား"

ကျွန်ုပ်တို့ကို စစ်တမ်းထုတ်သလို ထုတ်လိုက်ပြီး မပြီးနိုင်မစီး





နိုင် ရယ်နေတော့သည်။ ထို့နောက် ပါးစပ်မှ. . .

သေမင်းထက်၊ လျှို့ဝှက်တာ
သေမင်းထက်၊ နက်ရှိုင်းတာ
သေမင်းထက်၊ ကြောက်စရာကောင်းတာ
သေမင်းထက်၊ ဆိုးဝါးခံစားရတဲ့ဝေဒနာ
ဘာများ ရှိပါသေးသနည်း။

သေမင်း၏ အစအဆုံး ရာဇဝင်ကို မည်သူ ပြောပြနိုင်ပါသနည်း။

သေမင်းသည် အားလုံးကို ချုပ်ကိုင်ထား၏။ မိနစ်၊ နာရီ မလွဲ အတိအကျ ချုပ်ကိုင်ထား၏။

သို့သော် သေမင်းကို မည်သူ ချုပ်ကိုင်ထားသနည်း။ မသိပါ သိပါ. . .။

ကျွန်ုပ် မျောက်ဖြူခြောက်ကြီးပင် မဟုတ်လော. . လူကလေးတို့. . .။

အဘိုးကြီးသည် ထိုစကားလုံးများကို ကျွန်ုပ်တို့လူစုထဲမှ တစ်ယောက်မှ နားမလည်ဘူးအထင်ဖြင့် ကိုယ်ရည်သွေး အမွှန်းတင် အချိန်ဆွဲနေတော့သည်။ ထို့နောက်. . .

အစွန်ဆုံးစားပွဲကုလားထိုင်မှ နောက်ဆုံးလူကို ညွှန်ပြလိုက်သည်။ အလောင်းကောင်များအားလုံး မျက်လုံး မရှိကြတော့ပါပေ။ အလောင်းကောင်များ၏ကိုယ်ပေါ်သို့ ခေါင်မိုးမှ ကျောက်စက်ရေများ တစ်စက်ချင်း ကျနေသည်။ တစ်စက်နှင့်တစ်စက် အချိန်အတော်ကြာ

ညောင်းလှပေသည်။ ပထမအခန်း၌ တွေ့ရသော ကျောက်စက်ရေကျခြင်းက တစ်စက္ကန့်တစ်ကြိမ်မျှသာဖြစ်၏။ ယခုအခန်းက ငါးစက္ကန့်မှတစ်စက်သာ ကျဆင်းနေ၏။ နောက်ဆုံးအစွန်မှ လူ၏ခေါင်းကို ကိုင်၍ ကျွန်ုပ်တို့ဘက်ကို လှည့်၍ပြလိုက်သည်။ နောက်ဆုံးဘုရင် လူရင်ခြောက်ပင် ဖြစ်တော့သည်။

ဆင်ကူးပြည်မှ သုဘရာဇာတို့၏လုပ်ရပ်ကား ပိရိသေသပ်လှပေသည်။ ပုံစံအမှန်အတိုင်း ဘုရင်ဖြစ်လာသူ မဟုတ်သော လူရင်ခြောက်သည် ပေတစ်ထောင်နီးပါး နက်ရှိုင်းသော ဓာမိအသူရာချောက်ထဲသို့ ကျွန်ုပ်တို့၏ မျက်စိရှေ့မှောက်မှာပင် ကျရောက်သွားသည်။ နောက် ဘယ်လို ဆယ်ယူ၍ ယခုလို ကြေးရုပ်တောင်ကြားရှိ သေမင်းစားပွဲဝိုင်းသို့ ရောက်ရှိသွားပြီနည်း။

ရုပ်ခန္ဓာပေါ်သို့ ကျောက်စက်ရည်များ ဆယ်ရက်တာမျှ ကျရောက်ပြီးပြီဖြစ်၍ အရေကတော့ တင်းသွားသည်။

ခံပြင်းသော မျက်နှာပေးမှာ မျက်ဆန်များ မရှိသော်လည်း ကျဉ်းမြောင်းလှသော ကျောက်ဂူ၏ ထောင့်စွန်းတစ်နေရာသို့ စူးစူးစိုက်စိုက် ကြည့်နေသည်။ လက်ရာမြောက်သော အရုပ်တစ်ခုကို ကြည့်ရသလို ကြေကွဲစရာကောင်းခဲ့သည်။

"သူသည် အရာအားလုံးကို ငြင်းဆန်ခဲ့သည်။
ထီးနန်းကို စွန့်ရန်လည်း ငြင်းဆန်ခဲ့သည်။
ရှန်ဗဲလားသို့ သွားရန်လည်း ငြင်းဆန်ခဲ့သည်။
သေမင်းကိုတော့ မငြင်းဆန်နိုင်ပါလား။





လူ၏ရှင်သန်မှုသည် အရောင်တောက်သော
စိန်များထက် အဖိုးထိုက်သည် မဟုတ်ပါလော"

မျောက်ဖြူခြောက်သည် မရဏာခန်းမသို့ ရောက်ထဲက ပုံပြင်များ၊ နိမိတ်များ၊ ကိုယ်ပိုင်အယူအဆများဖြင့် ကဗျာလင်္ကာရများကို စိတ်ပျက်စဖွယ် လက်တန်းသီကုံး၍ လက်တန်းသီဆိုလျက် ရှိတော့သည်။ သူ၏လက်တန်းကဗျာများကို သူကိုယ်တိုင်ပင် သဘောကျမဆုံး ဖြစ်နေပါတော့၏။

◆ ◆ ◆

## အခန်း ( ၂၁ )

## စိန်နန်းတော်

"ကိုင်း. . . ရှေ့မှာ ခရီးဆုံးပါပြီ။ တစ်ကမ္ဘာလုံးမှာရှိတဲ့ ပြောင်လက်တောက်ပတဲ့အရာတွေ မှန်သမျှ ညဘက်မှာ တောက်ပတဲ့ နက္ခတ်တာရာတွေလို အရာတွေဟာ အလှကြည့်ရုံ၊ ရောင်းချရုံ၊ လူမှာ ဆင်မြန်းရုံသာ မဟုတ်။ စားမယ်ဆိုရင်လည်း စားလို့ရပါတယ်။ အစာ ငတ်ရေငတ်မှုတွေကိုလည်း ပပျောက်နိုင်ပါတယ် လူကလေးတို့"

မျောက်ဖြူခြောက်သည် အဓိပ္ပာယ် ထွေပြားလှသောစကားကိုဆိုရင်း လက်ျာဘက်ထောင့်ချိုးသို့ သိုင်းသမားတစ်ဦးလို ဘေးတိုက် ရွေ့လျားလိုက်သည်။ ပိုးလိုးပက်လက် ပြန့်ကျဲနေသော စိန်နှင့်ကျောက် များက မှုန်မှိုင်းသော အလင်းရောင်အောက်မှာပင် ပြန့်ကျဲနေသည်။ ဝင်းလက်နေသည်။

သို့သော် ထိုအချိန် ၁၉၂၅ ခုနစ်အလွန် ကာလများတွင် လောကကြီးသည် အသံတိတ်ရုပ်ရှင်ကားခေတ်၊ လူတိုင်း ကားမစီးနိုင်

သော ခေတ်ဖြစ်သောကြောင့် စိန်ကျောက်ရတနာများကို မက်မောမော မရှိကြပါ။ သူဌေးကြီး ဖြစ်ချင်စိတ်လည်း ရှိလှပါသည်တော့ မဟုတ်ပါ။ လွမ်းစရာ မရှိပါ။

သို့သော် စိန်ကျောက်ရတနာများသည် လူကို တဒင်္ဂမျှ မှင်သက်မိစေ၊ အံ့အားသင့်စေသည်။ ဤမျှ အဖိုးထိုက်လှသောစိန်များနှင့် အခြားအဖိုးထိုက်ကျောက်မျက်များသည် အဘယ်ကြောင့် ဤနေရာသို့ ရောက်ရှိနေသနည်းဟု တွေဝေ မိန်းမောနေမိသည်။

လောကကြီးသည် အဆက်အစပ် ကင်းမဲ့လှ၏။ အဓိပ္ပာယ် ကင်းမဲ့လှသည်ဟု တွေဝေနေစဉ်မှာ ရုန်းရင်းဆန်ခတ် ပြိုလဲသံ၊ လူလုချင်း ထိခိုက်မိသံ၊ ဝရုန်းသုန်းကား အသံများကို ကြားလိုက်ရသည်။

မျောက်ဖြူခြောက်ကြီးသည် ရတနာခန်းမှတစ်ဆင့် ရိပ်ခနဲ သေမင်းစားပွဲဝိုင်း ခန်းမထိပ်အတွင်းသို့ လျှပ်တစ်ပြက် ရောက်ရှိသွားသည်။

သူ ဘယ်လို လုပ်လိုက်သည်မသိ။ တကယ့်သိုင်းသမားတစ်ဦးလိုပင်။

ကျောက်သလင်းခန်းမနှင့် သေမင်းစားပွဲဝိုင်းခန်းမကြားရှိ လေးထောင့်ပုံတံခါးသည် အပေါ်မှ ဓာတ်လှေကားကဲ့သို့ တအိအိ ကျဆင်းလာသည်။ မျောက်ဖြူခြောက်က ကြမ်းပြင်နှင့် ၂ ပေသာသာ လွတ်နေသောအပေါက်သို့ အလျားလိုက် ဒိုင်ဗင်ထိုး၍ ဝင်လိုက်သည်။

မရတော့ပါ။ သူ၏တိုင်မင်များ လွဲချော်သွားခဲ့ပြီး ရတနာခန်းမနှင့် သေမင်းစားပွဲဝိုင်းခန်းမအကူး ဇုံမဲနှင့် လုံးထွေး သတ်ပုတ်





နေစဉ်မှာပင် တံခါးက တအိအိ ကျဆင်းလာနေသည်ကို ကျွန်ုပ်တို့ မြင်ရသည်။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက် ထိုစကားမှန်ပါသည်။ ဇုံမဲကို ပါလာသောဓားဖြင့်တွက်လိုက်ပြီး သေမင်းစားပွဲဝိုင်းတံခါးသို့ တစ်ဟုန်ထိုး ပြေးသွားသည်။ ထိုစဉ်မှာပင် တံခါးက ကြမ်းပြင်နှင့် သုံးပေ ကွာတော့သည်။ သူ အလျားလိုက် ဒိုင်ဗင်ထိုးလိုက်ချိန်တွင် ဇုံမဲက သူ့ခြေထောက်ကို အမိအရ ဆွဲယူထားသည်။

တစ်ပေထုမျှရှိသော တံခါးမကြီး၏အောက်တွင် တစ်ယူသန် မျောက်ဖြူခြောက်ကြီး ပိ၍ သေဆုံးသွားခဲ့ပြီ။ ကန့်လန့်ဖြတ် ပိ၍ သေဆုံးနေပြီ။ ဇုံမဲ၏ဓားဒဏ်ရာမှာ မဖြစ်စလောက်ပါပေ။ ကျောက်ရေများ သိပ်လိုက်သောအခါ ထုံဓာတ်၊ ဆားဓာတ်များကြောင့် အနာက ကျက်သွားပါလိမ့်မည်။

ဇုံမဲ၏ ဝီရိယ သတိကောင်းမှုသည် ရန်သူလူယုတ်မာကို လှလှကြီး လက်စားချေနိုင်သည်ကလွဲ၍ ကျွန်ုပ်တို့အတွက် ဘယ်လိုမှ အကြောင်းထူးလာတော့မည် မဟုတ်တော့ပေ။ သေချာပါသည်။

မှင်သက်မိသွားသည်ဆိုသည်မှာ ဤအချင်းအရာသာ ဖြစ်ပါသည်။ မည်မျှကြာအောင် ထိုင်၍ ငေးငိုင်နေမိသလဲ မသိပါ။ သတိပြုမိသောအချိန်တွင် အလင်းရောင်က ဆုတ်ယုတ်နေပြီ။

မျောက်ဖြူခြောက်ကြီး ပိတ်လိုက်သော လျှို့ဝှက်ခလုတ်သည် အတွင်းမှာပင် ဖြစ်နိုင်သည်။ သူ အပြင်ရောက်မှ တံခါးပိတ်နိုင်ခဲ့လျှင် ယခုလို အသေဆိုးနှင့် သေရမည် မဟုတ်ပါ။

အမှန်က အဖွင့်အပိတ်ခလုတ်သည် အပြင်မှာသာ ရှိရမည် မဟုတ်ပါလား။ အတွင်းမှ ချက်ချ၍ ပိတ်ရအောင်လည်း. . .

ဤအခန်းက လူနေအိမ်ခန်း မဟုတ်ပေ။ ဂူတံခါး ပိတ်သွား ပြီ။

"အိုင်ဆေး ကိုနောင်ရိုး. . . လမ်းဆုံးပြီ ထင်ပါရဲ့ဗျာ"

အတန်ကြာမှ ကိုကျော်ရွှေ၏အသံ ထွက်လာခဲ့သည်။

"အင်း. . . ဇာတ်လမ်းက ဥမင်မှာစပြီး ဥမင်မှာ အဆုံးသတ် သွားတယ် ဆိုရမှာပေါ့"

"ပြဿနာရဲ့ဇာစ်မြစ်ကို ကျွန်တော် ခုမှပဲ စဉ်းစားမိတော့ တယ်ဗျာ၊ မဆိုင်တဲ့သူတွေကို ရိုက်ခတ်သွားတယ် ဆိုပေမယ့် ခင်ဗျာ တို့နဲ့ ကျွန်တော်လည်း ကံတူအကျိုးပေး ပဌာန်းဆက်ပေ့ါလေ"

သူ့စကား နားထောင်၍ ဘယ်လိုမှ အကျိုးထူးလာမည်မဟုတ် မှန်း ကျွန်ုပ် သိသည်။

သို့သော် စိတ်ပြေလက်ပျောက်ဆိုသလို နားထောင်နေမိသည် ခုချိန်မှာ ထိုစကားတွေသည် ဘာမှ အနှစ်သာရမရှိတော့။ တကယ့် အရည်မရအဖတ်မရ စကားတွေ ဖြစ်ပါသည်။

ပြီးတာတွေ ပြီးပါစေတော့ဗျာ၊ ပစ္စုပ္ပန်ကို တည့်တည့်ရှုပါ သော်လည်း ပစ္စုပ္ပန်က ရပ်တန့်နေသောပစ္စုပ္ပန်၊ သုံးမရသော ပစ္စုပ္ပန်

"ကိုင်း. . . ဆိုစမ်းပါဦး၊ ဘယ်လိုဇာစ်မြစ်ကို စဉ်းစားမိတာ လဲ"

"ဒီလိုဗျ၊ ဒီခရီးစဉ်ရဲ့အစဟာ ရွှေဥဒေါင်းရဲ့ ရှုပနန္ဒီလည်





မဟုတ်ဘူး၊ ကျွန်တော့်ညီလည်း မဟုတ်ဘူး"

"အဲဒါဆို. . . ဘယ်သူလဲ"

"ရတနာမြေပုံပေါ့ဗျာ၊ အဖေ ဘယ်ကမှန်းမသိ ယူလာပြီး း‌ခံသေတ္တာထဲကို ထည့်ထားတဲ့ ရတနာမြေပုံဟာ ဒိသေမင်းစားပွဲဝိုင်း န်းမကို ရောက်ဖူးတဲ့သူဖြစ်ရမယ်၊ ဒါပေမဲ့. . . မြေပုံက အစမသတ် တော့ ဝေဒကျမ်းစာခန်းမမှာပဲ ဆုံးသွားတယ်"

"ထားလိုက်ပါတော့လေ၊ လူဆိုတာ ကိုယ့်သချိုင်း ရှိတဲ့နေရာ ကို အရောက်လာရတယ်ဆိုတာ ကျုပ်တော့ လက်ခံသွားပြီ။ တစ်သက် း ရန်ကုန် မရောက်ဖူးတဲ့သူ သေခါနီးမှ ရန်ကုန်ကို ရောက်လာပြီး န်ကုန်မှာ သင်္ဂြိုဟ်လိုက်ရတာတွေ တချို့ဇာတ်သမားတွေ ရောက် ်နေရာမှာ သေတဲ့အလောင်းကို ပြန်သယ်ဖို့ မလွယ်လို့ ကြံုရာမှာ ်ဂြိုဟ်လိုက်ရတာတွေ မနည်းပါဘူး၊ နောက် အင်္ဂလိပ်မြန်မာစစ်ပွဲ း မြန်မာပြောက်ကျားတွေကြောင့် သေဆုံးရတဲ့ မျက်နှာဖြူတွေ ယ်မှာနည်းလို့လဲ"

ထိုစကားပြောပြီး ကျွန်ုပ်တို့ ဘာဆက်ပြောရမှန်း မသိတော့။ ားစများ ကုန်ခန်းသွားသည်။

စိန်တွေ ကျောက်တွေကို တစ်နာရီခွဲကျော်ကျော် ထိုင်ကြည့် သော်လည်း ဘယ်လိုမှ ထူးခြားမှု ရှိမလာခဲ့ပါပေ။ တရားသဘော ပက်ပင်းလက်ငင်း တွေ့နေရပေပြီ။ ထိုခန်းမကြီးမှာ နှစ်ပေါင်း မတွက်နိုင်အောင် ရှိခဲ့ပြီ။

အလောင်း တစ်လောင်းနှင့်တစ်လောင်း ကွာခြားမှုသက်တမ်း

နှစ်ပေါင်း ၃၀ ပဲထားဦး။ အလောင်းရှစ်လောင်း (မျက်နှာချင်းဆိ
တစ်ဖက် ၄ ယောက်စီ) ဆိုတော့ နှစ်ပေါင်း ၂၄၀ ရှိခဲ့ပြီ။ သို့သေ
အခြား ဆင့်ကဲဆင့်ကဲအခန်းများတွင်လည်း သေမင်းခန်းမတွေ
ဟု မပြောနိုင်ပါ။

မျောက်ဖြူခြောက်ကြီး၏သက်တမ်းပင် ထိုသချိုင်းဂူကြီး
အစကို ပြောပြနိုင်မည် မထင်ပါ။ သူလည်း လျှို့ဝှက်ခလုတ်ကို အမှ
မထင် တွေ့ရှိခဲ့ပုံ ပေါ်ပါသည်။

ယခုလည်း ကျွန်ုပ်တို့ကသာ ထိုင်စကားပြောနေကြသည
မြဒင်၊ ကျော်ခင်၊ ငုံမဲတို့လူငယ်များကတော့ ဟိုစမ်းဒီစမ်း လုပ်
သည်မှာ တစ်နာရီကျော်သွားခဲ့ပြီ။ ရေရေရာရာ မသိဘဲနှင့်ဆေ
မလွယ်ပါ။ စင်စစ် ဒီနေရာသည် ထောင်ချောက်တစ်ခုဖြစ်သည
အမှတ်တမဲ့ထောင်ချောက် မဟုတ်။ တမင်ပြုလုပ်ထားခြင်းဖြစ်သည
ကြွက်ထောင်ချောက်အတွင်းမှ ကြွက်တစ်ကောင်က ပြင်ပသို့ ထွ
ရန် မနေမနား ကြိုးစားနေခြင်းနှင့်ပင် တူပါလိမ့်မည်။

သည်လို ရှာဖွေရင်းနှင့်ပဲ ပြီးဆုံးသွားရသည်။

ပြင်ပကလူ ဖွင့်မပေးဘဲ ဘယ်လိုမှ ထိုကြွက် ပြင်ပသို့ ရော
မလာနိုင်ပါပေ။

တစ်ခုတော့ ကြံကြံဖန်ဖန် မျှော်လင့်နိုင်ပါသည်။ ဘုရင့်အမိ
ဆိုတာ သူတို့သိသည်။ ပြင်ပမှ လမ်းပြများ၊ ကျွန်ုပ်တို့ရော၊ မျော
ဖြူခြောက်ကြီးရမ်ပပါ ပြန်ထွက်မလာသဖြင့် အထဲကို ဝင်လိုက်လာ
ဟိုစမ်းသည်စမ်းဖြင့် ခလုတ်ကို တွေ့သွားလျှင်ကော။ တကယ့်စိတ်





ယဉ် မျှော်လင့်ချက် ဖြစ်ပါသည်။

လမ်းပြနှစ်ဦး အတွင်းသို့ ဝင်ရဲရန် မလွယ်ပါ။ အထဲသို့ ဝင်ရဲ
သည်ပဲထားဦး။ ကမ္ဘောကမ္ဘာက လျှို့ဝှက်ခလုတ်ကို တွေ့နိုင်ရန် မလွယ်
ပါ။ မျောက်ဖြူခြောက်ကြီးလည်း အပိတ်ခလုတ်ကိုသာ သိပြီး အဖွင့်
ခလုတ်ကို သိချင်မှ သိပါလိမ့်မည်။ လူယုတ်မာများသည် သူတို့၏
အလုပ်ကို တစ်ခုတည်းကိုသာ သိပါသည်။ အဖွင့်ခလုတ်ဆိုသည်မှာ
သူတို့အတွက် မလိုအပ်ပါချေ။ သုံးမည်လည်း မဟုတ်ပါ။

ဘဝတစ်လျှောက်လုံး ကျွန်ုပ် နေရာအနှံ့အပြား ရက်ပေါင်း
များစွာ စီးကရက် သောက်ဖူးခဲ့ပါသည်။ ယခု ရတနာခန်းမတွင်
သောက်ရသော စီးကရက်လောက် မည်သည့်စီးကရက်မှ ကောင်းမည်
မထင်တော့ပါ။ အလင်းရောင်က တစ်စတစ်စ နည်းလာပါသည်။

နိုင်ငံခြားသတင်းများတွင် ဖတ်ဖူးသော လေယာဉ်ပျက်ကျ
ခြင်း။ (မြန်မာပြည်တွင် လေယာဉ်ပျံ မရောက်သေးပါ။) ပင်လယ်ကူး
သင်္ဘောကြီးများ နစ်ခြင်း၊ မီးလောင်သေဆုံးခြင်း၊ မြေပြိုတောင်ပြို
ပြိ၍ သေဆုံးခြင်းများလောက်တော့ မဆိုးလှဟု ယူဆမိပါသည်။ သေ
ခြင်းတရားသည် လက်တွေ့ကျကျ အနီးကပ် ကျွန်ုပ်တို့ထံသို့ ရောက်
လာတော့မည်မှာ မလွဲပါချေ။ လက်တွေ့ကျကျ သေမင်းကို လေ့လာ
ရန် အကောင်းဆုံးအချိန်ဖြစ်ပါသည်။ သူ ဘယ်လို ရောက်လာမလဲ။

တစ်ခုတော့ ဝမ်းနည်းမိသည်။ သေမင်းရှိရာကို ဇိမ်ရှိရှိ ဆင်
နှင့်မြင်းနှင့် စီး၍ လာရခြင်း မဟုတ်ဘဲ လိုဏ်ဂူပေါင်းများစွာ၊ တော
တောင်ပေါင်းများစွာကို ပင်ပန်းဆင်းရဲ မဝရေစာ စားရ အိပ်ရေးပျက်

ညပေါင်းများစွာကို ကျော်လွှားပြီးမှ ကိုယ့်သချိုင်းရှိရာကို ရောက်လ
ခြင်းမှာ မတရားလှပါ။

အကြောင်းကံတရားက ကျွန်ုပ်တို့အပေါ် ပညာပြ ယုတ်မာ
သည်ဟု ထင်ပါသည်။ စာရာမေတီတောင်ခြေရင်းမှစ၍ ရေတွက်
သော် စီလန်၏နန်းတော်တွင် ၅ ညတိတိ။ ဂါဂူးလ်စုန်းမကြီး
ကျောက်ဂူတွင် တစ်ည။ စုစုပေါင်း ခြောက်ညတိတိ အိပ်ကောင်းခြ
အိပ်ရသည်မှလွဲ၍ ကျန်သောရက်များတွင် ကြက်အိပ်ကြက်နိ
အဆင့်မျှသာ မဟုတ်ဘဲ ယုန်တစ်ကောင် အိပ်စက်ရသလို မျော
တစ်ကောင် အိပ်စက်ရသလို (မျောက်သည် တစ်ညလျှင် သုံးခါတိ
သစ်ပင်ပေါ်မှဆင်း၍ မြေကြီးကို စမ်းသည်ဟု အဆိုရှိသည်။) အိ
စက်ခဲ့ရပါသည်။

ကောင်းပြီ။ ယခုတော့ နှစ်နှစ်ခြိုက်ခြိုက် အတိုးချ အိပ်စက်
ပါတော့မည်။ မနိုးသောအိပ်ခြင်းဖြင့် အိပ်ရပါတော့မည်။

အလင်းရောင်က တစ်စစ နည်းလာပြီ။ နာရီက ညနေ
နာရီကိုပင် ညွှန်ပြနေပေပြီ။ ယခုထိ အသက်ရှူ ကြပ်မလာသေးသ
ကတော့ စဉ်းစားစရာပင်ဖြစ်သည်။ လေဝင်လေထွက် ရှိနေပုံပေါ်၏

"ကိုင်း. . . ကိုကျော်ရွှေ ဂူထဲကို ဘာပဲဖြစ်ဖြစ် ရှေ့ဆက် ဝ
ဖို့ပဲ ရှိတယ်၊ သေမင်းခန်းမစားပွဲဝိုင်းနားမှာတော့ မအိပ်ချင်ဘူးဗျ"

ဟု ကျွန်ုပ်က ပြောလိုက်သည်။

လူသည် ဖွဲတစ်ဆုပ်ကို မနိုင်မှသာ လုံ့လကို၊ လောဘကို လျှေ
တတ်သည် မဟုတ်ပါလား။





စိန်နှင့် အခြားကျောက်မျက်များကို လက်တစ်ဆုပ်စာသာ ယူ၍
ူတွင်းသို့ ကျွန်ုပ်က ဆက်၍ဝင်လာခဲ့သည်။

ညွှန်ကြားစရာ မလိုပါပေ။ အားလုံး လောဘသတ်နိုင်ကြပါသည်။
ကျန်လူများလည်း တစ်ယောက်တစ်ဆုပ်သာ ကောက်ယူ၍ ကျွန်ုပ်
နောက်သို့ လိုက်လာကြသည်။ စိတ်တူကိုယ်တူရှိခြင်းဆိုတာ ဒီလိုပဲဖြစ်
ါလိမ့်မည်။

သေမင်းနှင့် လက်တစ်ကမ်း ရောက်နေချိန်ထိ ရသမျှ စိန်များ
ကို အိတ်ထဲကို ကျုံးထည့်နေသူများမှာ နေရာတိုင်းတွင် တွေ့နိုင်သော
းမွှားလူသားများသာဖြစ်သည်။ ဒီလိုပိုးမွှားလူသားများကို ကျွန်ုပ်၏
နောက်လိုက်အဖြစ် မထားနိုင်ပါ။ စိတ်ချလို့လည်း ရမည်မဟုတ်ပေ။

ကျော်ခင်သည် အလွန်ဆင်းရဲသူဖြစ်သည့်အပြင် မိခင်အိုကြီး
ကို လုပ်ကျွေးနေသူဖြစ်သည်။ သူလည်း လက်တစ်ဆုပ်စာသာ ယူ
သည်။ ကျွန်ုပ်က အရမ်းပင် လေးစားသွားသည်။

ဇုံမဲနှင့် အိုမုန်းကတော့ သူများတွေ လက်တစ်ဆုပ်စာ ယူသည်
ကိုတွေ့၍ ကောက်ယူလိုက်တာပဲ ရှိပါသည်။ ဟက်ဟက်ပက်ပက်
နိုလှပါ။ ဈေးကွက်ကိုလည်း သူတို့ သိဟန်မတူပါပေ။ ပြန်ရောက်ဖြစ်
လျှင်တော့ သူတို့နယ်စပ် သူတို့နှင့်နီးရာ အင်ဖာရှိ မဟာရာဇာ
ဝယ်တော်များထံ သွားရောင်းရန် ညွှန်ပြ ပြောဆိုရပါဦးမည်။ သို့
သော် ကျွန်ုပ်တို့ ပြန်မှရောက်ပါဦးမလား။

ဒီတစ်သက် မြန်မာပြည်ကို ပြန်ရောက်ပါဦးမလားဟု တွေး
ပါတော့မည်။ မတွေးလို့လည်း မရပေ။ ဘဝတစ်သက်ဝဲသွင် ဤမျှ

ဆိုးဝါးသော လောကဓံကို ဤတစ်ကြိမ်သာ ကြုံရဖူးပါလေသည်။ မြဒင်က ဘုရင်စီလန် ပေးလိုက်သော တိဗက်မီးအိမ်ကို ညှိလိုက်သည်။ အမှောင်ထု ဖုံးလွှမ်းလာပြီဖြစ်သော်လည်း လုံးဝ ဆာလောင်မွတ်သိပ် ခြင်း မရှိပါပေ။

◈ ◈ ◈



အခန်း ( ၂၂ )

လူသည် ထူးဆန်း အံ့သြခြင်း၊ တုန်လှုပ်ခြင်းကို ခံစားပြီးသည် ...နောက်ဝယ် တွေးတောခြင်းကို စတင်လေ၏။

(အမည်မသိ)

သေမင်းနှင့် လက်တစ်ကမ်းအကွာ ရောက်သည်အထိ ဆာ ...လောင်မွတ်သိပ်နေသူဟူ၍ ရှိနိုင်ပါမည်လော။ အံ့သြစရာပင်။ ကျွန်ုပ် ...တို့အားလုံး နောက်ကြောင်း ကြေးရုပ်တံခါးဝသို့ ပြန်ထွက်မရသော် ...လည်း ရှေ့ကိုတော့ ကြိုက်သလောက် ခရီးဆက်နိုင်သည်။

ရံဖန်ရံခါ ဂူအတွင်းဘက်မှ ရေစီးသံလိုလို ကြားရသည်။ (ဟုတ် ...င်မှ ဟုတ်ပါလိမ့်မည်။) စိတ်အထင်လည်း ဖြစ်နိုင်သည်။ လှေကား ...စ်ပေါင်းများစွာ၊ တစ်ဆစ်ချိုးကွေ့ပေါင်းများစွာကို ကျော်ဖြတ်ပြီး ...ခန်းကျယ်တစ်ခုသို့ ရောက်လာခဲ့သည်။

အော်ဂလီဆန်စရာ ညှီစို့စို့ရနံ့များ ထွက်နေသော သေမင်း

စားပွဲခန်းမ၊ ဘုရင်အလောင်းနှင့် သေမင်းရုပ်တုမှ ပေပေါင်း ၅၀၀ မက ဝေးကွာခဲ့ပြီဟု ထင်ပါသည်။

"သေရမယ့်အတူတူ ခြေညောင်းမခံတော့ဘူး။ ကိုင်း. . . ဒီနေရာမှာ အိပ်ပြီး သေမင်းကို စောင့်စားကြပါစို့ရဲ့"

ဟု ကိုကျော်ရွှေ ပြောသောစကားကို မြဒင်က ရယ်မောလိုက်သည်။

ပင်ပန်းခြင်း၊ နွမ်းနယ်ခြင်းတို့က စိုးမိုးနေသော်လည်း ဆာလောင်မှု မရှိသေးပါ။ တစ်ခါတစ်ခါတော့လည်း လူသားဘဝ၏ ဖြစ်တည်မှုမှာ ဆန်းကြယ်လှပါသည်။

သေခါနီးထိ တစ်စုံတစ်ရာကို မျှော်လင့်စောင့်စားရင်း တက်ကြွနေသူများ ရှိပါသည်။ သို့သော် ကျွန်ုပ်တို့ကတော့ ဘာကိုမှ မမျှော်လင့်တော့ပါ။ အားလုံး တိတ်တိတ်ဆိတ်ဆိတ် အတွေးကိုယ်စီနှင့်ပင်။ နာဂပင် ဖြစ်သော်လည်း ဇုံမဲလည်း ဇုံမဲအလျောက် စဉ်းစားတွေးတောမှုတွေ ရှိနေပါလိမ့်မည်။

မှန်အိမ်မီးစာကိုတော့ ခပ်တိုတိုပဲ ထွန်းထားပါသည်။ နောက်ဆုံးတော့ လူဟာလူပင်ဖြစ်ပါသည်။ သေမင်းသည် ဆာလောင်မှုကို တားဆီးနိုင်ပါလိမ့်မည်။ ခြေညောင်းခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကြောင့် အားလုံးလိုလို အပူအပင်ကင်းမဲ့စွာ အိပ်ပျော်သွားကြသည်။

အရက်ပုလင်း လက်ကျန်သုံးလုံးမျှ ရှိသေးသော်လည်း အရက်ပုလင်းများကို လုံးဝ ယိတို့ချင်စိတ် မရှိကြသည်မှာ ခန္ဓာဗေဒ၏





ဆန်းကြယ်မှုပင် ဖြစ်နေသည်။

ကျွန်ုပ်နှင့် ကိုကျော်ရွှေသာ စီးကရက် ကိုယ်စီသောက်ရင်း စကား ပိုင်းဖွဲ့နေမိကြသည်။

"ခင်ဗျားညီလည်း ဒီအချိန်ဆို ခင်ဗျားအကြောင်း တွေးနေမှာပဲနော်"

"ဒါပေ့ါလေ၊ ကျုပ် အဲဒီက ပြန်လာတာနှစ်ရက်ပဲ ရှိသေးတာ"

"အခုလို. . . ကျုပ်တို့ ရင်ဆိုင်နေရတာ သူ တွေးမှတွေးမိပါ့မလား"

"အဆက်အစပ်တော့ မရှိဘူး၊ ဒါပေမဲ့. . . သူကော၊ အဲဒီ အေရှားလို့ခေါ်တဲ့ စုန်းမကြီး ဂါဂူးလ်ကော သာမန်လူသားတွေထက် သာတဲ့ စွမ်းရည်ပါဝါတစ်မျိုး ရှိနေတော့ကာ အာရုံခံပြီး တစ်နည်းတစ်ဖုံ ကျွန်တော်တို့ကို လာကယ်နိုင်ကောင်းပါရဲ့ဗျာ"

ဟု ကိုကျော်ရွှေက ပြောသည်။ မဖြစ်နိုင်စရာ မရှိပါ။

မုန်တိုင်းတောင်ကြားမှ အဘိုးကြီး၊ ဂါဂူးလ်ခေါ် အေရှားတို့သည် သာမန်လူများထက် စွမ်းရည်မြင့်မားနိုင်ပါသည်။ သူတို့ကြောင့် ဒုက္ခတွေ့နေရသူတစ်စုကို ပစ်မထားဟု ယူဆရင်းဖြင့် အိပ်ပျော်သွားရတော့သည်။

သို့သော် ထိုည ဘယ်လိုပုံ ကုန်ဆုံးသွားသည်ကို ပြန်ပြောရန် မလွယ်ပါ။ အိပ်မက်ဆိုးများဖြင့် နိုးတစ်ဝက်အိပ်မက်သာ ဖြစ်နေတော့သည်။ အနည်းငယ်မျှ အိပ်ပျော်ခြင်းကိုပင် ကြံဖန်ကျေးဇူးတင်ရပါသေးသည်။

ဝင့်ကြွေးဆိုသည်မှာ ဤသည်ကို ခေါ်ဆိုခြင်းဖြစ်ပါလိမ့်မည်။ နောက်တစ်နေ့နံနက်ခင်းကို ရင်ဆိုင်လိုကြ၏။

စိတ်နှင့်ရုပ်(ခန္ဓာ)က မိမိ၏အတ္တကို တစ်လှည့်စီ နှိပ်စက်နေ၏။ ညကလည်း ဟုတ္တိပတ္တိ မစားရ။ အိပ်ကောင်းခြင်း မအိပ်ရ။

စိတ်က တုန်ရီ ခြောက်ခြားလာသည်။ တစ်ညတည်းနှင့်ပင် ခွန်အားတွေ ဆုတ်ယုတ်သွားသလို ခံစားလိုက်ရသည်။

မင်္ဂလာနံနက်ခင်းတော့ ဖြစ်မလာပေ။ အလင်းရောင်ဖျော့ဖျော့ တော့ ဝင်လာသည်။ အသက်ရှူကြပ် သေစရာတော့ မရှိတော့ပါ။ အစာငတ်ရေငတ် သေမည့်ဒုက္ခသာ ကျန်ပါတော့သည်။

ဤမျှအတွက်နှင့်ပင် တုန်လှုပ်မှုက ပြင်းထန်လှသည်။ တစ်ခေါင်းလုံး ဆွတ်ဆွတ်ဖြူနေသော မျောက်ဖြူခြောက်ကြီးက ကြိုတင်ကြံစည်ထားခဲ့သည်။ တစ်ခုတော့ ကျေနပ်ရပါ၏။ သူ မချိမဆန့် သွေးအန်သေသည်ကိုသာ ကျွန်ုပ်တို့ မြင်ခဲ့ရပြီး ကျွန်ုပ်တို့ ဘယ်လို ဘယ်ပုံ သေဆုံးရသည်ကို သူ မသိနိုင်တော့ပါပေ။

"ဒီကျောက်(စိန်)တွေဟာ လူမှာ ဆင်မြန်းရုံသာ မဟုတ်ဘူး။ စားမယ်ဆိုရင်လည်း စားလို့ရပါတယ်။ အစာငတ်ရေငတ်မှုတွေကို ပပျောက်စေနိုင်ပါတယ်"

ဟူသော မျောက်ဖြူခြောက်ကြီး၏စကားကို ပြန်သတိရမိသည်။ သူက ရည်ရွယ်ချက်ဖြင့် နိမိတ်ပြ ပြောကြားခဲ့သည်။ သူပြောစဉ်ကပင် အသက်ရှူကြပ်မှုတော့ မပါ။ သူကိုယ်တိုင် ပိနေသော တစ်ပေထု ကျောက်ပြားကြီးအောက်မှ လေစိမ့်ဝင်နေခြင်းတော့ မဖြစ်



နိုင်ပါ။

မှန်သည်။ စိန်တွေကို စားလို့လည်း မရနိုင်ပါ။ လူတန်းစား တစ်ရပ်လုံးအတွက် ဤစိန်တွေပုံ၍ ပေးပါမည်ဆိုလျှင်ပင် မည်သူမှ သာဖွင့်ပေးမည် မဟုတ်တော့ပါ။ မစား၍လည်း မဖြစ်တော့ပေ။ ရိက္ခာ နှင့်ရေကို ချွေတာ စားသောက်ကြရန် ကျွန်ုပ်က ပြောဆိုထားရသည်။

ဤမျှသာ တတ်နိုင်ပေသည်။ အသက်ရှင်သ၍ မျှော်လင့်ချက် ရှိနိုင်ပါသေးသည်။

သေချာပြီ။ ယခုမှပင် အဖြေတစ်ခုကို တွေ့ခဲ့ပြီ။ တံခါးဖွင့် သောခလုတ် အတွင်းဘက်တွင် လုံးဝမရှိပါ။ စိတ်ချသွားရပြီ။ တံခါး လုတ် မရှိခြင်းကြောင့်သာ မျောက်ဖြူခြောက်ကြီးသည် ကြမ်းပြင်နှင့် ပေမျှသာ ကွာတော့သော ကွက်လပ်မှ အသက်စွန့်ကာ ဒိုင်ဗင်ထိုး ၍ထွက်ရန် ကြိုးစားခြင်း ဖြစ်ပေမည်။

အဖွင့်အပိတ်ခလုတ် မရှိကြောင်း သူက နမူနာ ပြသခဲ့ပြီးပြီ။ ရှေ့ဆက်ရုံသာ ရှိပါစေတော့။ ဆုံးချင်မှ ဆုံးပါလိမ့်မည်။ ကြံကြံဖန်ဖန် တွေးလျှင် ကျွန်ုပ်တို့ ဝင်လာခဲ့ရာလမ်း ဥမင်ကိုးဆယ်လိုဏ်ဂူသို့ ပြန် ရောက်ချင်လည်း ရောက်သွားနိုင်ပါသည်။

လမ်းမှာ ကင်းမလက်မဲကြီးများ၊ ပင့်ကူကြီးများနှင့် တွေ့သည့် တိုင်အောင် မှုစရာတော့ မရှိသေးပါ။ လက်နက်နှင့် ကျည်ဆန်က များပြားသည် မဟုတ်သော်လည်း လုံလောက်မှုတော့ ရှိပါသေး၏။

ထိုအချိန်က ကျွန်ုပ်မှာ စာများများ ဖတ်ရှုခြင်းမရှိသေးပါ။

နောက်ကြာလာမှသာ ရတနာသိုက်မြေပုံများသည် ကောင်း

ကျိုးထက် ဆိုးကျိုးသာဖြစ်ကြောင်း သိသာစေခဲ့သည်။ ပဲလုံးများကို စား၊ ရေ အနည်းငယ်သောက်၍ ရှေ့သို့ ခရီးဆက်ခဲ့ကြသည်။ တစ်လမ်းဝင် တစ်လမ်းထွက်ဆိုသော စကားလုံးကို သတိရလာမိသည်။ ယခုတော့ တစ်ခန်းဝင် တစ်ခန်းထွက် သွားနေရသည်။

"အစရှိရင်. . . အဆုံးတော့ ရှိရမယ်ဗျာ၊ တစ်ဖက်ပိတ်တော့ မဖြစ်နိုင်ဘူး ထင်ပါရဲ့၊ အလင်းရောင်က ပိုးတဝါး ဝင်နေတာပဲ"

ကိုကျော်ရွှေက ခန့်မှန်း၍ အားတင်းစကားဆိုသည်။

လိုဏ်ဂူ၏ တိတ်ဆိတ်လွန်းမက တိတ်ဆိတ်မှုက အားလျော့စေသည်။ အလာတုန်းက ဥမင်ကိုးဆယ်ဂူက ဤမျှလောက် မတိတ်ဆိတ်လှပါချေ။ ဝေဒခန်းမနှင့် ဆက်စပ်မှုကြောင့် ရုံဖန်ရံခါ မီးခိုးငွေ့များကိုပင် ရှူရှိုက်ရပါသေးသည်။

ဤပေတစ်သောင်းနီးပါး မြင့်မားသည့် တောင်ထွတ်တစ်ခုလိုဏ်ဂူတွင်းဝယ် ကျွန်ုပ်တို့က ဂူအောင်းသတ္တဝါများ ဖြစ်နေတော့သည်။ ဂူ၏ပြင်ပတွင် လတ်ဆတ်သန့်ရှင်းသော လေများက မုန်တိုင်းထန်အောင် တိုက်ခတ်နေပေသည်။ ယခုတော့ စိုထိုင်းသောလေက ကျွန်ုပ်တို့အား မသေရုံတမယ် ရှူရှိုက်ခွင့် ပေးထားလေသည်။

လုံးဝ တိတ်ဆိတ်ငြိမ်သက်မှုက ပြင်ပကမ္ဘာကြီးနှင့် ကတ္တားခြားလိုက်ပြီး မိုးအောက်မြေပြင်တွင် လုံးလုံးလျားလျား တိတ်ဆိတ်သွားသည်တော့ မရှိ။ အသံ တစ်ခုမဟုတ်တစ်ခု ကြားနေရသည်။

မီးခြစ်ဆံနှစ်ဘူးတော့ ကျန်ပါသေးသည်။ အလာတုန်းက ပါလာသော ဖယောင်းတိုင်နှစ်ထုပ် ရှိနေသေးသည်။ အကောင်းစား





ဘိအိုစီကျောက်ဖယောင်းတိုင်များ ဖြစ်သည်။ သို့သော် ဖယောင်းတိုင်မကုန်မီ သေမင်း ရောက်လာနိုင်သည်။ ဖယောင်းတိုင်များ ကုန်သည့်တိုင်အောင် ကျွန်ုပ်တို့က အသက်မသေသေးဘဲ မသေမရှင် ဖြစ်ချင်လည်း ဖြစ်ရဦးမည်။

ဘာဝေဒနာမှ မခံစားရဘဲ အချိန်တိုတိုနှင့် အသက်ထွက်သွားမည်ဆိုလျှင် ပါလာသမျှ စိနိတုံးများကို ပေးရန်ပင် အသင့်ရှိသည်။

ခြေလှမ်းပေါင်း များလာသော်လည်း ပုံစံတူ သဏ္ဌာန်တူနေရာများကိုသာ တွေ့လာရသည်။ ထူးခြားမှုမရှိ။ အပြောင်းအလွဲ မရှိပါချေ။ အားလုံးမှာ ညောင်းညာသည်နှင့်အမျှ စိတ်ဓာတ်များ ကျဆင်းလာကြသည်။ ကျွန်ုပ်တို့ လုပ်ဆောင်မှု၊ လှုပ်ရှားမှုများသည် သွေးရူးသွေးတန်း လုပ်ဆောင်ခြင်းမဟုတ်ဟု မည်သူ ပြောနိုင်ပါမည်နည်း။

နောက်ဆုံး ကိုယ့်လုပ်ရပ်ကိုပင် ကိုယ်က အယုံအကြည် ကင်းမဲ့လာတော့သည်။ အလကားပါ။ ဘာမှ အဓိပ္ပာယ် မရှိပါဘူး။

ကြည့်ခဲ့ဖူးသော အသံတိတ်ရုပ်ရှင်များဖြစ်သော၊ ခဲရာခဲဆစ်မဖြစ်နိုင်သော အနေအထားမှ အသက်ရှင် လွတ်မြောက်လာခြင်းကို နောက်ခံ ရိုက်ကူးထားသည့် 'အယ်လ်ဒိုရာဒိုမှ အပြန်'၊ 'ငရဲမှာ ငါးနာရီ' 'အဘူဆင်ဘယ်မှ လွတ်မြောက်ခြင်း'၊ 'ပိရမစ်အတွင်းမှာ တစ်ည' ဟူသော ရုပ်ရှင်ဇာတ်ကားများကို ပြန်ပြောင်းစဉ်းစား၍ အားတင်းကြည့်ပါသည်။ မရပါ။ ရုပ်ရှင်က ရုပ်ရှင်၊ လက်တွေ့က လက်တွေ့မျှသာ ဖြစ်ပါသည်။

ဒယိမ်းဒယိုင် လျှောက်လှမ်းလာရင်းမှ နောက်ထပ် ခေါင်းတလားဆယ်ခုကို တွေ့ရပြန်သည်။ စကျင်ကျောက်အဖြူများကို ထွင်းထားသော ခေါင်းတလားများဖြစ်သည်။

တစ်နေ့လုံးနီးပါး ဘာအပြောင်းအလဲမှ မရှိဘဲ အခန်းလွတ်များကိုသာ ဖြတ်သန်းလာခဲ့ရသော ကျွန်ုပ်တို့အတွက် ပထမဆုံး ထူးခြားမှုတစ်ခု ဖြစ်ပေသည်။ ဤခေါင်းတလားများမှာ ဆင်ကူးလူမျိုးများနှင့် သက်ဆိုင်မည်တော့ မထင်ပါ။ ကြေးရုပ်တောင်ကြားမှနေ၍ ဤမျှ တစ်နေကုန် ခရီးဝေးသော ဂူအတွင်းသို့ ကျောက်ဖြူ (စကျင်)ခေါင်းတလားများကို သယ်ယူလာရန် မလွယ်ပါ။

လူအင်အား သုံးရသည်ဖြစ်စေဦး၊ ကြားတွင် အခန်းလွတ်များကို ကျော်၍ ဤမျှအထိ ရှာလွန်ရှက်တိုက် လာကြမည် မထင်ပေ၊

စီးကရက်ကြိုက်သူများ စီးကရက်ကို ဖွာ၍ အေးအေးဆေးဆေး စဉ်းစားကြသည်။ အလုပ်ကလည်း စဉ်းစားရန် ရှိနေတော့သည်။

အမြန်ဆုံး ချီတက်ရအောင်လည်း ဂူအဆုံးတွင် ဗိုင်နီဆော ကဲ့သို့ ဂူအောင်းဖွတ်ကြီးတစ်ကောင် ရှိလျှင်လည်း သေမင်းရှိရာသို့ အမြန်ဆုံး ချီတက်နေခြင်းပင် ဖြစ်လိမ့်မည်။

အမှတ်တမဲ့ သိုင်းနယ်မှ မုဆိုးကြီး ပြောသောစကားကို သတိရမိသည်။ သစ်တောကြီး မဟုတ်။ ကုန်းပေဒါနှင့် ကိုင်းရှည်တောထဲတွင် ကျားနာတစ်ကောင် ပုန်းနေသည်။ သူက ပြောခဲ့သည်။

"ကိုနောင်ရိုး၊ တောင်ဘက်က ဝင်မလား၊ မြောက်ဘက်က ဝင်မလား"





ထိုစကားသည် ပေါက်တတ်ကရစကား မဟုတ်ပေ။ အတွေးအခေါ်ပါသော စကားဖြစ်၏။ မုဆိုးနှစ်ဖွဲ့ ခွဲထားသည်။ တစ်ဖက်သတ်တည်း ဝင်မှရမည်။ နှစ်ဖွဲ့လုံး တောင်ဘက်က တစ်ဖွဲ့၊ မြောက်ဘက်က တစ်ဖွဲ့ ဝင်လျှင် ကျားနာကိုသာ မဟုတ်။ အချင်းချင်း ပစ်ခတ်မိနိုင်သည်။

ဟုတ်သည်။ ကြေးရုပ်တောင်ကြားဘက်မှ မဟုတ်ဘဲ အခြားတစ်ဖက်မှလာသော လမ်းတစ်ခု ရှိပေမည်။ ထိုဘက်တွင် လူမျိုးစု၏ မြို့တစ်မြို့၊ ရွာတစ်ရွာ ရှိပေမည်။ ကျောက်ဖြူခေါင်းတလားများမှာ ထိုလူမျိုးနှင့်သာ သက်ဆိုင်ပေမည်။

အခြားတစ်ဖက်တွင် ဤလိုဏ်ဂူတွင်းသို့ ဝင်သော အပေါက်ရှိရမည်။ ထိုလူမျိုးများမှာ ဤသင်္ချိုင်းဂူဥမင်ကို ဆင်ကူးလူမျိုးများနှင့် တစ်ဝက်စီ သုံးကြဟန်တူပေသည်။ နှစ်ဦးသဘောတူ သုံးခြင်းလည်း ဖြစ်မည်။ အချင်းချင်း မသိဘဲ သုံးစွဲနေခြင်းဖြစ်သည်။ ဘယ်လိုလူမျိုးမှ ကျက်သရေမရှိသော လိုဏ်ဂူ၏အတွင်းပိုင်းသို့ စူးစူးစမ်းစမ်း ဝင်ကြမည် မထင်။ စိန်တွေ ရှိပါသည်ဆိုသော်လည်း ဒေသဖွံ့ဖြိုးမှု မရှိသေး၍ စိန်တစ်လုံးကို ယက်ခေါ်နွားတစ်ကောင်မျှပင် တန်ဖိုးထားမည် မဟုတ်ပါ။

စိတ်အားတက်ကြွစွာ ရှေ့ဆက်လျှောက်ကြသည်။ ကိုကျော်ရွှေကတော့ ဘိုးစဉ်ဘောင်ဆက် ဘယ်မင်းဘုရားလက်ထက်မှစ၍ ရွတ်ဆိုလာခဲ့မှန်း မသိရသည့် သမ္ဗုဒ္ဓေဂါထာကို တီးတိုးရွတ်ဆိုရင်း လိုက်ပါလာခဲ့သည်။ အပြစ်တင်စရာ မရှိပါ။ ကန့်ကွက်စရာ မရှိပါ။

သည်အချိန်သည် တစ်ခုခုကို ယုံကြည် ကိုးစားရမည့်အချိန်ပင် ဖြစ်ပေသည်။ ဘုရင်စီလန် ပေးလိုက်သည့် ထောပတ်နှင့်နယ်၍အခြောက်လှမ်းထားသော လက်ဖက်ခြောက်ခဲကြီးများ ပါလာ၍ လက်ဖက်ရည်သောက်လိုသော်လည်း ရေက မလုံလောက်။ ထင်းက မရှိ။ ဂူမြင်ရောက်မှ အတိုးချ လက်ဖက်ရည် သောက်လိုက်မည်ဟု စိတ်ကူးထားမိသည်။

သို့သော် တစ်ဖက်ဂူပေါက်ဝသို့ ရောက်သောအခါ အမြဲဖွင့်ထားသောတံခါး မဟုတ်ဘဲ အသုဘစျာပန အခမ်းအနားများ ရှိသောအခါမှ အဖွင့်အပိတ် လုပ်သောတံခါး ဖြစ်ခဲ့လျှင် ဘုရင်တစ်ပါး ကွယ်လွန်သည်အထိ စောင့်ရပေဦးမည်။

◈ ◈ ◈



## အခန်း ( ၂၃ )

## အိပ်မက်ကို ယုံစားသူ

' အိပ်မက်ကို မည်သည့်စိတ်ပညာရှင်မှ မည်သို့သော မနုဿ
ဗေဒပညာရှင်မှ လူအများ ကျေနပ်အောင် ရှင်းမပြနိုင်ချေ။ အဆိုး
းဆုံးမှာ မိမိ တစ်ကြိမ်တစ်ခါမှ မမြင်ဘူးသူများ ပါဝင်လာသကဲ့
ှို မိမိ လုံးလုံးလျားလျား မေ့လျော့နေသော ငယ်စဉ်ဘဝမှ လူဟောင်း
ား၊ သေလွန်ပြီးသူများ ပါဝင်လာခြင်းဖြစ်၏။

(ဂျေဖရန်ကလင်)

သို့သော် ရှေ့ဆက်၍ တစ်နာရီမျှ လျှောက်မိသောအခါ မျှော်
င့်ချက်များ လုံးဝ ပျောက်ကွယ်သွားမတတ် ရှိတော့သည်။ ကလေး
း မိခင်ပျောက်သွားသကဲ့သို့ ဟစ်အော် ငိုယိုလိုစိတ်များ ပေါ်ပေါက်
ာခဲ့ရတော့သည်။

မုဆိုးကြီးတစ်ဦးအနေဖြင့် 'ဘဝဟူသည် တိုက်ပွဲ'။ ထိုစကား
ဲ ကျွန်ုပ် ငြင်းစရာ မရှိပါချေ။

ယခု ကြုံတွေ့ရသမျှသည် ဘယ်လိုမှ မှန်းဆမျှော်လင့်၍ မရ
သော ရင်ဆိုင်တိုက်ပွဲများ မဟုတ်ပေ။ စိတ်ကို ဖရိုဖရဲ ဖြစ်စေပြီး
အလစ်ဝင် တိုက်ခိုက်လာမည့် မမြင်ရသောရန်သူ၏ တိုက်ပွဲဖြစ်၏။
အခြေအနေက ဂူ၏ခေါင်မိုးသည် တစ်စတစ်စ နိမ့်ဆင်း၍ လာတော့
သည်။

နောက်ဆုံး လေးဖက်ထောက်၍ ဝင်ရတော့မည့် အနေအထား
ကို ရောက်နေလေပြီ။ နောက်ပြန်ဆုတ်မလား။ တကယ်ဆို ဆုတ်စရာ
ဘာမှကို မရှိပါပေ။ လေးဖက်ထောက်သွားပြီး ရှေ့ဆက်မလား၊ မတ်
တပ်ရပ် အသေခံမည်လား။ ဒါပဲရှိတော့သည်။

မှန်ပေသည်။ နောက်ဆုံးတော့ ဖျာလိပ်ခေါင်းထဲ ဝင်မိသော
ခွေးတစ်ကောင်ကဲ့သို့ ရှေ့မတိုးသာ၊ နောက်မဆုတ်သာ အနေအထား
မှာ ရှိတော့သည်။

ရှမ်းပြည်နယ်မှ ခေါပုတ်နှင့် ဆင်တူသော မုန့်တစ်မျိုးကို စား
အာခြောက်လာ၍ ပုံစံပြောင်းသွားသော လေးဖက်ထောက်ခရီးစဉ်ကို
ချီတက်ရတော့သည်။ ရပ်မလား၊ သေမင်းကို ရပ်စောင့်မလား၊ သွား
ရင်းပဲ အသေခံမလား။ ဗကဘိုးဘိုးကြီးကတော့ ကာဠုဒါယီကို သေ
မယ့်အတူတူ ခြေညောင်းတော့ မခံနိုင်ဘူး ဟုဆိုခဲ့သည်။ ဒါလည်းမှား
သည်ဟု မဆိုနိုင်ပါ။ သူ့အယူအဆနှင့် သူပင်ဖြစ်သည်။ သွားရင်းမှ
ပင်လျှင် သတ္တုတွင်းလုပ်သားများ၏ စာနာစရာကောင်းလှသော ဘဝ
ကို ခဏခဏ တွေးနေမိသည်။

အလာတုန်းကလည်း ဥမင်ကိုးဆယ်ဂူကြီးထဲတွင် ဒီလိုပင်





တွေးမိသည် ထင်ပါ၏။ ကိုယ်ချင်းစာစိတ်ဟု ခေါ်ရမလား မသိပေ။

ပြန်စဉ်းစားရလျှင် အားလုံးမှာ ရူးလောက်သော အနေ
အထားပင် ဖြစ်တော့သည်။ ဝင်ရိုးစွန်းတိုင်းပြည်မှ လူတချို့ နေရောင်
ကို လေးလတာမျှ မမြင်ရသကဲ့သို့လည်း ဖြစ်နိုင်သည်။ သို့သော် သူ
တို့က မွေးကတည်းက ကျင့်သားရလာခဲ့သူများဖြစ်သည်။

စိတ်နှင့်ခန္ဓာ၊ ပတ်ဝန်းကျင် အနေအထားတို့က လုံးဝဆက်စပ်
နေပေသည်။ ပြင်ပ မိုးကောင်းကင်အောက်မှ လမ်းလျှောက်ရသည်
ထက် လိုဏ်ဂူအတွင်းမှာ လမ်းလျှောက်ရသည်က ပို၍ခက်ခဲပါသည်။

ယခုလိုဏ်ဂူတွင်းမှာ လမ်းလျှောက်ရသည်ထက် လိုဏ်ဂူ
တွင်းမှာ လေးဖက်ထောက် သွားရသည်က ကျွန်ုပ်တို့၏ စိတ်ဓာတ်
များကို အဆိုးဝါးဆုံး အနေအထားသို့ ကျဆင်းစေသည်။

အမြင့်က တစ်ပေသာသာ ရှိသော်လည်း အကျယ်က ဆယ်ပေ
ကျယ်၍ တော်သေးသည်။ တစ်ပေခွဲပတ်လည် လိုဏ်ခေါင်းလေးသာ
ဖြစ်လာခဲ့လျှင်မူ ကျွန်ုပ်တို့က မီးရထားတွဲကဲ့သို့ ဝင်ရပေလိမ့်မည်။

ရံဖန်ရံခါ တစ်ဦးကိုတစ်ဦးကြည့်၍ ရယ်ချင်စိတ်လည်း ပေါ်
လာလျှင် ရှေ့ဆက်လျှောက်ဖို့ရန် မလွယ်တော့ပါချေ။

အနားယူလိုသောအခါ ဂူထဲတွင် ပက်ပက်လှန်၍ တစ်ပေ
အကွာမှ ဂူအမိုးမျက်နှာကျက်ကို ကြည့်ရင်း အသက်ကို ခက်ခဲပင်ပန်း
စွာ ရှူနေရသည်။ နောက်ဆုံးတွင် ကျွန်ုပ်၏ 'အယ်လ်ဂျင်'အမျိုးအစား
နာရီကို ဖြုတ်၍ ခရီးဆောင်လွယ်အိတ်ထဲတွင် ထည့်ထားလိုက်သည်။
ခက်ခဲသော ကျောပိုးအိတ်ထဲသို့ ထည့်မထားပါ။ နာရီကို

ဘယ်အချိန်မှာပဲ ကြည့်လိုက်၊ နာရီ ရပ်နေသည်ဟု ထင်ရလောက်အောင်ပင် အချိန်က ကုန်ခဲလှသည်၊ အမှန်ကတော့ နာရီက ရပ်နေခြင်း မဟုတ်ပါပေ။

နာရီက ကျွန်ုပ်တို့၏ စိတ်မြန်မှုကို နာရီက မလိုက်နိုင်တော့ပေ။ ဤကဲ့သို့ လေးဖက်ထောက် သွားနေရသော ကပ်သီးကပ်သပ် အနေအထားမှ လွတ်မြောက်ချင်လှပြီ မဟုတ်ပါလား။

နေဝင်ခါနီး အချိန်ပင်ဖြစ်သည်။ လေးဖက်ထောက် အနေအထားမှာပင် ကျွန်ုပ်က အားလုံးကို တစ်ယောက်ချင်းစီ၏ မျက်နှာများကို စေ့စေ့စပ်စပ် ကြည့်လိုက်သည်။

"မုဆိုးကြီး ဘာဖြစ်လို့လဲ၊ ဘာထူးခြားလို့လဲ၊ ဘာသံကြားလို့လဲ"

ကိုကျော်ရွှေက မေးသည်။ စကားလုံးများက မျှော်လင့်ချက်ကို တံခါးခေါက်နေသော အသံ။ သို့သော် လေသံက အတော်အားပျော့နေပါပြီ။

အားလုံး၏မျက်နှာမှာ မှုန်ပျပျ အလင်းရောင်၏အောက်တွင် စိတ်ဓာတ်ကျခြင်း၊ ယူကျုံးမရဖြစ်ခြင်း၊ ဒေါသဖြစ်ခြင်း၊ ကြောက်လန့်ခြင်း၊ အတိုင်းမသိ တုန်လှုပ်ခြင်း၊ အားကိုးရာမဲ့ခြင်း စသောပုံစံများ မျက်နှာတွင် ထင်ဟပ်နေသည်။ ကျွန်ုပ်၏မျက်နှာကို မှန် မရှိသဖြင့် ပြန်ကြည့်၍ မမြင်ရသော်လည်း ကျွန်ုပ်၏မျက်နှာမှာလည်း ဤအတိုင်းသာ ဖြစ်နေပါလိမ့်မည်။ အမှောင်ထုက စိုးမိုးလာပါပြီ။ တိဘက်မီးအိမ်ကို ထွန်းညှိ မနေတော့ပါ။ ရောက်သည့်နေရာမှာပင်





ကိုင်ပင်ထားသလို ပြိုင်တူ အိပ်မိကြတော့သည်။

ထိုညတွင် စိတ်ဓာတ်အခြေမှန်ကို သိရတော့သည်။ သေမင်း
ငှ် အမှန်ပင် နီးစပ်လာခဲ့ပြီဟု ယူဆလိုက်ပုံပေါ်ပေသည်။ ဤကား ကျဉ်းကျဉ်းကြပ်ကြပ် (မွန်းကြပ်) မှုမှ ပေါက်ဖွားလာသော နောက်ဆုံး
စားမှုပင်ဖြစ်ပါ၏။

အသေအချာ တိတိကျကျ သိလိုကြ၏။ ဟုတ်ပါပြီ။ လေးဖက်ထောက် အနေအထားမှ လျှောက်လှမ်းရသည်မှာ လျှောက်လှမ်းနိုင်ပါပြီ။ သို့သော် ဘယ်နှစ်ရက်ကြာလျှင် ထွက်ပေါက်ကို မြင်ရမည်နည်း။ ဘယ်လိုအာမခံချက် ပေးနိုင်ပါသနည်း။ ဘယ်လိုမှ မပေးနိုင်ပါ။ ဆက်၍လျှောက်ပါဟူသော မရေမရာ လမ်းညွှန်ချက်ကို သဘာဝတရားက ကုန့်ပြန်လိုက်သည်။ ထိုအခါ စိတ်ဓာတ် ဖရိုဖရဲဖြစ်သွားသည်။
ယောင်ခြောက်ခြားဖြစ်ကြသည်။

ကျွန်ုပ်က ဟိုလူးဒီလွန့်ဖြင့် အိပ်မပျော်ပါ။ ကျဉ်းကြပ်သော အနေအထားတွင် တစ်ယောက်၏ကိုယ်နံ့ချွေးနံ့များဖြင့် မွန်းကြပ်လာသည်။ အိုက်လှောင်၍လာသည်။ ဤအနေအထားသည် ဘာလုပ်ရင် ကောင်းမလဲဆိုသော အဖြေကိုမပေးနိုင်ပါ။ အိပ်မပျော်၍ တစ်နေရာ သွားထိုင်ပြီး ကောင်းကင်ကို မော့ကြည့်ကာ ဆေးတံတစ်ဖွာလောက် ဖွာရှိုက်ရလျှင် ဟူသောတွေးတောမှုကိုပင် ခွင့်မပြုပါ။ အမြင့်တစ်ပေခွဲသည် ဘယ်လိုမှ ထိုင်၍မရပါချေ။

တကယ့်ကို ကပ်သီးကပ်သပ် အနေအထားကို ကျွန်ုပ်တို့ ရင်ဆိုင်နေရ၏။ မြန်မာစကားကို ပြောတတ်သည် မထင်ရသော အိုမုန်း

တစ်ယောက်လည်း အခြားသူတွေ မလိုက်ရဲသောခရီးစဉ်ကို ဘုမသိဘမသိဖြင့် လိုက်လာခဲ့သော နာဂလူငယ်။ ယခု သူကလည်း မရဏသေမင်းကို သိသည်။

သူက အော်ဟစ်ညည်းညူနေသည်။ ခပ်တိုးတိုးပင် ဖြစ်သော်လည်း သတ်ခါနီး ဝက်တစ်ကောင်၏နှလုံးသားမှ ထွက်ပေါ်လာသောအသံမျိုးပင်ဖြစ်သည်။ ရှုန်းကန်နေသည်။

"ဟား. . . ဟား. . . ဟား. . . ဟား. . . ဖြစ်နိုင်ပါ့မလားကွ၊ ဟား. . . ဟား"

ကိုကျော်ရွှေ၏ ရယ်မောသံဖြစ်သည်။ နောက်ဆုံးစကားမှာ မပီမသ။ သွားကြိတ်သံနှင့် ရောထွေးနေသည်။ သူက ရယ်နိုင်သေးသည်။

"မလိုက်ဘူးဗျာ. . . မလိုက်ဘူး၊ ကျုပ်ကို မခေါ်နဲ့"

မိမိတို့အထဲတွင် အငယ်ဆုံးကျော်ခင်၏အသံ။ အိုမုန်းထက်ပင် ငယ်ဦးမလား မသိ။ သူ၏ နှလုံးသွေးပျက်စရာအသံကြီးက ရှုန်းရင်းကန်ရင်းမှ ပေါ်ထွက်နေ၏။ အသံနက်ကြီးဆိုတာ ဒါပဲဖြစ်မည်။

တော်ပါသေးသည်။ ကျွန်ုပ်မှအပ မည်သူမှ မနိုးကြပါ။ သို့သော် မနက်ဖြန်ညတွင် ဤကဲ့သို့ အော်နိုင်ဟစ်နိုင်ပါဦးမည်လော။

နိမိတ်တဘောင်လား မသိ။ ကျွန်ုပ် ၅ တန်းကျောင်းသားဘဝက ရေကျော်ပရိုက်ဗိတ်စကူးတစ်ခုတွင် သင်ရသော မတ်စတင်းခိုသော ကဗျာဆရာ၏ 'သော့' ဆိုသောကဗျာက နားတွင် ကြားယောင်လာသည်။

'အခန်းကို ဖွင့်ပြီး ဝင်လိုက်တယ်၊
အဲဒီသော့နဲ့ ဖွင့်တယ်၊
ဆက်လျှောက်သွားတယ်၊
မှောင်နေဆဲပါပဲ။
ဆက်လျှောက်သွားတယ်၊
ပိုပြီး မှောင်နေတယ်၊
ကျွန်တော် ဆက်လျှောက်သွားတယ်။

ထိုကဗျာလေးမှာ မကောင်းသောအဓိပ္ပာယ် ထွက်သလား၊ နိမိတ်ဆိုးလား မသိပါ။

ငယ်စဉ်က ကြွားဝါချင်တိုင်း ဘုန်းကြီးကျောင်းသားများ ရှေ့တွင် ထိုကဗျာလေးကို အကြိမ်ပေါင်းများစွာ ရွတ်ခဲ့မိသည်ကို စဉ်းစားရင်း ပြုံးလိုက်၊ မဲ့လိုက်မိသည်။

အခန်းဝက ကျဉ်းသထက် ကျဉ်းလာပြီ။

ကျွန်တော် ဆက်လျှောက်၍ မရတော့ပါ။

ကျော်ခင်၏ ပြတ်တောင်းပြတ်တောင်း အော်ဟစ်သံ၊ ညီးညူသံ၊ ကိုကျော်ရွှေ၏ ဟောက်သံ၊ နောက် ခပ်တိုးတိုးခပ်သဲ့သဲ့ ရယ်မောသံ၊ အိုမုန်း၏လည်မျိုကို အညစ်ခံနေရသူ၏အသံမျိုးကြားတွင် ကျွန်ုပ် သက်ပြင်းချမိသည်။ နောက် ဘယ်အချိန် အိပ်ပျော်သွားသည်လည်း မသိရတော့ပါ။

နံနက်ကျ ပြိုင်တူလိုလိုပင် နိုးလာကြသည်။ အိပ်ပင်အိပ်ရ





ရွှေပဒေသာစာပေ

သော်လည်း မည်သူမှ လန်းဆန်းလာခြင်း မရှိပါ။ အားလုံးလိုလိုပင် မျက်တွင်းများ ချောင်ကျနေသည်။ ပြူးတိပြူးကြောင် ဖြစ်နေသည်။ အိပ်ရာမှ နိုးလာသော်လည်း မျက်နှာသစ်၍ ရနိုင်သော အနေအထား မဟုတ်ပါ။

သည်အတိုင်းသာ ဆပ္ပမိုင်းနားတပ်သားများကဲ့သို့ မိကျောင်းတွား ချီတက်ရန်သာ ရှိတော့သည်။ အားလုံးထဲမှာ ကိုကျော်ရွှေက လန်းဆန်းနေပုံပေါ်သည်။ အနည်းငယ်ပင် ပြုံးယောင်သန်းနေပါ၏။

"အိုင်ဆေး. . . ကိုနောင်ရိုး"

"ဆိုစမ်းပါဦး"

"ဒီနေ့ပဲ ကျွန်တော်တို့ လွတ်တော့မယ်ဗျ"

"အင်း"

စိတ်မပါစွာ ကျွန်ုပ်က ပြန်ပြောလိုက်သည်။ ဖြစ်နိုင်စရာ ဘာမှ မရှိပါချေ။ သို့သော် ဒီအချိန်တွင် ငြင်းခုံနေခြင်းအားဖြင့် ဘယ်လိုမှ အကြောင်းထူးလာမည် မဟုတ်ပါ။ စိတ်လျှော့ထားပါသည်။

"အတိတ်ကံကို ဖယ်ထားပြီး စဉ်းစားရရင် အခုလို ကျွန်တော်တို့ ဒုက္ခအကြပ်အတည်းနဲ့ တွေ့ရတာတွေဟာ ကျွန်တော့်ညီကြောင့်ပဲ မဟုတ်လား"

"သိပ်မှန်တာပေါ့ဗျာ"

"အဲဒီတော့ ညတုန်းက တစ်ခုစမ်းကြည့်တယ်၊ ဒီလိုအချိန်မှာ သမထလုပ်ငန်းကို လုပ်ကြည့်တာ အကျိုးတော့ မယုတ်နိုင်ဘူးလို့ ထင်တယ်။ ဟိုး. . . အရင်ကလည်း အိပ်မပျော်ရင် စမ်းကြည့်တယ်





အရင်ကတော့ အာရုံတွေပြားနေလို့ သိပ်မထိရောက်ဘူး။ အခုတော့ စိတ်က ထွေပြားစရာ မရှိတော့ဘူးဗျာ၊ သေတစ်လမ်း ရှင်တစ်လမ်းပဲ၊ ဝင်လေထွက်လေကို နှာသီးဖျားမှာ ထားကြည့်တယ်"

ကျွန်ုပ်အတွက်တော့ ယုံသည်မယုံသည် ထားပါ။ မှဆိုးတစ်ယောက်က 'သမ္ဗုဒ္ဓေ' ရွတ်ဆိုသည်ကို နားထောင်၍ ကောင်းချင်မှ ကောင်းလိမ့်မည်။ ကိုယ့်အလှည့်ကျ ဒီလိုလားဟု ဆိုသူတွေ ရှိလာနိုင်သည်။

သို့သော် တရားထိုင်ခြင်းက စိတ်ကို တည်ငြိမ်လာစေသည်။ သမထအာရုံကို ရရှိစေသည်ဟု ယုံကြည်သည်။ စိတ်တန်ခိုးကို ကျွန်ုပ် ယုံကြည်သည်။ သို့သော် ဝိပဿနာလောက်ထိတော့ ကျွန်ုပ် တစ်ခါတစ်ရံမှပင် စဉ်းစားမကြည့်မိသေးပါ။ ထိုပါရမီနှင့်ကား အလှမ်းဝေးလှသည်။ သို့သော် လူလူချင်း ကူညီချင်သည့်စိတ် ကျွန်ုပ်မှာ ရှိပါသည်။ ထို့ကြောင့်ပင်လျှင် ယခုခရီးကို အကျိုးအမြတ်ကိုမကြည့်ဘဲ လိုက်လာခဲ့သည်။

ကျေးရွာများတွင် ကျားဆိုး၊ ဆင်ဆိုးကြီးများရန်မှ ကာကွယ်ပေးခဲ့သည်မှာလည်း ကူညီချင်စိတ်ကြောင့်ဖြစ်သည်။ ဒေးဒရဲနောက်ကျောမှ လယ်ကွက်များမှ ရောင်းရငွေကို ရွှေဒင်္ဂါးများ ဝယ်၍စုဆောင်းထားခဲ့ပြီး ဒီဘဝတွင် စားဝတ်နေရေး ပူစရာ မလိုခဲ့ပါ။ အမှန်ဘကယ် မျောက်ဖြူခြောက်ကြီး တံခါးပိတ် မသွားလျှင်လည်း စိန်ကိုသက်တစ်ဆုတ်စာသာ ယူရန် ဆုံးဖြတ်ထားပြီးဖြစ်ပါသည်။

"ဟုတ်ပြီ၊ ဝင်လေထွက်လေ အပေါ်မှာသာ အာရုံစိုက်ကြည့်

တော့ စိတ်က အဲဒီနေရာမှာတင် စုစည်းမိပြီ။ စိတ်ရဲ့အတိုင်းအတာ၊ ထုထည်ပမာဏ၊ အလေးချိန်ကို မှန်းဆ မရပေမယ့် အဲဒီနေရာမှာ စိတ်က လောင်စာ အားကောင်းလာတဲ့ ဘွိုင်လာအင်ဂျင်လို ဖြစ်လာပြီပေါ့ဗျာ"

"ဟုတ်တယ် ခင်ဗျား ပေးတဲ့ဥပမာ သိပ်ကောင်းတယ်၊ သျှိဝရဲ့ လေးညို့မှာ တင်ထားတဲ့ မြားတစ်စင်းလိုပေါ့ဗျာ၊ အဲဒီ စိတ်စုစည်းမှု ရတဲ့အခါမှာ အိပ်မှုန်စုံမွှား အနေအထားကို. . . ရောက်လာတယ်၊ အမှောင်ထုကြီးကို မြင်ရတယ်၊ ဆက်ကြည့်တယ်၊ အမှောင်ထုကြီး၊ အဲဒီကနေ ကျောက်စရစ်တောင်ကုန်းတွေ၊ ကျောက်ဖြူတောင်တွေ၊ ဂဝံတောင်ကုန်းတွေ ပေါ်တဲ့ ဂါဂူးလ်ရဲ့ ကျောက်ဂူအထိ စိတ်ထဲမှာ မြင်အောင် စူးစိုက်လိုက်တယ်"

"နောက်တော့. . . အဲဒီတောင်ကုန်းကန္တာရအတိုင်း စိတ်ကို လွှတ်လိုက်တယ်၊ အဲဒီမှာတင်. . . အိပ်မက်လိုလို ဖြစ်သွားတယ်။ ကျွန်တော့်ညီက ကျွန်တော်တို့ဂူထဲမှာ ပိတ်မိနေတာကို သိနှင့်နေတယ်။ ဂါဂူးလ်လို့ခေါ်တဲ့ အေရှားက. . . အဲဒီတောင်ဘက်ထိပ် နာနာဘာဝ တောင်တန်း အဆုံးသတ်က နယ်စားကြီးတစ်ယောက်ကို အိပ်မက် ထပ်ပေးထားတယ်။ နောက်ဆုံး ခဲရာခဲဆစ်ဆိုလို့ အဲဒီနာနာဘာဝ တောင်တန်းကြီးပေါ်မှာ ဆင်နွဲ့ပြီးရင် ခရီးစဉ် အောင်မြင်ပြီလို့ ပြောတယ်၊ ကျွန်တော်တို့ အလာတုန်းက ဝံပုလွေအုပ်နဲ့ တွေ့တော့ ကွဲချို (ကဒိုး)ကို မှုတ်လိုက်တာလည်း. . . သူပဲတဲ့။ ကျွန်တော်တို့နယ်စပ် ကို မရောက်မချင်း ကွဲချို (ကတိုးမှုတ်သံ) ကို နားထောင်ကြည့်၊





အသံကြားရင် သူတို့နှစ်ယောက် (ဂါဂူးလ်နှင့် သူ့ညီ) တို့ အမြဲရှိနေမယ်။ ဘာမှ စိုးရိမ်စရာ မရှိဘူးလို့ ပြောတယ်. . .။ အိပ်မက်ဆိုသော်လည်း တကယ့်ရုပ်ရှင် ကြည့်နေရသလို ရှင်းရှင်းလင်းလင်းပါပဲဗျာ။ ကျွန်တော်တော့ ယုံတယ်"

ဟုဆိုကာ ရှေ့သို့ အားကြိုးမာန်တက် နှစ်ဆတိုး၍ ရှေ့ကို တက်သွားလေသည်။

ယုံသည်၊ မယုံသည်ကိုတော့ အကျယ်တဝင့် မဆွေးနွေးလိုတော့ပါ။ ကျွန်ုပ်၏စိတ်မှာတော့ ရှုပ်ထွေးစ ပြုလာပြီ၊ အာရုံမကြည်လင်တော့ပါ။ ရုံဖန်ရုံခါ တကယ်လား၊ အိပ်မက်မက်နေတာလား ဆိုတာပင် မကွဲပြားတော့၊ နေ့လား၊ ညလားဆိုတာပင် မကွဲပြားတော့ပါ။

အရှက်လာခါနီးသည် အမှောင်မိုက်ဆုံးအချိန် နံနက် ၃ နာရီခွဲဖြစ်သည်ဟု ဆိုပါသည်။ သို့သော် ထိုလိုဏ်ခေါင်းထဲတွင် ရုံဖန်ရုံခါ နေ့ခင်းကြောင်တောင်မှာပင် အိပ်ပျော်သွားသည့်အခါလည်း အိပ်ပျော်သွားပါတော့သည်။ နောက်ထပ် ၁၀ နာရီခန့် ကြာသောအခါ ကိုကျော်ရွှေမှာ အိပ်မက်အကြောင်း ဘာမှ ထပ်မပြောတော့ပါ။ သူ၏ မျှော်လင့်မှုများ အရည်ပျော်ကျသွားလောက်ပါပြီ။ ထိုအခါ ကျွန်ုပ်က သူ့ကိုပင် ပြန်သနားနေမိတော့သည်။ အိပ်မက်သည် အိပ်မက်သာ လျှင်ဖြစ်ကြောင်း သူ ရိပ်စားမိသွားပါပြီ။

နောက်ပိုင်းအချိန်များကို သေသေချာချာ မမှတ်မိတော့ပါ။ နိုးလျော့နေချိန်တွင် အိပ်စက်ခြင်းမှအပ ဘာကိုမှ အလိုမရှိတော့ပါ။ ဘာကိုမှလည်း မသိချင် မကြားချင်တော့ပါ။ သေမင်းလာခဲ့လျှင်လည်း

အကောင်းဆုံး ပူးပေါင်းနိုင်သော အနေအထားသို့ ရောက်နေပါပြီ။ ထို ရီဝေထိုင်းမှိုင်းနေသော အနေအထားမှာပင် . . .

"မုဆိုးကြီး . . . ထစမ်းပါဦး"

ကိုကျော်ရွှေ၏အသံပင် ဖြစ်တော့သည်။ အားရဝမ်းသာသော အသံတော့ မဟုတ်ပါပေ။ ထူးထူးဆန်းဆန်းတစ်ခုကို ပြသချင်၍ ခေါ်လိုက်သောအသံသာ ဖြစ်ပေတော့သည်။

သူက ကျွန်ုပ်တို့ မျက်နှာမူရာအရပ်ကို လက်ညှိုးထိုးပြလိုက်သည်။ ရွှေရောင်အလင်းတန်းများက ကျွန်ုပ်တို့ဆီသို့ တိုးဝင်လာနေသည်။ နေ့ခင်းဘက်တွင် တွေ့ရသော လကြေးမှုန်ကို ဖြတ်သန်းလာသည့် မှုန်ဝါးဝါးအလင်းရောင် မဟုတ်ပေ။ သဘာဝ မီးတောက်မီးလျှံ၏အလင်းရောင်ပင် ဖြစ်တော့သည်။ အလင်းရောင်သည် လူ၏စိတ်ကို အဖမ်းစားဆုံးဖြစ်မည်ထင်ပါ၏။ စိတ်တွင်းဝယ် အမွှေးနံ့သာရနံ့များပင် ရှူရှိုက်မိနေသည်ဟု ထင်လာသည်။ တကယ့်ဖြစ်ရပ်မှန်လော။ အိပ်မက်လေလော။

အားလုံးကိုနိုး၍ ရှေ့သို့ ဆက်၍သွားကြသည်။ စူးရှသော အလင်းတန်းကြောင့် အားလုံး စိတ်လှုပ်ရှားသွားကြသည်၊ စိတ်ဓာတ်တက်ကြွသွားသည်ဟု စာမဖွဲ့လိုတော့ပါချေ။ ခံစားမှုများက ထုံထိုင်းအေးစက်နေကြပါပြီ။ ဤသည်ကိုပင် တစ်နာရီနီးပါး ခန့်မှန်းကြာမိသည်ဟုထင်သည်။ ရှေ့သို့ တိုးလာပြီဖြစ်သော်လည်း အကျယ်အဝန်းက ထူးခြားမလာပါပေ။ လေးဖက်ထောက် သွားနေရသော အဆင့်မှာရှိသေး၏။ နောက်ဆုံးတွင် လင်းလက် ဝင်းထိန်သော ခန်းမကျယ်ကြီး





တစ်ခုအတွင်းသို့ လျှောဆင်းလိုက်ရတော့သည်။

မိုလောလို လူတစ်ပိုင်း နွားတစ်ပိုင်းရုပ်တုကြီးက ကျွန်ုပ်တို့ကို အပေါ်စီးမှ ကြည့်နေသည်။ အရုပ်ကြီး၏ရှေ့တွင် မငြိမ်းသော မီးဖိုမီးတောက်များဖြင့် ပူဇော်ထားသည်။

နံရံများတွင်လည်း မီးတုတ်များကို စိုက်၍ထားသည်။ ထို မီးတောက်အလင်းလျှံများက ကျွန်ုပ်တို့ရှိရာ ဂူထဲသို့ တိုးဝင်လာခြင်း ဖြစ်သည်။

ရုပ်ထုကြီး၏ရှေ့တွင် သစ်သီးမုန့်၊ လက်ဖက်ရည်များဖြင့် ပူဇော်ထားသည်။ သို့သော် လားမားရုပ်ထုများရှေ့ရှိ ကျောက်ဖြူလေးထောင့်စားပွဲပေါ်တွင် လက်ဖက်ရည်ခွက် ခြောက်ခွက်၊ မုန့်ခြောက်ခု၊ သစ်သီးမုန့်ခြောက်ခု တင်ထားသည်ကို တအံ့တသြ တွေ့လိုက်ရပေတော့သည်။

◆ ◆ ◆

## အခန်း ( ၂၄ )

## အိပ်မက်ကို ယုံစားသူများ

ကျွန်ုပ်တို့မှာ ထွက်ပေါက်ကို လုံးဝမတွေ့ပါချေ။ အရိပ်အယောင်မျှပင် မမြင်ရပါချေ။ ဂူတွင်းရှိ မီးမငြိမ်းခြင်းမှာ ကျွန်ုပ်တို့ဝင်လာခဲ့သော လိုဏ်ခေါင်းမှ လေဝင်လေထွက်ကြောင့်ပင် ဖြစ်ရမည်။ ထွက်ပေါက်ကို မစဉ်းစားဘဲ လောလောဆယ် ကျောက်စားပွဲဝိုင်းပေါ်ရှိ မုန့်၊ လက်ဖက်ရည်များကို လူဦးရေအလိုက် ချထားသည့်အတိုင်း အငမ်းမရ စားလိုက်ကြတော့သည်။

ကြိုတင် ခန့်မှန်းမိသည့်အတိုင်း တိဘက်လက်ဖက်ရည်မှာ ဘယ်လက်ဖက်ရည်နှင့်မှ မတူအောင် အရသာရှော၊ အာနိသင်ပါ ထက်မြက်လှသဖြင့် လိုဏ်ဂူထဲတွင် ပင်ပင်ပန်းပန်း မလှုပ်မယှက်နိုင်းပါးနေရသော ဒုက္ခများကို မေ့သွားပြီး အနာဂတ်အတွက် မျှော်လင့်ချက်များ၊ စိတ်ကူးများ ယှက်သန်းလာတော့သည်။

သို့သော် လုံးဝ လွတ်မြောက်ပါပြီဟု ပြော၍မရနိုင်သေးပါ

ချေ။ တိဘက်ပြည်တစ်လျှောက် နွားရုပ်လို၊ ကျွဲရုပ်လိုလို လူနှင့်ဆက်စပ်နေသော အရုပ်များကိုသာ နေရာအနှံ့ တွေ့ခဲ့ရသဖြင့် လူသား၏ဘဝဖြစ်တည်မှုအစမှာ နွားနှင့်သာ ဆက်စပ်နေသည်။ သေသွားလျှင်အရေခွံကို ပေးသည်။ အမိက အစားအစာ နို့ကိုပေးသည်။ ဂျုံ စပါးစိုက်ပျိုးရေးလုပ်ငန်းများတွင် နွားက မပါမဖြစ်၊ အလုပ်နှင့် ဆက်စပ်သမျှ အသွားအလာနှင့် ဆက်စပ်သမျှ နွားကိုသာ အားကိုးခဲ့ရသည်ဟူသော လူ့ဘဝ၏အစကို သတိရနေမိသည်။ ကျွန်ုပ်တို့ ဝင်လာသောလိုဏ်ဂူမှာ ရုပ်တုများ၏ နောက်ကျောဘက်တွင် ရောက်ရှိနေသဖြင့်ခန်းမအလယ်မှကြည့်လျှင် ထိုလိုဏ်ဂူမှာ ရုတ်တရက် ကွယ်၍ပျောက်နေတော့သည်။

သို့သော် ဤခန်းမကို လာရောက် ပူဇော်သူများသည် မသိမှာတော့. . .

ဤမီးတောက်နှင့် လေဝင်လေထွက် ဆက်စပ်မှုကို သူတို့ သိသည်။ စင်စစ် ကျွန်ုပ်တို့ ဝင်ရောက်လာသည်မှာ ထိုခန်းမကြီး၏မီးဒိုးခေါင်းတိုင်ကဲ့သို့သော လိုဏ်ခေါင်းပွန်မှ ဝင်ရောက်လာခြင်းဖြစ်တော့သည်။

လိုဏ်ခေါင်းတွင်းမှတော့ လွတ်လာပါပြီ။ လုံးဝ စစ်မှန်သောထွက်ပေါက်ကို ရှာမတွေ့ပါ။ ပူစရာတော့ မလိုပါပေ။ မိုလော့နတ်ရုပ်ကြီးကို ပူဇော်သူ ဥပသကာများ နံနက်မိုးလင်းလျှင် ရောက်လာမည်မှာ ဧကန်ဖြစ်သည်။ သို့သော် ကျောက်ဖြူစားပွဲတွင် လက်ဖက်ရည်ခြောက်ခွက်၊ မုန့်ခြောက်ခု စသဖြင့် လူဦးရေအလိုက် ထားရှိခြင်းကို





နားမလည်နိုင်အောင် ဖြစ်ရတော့သည်။

တိုက်ဆိုင်မှု။ ဘယ်လိုမှ မဖြစ်နိုင်ပါ။

ကျွန်ုပ်တို့မှာ ဗိုက်မဝသေးသော်လည်း နတ်ရုပ်ကြီး၏ရှေ့ကြေးခုံတန်းပေါ်မှ မုန့်များ၊ ပန်းသီးများ၊ လက်ဖက်ရည်ခွက်ကြီးကိုယူသောက်သည်အထိတော့ မိုက်မဲသောသူများ မပါရှိပေ။ လက်ရဲဇက်ရဲလုပ်မည့်သူများ မပါ၍ ကျေနပ်ရတော့သည်။ အဆာပြေရုံတင်းတိမ်ရပေသည်။

ယခု လွတ်မြောက်ရန် လမ်းစအနေအထား ရောက်ရှိနေပြီဟုခန့်မှန်းရသော်လည်း ကိုကျော်ရွှေမှာ သူညီ၏အခန်းကဏ္ဍ ဘာတစ်ခုမှ မပါရှိသေး၍ ဘာမှမပြောသာဘဲ ရှိနေသည်။ အိပ်မက်ကိုဝေခွဲရခက်နေသည်။ သို့သော် လက်ဖက်ရည် ခြောက်ခွက်၊ မုန့်ခြောက်ခုကတော့ နံနက်လင်းလျှင် အဆုံးအဖြတ် ပေးနိုင်ပါလိမ့်မည်။

ယခုခန်းမမှာ သချိုင်းနှင့် ပတ်သက်နေမည်လား၊ သီးခြားပူဇော်မှုနှင့် ဆက်စပ်နေမည်လား ခွဲခြား၍ မရသေးပါ။ ဆင်ကူးလူမျိုးတွေပဲလား၊ ဘယ်လို လူမျိုးတွေ တွေ့ရမလဲဟု အမျိုးမျိုး စဉ်းစားနေမိသည်။ သို့သော် လိုဏ်ခေါင်းထဲမှာထက်တော့ များစွာ အဆင်ပြေပါသည်။

အချိန် မည်မျှကြာသည်ကို ခန့်မှန်း၍ မရပါ၊ နာရီကို ကြည့်သော်လည်း နေ့ ၁၀ နာရီလား၊ ည ၁၀ နာရီလား ခွဲခြားမသိနိုင်ပါ။ လိုဏ်ခေါင်းထဲတွင် နေရသော အဖြစ်အပျက် အချင်းအရာတို့ကို ပြန်ပြောင်း ပြောဆိုမိကြသည်။ ရုပ်တု ၅ ရုပ်စီ (တစ်ဖက် ၅ ရုပ်)

၏ အလယ်ဗဟိုတွင် အဝင်တံခါးမကြီး ရှိမည်ဟု ခန့်မှန်းရပါသည်။

ထင်သည့်အတိုင်းပင် အပြင်မှ ကြေးကွင်းကြီး လှည့်သံ ကြားရသည်နှင့် တစ်ပြိုင်နက် ရုပ်တုများ၏နောက် ဝင်ပုန်းနေမိသည်။

တံခါးမကြီးက ဖြည်းဖြည်းချင်း ပွင့်လာနေသည်။ ကျွန်ုပ်တို့က မျက်တောင်ပင် မခတ်ရဲဘဲ ချောင်းကြည့်နေကြသည်။

ပြင်ပမှ ရောင်နီ၏ တစ်ဆင့်ခံ အလင်းရောင်များ တံခါးကြားမှ ဝင်လာသည်။ အရိပ်များက ကော်ဇောနီများပေါ် သို့ အရှည်လိုက် ကျဆင်းလာသည်။ ကျွန်ုပ်က ကိုကျော်ရွှေမှတစ်ဆင့် အချင်းချင်း လက်တို့၍ အသိပေးထား တိုင်ပင်ချိန်မရ။ လက်တို့ခြင်းသည် တစ်စုံတစ်ရာကို ရည်ညွှန်းကြောင်း ပြသည်။

ခေါင်းစွပ်များကို လုံချထားသော လားမားဘုန်းတော်ကြီးဆယ်ဦး ကြေးလင်ပန်းကို တီးလာသည်။ တံပိုးခရာကြီးတစ်ခုကို မှုတ်၍ ဝင်လာသည်။ လာမားဘုန်းတော်ကြီးများသည် ပထမဦးခိုက်သည်က မိုလော့နတ်ရုပ်ကြီး၏ရှေ့တွင်. . .။

ကိုကျော်ရွှေကို တံခါးမဆီသို့ လက်ညှိုးညွှန်ပြလိုက်သည်။ ကိုကျော်ရွှေမှတစ်ဆင့် တစ်ယောက်ပြီးတစ်ယောက် တံခါးမကြီးဆီ ပြေးကြတော့သည်။ ဘုန်းတော်ကြီးများ ကျောပေးနေ၍ မမြင်ပါ။ ထို့နောက် ကျောက်စားပွဲကို သွားပြီး ဝိုင်းဝန်း ကြည့်ရှုလိုက်သည်။ ကျွန်ုပ်က အပေါက်ဝသို့ ရောက်လုနီးပေပြီ။

"အရှုံမကြီး ဂါဂူးလ် ပြောခဲ့သောစကား. . . မှန်ပေပြီ၊ လူစွမ်းကောင်းတွေ ခဲရာခဲဆစ် လွတ်မြောက်လာခဲ့ပြီ"





ဆိုရင်း ကျွန်ုပ်ဘက်သို့ လှည့်ကြည့်ရာတွင် သူတို့ ကျွန်ုပ်၏ ကျောပြင်ကို မြင်သွားလေပြီ။ သူတို့ ပြုစုတုံးပြုတဲ့ မဖြစ်ပါ။

တည်ငြိမ်စွာ ရှိသည်။ ကျွန်ုပ်တို့နောက်သို့ ပြေးမလိုက်ခြင်းကို သဘောပေါက်မိပေပြီ။ ဂူဝတွင် မျက်စိကျိန်းစေသော အလင်းရောင်များကို ရင်ဆိုင်လိုက်ရသည်။

မျက်စိကို လက်ဝါးဖြင့် ပွတ်သပ်၍ ကြည့်မိသောအခါ တောင်ကြားတွင် တိရစ္ဆာန်ရေများကို ဝတ်ဆင်၍ လှံများကို ကိုင်ထားသော စစ်သား ၅၀ ခန့်ကို တွေ့ရသည်။

အများစုမှာ အချမ်းဒဏ်ကို ကာကွယ်သည့်အနေဖြင့် မီးလှူ ရင်း လက်ဖက်ရည်ကြမ်းများကို ငုံ့သောက်နေကြသည်။ ကျွန်ုပ်တို့ ကွင်းမှ တစ်ယောက်ပြီးတစ်ယောက် ပြေးထွက်လာကြသဖြင့် သူတို့ က အံ့အားသင့်ပုံ မပေါ်။ ကြိုတင် သိနှင့်ပြီးသားပုံစံမျိုး ဖြစ်နေသည်။ ဒီလူအုပ်ကို ကျော်လွှန်၍ ဆက်ပြေးရန် မဖြစ်နိုင်သဖြင့် အားလုံး ဝေး ရပ်တန့်လိုက်ရသည်။

ဒီတောင်ကြားမှနေ၍ ဆက်ပြေးရန် စစ်သည်တော်များကို ကျော်လွှန်၍ ပြေးရန်မလွယ်ကူပါ။ သူတို့ကို ဝင်ချက်စတာများနှင့် ရင်ဆိုင်ရန်လည်း မလွယ်ပါ။ သူတို့၏လက်ဖက်ရည်၊ မုန့်များကို ကျွန်ုပ် တို့ အာဟာရ မှီတင်းပြီးလေပြီ။

အချိန်က နံနက် ၅ နာရီ ကျော်ကျော်ရှိပြီဟု ခန့်မှန်းမိပါသည်။ ထိုလူမျိုးများ၏မျက်နှာမှာ တကယ်ပင်ထူးခြားပါသည်။ ဘာသာ စကားချင်း ဆင်သော်လည်း ဆင်ကူးလူမျိုးများကဲ့သို့ ခင်မင်စရာ

ရုပ်ရည်မျက်နှာ မရှိခြင်းပင်ဖြစ်သည်။ ဤကဲ့သို့ ကိုယ့်ဘဝကိုယ်ကျေနပ်နေသော ကိုယ့်ကိုယ်ကို အခြောက်တိုက် အထင်ကြီးနေသောသူများကို ရန်ကုန်မှာသာ တွေ့ဖူးပါ၏။

ထိုသူများ၏မျက်နှာကို ကြည့်ရင်း ရန်ကုန်ဆင်ခြေဖုံးသို့ ပြန်ရောက်သွားသလို ခံစားလိုက်ရသည်။

ရန်ကုန် ဆင်ခြေဖုံး လက်ဖက်ရည်ဆိုင်တွေမှာတော့ ပလာတာ ရိုက်သူ၊ နံပြား ရိုက်သူတွေကပင် မိမိကိုယ်မိမိ ယုံကြည်ချက်အပြည့်၊ ဂုဏ်ယူဝင့်ကြွားမှုအပြည့် ရှိနေလေသည်။ ရန်ကုန် အမှတ်တရ ထူးခြားမှုပင်ဟု ဆိုရပေမည်။ အဘွားကြီး ဂါဂူးလ်ကိုပင် 'အရူးမကြီး ဂါဂူးလ့် ပြောခဲ့သောစကား မှန်ပေပြီ' ဟု သူတို့က နှိမ့်ချ ပြောဆိုလိုက်သည်။ ချီးကျူးရန် အခက်အခဲ ရှိနေပုံရသည်။

သူတို့သည် ကျွန်ုပ်တို့ကို ဂရုမစိုက်ပေ။ တစေ့တစောင်းမျှပင်လှည့်၍မကြည့်။ အားလုံး သူတို့ သိပြီးသားဆိုသော ပုံစံမျိုးပင်။ သို့သော် ကျွန်ုပ်တို့ တောင်ကြားလမ်းတစ်လျှောက် ထွက်ပြေးခဲ့လျှင်ကား ညာသံပေး၍ လိုက်ကြမည့်ပုံစံပင်ဖြစ်သည်။

ကျွန်ုပ်က သည်မျိုးနွယ်စုကို ကောင်းကောင်းကြီး ပညာပေးနိုင်၍ ဖြစ်တော့မည်ဟု သဘောပိုက်မိသည်။ ကျွန်ုပ်တို့ကလည်း သူတို့လူကို ဂရုမစိုက်သောပုံစံဖြင့် မီးပုံဘေးတွင် ဝိုင်းထိုင်ကာ ရေနွေးကြမ်းငုံ့သောက်ရင်း ဘာရယ်မဟုတ် တဟားဟား ဝိုင်းဖွဲ့ကာ ပြောဆိုကြသည်။

အခြောက်တိုက် ရယ်မောခြင်းဆိုသည်ကို ကျွန်ုပ်တို့ မကြုံဖူး





ပါချေ။ ယခုမှသာ ကိုယ်တိုင်ကိုယ်ကျ ပြုမူလိုက်သည်။ ကျွန်ုပ်ကဘာရယ်မဟုတ်၊ သူရူးတစ်ယောက်ကဲ့သို့ ရယ်မောလိုက်သည်။ ကျွန်ုပ်၏နောက်လိုက်များကလည်း ဘာရယ်မဟုတ်၊ ခွက်ထိုးခွက်လန် လိုက်၍ ရယ်မောလိုက်သည်။ အိုမုန်းမှာ သရုပ်ဆောင်ရင်း ပက်လက်လန်ကျသည်အထိ ရယ်မောနေသည်။

ထိုအခါ တောင်ပေါ်သားတစ်စုမှာ ကျွန်ုပ်တို့ကို အတော်ကြီးအံ့အားသင့်သွားပုံပေါ်သည်။ ကြေးရုပ်ဓာတ်ကြားရှိ သချိုင်းဂူ (ဗိုရိုအက်စတား၏ပုံစံတူ ကျောက်ဂူ) များထဲတွင် ရက်ပေါင်း အတန်ကြာအောင် ပိတ်မိနေရာမှ သူတို့၏ကျေးဇူးဖြင့် ထွက်ပေါက်သို့ ရောက်ရှိလာကြသည်ဟု ယူဆထားပုံပေါ်သည်။

သို့သော် ကျောက်ဂူ၏ပြင်ပသို့ ရောက်သော်လည်း အတိတ်ကို တွေးတော၍ စိုးထိတ်ကြောက်လန့်ဟန် မပြဘဲ သူရူးများကဲ့သို့ တဟီးဟီးတဟားဟား ရယ်မောကြသည်ကို တွေ့ရသောအခါ သူတို့ တုန်လှုပ်သွားကြသည်။ အံ့ဩသွားသည်။ ဘယ်လိုလူတွေလဲ။ ဘာမထီအာဇာနည်တွေလား။ တွေ့ကြုံရသော အကြပ်အတည်းကို ရင်မဆိုင်နိုင်၍ ရူးများသွားကုန်ကြပလား၊ အမှန်တကယ် ရူးသွားကြပြီလား။

သူတို့က ဇုံမဲကို စူးစူးစိုက်စိုက်ကြည့်သည်။ ဇုံမဲက ဆင်ကူးဘာသာစကားတတ်သည်ကို သူတို့ သိသွားပုံပေါ်သည်။ ဇုံမဲက စကားပြန်တစ်ယောက်ဖြစ်သည်ကို သိသွားသည်။ ကျွန်ုပ်တို့ကို လူရာသွင်း၍ စကားပြောဆိုခြင်း မပြုတော့။ ဇုံမဲနှင့်သာ ဆွေးနွေးသည်။ တိုင်ပင်သည်။ ပြောစရာရှိတာ ပြောသည်။

ကျွန်ုပ်တို့ကို အဖက်အစား မလုပ်တော့၊ လူရာသွင်း၍ စကား မပြောတော့။ မာနချင်း ထိခတ်မိသွားသည်။ သို့သော် လူသတ်ဝါဒ သည် အရိုင်းအစိုင်းများကြားမှာသာ မဟုတ်၊ လူ့ယဉ်ကျေးလောက တွင်လည်း လူသတ်ဝါဒ ရှင်သန်လျက်ရှိသည်ကို တွေ့ရသည်။ ယခု ပင်လျှင် တဟီးဟီး တဟားဟား ရယ်မောနေကြသော ကျွန်ုပ်တို့ကို လာမားခေါင်းဆောင်တွေက သတ်ဖြတ်လိုသောစိတ်ကို မနည်းထိန်း ချုပ်ထားရပုံပေါ်သည်။

"ဟေ့ ဇုံမဲ (အရှုး)၊ မင်းလူတွေကို ပြောလိုက်စမ်း၊ သေခါနီး မှ အရူးတွေလို အူမြူးနေသလား၊ တို့ဘုရင်ကြီး'လောလျှံ'နှင့် စုန်းမကြီး ဒါမဟုတ် အရူးမကြီး'ဂါဂူးလ်'တို့ အလောင်းအစား လုပ်ထားသည် ကို မသိလေရော့သလား"

"မသိပါ၊ ဘုရင်ကြီး လောလျှံ၊ နယ်စားကြီး လောလျှံနှင့် ကဝေ မကြီး ဂါဂူးလ်တို့ အလောင်းအစား လုပ်ထားသည်ကို သူတို့ မသိပါ။ သိလျှင်လည်း ဂရုစိုက်မည် မဟုတ်ပါ။ သူတို့သည် သေမင်းပေါင်းများ စွာကို မချိမဆန့် ရင်ဆိုင်ခဲ့ရပေါင်းများ၍ သေမင်းနှင့် ပတ်သက်လာ လျှင် အရေထူနေကြပါပြီ"

ဟု ဇုံမဲကပြောသည်။

အမှန်တော့ လောလျှံသည် ဘုရင် မဟုတ်ပါ။ နန်ကျောက် ပြည်နယ်၏ နယ်စားကြီးတစ်ဦးမျှသာ ဖြစ်ပါသည်။

တို့ကြောင့်ပင်လျှင် ဇုံမဲက နယ်စားကြီး လောလျှံဟု ခေါ်ဆို လိုက်ခြင်းဖြစ်သည်။





ထိုသို့ ပြောနေစဉ်မှာပင် နန့်ကျောက်လူမျိုးစု စစ်သည်များ က ငါးယောက်တစ်တန်း စနစ်တကျ တန်းစီလိုက်သည်။ လေများက တောင်ကြားအတိုင်း တဟူးဟူး တိုက်ခတ်နေတော့သည်။

ထိုအချိန်မှာပင် အကြီးဆုံးသော လာမားတစ်ဦးက ဂူဝတွင် ရှိသော ကျောက်ခုံတစ်ခုပေါ်သို့ တက်၍ ရှည်လျားသော မိန့်ခွန်းတစ် ရပ်ကို ဟောပြောလိုက်သည်။ အသံမှာ ကွန်ကရစ်ကြမ်းပြင်ပေါ်သို့ ကျောက်စလစ် (မြစ်ကျောက်များ) သွန်ချလိုက်သကဲ့သို့ စူးရှ ပီပြင် သော အဟောအပြောဖြစ်သည်။ သူ၏ မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

"ဘုရင်ကြီး လောလျှံ၊ နန့်ကျောက်မျိုးနွယ်စုတို့၏ ဘုရင်ကြီး လောလျှံ၊ ဘုရင်ကြီး၏ဘုန်းတော်အရ လူစွမ်းကောင်းခြောက်ဦးသည် ဘုရင်ကြီး၏ခြေတော်စုံသို့ အလိုအလျောက် ဖူးခိုက် ရောက်ရှိလာရ ပေသည်"

"အတိုင်းထက်အလွန် အံ့သြစရာကောင်းလှပါ၏။ ကြေးရုပ် တောင်ကြားမှ ကျွန်ုပ်တို့၏ နာနာဘာဝတောင်ကြားသို့ နှစ်ပေါင်း ၁၀၀ အတွင်း ခွေးတစ်ကောင် ကြောင်တစ်မြီးမျှပင် ဖြတ်သန်းလာ နိုင်ခြင်း မရှိပါ။ အစွမ်းအစ မရှိကြပါ။ ဟုတ်မှန်လှပါ၏။ ခေါင်း ကလားခန်းမ၊ သေမင်းစားပွဲဝိုင်းခန်းမ၊ တားရော့ကတ်များ၏ မူလ သမုဟ၊ လေဝင်ဥမင်၊ နောက်ဆုံး မိုလော့နတ်မင်းကြီး၏ အသုဘ ခန်းမထိ ဖြတ်ကျော်ရောက်ရှိလာခဲ့သည်မှာ ဘယ်လိုမှ ယုံနိုင်စရာ ရှိပါချေ။ နယ်စားကြီးလောလျှံ (ဘုရင်ကြီးဟု မြှောက်ပင့်ခေါ်ထား

ခြင်းဖြစ်သည်။). . . နယ်စားကြီးသည် စုန်းမကြီး သို့မဟုတ် အရူးမကြီး ပေးခဲ့သော အိပ်မက်၏ဝေဒနာ၊ ဝေဒနာနှင့် အိပ်မက် မလူးသာ မလွန့်သာသော အိပ်မက်တို့တွင် နစ်မျောခဲ့ရပြီ"

ဂါဂူးလ်၏ ဟားတိုက်ရယ်မောသံကို အသင်နယ်စားကြီး ကျေကျေနပ်နပ် လက်ခံလိုက်ပါတော့၊ ဘဝသည် အိပ်မက်၊ အိပ်မက်သည် ဘဝဖြစ်ကြောင်း သက်သေပြရပါတော့မည်။ မပြနိုင်လျှင် ဤလူစွမ်းကောင်းခြောက်ဦးကို. . . အရှင်လတ်လတ် မီးမြှိုက်ပစ်ရပါတော့အံ့၊ ကောင်းလှပြီ"

" သချိုင်းဂူမှလာသော သူ၊ ခေါင်းတလားဘေးမှ ထလာသူများကို မင်္ဂလာကျက်သရေရှိသော နန့်ကျောက်ပြည်နယ်သို့ ခေါ်ဆောင်ခြင်းပြုမည် မဟုတ်ပါ၊ နာနာဘာဝတောင်ကြား၏အဆုံးတွင်သာ ယာယီကနဖျင်းထိုး၍ ထားရစ်ခဲ့ပါမည်. . .။ အိပ်မက်ဟူသမျှကို ကျေကျေနပ်နပ် လက်ခံလိုက်ပါတော့ ဘုရင်ကြီး ၊ ဘုရင်ကြီး သို့မဟုတ် နယ်စားကြီးသည် ဤရက်မှအလွန် တတိယနေ့တွင် အိပ်မက်မှ လွတ်မြောက်ပါတော့မည်။ အကယ်၍ မလွတ်မြောက်ခဲ့သော် ဂါဂူးလ်၏လူခြောက်ဦးကို အသင်မင်းကြီး၏ အိပ်မက်အတွင်းသို့ ဆွဲခေါ်သွတ်သွင်းရန် အစီအမံများ ပြုလုပ်သင့်ပြီဖြစ်ကြောင်း သတိပေးအပ်ပါသည်"

ထိုစကားများ၏အဆုံးတွင်. . .

ကျွန်ုပ်တို့အားလုံးသည် အိပ်မက်စေတမန်များဖြစ်ကြောင်း ရိပ်စားမိရလေတော့၏။ ထို့နောက် ဇုံမဲက ထ၍ပြောသည်။





"တတိယနေ့ အဆုံးအဖြတ်သည် သူတို့နန့်ကျောက်လူမျိုးတို့သည် ကျွန်ုပ်တို့၏ လက်ခုပ်ထဲမှရေသာ ဖြစ်တော့သည်။ ကျွန်ုပ်ဇုံမဲက အားလုံးကို ကြိုတင်သိရှိထားပေပြီ။ စောင့်ရမည်။ ဟုတ်ပါ၏။ မှန်ကန်လှပါ၏။ တတိယနေ့ တတိယကျည်ဆန်သည် ကျွန်ုပ်တို့၏ ကံကြမ္မာ မဟုတ်တော့။ ကျွန်ုပ်တို့က သေမထူးနေမထူး လူခြောက်ဦးသာဖြစ်သည်။တတိယနေ့ တတိယကျည်ဆန်သည် တို့လူခြောက်ဦးအတွက်သာ အဆုံးအဖြတ်ပေးသည် ဖြစ်ရမည်။ နယ်စားကြီးလောလျှံပြီးလျှင် အသင်၏အလှည့်သာ ဖြစ်တော့သည် လားမားကြီး. . ."

ဟု ဇုံမဲက ပြန်ပြောလိုက်သောအခါ လားမားကြီး၏မျက်နှာမှာ ဇီးရွက်မျှသာ ရှိတော့သည်။

◈ ◈ ◈

## အခန်း ( ၂၅ )

## အိပ်မက်နှင့် အားပြိုင်ပွဲ

ထို့နောက် ကျွန်ုပ်တို့ကို အလယ်မှ ထားကာ နာနာဘာ၄ တောင်ကြားလမ်းအတိုင်း တောင်စူးစူးသို့ ခရီးထွက်ခွာလာခဲ့ကြသည်။ ဘုရင်စီလန် ထည့်လိုက်သော လမ်းပြနှစ်ဦး၏ အရိပ်အယောင်ကို တော့ မတွေ့မမြင်ရတော့ပေ။ ခေါင်းတလား ခန်းမကြီးအတွင်းသို့ မျောက်ခြောက်ကြီးနှင့်အတူ ဝင်သွားခဲ့ပြီး သုံးရက်လွန်သည်အထိ တစ်ဦးတလေမှ ပြန်ထွက်မလာသောအခါ ဆင်ကူးဘုရင် စီလန်ထံသို့ ပြန်၍ အစီရင်ခံကြပေတော့မည်။ ထိုအခါ ဘုရင်စီလန်က ကျွန်ုပ်တို့ အတွက် စိတ်မကောင်းဖြစ်မည်။ တရားသံဝေဂ ရမည်။ သူလည်း မတတ်နိုင်။

ဝေးလံသော တိုင်းပြည်မှ တောင်တန်းပေါင်းများစွာကို ဖြတ် ကျော်လာခဲ့ပြီး သေမင်းစားပွဲဝိုင်းတွင် လည်စင်းပေးခဲ့ရပြီဟု သူ ထင်မြင်ယူဆပေတော့မည်။ တကယ်တော့ စုန်းမကြီး ဂါဂူးလ်ကို

သူလည်း မလွန်ဆန်ရပါ။ နောက်ဆုံး နန်းကျောက်နယ်စားကြီး လောလျှံသည်ပင်လျှင် ဂါဂူးလ်ပေးသော အိပ်မက်များအကြားတွင် အိပ်ရေးပျက် မွန်းကြပ်နေသည် မဟုတ်ပါလား။

နန်းကျောက်လားမားကြီးသည် ငုံမဲ၏ပြောစကားကြောင့် ကျွန်ုပ်တို့အပေါ် မောက်မောက်မာမာ မပြောရဲပါလေတော့။

ယခုအချိန်ထိ ကျွန်ုပ် တိတိကျကျ မသိရသေးသော၊ တကယ်တော့ တတိယကျည်ဆန်သည် ကျွန်ုပ်တို့ခြောက်ဦးအတွက် အဆုံးအဖြတ် ဖြစ်သလို နန်းကျောက်ပြည်နယ်သားများအားလုံး၏ ဘဝကံကြမ္မာ အဆုံးအဖြတ်ဖြစ်သည်ကို သိလိုက်ရလည်း သိလိုက်ရပြီ။

သို့သော် ထိုတတိယကျည်ဆန် လွှဲချော်ခဲ့လျှင် နန်းကျောက်ပြည်နယ်သူ ပြည်နယ်သားအားလုံး ဘဝဟူသည် အိပ်မက်၊ အိပ်မက်ဟူသည်ဘဝဟူသော အယူအဆသစ်တစ်ရပ်၏အောက်တွင် ကျောကျေနပ်နပ်ကြီး လည်စင်းခံရန် ရှိပေတော့သည်။

ဤကိစ္စတွင် တစ်နယ်တစ်ကျေး ရပ်ဝေးမှလာသော မုဆိုးကြီးကိုနောင်ရိုးသာလျှင် အခရာဖြစ်ကြောင်းကို တိဘက်လူမျိုးစုများနှင့် နန်းကျောက်ယူနန်တရုတ်များအားလုံး တစ်ဆင့်စကား တစ်ဆင့်နားဖြင့် သိလောက်ပေပြီ။

လားမားကြီးသည် တစ်ညနေခင်းတွင် ကျွန်ုပ်နှင့်အတူ လက်ဖက်ရည်သောက်ရင်း လူမျိုးစု၏ကံကြမ္မာကို ဆွေးနွေးလေသည်။ စကားပြန်မှာ ငုံမဲသာ ဖြစ်တော့သည်။

“မုဆိုးကြီး ကျွန်ုပ်တို့ နန်းကျောက်ပြည်နယ်၏ အလားအလာ





ကောင်းလှသော ခေါင်းဆောင်ကြီးလောလျှံ၏ ကံကြမ္မာသည် ဂါဂူးလ်နှင့်သော်လည်းကောင်း၊ အသင်နှင့်သော်လည်းကောင်း၊ ဂိုဘီသဲကန္တာရမှ ပျံတက်လာသည့် လင်းတသုံးကောင်နှင့်သော်လည်းကောင်း ဆက်စပ်နေပါ၏”

“အသို့နည်း. . . လားမားကြီး”

“လွန်ခဲ့သော သုံးနှစ်ခန့်ကစ၍ ခေါင်းဆောင်ကြီး လောလျှံသည် ဆိုက်ပေးရိုးယားအစပ် မုန်တိုင်းတောင်ကြားမှအပြန်တွင် နိမိတ်တဘောင်ဆိုးတစ်ခုကို မလိုချင်ပါဘဲ လက်ခံရရှိလာခဲ့သည်. . .၊ ထိုတဘောင်မှစ၍ ယခုပထမနှစ်တွင် ကိုတမ်လကွယ်နေ့တိုင်း လင်းတသုံးကောင် ဂိုဘီသဲကန္တာရမှ နန်းကျောက်မြို့၏ အနောက်ဘက်တောင်မြောက်တန်းနေသော နာနာဘာဝတောင်တန်းကို ဖြတ်၍ ပျံသန်းလိမ့်မည်. . .၊ ထိုနှစ်အတွက် တစ်ကြိမ်သာဖြတ်၍ ပျံသန်းခဲ့လိမ့်မည်။ လင်းတများ ပျံသန်းမလာမီ ၁၅ ရက်အလိုကတည်းက နယ်စားကြီးလောလျှံသည် ၁၅ ည တိတိ ထိုအိပ်မက်ကို မက်ခဲ့သည်။ နောက် ၁၅ ရက်အကြာ. . . လကွယ်နေ့တွင် တိကျလှသော အိပ်မက်အတိုင်း လင်းတသုံးကောင် ပျံသန်းလာခဲ့သည်။ ပထမအကြိမ်မှန်ခဲ့ပေပြီ။ နောက်ထပ် ကိုတမ်လ မတိုင်မီ. . . လင်းတ တစ်ကောင်တလေမှ ပျံသန်းလာခြင်း မရှိပါလေတော့။ ဒုတိယနှစ် ကိုတမ်လပြည့်နေ့မှစ၍ ဘုရင်ကြီးလောလျှံသည် ထိုအိပ်မက်ကို ၁၅ ရက်တိတိ မက်ခဲ့သည်။ ဒုတိယနှစ် လကွယ်နေ့တွင် လင်းတသုံးကောင် ဂိုဘီသဲကန္တာရမှ ပျံသန်းလာခဲ့ပြန်ပေသည်။ ဒုတိယအကြိမ် မှန်ကန်ခဲ့

သည်"

"တတိယအကြိမ် ပျံသန်းလာမည့် လင်းတသုံးကောင်တို့တွင် အထူးသဖြင့် နောက်ဆုံးမှ အကြီးမားဆုံး လင်းတကြီးကို မသတ်ဖြတ် သတ်နိုင်ခဲ့လျှင် နန့်ကျောက်လူမျိုးစုတို့သည် ကစဥ့်ကလျား ပျောက်ကွယ်သွားရတော့မည်။ အမိမဲ့သား ရေနည်းငါးပမာ ဖြစ်ရတော့မည်ဆိုသော၊ နိမိတ်ဆိုသော တဘောင်ရှိပေသည်။ ဒုတိယအကြိမ် မှန်ကန်ခဲ့ပြီ။ တတိယအကြိမ်တွင်မူ ကြေးရုပ်တောင်ကြားမှ နာနာဘာဝ တောင်ကြားသို့ မယုံကြည်နိုင်လောက်အောင် ဖြတ်သန်းလာခဲ့သော တိုင်းတပါးသား လူခြောက်ဦး၏ မှုဆိုးခေါင်းဆောင်သည် လင်းတသုံးကောင်ကို အဆုံးအဖြတ် ပေးပါလိမ့်မည်။ ထိုသူခြောက်ဦးကို အကောင်းဆုံး ကြိုဆိုကြ။ သေချာလှပါ၏။ လိုလေသေးမရှိ ဧည့်ခံကြ။ အစီအရင် မအောင်မြင်ခဲ့လျှင် ထိုလူစွမ်းကောင်းခြောက်ဦး၏သွေးဖြင့် နန့်ကျောက်လူမျိုးတို့ ခြေဆေးရမည်။ သို့မှသာ ယတြာကြေမည်။ အစီအစဉ် အောင်မြင်ခဲ့လျှင် သူတို့ခြောက်ဦးအား မီယန် (မြန်မာ) နယ်စပ်ထိ လုံခြုံစိတ်ချစွာ လိုက်လံ ပို့ဆောင်ပေးရမည်ဟု လွန်ခဲ့သော သုံးရက်ကပင် ဂါဂူးလ်နှင့် သူ၏နောက်လိုက်နှစ်ဦးတို့ ကုလားအုပ် ၃ စီးဖြင့် ရောက်ရှိလာ၍ ညွှန်ကြားခဲ့သည်"

"သင်တို့သည် လကွယ်နေ့မတိုင်မီ မိုလော့၏ အသုဘခန်းမမှတစ်ဆင့် ရောက်ရှိလာကြမည်ကို ကျွန်ုပ်တို့ နန့်ကျောက်ပြည်နယ်သူပြည်နယ်သားအားလုံး ကြိုတင် သိရှိပြီးဖြစ်နေပါ၏။ အသင်မုဆိုးကြီး ဂါဂူးလ် ပြောသလို အသင်တို့၏သွေးများဖြင့်လည်း ကျွန်ုပ်တို့ ခြေ





မဆေးလိုပါ။ ဆေးလိုက်ခြင်းဖြင့်လည်း အကြောင်းထူးမည် မဟုတ်ပါ။ ကျွန်ုပ်အနေဖြင့် နယ်စားကြီး၏နေရာမှလည်းကောင်း၊ နန့်ကျောက်ပြည်နယ်သူပြည်နယ်သားများ၏ကိုယ်စား မေတ္တာရပ်ခံလိုပါ၏။ အမိကအားဖြင့် ရှေ့မှလင်းတနှစ်ကောင် လွတ်သွားချင် လွတ်သွားပါစေ၊ နောက်ဆုံးလင်းတကြီးကို ထိမှန်အောင် အသင်၏ မိုးကြိုးလက်နက်ဖြင့် ပစ်ခတ်ပေးရန်သာ မေတ္တာရပ်ခံလိုပါသည်"

လားမားကြီး၏စကားက ဆုံးသွားပေပြီ။ ကျွန်ုပ်လည်း တုန်လှုပ်ပြီးရင်း တုန်လှုပ်စရာများကို တွေ့ကြုံနေရတော့သည်။ တကယ့်အဆုံးအဖြတ် ခဲရာခဲဆစ် ပွဲစဉ်များသာဖြစ်တော့သည်။ ကျွန်ုပ်ကဆင်ဆိုး၊ ကျားဆိုးများသာ ပစ်ခတ်ဖူးပါသည်။ လင်းတ မဆိုထားဘိ၊ ျိုင်းတစ်ကောင်ကိုမျှပင် မပစ်ဖူးပါ၊ စာကလေးများကိုပင် မပစ်ဖူးပါ။ ခက်သည်က လင်းတများသည် ခပ်နိမ့်နိမ့်မှ ပျံသည်ဟူ၍ မရှိပါ။ သို့သော် ပေ ၅၀၀၀ နီးပါးမြင့်သော နာနာဘာဝတောင်တန်းပေါ်မှ ပစ်ခတ်ရမည်ဆိုတော့ သိပ်မခက်ခဲဟု ထင်ပါသည်။ သဘာဝ မြေညီပြင်မှ လင်းတများကို ပစ်ခတ်ရန် ဘယ်လိုမှ မလွယ်ပါချေ။

ကျွန်ုပ်ကပြန်၍ မေးခွန်းထုတ်လိုက်သည်။

"လားမားကြီး. . . ယခု ကိုတမ်လ မတိုင်မီ လင်းတတစ်ကောင်တလေမျှ ပျံသန်းလာသည်ကို တွေ့မိပါသလော"

"မတွေ့ပါ၊ နှစ်သစ်ကူးမှစ၍ ယနေ့ ကိုတမ်လပြည့်နေ့တိုင်အောင် လင်းတ တစ်ကောင်တလေမျှ ပျံသန်းလာသည်ကို မတွေ့ပါ၊ သေချာလှပါ၏"

ရွှေပဒေသာစာပေ

"လကွယ်နေ့ ဘယ်နေ့ကျသနည်း"

"နက်ဖြန်လကွယ်နေ့ ဖြစ်ပါသည်. . . မုဆိုးကြီး"

"ခါတိုင်းနှစ်များတွင် လကွယ်နေ့ ဘယ်အချိန်တွင် လင်းတ မည်သည့်အချိန်၌ ပျံသန်းလာကြသနည်း"

"ညနေ လေးနာရီအတိ (လေးမောင်း) အချိန်၌ နာနာဘာ တောင်တန်းကို ကန့်လန့်ဖြတ်၍ ပျံသန်းပါတယ် မုဆိုးကြီး"

"ကောင်းလှပြီ လားမားကြီး. . .။ နက်ဖြန်ညနေ လေးနာရီ ငါးနာရီအတွင်း လင်းတများ ပျံသန်းမလာခဲ့လျှင်ကော ဘယ်လိုဖြ လာမည်နည်း"

"အားလုံး ပြီးသွားပါပြီ၊ မြွေမသေ တုတ်မကျိုးကိန်း ဆိုက်ခဲ့ ပါပြီ၊ ရှန်ဗဲလားအရပ်မှနေ၍ စုန်းမကြီး ဂါဂူးလ်က လင်းတများကို တားဆီးနိုင်လိုက်ပြီဟု ယူဆပါသည်။ ပူစရာ မလိုတော့ပါ"

"ဤသို့ဆိုလျှင် ကျွန်ုပ်တို့အား မီယန်နယ်စပ်ထိ လိုက်ပို့ပါဦး မည်လော. . . လားမားကြီး"

ကျေကျေနပ်နပ်ပင် လိုက်ပို့ပါမည်ဟုပြော၍ လားမားကြီး ပြန်သွားပေပြီ၊ ထိုည အိပ်ကောင်းခြင်း အိပ်ရ၊ စားသောက်ခြင်း စားရသော်လည်း လင်းတသုံးကောင်ကို ပစ်ခတ်ရန်အရေးကို တွေး၍ ကောင်းကောင်း အိပ်မပျော်ခဲ့ပါချေ။ လွယ်ကူလွန်းသောကိစ္စ မဟုတ် ပါပေ။

လကွယ်နေ့ညနေ နှစ်နာရီလောက်ကတည်းကပင် နန့်ကျော ပြည်နယ်သူ၊ ပြည်နယ်သားများ တောင်နှင့်မြောက် မိုင်ခုနစ်ရာနီးပါ





ရှည်လျားသော အမြင့်ပေ ၅၀၀၀ (တိဘက်မြေပြင်ညီမှ တိုင်းတာခြင်း ဖြစ်သည်။) ရှိသော နာနာဘာဝတောင်တန်းပေါ်တွင် လူစုလူဝေးများ ဖြင့် ရောက်ရှိနေကြပြီ။ ယာယီစံနန်းတော်သုံးခု ဆောက်ထားသည်။

နယ်စားကြီး လောလျှံ၏ စံနန်းတော်တွင် မိဖုရားများ၊ မောင်းမများ၊ အမတ်ကြီး၊ စစ်သူကြီးများ စုံစုံညီညီ ရောက်ရှိနေပါပြီ။ အုပ်ချုပ်ရေးအဖွဲ့ဝင် လားမားကြီးများအတွက် ယာယီစံနန်းတော် တစ်ခု၊ ကျွန်ုပ်တို့ခြောက်ဦးအတွက် စံနန်းတော်တစ်ခု၊ ပေါင်း သုံး ခု။ လူစုလူဝေးက စုစုပေါင်း တစ်သောင်းပင်ကမည်မထင်ပါ။ ကံ ကြမ္မာအဆုံးအဖြတ်ထက် မမြင်ဖူးသည်ကို မြင်ရမည်မို့ အထူးအဆန်း အဖြစ် လာရောက် ကြည့်ရှုခြင်းပင်ဖြစ်ပါသည်။ အားလုံး စိတ်လှုပ်ရှား နေကြသည်။

ယမန်နှစ် (ဒုတိယနှစ်)က တာတာလေးသည်တော်တစ်ဦးကို ငှားရမ်း၍ ပစ်ခတ်သော်လည်း လင်းတ ပျံသန်းသောနေရာသို့ပင် မရောက်ခဲ့ပါ။ နယ်စားကြီးလောလျှံသည် ကျွန်ုပ်တို့ကို အားကိုးနှစ် သိမ့်သောအပြုံးဖြင့် နှုတ်ဆက်သည်။ ပါးစပ်က ဘာမှမပြောပါပေ။ သူက စိတ်လှုပ်ရှားမှုအပြည့်ဖြင့် လက်ဖက်ရည်များ တစ်ခွက်ပြီး တစ် ခွက် ဆင့်ကဲဆင့်ကဲ သောက်နေသည်။ ဒုံမင်းကဲ့သို့ ဗျပ်စောင်းဖြင့် နယ်စားကြီးကို ဖျော်ဖြေနေသော်လည်း စိတ်တိုင်းကျပုံ မရပါချေ။ နယ်စားကြီးထက်ပို၍ စိတ်လှုပ်ရှားရမည့်သူမှာ ကျွန်ုပ်မှလွဲ၍ မည်သူ မှ မဖြစ်နိုင်ပါပေ။ နန်းတော်မှ သယ်ယူလာသည့် ကြေးမောင်းကြီးကို လေးချက်ဆင့်၍ ရိုက်ခတ်လိုက်သည်။

ကလေးလူကြီးအားလုံး ငြိမ်သက် တိတ်ဆိတ်သွားလေပြီ။ နေရောင်သည် နာနာဘာဝတောင်တန်း၏ အနောက်ဘက်သို့ တိမ်းစောင်းသွားခဲ့ပြီ။ လေက မြောက်မှတောင်သို့ ပြင်းပြင်းထန်ထန် တိုက်ခတ်နေသည်။

တဖျပ်ဖျပ် လှုပ်ရှားနေသော နန့်ကျောက်အလံများ၏အသံမှ လွဲ၍ တစ်လောကလုံး တိတ်ဆိတ်နေသည်။

တောင်နှင့်မြောက် တန်းနေသော နာနာဘာဝ တောင်တန်းကြီးပေါ်မှကြည့်လျှင် ကောင်းကင်မှ ကြည့်ရသကဲ့သို့ပင် ကွက်ကွက်ကွင်းကွင်း ရှိတော့သည်။

မြောက်စူးစူးမှ ဗိုဟန်ဗိုတာ တောင်မကြီးကိုလည်းကောင်း၊ ထိုအဝေးတောင်ကုန်းကန္တာရမှ မုန်တိုင်းတောင်ကြားကိုလည်းကောင်း ကျွန်ုပ်တို့ ရောက်ရှိခဲ့ရာ ကြေးရုပ်တောင်ကြားကို အပေါ်စီးမှကြည့်သောအခါ တကယ့်ချောက်ကမ်းပါးငယ်လေး ရေးရေးမျှသာ မြင်ရတော့သည်။ နောက် ကျွန်ုပ်တို့ တက်လာခဲ့ရာ နာနာဘာဝတောင်ကြား၊ နန့်ကျောက်ပြည်နယ်၏မြို့တော်များကို တကယ့်ကလေးကစားစရာများကဲ့သို့ (ယခုခေတ်အမြင်နှင့်ဆိုလျှင် လေယာဉ်ပေါ်မှ ရှုမြင်ရသကဲ့သို့) မြင်ရပါသည်။နာနာဘာဝတောင်တန်းကြီး၏ တောင်ဘက်အစွန်ဆုံးတွင် တောင်အထပ်ထပ်များကြားမှ မြန်မာပြည်ကို မှန်းဆ၍ ရနိုင်ပါသည်။

ကျွန်ုပ်မှာ လှုပ်ရှားနေသောစိတ်ကို သမာဓိ မနည်းစုစည်း၍ ထားနေရပါသည်။ ကိုယ့်နယ်ကိုယ်မြေ မဟုတ်သောနေရာ၊ သူ





ဘစိမ်း ပတ်ဝန်းကျင် လူပေါင်းတစ်ထောင်ကျော်ရှေ့၌ အစွမ်းပြရပါတော့မည်။

ထိုစဉ်မှာပင် လူထုပရိသတ်ကြီးက လေးနာရီကျော်ပြီး၍ နာရီဝက်ခန့် ရှိပြီမို့ ညည်းညူလိုက်ကြသည်။ သူတို့က ပွဲကြီးပွဲကောင်း လွတ်သွားမှာ စိုးနေသည်။

◈ ◈ ◈

## အခန်း ( ၂၆ )

## တတိယ ကျည်ဆန်

လေးနာရီ လေးဆယ့်ငါးမိနစ်၊ အားလုံး၏စိတ် ထွေပြားလျက်ရှိနေစဉ်မှာပင် လူတစ်စု၏ 'ဟေး 'ဟု အော်လိုက်သံကို ကျွန်ုပ် ကြားမိသည်။ အရှေ့မိုးကုတ်စက်ဝန်းမှ မှုန်ပျပျ ဖြစ်နေသော ဂိုဘီသဲကန္တာရဘက်ဆီသို့ ကျွန်ုပ်က မှန်းဆလိုက်သည်။ မဲမဲအစက်တစ်ခု နာနး ဘာဝတောင်တန်းဆီသို့ ဦးတည်၍ ပျံသန်းလာခဲ့ပြီ။ အတော်ဝေးလံသောနေရာမှ (ကဒိုး) မှုတ်သံသဲ့သဲ့ကို ကြားလိုက်ရသည်။ ကျွန်ုပ်တို့အဖွဲ့ကို အားပေးနေဟန်တူပါ၏။

ကျွန်ုပ်မှာ သေမင်းလိုက်ဂူထဲမှာပင် ရင်မခုန်ခဲ့ပါ။ ယခု ကိုက် ၁၀၀ အမြင့်မှ ပျံသန်းလာသော လင်းတကိုကြည့်ရင်း ခြေတုန်လက်တုန် ဖြစ်လာလေသည်။ ဇောချွေးများ ပြန်လာခဲ့သည်။ အားလုံးအတွက် အသက်။. . . . ။

ကျွန်ုပ်၏ဦးခေါင်းထက်သို့ မရောက်မီ ဆယ်ပေခန့်အလိုမှာ

ပင် အသက်ကို အောင့်၍ သေနတ်မောင်းကို ဖြုတ်ချလိုက်သည်။

"ဒိုင်း. . ."

သေနတ်ကျည်ဆံ၏ ပေါက်ကွဲမှုသည် နန့်ကျော့ကျော်လူမျိုးစုကို ဖရိုဖရဲ တုန်လှုပ်သွားစေသည်။ သို့သော် သူတို့သည် ချက်ချင်းပင် ဣန္ဒြေကို ဆယ်လိုက်ပြီး ကောင်းကင်သို့သာ စိတ်ဝင်စားလျက် စူးစိုက်ကြည့်လိုက်သည်။ ပထမဆုံး လင်းတသည် နာနာဘာဝတောင်တန်းကို ကျော်လွန်၍ ပျံသန်းသွားပြီးမှ ပေ ၅၀၀၀ ကျော် နက်သော ချောက်ထဲသို့ ဝဲကာဝဲကာ ကျဆင်းသွားတော့သည်။ လူထုကြီးက ကျေကျေနပ်နပ် ဟစ်အော်ကြသည်။

ဖုံမဲ တိုင်ပေးထားသည့်အတိုင်း မုဆိုးကြီး၊ မုဆိုးကြီး ဟု ကလေးလူကြီး၊ ယောကျ်ားမိန်းမပါမကျန် ဝိုင်းဝန်း အော်ဟစ်ကြသည်။ အဓိပ္ပာယ်ကိုတော့ သူတို့မသိပါ။ မုဆိုးကြီးဆိုတာ ဘာလဲ။ သူတို့ နားမလည်ပါ။

သို့သော် ကြာကြာဝမ်းသာချိန် မရလိုက်ပါ။ အရှေ့မိုးကုတ်စက်ဝန်းဆီမှ မဲမဲအကောင်တစ်ကောင် ပျံသန်းလာချေပြီ။

ကျွန်ုပ်က မောင်းကိုချိန်း၍ ပြန်ဆွဲလိုက်သည်။

စောစောက အကောင်ကဲ့သို့ ဆယ်ပေခန့်အလိုတွင်ပင် စိတ်ချလက်ချ သေနတ်မောင်းကို ဖြုတ်ချလိုက်သည်။ သေနတ်သံက ကျေနပ်အားရစွာ မြည်ဟီးလျက် ကျည်ဆန်က ကောင်းကင်သို့ ထိုးတက်သွားသည်။

ဒုတိယ လင်းတသည် ဟန်မပျက်ပင် နာနာဘာဝတောင်တန်း၏ အနောက်ဘက်သို့ ပျံသွားသည်။ သို့သော် ချောက်ကမ်းပါးကို ကျော်၍ မိုးကုတ်စက်ဝန်းဆီသို့ ဆက်၍ဆက်ခါ ပျံသန်းသွားသော အခါ တောင်တန်းတစ်ခုလုံး တိတ်ဆိတ်သွားသည်။ အပ်ကျသံပင် ကြားရလောက်သည်။ မြောက်မှတောင်သို့ တိုက်ခတ်နေသောလေပင် ငြိမ်သက် ရပ်တန့်သွားသည်ဟု ထင်မိလေသည်။

လူထုကြီးကလည်း အသက်မရှုရဲ။ ကျွန်ုပ်လည်း အသက်မရှုရဲတော့ပါ။ ပထမလင်းတကိုသာ မမှန်ခဲ့လျှင် ယခုအချိန်မှာပင် ကျွန်ုပ်မှာ လူထုကြီး၏လက်စာ မိသွားလောက်ပေပြီ။ ပထမလင်းတကို မှန်လိုက်ခြင်းက သူတို့၏ယုံကြည်မှုတစ်ဝက်ကို ချန်ထားပေးရစ်ခဲ့သည်။

လူထု၏ တိတ်ဆိတ်ငြိမ်သက်သွားမှုက ကျွန်ုပ်ကို မျက်ရည်များ လည်လာစေတော့သည်။ နိမိတ်တဘောင် မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ တတိယလင်းတကိုသာ မမှန်ခဲ့လျှင် လူထုမှာ ဆောက်တည်ရာ မဲ့သွားပေတော့မည်။

ထို့နောက် ဂယောင်ချောက်ချားဖြင့် ကျွန်ုပ်က လက်ဖက်ရည်တစ်ခွက်ပြီးတစ်ခွက် ဆင့်ကာသင့်ကာ သောက်နေမိသည်။ ၅ နာရီထိုးသည့်တိုင်အောင် တတိယလင်းတ၏ အရိပ်အယောင်ကိုသော်မျှ မမြင်ရသေး။ လူထုမှာ ကျေနပ်သွားသလိုလို၊ အားမလိုအားမရဖြစ်သလိုလိုဖြင့် ကိုယ့်နေရာမှာ ကိုယ်မနေတော့။ ဟိုသွားဒီလျှောက်ဖြစ်လာကြသည်။

သူတော်စင် လားမားများပင် ဣန္ဒြေမရကြတော့။ တတိယလင်းတကို ဂါဂူးလ် သတ်ဖြတ်လိုက်ပြီလား။ လာကော လာဦးမှာလား။

နန့်ကျောက်လူမျိုးစုတို့၏ကံကြမ္မာ ဘယ်လိုလဲ။ မုဆိုးကြီး ဆိုးတော့ မဆိုးပါ။ သို့သော် လိုပါသေးသည်။ မုဆိုးကြီး ကြိုးစားပါဦးဟု စိတ်တွင်းမှ ရေရွတ်နေကြပုံပေါ်ပေသည်။

သူတို့က ဘုရင်ကြီးဟု ခေါ်ကြသော နယ်စားကြီးလောလျှံ၏ မျက်နှာမှာ ပြုံးရမလို၊ မဲ့ရမလို မအီမလည် ဖြစ်နေသည်။ ကံကြမ္မာက သောင်လည်းမတင် ရေလည်းမကျ။

ညနေ ၅ နာရီ ၁၅ မိနစ်။ လူထုကြီး၏ အော်ဟစ်သံက တစ်မိုးလုံး ဟိန်းထွက်သွားသည်။ လောကမှာ လူသား၏အသံသာ ဟိန်းအထွက်နိုင်ဆုံးဟူသော သာဓကကို ပြလိုက်သလိုပင် ဖြစ်ပါတော့သည်။

ယခင် လင်းတနှစ်ကောင်ထက် နှစ်ဆမျှကြီးသော တတိယလင်းတ။ နောက်ဆုံးလင်းတ သူ၏ရှေ့တော်ပြေးများ၏ ကံကြမ္မာကို မှန်းဆပြီး သိရှိသွားပုံပေါ်သည်။ အရှိန်အဟုန်ကိုမြှင့်၍ နောက်ကျခံပြီး ပျံသန်းလာသည်။ ကျွန်ုပ်က ခလုတ်ခါးကိုချိုး၍ တစ်ဆက်တည်း ဝါးလုံးထိုး ပစ်ချလိုက်သည်။ လူထုကြီး၏ ဟစ်အော်သံအောက်တွင် 'ဒိုင်း' ဟူသော သေနတ်သံက တိမ်မြုပ်သွားသည်။ လင်းတပင် လူသံများ လန့်သွားပုံပေါ်သည်။

အနောက်စူးစူးမှ နေရောင်က လင်းတကို စပေါ့လိုက်ထိုးသလို အရောင်ဟပ်ပြနေသည်။ လင်းတသည် ကိုက် ၁၀၀ အမြင့်တွင် ပျံသန်းနေရာမှ တုန့်ခနဲ ရပ်သွားသည်။ တောင်ကုန်းအမြင့်မှ ကိုက် ၁၀၀ ဖြစ်သည်။ ကျွန်ုပ်၏ နှလုံးသွေးများလည်း ရပ်တန့်သွားတော့





သည် ထင်ပါ၏။ လင်းတသည် နာနာဘာဝတောင်တန်းကိုဖြတ်၍ မပျံတော့ဘဲ အထက်တည့်တည့်သို့ ပျံသွားသည်။ တိမ်တိုက်များ ကြားသို့ ဆင့်ကဲဆင့်ကဲ တက်၍ပျံသွားသည်။ နောက် မမြင်ရတော့ပေ။

ကျွန်ုပ်သည် ကလေးငယ်တစ်ဦးကဲ့သို့ ရှိုက်ကြီးတငင် ငိုကြွေးမိပါ၏။ သေရမှာ ကြောက်၍မဟုတ်ပေ။

ကျွန်ုပ်ကို ယုံကြည်ကိုးစားနေသော နန့်ကျောက်နယ်စားကြီး၊ လာမားဘုန်းတော်ကြီးနှင့်အဖွဲ့၊ နယ်သူနယ်သားများ၏ နှလုံးသည်းပွတ်မှ ယုံကြည်မှုကို ဆွဲခါလှုပ်ရမ်း၍ နာနာဘာဝတောင်စောင်းမှ ပစ်ချလိုက်သကဲ့သို့ ခံစားရတော့သည်။

ထိုကဲ့သို့ ယုံကြည်ချက်ကို ပစ်ချလိုက်သူမှာ ကျွန်ုပ်သာဖြစ်တော့သည်။ အသံတွေ တိတ်သွားသည်။ ငြိမ်သွားသည်။ နောက်မှ သက်ပြင်းချသံ တစ်ပြိုင်နက်ကို ကြားလိုက်ရသည်။ အခြေအနေကတော့ ရှင်းနေပြီ။ လင်းတက တိမ်တိုက်များကြားတွင် ပျောက်ကွယ်သွားလေပြီ။ ကျွန်ုပ်က ရှက်လည်းရှက်သည်။ ဝမ်းလည်းနည်းမိသည်။ လူ့ဘဝကို လုံးဝ စိတ်ကုန်ခန်းသွားမိသည်။ ခါးမှ ခြောက်လုံးပြူးကို ဆွဲထုတ်၍ နားထင်တွင် တေ့ထားလိုက်မိတော့သည်။ ကိုကျော်ရွှေတို့လူစုကို မဏ္ဍပ်တွင်းမှာ နောက်ဆုံးမြင်ရသည်။ သူတို့လည်း ခွေးသေဝက်သေ သေရပေတော့မည်။

နန့်ကျောက်နယ်စားကြီးလောလျံ၏ မဏ္ဍပ်ကို ကြည့်လိုက်သည်။ သို့သော် သူက ဒေါသဖြစ်မနေပါ။ အနောက်စူးစူးရှိ နေမင်းကို ငေးကြည့်ရင်း တွေဝေနေသည်။ လာမားမဏ္ဍပ်ကလည်း ငြိမ်

သက်နေပြီ။

ကျွန်ုပ်က သေနတ်ပြောင်းဝကို နားထင်သို့ ဆွဲကပ်လိုက်သည်။ တစ်ချိန်ထဲမှာပင် ဟိုးအဝေး မြောက်စူးစူးအရပ်မှ လူထုကြီး၏ အားရဝမ်းသာ ဟစ်ကြွေးသံ၊ လက်ခုပ်တီးသံများကို မယုံနိုင်လောက်အောင် ကြားလိုက်ရသည်။ ကျွန်ုပ် ကောင်းကင်သို့ မော့ကြည့်လိုက်မိပေသည်။ အံ့အားသင့်စရာပင်၊ နေဝင်ချိန် ပုစွန်ဆီသွေးရောင်တောက်နေသော တိမ်တိုက်များ၏အထက်မှ အစက်ကလေးတစ်စက်၊ အနက်ကလေးတစ်နက်သည် ကညင်ပွင့်များ ကြွေသကဲ့သို့လည်းကောင်း၊ လက်ပံပွင့်များ ကြွေသကဲ့သို့လည်းကောင်း စကြာပုံ လည်လျက် တစ်စတစ်စ နိမ့်ဆင်းလာသည်။ အစက်ကလေးမှာ စကောဝိုင်းတစ်ချပ်လောက်ထိ ကြီးလာသောအခါတွင်ကား လူသံဆူသံတွေက ဟိန်းကွက်လာသည်။

လားမားများ သူတို့မဏ္ဍပ်အတွင်းမှ ထွက်၍ ကောင်းကင်သို့ မော့ကြည့်ကြသည်။ နယ်စားကြီးလောလျံကိုယ်တိုင် သူ့မဏ္ဍပ်မှ ထွက်၍ မိဖုရားမောင်းမများနှင့်အတူထွက်၍ ကောင်းကင်သို့ မော့ကြည့်နေကြသည်။ စကောဝိုင်းကြီး တစ်စစ နိမ့်ကျလာသောအခါ လင်းတကြီးတစ်ကောင်မှန်း ပီပြင်ထင်ရှားနေလေပြီ။ လူထုကြီး၏ အော်ဟစ်သံမှာ မြေပြင်တစ်ခုလုံး၊ နာနာဘာဝတောင်တန်းတစ်ခုလုံး ဟိန်းထွက်နေသည်။ အခြားတောင်မကြီးဆီသို့ ပဲ့တင်ထပ်ကာ ဆင့်ကဲဆင့်ကဲ ကူးသွားသည်။

နောက်ဆုံး နယ်စားကြီးလောလျံ၏ခြေရင်းတွင် လင်းတကြီး





အရှိန်အဟုန်ပြင်းစွာ ပြုတ်ကျလာသည်။

ကိုကျော်ရွှေ၊ ဇုံမဲ၊ ကျော်ခင်နှင့် အခြား နန်းကျောက်လူငယ်များက သူတို့၏ပခုံးပေါ်သို့တင်ကာ နာနာဘာဝတောင်တန်းတစ်လျှောက် တောင်မှမြောက်သို့ လှူးလာခေါက်တုန့် လျှောက်နေသည်။ ကျွန်ုပ်တို့၏နောက်တွင် လူအုပ်ကြီးက တဟေးဟေး အော်သံပေး၍ လိုက်နေကြသည်။ နယ်စားကြီးလောလျံ၏အပြုံးမှာ သူ့ဘုန်းကံကို ဂုဏ်ယူစိတ်ချသောအပြုံး၊ ကျေနပ်သောအပြုံး ဖြစ်နေသည်။

လားမားများကလည်း ကျွန်ုပ် ကောင်းကင်မှ တတိယလင်းတကို ပစ်ခတ်ပုံသဏ္ဌာန်လုပ်၍ သရုပ်ဆောင်ပြနေကြသည်။ လက်ဟန်ခြေဟန်ဖြင့် သေနတ်မောင်းကို ဖြုတ်ချပုံကို အိုက်တင်ပါပါ လုပ်ဆောင်ပြနေကြသည်။ ထိုလင်းတသည် နောက်ဆုံးလင်းတဖြစ်သည်။ စစ်သားနှစ်ယောက်က တတိယလင်းတ၏ တောင်ပံနှစ်ဖက်ကို တစ်ယောက်တစ်ဖက်စီမှဆွဲ၍ တောင်အောက်သို့ ဆင်းသွားသည်။ ခုန်ပေါက်၍ ဆင်းသွားကြသည်။

နယ်စားကြီးက ကျွန်ုပ်အနီးသို့ လာ၍. . .

"မုဆိုးကြီး. . . သင်ဟာ ကောင်းကင်ဘုံက လာတဲ့သူဖြစ်တယ်လို့ ဂါဂူးလ် ပြောသွားတာ တဇယ်ကို မှန်ပါတယ်"

ဟု ချီးကျူးခြင်းပြုသည်။

လူထုကြီးက. . .

"ဂါဂူးလ်. . . ဂါဂူးလ်၊ မုဆိုးကြီး. . . မုဆိုးကြီး"

ဟု အော်ဟစ်ရင်း တောင်အောက်သို့ ဆင်းခဲ့ကြသည်။

နောက် ကျွန်ုပ်တို့က လူစုခွဲ၍ နာနာဘာဝတောင်ကြားသို့ ပြန်လာကြသည်။ ကျွန်ုပ်၏ဘဝတွင် သေသည့်တိုင်အောင် မေ့မည် မဟုတ်သောနေ့တစ်နေ့ပင်၊ ညတစ်ညပင်ဖြစ်တော့သည်။

ညဥ့်နက်သည်ထိ နာနာဘာဝတောင်တန်းပေါ်မှ ကျွဲချို (ကဒိုး) မှုတ်သံကို ပြတ်တောင်းပြတ်တောင်း ကြားနေရသည်။

တတိယလင်းတကို ကျွန်ုပ် တကယ်မှ ပစ်မိပါလေစ။ စဉ်းစား စရာပင်ဖြစ်ရ၏။ တကယ်ပစ်မိသည်ဆိုလျှင်လည်း ဂါဂူးလ်၏အစီ အမံတို့ကြောင့်သာ ဖြစ်ပါလိမ့်မည်။ နောက်ဆုံးလင်းတကို ပစ်ခတ် ချိန်တွင် ကျွန်ုပ်၏စိတ်မှာ အတိုင်းမသိ လှုပ်ရှားနေသည်။

ဂါဂူးလ်၏အကူအညီသာ မပါခဲ့လျှင် မတော်တဆ ထိမှန်ခြင်း ဟုသာ မှတ်ယူမိတော့သည်။ ၎င်းလင်းတ ကောင်းကင်သို့ ဆင့်ကဲ ဆင့်ကဲတက်၍ ပျံသန်းသွားခြင်းကို မျက်စိထဲတွင် မြင်ယောင်နေဆဲ ဖြစ်သည်။ နောက်ဆုံးအကြိမ် ဟိုးအဝေး မြောက်စူးစူးမှ ကျွဲချိုမှုတ်သံ။

သူတို့က ကျွန်ုပ်တို့၏ အနီးပတ်ဝန်းကျင်တွင် ရှိနေကြောင်း မကြာခဏ ပြသနေသည်။ ကျွန်ုပ်က ကိုကျော်ရွှေအား လက်ဆွဲနှုတ် ဆက်လိုက်သည်။ သူလည်း နားလည်ပေသည်။

"ခင်ဗျားအိပ်မက်က. . . ဒက်ထိ မှန်ပါတယ်ဗျာ၊ နောက်ဆုံး လင်းတကို ဂါဂူးလ်ရဲ့အကူအညီ မပါဘဲနဲ့ ထိမှန်ဖို့ရာ မဖြစ်နိုင်ပါဘူး၊ ပြီးတော့ နာနာဘာဝတောင်တန်းကြီးပေါ် မတက်ခင်မှာ လားမားကြီး တစ်ယောက် ကျုပ်တို့ဆီလာပြီး နယ်စားကြီးရဲ့အိပ်မက်အကြောင်းကို ပြောတာ၊ ဗုံမဲ ပြန်ပြောပြတာတော့ ခင်ဗျား ကြားပြီးပါပြီ။ ဂါဂူးလ်က





ချည်ပြီးတုတ်ပြီး လုပ်လိုက်တာပဲ"

ကိုကျော်ရွှေက ပြုံးနေသည်။ သူလည်း နားလည်ပေသည်။

"ဒါပေါ့ဗျာ၊ ညီအစ်ကိုက နှစ်ယောက်ပဲ ရှိတယ်၊ ရှင်ကွဲလည်း ကွဲခဲ့ပြီးပြီဆိုတော့ ဒါလောက်တော့ သူလုပ်ပေးမှာပေါ့"

"အခုလို ဖြစ်သွားတော့ နန့်ကျောက်တွေလည်း ကျေနပ်သွား ကြတယ်၊ ကျုပ်တို့လည်း သူတထူး စိတ်ချမ်းသာ စိတ်အေးသွားရ အောင် ကူညီလိုက်နိုင်တာပါပဲ၊ နန့်ကျောက်ကနေ ယူနန်ကုန်းမြင့်ကို ဖြတ်ဆင်းသွားရင်တော့ သိပ်ခက်မယ် မထင်ပါဘူး"

ဟု ပြောလိုက်သည်။

◈ ◈ ◈

## လာမားတိုင်းပြည်မှ အပြန်

နောက်တစ်နေ့ တစ်ညတိတိ နန်းကျောက်နယ်စားကြီးက ကောင်းစွာ ဧည့်ခံသည်။ သချိုင်းဂူထဲမှ ထွက်လာသောသူများဖြစ်၍ ကျွန်ုပ်တို့ကို နန်းတော်တွင်းသို့ ဝင်ခွင့်မရ။ ဒါကလည်း ကျွန်ုပ်တို့အတွက် ပြဿနာမဟုတ်ပါ။ သူတို့ ဆောက်လုပ်ပေးထားရာနေရာတွင် နေရသည်က လွတ်လပ်မှုရှိပါသည်။ အခြား ဘာလက်ဆောင်မှ အလိုမရှိပါ။ စားနပ်ရိက္ခာ အပြည့်အစုံနှင့် ယူနန်နယ်စပ်ထိ လိုက်ပို့ရန်သာ ကျွန်ုပ်တို့က တောင်းဆိုခဲ့သည်။

မပြန်မီ တစ်ရက်တွင် နယ်စားကြီးကိုယ်တိုင်ပင် ကျွန်ုပ်တို့အားလုံးကို နှုတ်ဆက်ခဲ့သည်။ နောက် ဒုတိယနေ့နံနက် ရှစ်နာရီလောက်တွင် နန်းကျောက်စစ်သူကြီးတစ်ဦးနှင့် နောက်လိုက် ၅ ဦးက ရိက္ခာအပြည့်အစုံနှင့် လိုက်ပါလာခဲ့သည်။

သူတို့ လမ်းပြသည့်အတိုင်း နာနာဘာဝတောင်တန်းကြီးပေါ်

အတိုင်းသွားလျှင် အောက်ခြေတောင်ကြားလမ်းများမှ သွားသည်ထက် ခရီးတွင်နိုင်ကြောင်း ပြောသဖြင့် ရှုခင်းသာယာလှသော၊ အားလုံးကို အပေါ်စီးမှ မြင်နိုင်သော တောင်ပေါ်လမ်းမှ ပြန်လာကြသည်။ နန့်ကျောက်စစ်သည်တော်များကလည်း ကျွန်ုပ်တို့ကို အထင်ကြီးလေးစားသော အမူအရာများ ပြသဆဲဖြစ်သည်။

ထိုခရီးလမ်းမှာ မြင်းများ ယူလာ၍လည်း ခရီးမတွင်နိုင်ပါ။ အချို့နေရာများမှာ ကမ်းပါးများ၊ ချောက်များဖြင့် လူများပင် ခဲရာခဲဆစ် ကုပ်ကပ် တွယ်တက်ကြရသည်။ ခြေချောင်းသည်မှအပ တိဘက်လက်ဖက်ရည်ကို စိတ်တိုင်းကျ သောက်ရသောခရီးစဉ်ပင် ဖြစ်တော့သည်။

ကျောက်တောင်၊ ကျောက်ကမ်းပါး၊ ကျောက်ထပ်တို့မှာ သွားရလာရ ခက်ခဲသော်လည်း အလွန်လွမ်းမောဖွယ်ရာ စိတ်ကူးယဉ်ဖွယ်ရာကောင်းသောခရီးစဉ်ပင်ဖြစ်သည်။

နန့်ကျောက်တို့က ကျွန်ုပ်တို့တိုင်းပြည်ရှိရာ မေးနေသည်။ ကျွန်ုပ်တို့ တရုတ်လူမျိုးများ မဟုတ်မှန်း သူတို့ သိကြသည်။ မီယန်မီယန်ဟု ပြောသောအခါ သူတို့ သဘောပေါက်ပုံရသည်။

၅ ရက်မျှ ကြာသောအခါ ယူနန်နယ်စပ်သို့ ရောက်ပြီး သူတို့ တာဝန် ကုန်ဆုံးသွားသည်။ လက်ဝဲဘက်ရှိ ကျယ်ဝန်းသော လမ်းမကြီးကို ညွှန်ပြ၍ လက်ခါပြသည်။ အဓိပ္ပာယ်က မကောင်းဘူး၊ ရန်သူအစောင့်တွေ ရှိသည် ဆိုသည့်သဘော၊ နောက် သူတို့က လက်ျာဘက်ရှိ ကျဉ်းမြောင်းသော၊ ကွေ့ကောက်မှုများစွာရှိသော လမ်းကျဉ်းလေး





တစ်ခုကို ညွှန်ပြပြီး ဤလမ်းအတိုင်း လက်ျာဘက်သို့ ကပ်သွားပါက လမ်းကြမ်းသော်လည်း မီယန်ကို အမြန်ဆုံးရောက်သည်။ နယ်ခြားအစောင့်တွေလည်း ရှင်းသည်ဟုဆိုသည်။

ထို့နောက် သူတို့အားလုံး နှုတ်ဆက်၍ ပြန်သွားကြသည်။ တောင်ကုန်းတစ်ခုဘေးတွင် ကွယ်ပျောက်သွားသည်အထိ လက်ပြနှုတ်ဆက်သွားသည်။ အမှတ်မထင် သံယောဇဉ်ဖြစ်ရသော လူမျိုးစုတစ်စုပင် ဖြစ်လေသည်။

လမ်းတစ်လျှောက်လုံးတွင် ထင်း ရှားရခက်သည်မှအပ အားလုံး အဆင်ပြေသည်။ တောင်များ တစ်လုံးပြီးတစ်လုံး ဆင့်၍ဆင့်၍ မြင့်တက်လျက်ရှိသည်။ အချို့နေရာတွင် အောက်ခြေကိုပင် မမြင်ရသော ချောက်ကမ်းပါးကြီးများ ရှိလေသည်။ အောက်ခြေတွင်တော့ ချောင်းငယ်လေးတစ်ခုက စီးဆင်းနေသည်။ မတော်တဆ ကျသွားလျှင် မသေဘူးပဲထားဦး။ ပြန်တက်ရန် မလွယ်ပါ။ နှင်းဖုံးနေသော တောင်တန်းများ၏အခြေမှဖြတ်ကာ ခရီးဆက်ကြရသည်။ အချို့ရွာလေးများကို တွေ့သော်လည်း ဘာမှ ဒုက္ခမပေးပါ။ ကျွန်ုပ်တို့မှာ လမ်းညွှန်မြေပုံပင် မရှိပါချေ။ သို့သော် ကောင်းစွာစွာသို့ ရောက်နိုင်သမျှရောက်လေ အကျိုးရှိလေ ဖြစ်ပါသည်။

အချို့နေရာများတွင် သစ်လုံးအိမ်လေး တစ်လုံးစ နှစ်လုံးစသာ တွေ့ရသည်။ သားကောင်ကို ထောင်ချောက်ဖြင့် ထောင်သောမုဆိုးများနေအိမ်ပင် ဖြစ်ပါလိမ့်မည်။ အချို့တောအုပ်များအတွင်းမှ မီးခိုးများ အူ၍ထွက်နေသည်မှာ ကြည့်၍ကောင်းလှသည်။

မိုးသွေးဖုတ်သောဖိုများ ဖြစ်နိုင်ပေသည်။ မီးသွေးမှသာလျှင် သည်နေရာက ကြာရှည်အခွေးခာတ်ကို ရနိုင်ပေမည်။

အချို့ရွာများတွင် မြန်မာစကားတစ်လုံးစ နှစ်လုံးစ နားလည်သူများ တွေ့ရသည်။ အရေးကြီးသည်မှာ ချုံကင်း၊ ကူမင်းမြို့များနှင့် ဝေးနိုင်သမျှဝေးမအောင် ရှောင်ကွင်း၍သွားဖို့သာဖြစ်သည်။ ခြေလျှင်လမ်းများကတော့ ရှုပ်ယှက်ခတ်နေသည်။ လူဦးရေများများ တွေ့လာလေ မြန်မာနယ်စပ်သို့ နီးလာလေဖြစ်သည်ဟု ခန့်မှန်းရပါတော့သည်။ အချို့နေရာများတွင်မတော့ မြန်မာစကားကို နားလည်ဟန်မရှိ။ ကျွန်ုပ်တို့ကိုလည်း နှစ်သက်လိုလားဟန် မရှိပါ။

အမျိုးအမည် မသိရသော သစ်တောအုပ်၏အလွန်တွင် ချောင်းပြင်ကျယ်တစ်ခုကို တွေ့ရသည်။ လှေ တော်တော်များများ ဆိုက်ကပ်ထားသည်။ မော်တော်၊ သင်္ဘော စသည်တို့ မခုတ်မောင်းနိုင်သော ချောင်းပြင်ကျယ်တစ်ခုဖြစ်သည်။

ထိုဆိပ်ကမ်းမှာ မြန်မာဆိပ်ကမ်းများကဲ့သို့ ထမင်းဆိုင်၊ စားသောက်ဆိုင်များရှိသည်။ သို့သော် ငွေကြေးက ပြဿနာပင်ဖြစ်သည်။ စိန်တုံးတစ်တုံးမျှပင် ထုတ်ပြ၍ မဖြစ်ပါ။ ဇုံမဲ သိသော ဆင်ကူးဘာသာစကားကိုလည်း သူတို့က နားမလည်ပါ။ တစ်ခုတော့ ထူးခြားပါသည်။

မြန်မာပုဆိုးဝတ်သူများကို မတွေ့ရသေးသော်လည်း မြန်မာထဘီဝတ်သူများကို လေးငါးဦးထက်မနည်း တွေ့ရပါသည်။ သို့သော် အမြန်ဆုံး လုပ်စရာရှိတာ လုပ်မှဖြစ်မည်။ နေရာတစ်ခုတွင် ကြာကြာထိုင်နေ၍ မဖြစ်ပါ။ လူတွေ စူးစိုက်စရာ ဖြစ်လာနိုင်သည်။



နောက်ဆုံး ဥပမိရုပ်ကောင်းသော ကိုကျော်ရွှေကိုသာ အားကိုးရတော့သည်။ ကျွန်ုပ်တို့အထဲတွင် တရုတ်လိုတတ်သူ တစ်ဦးမှ မပါခြင်းက ပြဿနာ။ သို့သော် မူလအစီအစဉ်ကလည်း ဤလမ်းမှ ပြန်ဖို့မဟုတ်ပါ။ ယခုထိတော့ အားလုံး အဆင်ပြေသည်။ ထိုမိန်းကလေးက 'ရွှေလီ. . . ရွှေလီ' ဟုဆိုသဖြင့် အားတက်သွားသည်။ နောက် မိန်းကလေးက လူကြီးတစ်ယောက်ကို ခေါ်၍ပေးသည်။ ထိုလူကြီးမှာ ထုံအအ ဖြစ်နေသည်မှာလည်း ကျွန်ုပ်တို့ ကံကောင်းပါသည်။

အနေအထားကတော့ သည်ဆိပ်ကမ်းမှာ ထမင်း၊ ခေါက်ဆွဲစားဖို့ မဖြစ်နိုင်ပါ။ ကျွန်ုပ်တို့တွင် လက်နက်များလည်း ပါလာသည်။ စကားက နားမလည်။ ရှင်းလေရှုတ်လေ ဖြစ်နိုင်သည်။ ဝင်ချက်စတာ နှစ်လက်ကို ဆိပ်ကမ်းအနီးရှိ ကျူတောတစ်ခုထဲတွင် ဖွက်ထားခဲ့သည်။

အဘိုးကြီးမှာ မြန်မာစကား နားလည်သည်။ ရုတ်တရက် ပြန်မပြောတတ်။ သူငယ်စဉ်က ဆင်ဖြူကျွန်းမှာ နေဖူးသည်ဟုဆိုသည်။ ယခု နယ်စပ်မှရွာလေးကို ပြန်ရောက်နေသည်မှာ အနှစ် ၂၀ ရှိပြီ။ သို့သော် စကားကို ဖြည်းဖြည်းချင်း ပြောနိုင်သည်။ နောက် ရွာစွန်က အိမ်တစ်လုံးသို့ ခေါ်သွားသည်။

ကျွန်းတောကြီးများအလယ်တွင် ရှိသည်။ ရွှေလီမြစ်က ထိုအိမ်လေးဘေးမှဖြတ်၍ စီးဆင်းသွားသည်။ လုံးဝ တိတ်ဆိတ်နေသည်။ စိတ်အေးလက်အေးနေ၍ မရပါ။ ဘာလက်မှတ်မှ မရှိ။

ရွှေပဒေသာစာပေ

အင်္ဂလိပ်နှင့်တရုတ်တို့၏ ဆက်ဆံရေးကလည်း အပေါ်ယံပင် မရှိပါ။ တစ်နာရီလောက် ဖြည်းညှင်းစွာ စကားပြောကြည့်သောအခါ တရုတ်အဘိုးကြီးက မိမိတို့၏ အခြေအနေအားလုံးကို သဘောပေါက်သွားချေပြီ။ ကိုကျော်ရွှေက သူ့လက်စွပ်ကို ချွတ်ပေးသည်။

မိမိတို့ကို ထားခဲ့၍ ရွာထဲသို့ တစ်ခေါက်ပြန်သွားသည်။ ဘဝ ကံကြမ္မာကို အဘိုးကြီးလက်ထဲတွင် ဂကွက်အပ်ထားသည်။

ဆင်ပြောင်ကြီး အမြီးကျမှတစ်ဆိုသလို ဥမင်ပေါင်းများစွာ၊ ဒုက္ခပေါင်းများစွာ ဖြတ်ကျော်ပြီး ရွှေလီနယ်စပ်ရောက်မှ အဖမ်းခံရသည်ဆိုလျှင်တော့ ရာဇဝင်ရိုင်းပေတော့မည်။

တရုတ်လူမျိုးများသည် ကုလားဒိန်များလောက်တော့ ဆိုးမှာ မဟုတ်ဟု ကျွန်ုပ် ယူဆမိသည်။

သို့သော် ဒါက မရေရာသော ယေဘုယျအမြင်သာဖြစ်သည်။ လူသည် လူသာဖြစ်ပါသည်။ တရုတ်ဖြစ်ဖြစ်၊ ကုလားဖြစ်ဖြစ် လူအမျိုးမျိုး ရှိနိုင်သည်ဟု လှည့်တွေးနေမိပြန်သည်။

ထိုအိမ်ထဲတွင် လက်ဖက်ရည်ကြမ်းကိုရ၍ အဆင်ပြေနေသည်။ ပါလာသော တီဘက်ခေါပုတ်များကို စားကြရသည်။

ကျွန်ုပ်တို့မှာ နေ့လယ်ပိုင်း ကျော်လွန်သောအခါ လည်တဆန့်ဆန့် ဖြစ်လာသည်။ လှေမရလျှင် နေပါစေ။ ရွှေလီမြစ်ရိုးတစ်လျှောက် စုန်၍သွားခဲ့လျှင် မြန်မာပြည်သို့ ရောက်မည်သာ။

ညနေသုံးနာရီလောက်တွင် မိန်းကလေးတစ်ဦး ရောက်လာသည်။ သူ့လက်ထဲမှ ဆွဲခြင်းထဲတွင် မုန်လာ၊ ဝက်သား၊ မုန်ညင်းတို့





ပါလာသည်။ နောက် သူက မီးဖိုထဲသို့ ဝင်ကာ ချက်ပြုတ်နေသဖြင့် စိတ်အေးရသည်။ ပုလိပ်လက်ထဲကို အပ်မည့်သူများအား မည်သူမှ ချက်ပြုတ် ကျွေးမွေးမည် မထင်ပါ။

"ကျွန်တော်တို့အတွက်ပဲ. . . ထင်ရဲ့ဗျာ"

ဟု ကိုကျော်ရွှေက ဆိုသည်။ အမှန်က ဆာလောင်၍ မဟုတ်။ အခြေအနေကို အကဲခတ်ကြည့်ခြင်းပင်။ မြစ်အတွင်းမှာတော့ လှေများက အစုန်အဆန် သွားလာနေသည်။

ရိုးရာလှေပေါ်တွင် ဘာသာဘာဝ သီချင်းများကို သီဆိုရင်း လှော်ခတ်သွားသည်။ လောကကြီး လွတ်လပ်မှုသည်သာ အနှစ်သာရဖြစ်ကြောင်း သတိပြုမိရတော့သည်။

ညနေစောင်းမှ အဘိုးကြီးက လှေတစ်စင်းကို လှော်၍ ပြန်လာသည်။ ထိုလှေမှာ ပေ ၂၀ ရှည်သဖြင့် မိမိတို့အတွက် အဆင်ပြေနိုင်ပါသည်။ ကျွန်ုပ်တို့မှာ စီးကရက်သောက်လိုက်၊ လက်ဖက်ရည်သောက်လိုက်ဖြင့် စိတ်ပူပင်ရသည်မှအပ ရုပ်ခန္ဓာကတော့ ငြိမ်းချမ်းနေသည်။

"လက်စွပ်ရောင်းဖို့က. . . ကူမင်းထိ သွားရတယ်"

အဘိုးကြီးက ဆိုသည်။

"နောက်လှေက ရုတ်တရက် ရောင်းမယ့်လူ မရှိဘူး၊ ရောင်းဖို့ဆိုပြီး အပိုလုပ်ထားတာလည်း ဘယ်သူမှ မရှိဘူး။ လှေကို ငှတ်လိုက်ဝယ်ရင်လည်း ရွာလူကြီးရဲ့အထောက်တော် (ဆယ်အိမ်မှူးများကို ဆိုလိုဟန် ရှိပါသည်။) တွေက သင်္ကာမကင်းဖြစ်မယ်၊ လော်ကျူးအထိ

သွားရတာဆိုတော့ မလွယ်ဘူးဟေ့"

အဘိုးကြီး၏ လုပ်ဆောင်မှုသည် လက်စွပ်တစ်ကွင်းတာမျှ မကပါ။ အမှန်စင်စစ် ကျွန်ုပ်၏ ဘဝအတွေ့အကြုံအရ လူပေါင်းများစွာနှင့် ပတ်သက် ဆက်ဆံခဲ့ဖူးသောကြောင့် သမရိုးကျ လူ၊ မနုဿပိုးမွှားများကိုသာ အတွေ့ရများပါသည်။

အားကိုးထိုက်သောသူ၊ ယုံကြည်စိတ်ချရသောသူ၊ တိုင်ပင်အကြံဉာဏ် တောင်းခံရမည့်သူများ အတော်ပင်ရှားပါးပါသည်။

ယခုအဘိုးကြီးမှာ လူမျိုးခြားလည်းဖြစ်၊ ယခုမှ တွေ့ရသောသူများ ဖြစ်သော်လည်း ကျွန်ုပ်တို့အပေါ်မှာ သစ္စာမဖောက်ခဲ့ပါ။

ကျွန်ုပ် သိသူတချို့မှာ သစ္စာဖောက်သည် ဆိုသောစကားကို နားမလည်သူဖြစ်ပါသည်။ သစ္စာဖောက်သည် ဆိုသည်မှာ မိန်းမ လင်ငယ်နောက်သို့ လိုက်သွားခြင်းကိုသာ သစ္စာဖောက်သည်ဟု နားလည်ကြသည်။ လူဆိုးဂိုဏ်းတစ်ခုမှ လူဆိုးတစ်ဦး အလင်းဝင်လက်နက်ချသည်ကိုလည်း သစ္စာဖောက်သည်ဟု ဆိုကြပြန်ပါ၏။

ရဲကို သတင်းပေး မလုပ်သမျှ သစ္စာဖောက်ဟု မခေါ်နိုင်သေးပါ။ လူ့ကျင့်ဝတ်ပျက်ခြင်း၊ မွေးစားသမီးကိုအပိုင်စီးခြင်းတို့လည်း သစ္စာဖောက်ခြင်းများဖြစ်၏။ သစ္စာသောက်ပြီး မလုပ်နိုင်။ မလိုက်နာနိုင်မှ သစ္စာဖောက်ဟု ခေါ်သည်မဟုတ်ပါ။

ယခုအဘိုးကြီးမှာ လက်စွပ်ကိုယူပြီး ရွာလူကြီးကို တိုင်လိုက်လျှင်ပင် ကျွန်ုပ်တို့ ဒုက္ခရောက်ခဲ့ပါသည်။ ကျွန်ုပ်က ကြိတ်၍ကြံစည်ထားတာတစ်ခု ရှိပါသည်။ ဒါကလည်း ကျွန်ုပ်တို့ လေ့ပေါ်ရောက်မှ



လုပ်ဆောင်ရမည့်ပုံစံ ဖြစ်နေသည်။

အဘိုးကြီး၏ ရိုးသားမှုပုံစံက ထုံအအဟု ထင်ရသော်လည်း အဘိုးကြီးက မြန်မာပြည်မှာ နေခဲ့ဖူးသူ၊ လူအ မဟုတ်ပါ။ ထို့ကြောင့် ညဘက်တွင် လက်နှိပ်ဓာတ်မီးတစ်လက် ရှာပေး ပြောခဲ့ပါသည်။ ကျွန်ုပ်တို့၏ လက်နှိပ်ဓာတ်မီးများမှာ ဓာတ်ခဲများ ဆားပေါက်ကုန်ပြီဖြစ်၍ ဝေဒနာခံမဆောင် မရောက်မီတွင် ပျက်စီးသွားခဲ့ပါပြီ။ ဒါကလည်း မူလ ဥမင်ကိုးဆယ်လိုဏ်ဂူသည် အစိုဓာတ်၊ စိမ့်စမ်းဓာတ်များသောကြောင့် လက်နှိပ်ဓာတ်မီးများ ပျက်စီးရခြင်းဖြစ်ပါသည်။

အမှန်တော့ မိန်းဂဲလေးမှာ ဒေသစကား မကျွမ်း၍ မှားယွင်းပြောခြင်းဖြစ်သည်။ ထိုချောင်းဖျားမှာ ရွှေလီမြစ် မဟုတ်ဘဲ တပိန်မြစ်ဖြစ်ပါသည်။ ဗန်းမော်သို့ ရေစုန်ဖြစ်၍ ခဏနှင့်ပင် ရောက်နိုင်ပါသည်။ ဗန်းမော်ရောက်လျှင် မန္တလေးရောက်ပြီဟု ဆိုနိုင်ပါသည်။

ညခုနစ်နာရီ။ လကွယ်ညကို ၅ ရက်မက လွန်ခဲ့ပါပြီ။ လဆန်းရှစ်ရက်နေ့ ဖြစ်ပေသည်။ ကိုတမ်လကွယ်နေ့ညက ကျွန်ုပ်တို့ နာနာဘာဝတောင်တန်းကြီးပေါ်တွင် ရှိနေခဲ့သည်။

ယနေ့ လဆန်းရှစ်ရက်နေ့ည အလင်းရောင်က ဝါးရုံရိပ်၊ ကျူပင်ရိပ်များကြားမှ ခပ်ဖျော့ဖျော့ အလင်းပြနေသည်။

ကျွန်ုပ်တို့က မိန်းကလေး ချက်ပြုတ်ကျွေးသော ထမင်း၊ အစိမ်းကြော်၊ ခေါက်ဆွဲကြော်၊ ဟင်းချိုတို့ဖြင့် မြန်မာပြည် ပြန်ရောက်နေသကဲ့သို့ မှတ်မှတ်ရရ စားကောင်းပါသည်။

ညခုနစ်နာရီခွဲလောက်တွင် ကျွန်ုပ်တို့ တပိန်မြစ်ကို စုန်ဆင်း

ခဲ့ပါသည်။ အဘိုးကြီး 'ဝေကျူပ်ပင်း' က ညဉ့်နက်မှ စုန်ဆင်းရန် ပြောသော်လည်း ကျွန်ုပ်တို့က စိတ်လှုပ်ရှားနေသည်။ ကိုယ့်တိုင်းပြည်နှင့် လက်တစ်ကမ်းရောက်မှ ထပ်မစောင့်စားတော့ပါ။ ကျူတောထဲမှ ဝင်ချက်စတာနှစ်လက်ကို လှေပေါ် ပြန်တင်ခဲ့သည်။ နယ်ခြားကင်းများကို မှောင်ရိပ်ခို၍ စုန်ဆင်းရမည် ဖြစ်သော်လည်း ဝိရိယလွန်သော နယ်ခြားကင်းများနှင့် တွေ့လျှင်တော့ သူပစ်ကိုယ်ပစ်,ပစ်ရုံသာရှိတော့သည်။

လှေဆိပ်တွင် အဘိုးကြီးကို စိန့်တစ်တုံး ထုတ်၍ လက်နှိပ်ဓာတ်မီးဖြင့် ထိုးပြလိုက်သည်။ ငွေကြယ်ပွင့်များက လင်းခနဲ လက်ခနဲဖြစ်သွားသည်။

"အဘ ပြဿနာတော့ မတက်စေနဲ့၊ ချုံကင်းလို နေရာမျိုးမှာ သွားရောင်းပါ၊ ဘယ်နေရာ ပိုကောင်းတယ်ဆိုတာ အဘ သိပါတယ်၊ အလဟဿတော့ မဖြစ်ပါစေနဲ့"

ဟုကျွန်ုပ်က မှာသည်။အဘိုးကြီးမှာ ဘယ်လိုမှ မမျှော်လင့်သောပစ္စည်းဖြစ်၍ ဝမ်းသာသော်လည်း အမူအရာက တည်ငြိမ်သည်။ ကျေးဇူးတင်ကြောင်း အထပ်ထပ် ပြောနေသည်။ ကျွန်ုပ်တို့အဖွဲ့က အသံတိုးတိတ်စွာဖြင့် တပိန်မြစ်ကို စုန်ဆင်းကြသည်။ မြစ်ကမ်းချုံပုတ်များတွင် ပိုးစုန်းကြူးတို့ ဝဲပျံနေသည်။ ထို့နောက် လရောင်ကို တိမ်တွေက ဖုံးအုပ်သွားသည်။

တပိန်မြစ်၏တစ်ဖက်၊ မြောက်ဘက်ကမ်း တောအုပ်နှင့် တောင်ကုန်းပေါ်မှ ကျွဲချို (ကဦး) မှုတ်သံက ပြတ်တောင်းပြတ်တောင်း





ပေါ်လာသည်။ ကျန်ရစ်ခဲ့ပြီ။ ကိုကျော်ရွှေမှာ မျက်ရည်များ ကျဆင်းလာသည်ကို လရောင်အောက်တွင် တွေ့လိုက်ရသည်။

ကျွဲချိုမှုတ်သံက ဗျူကယ်ခရာသံကဲ့သို့ ကြေကွဲစရာကောင်းလှသည်။ ကျွဲချိုသံကြောင့် ကိုကျော်ရွှေ မျက်ရည်ကျသည်ကို ကျန်လူများ နားလည်ချင်မှ နားလည်ပေမည်။

ဒါက သူညီ၏ နောက်ဆုံးနှုတ်ဆက်ခြင်းပင် ဖြစ်တော့သည်။ လှေက တပိန်မြစ်ကို တရိပ်ရိပ် စုန်ဆင်းနေသည်။ ကံအားလျော်စွာ မည်သည့် လုံခြုံရေးကင်း၊ လှည့်ကင်းများနှင့် မတွေ့ရ၊ တိမ်တစ်အုပ်က လရောင်ကို ဖုံးအုပ်သွားသည်။

နံနက်လင်းတော့ မြန်မာပြည်ထဲကို ရောက်နေလေပြီ။

◆ ◆ ◆

## ဇာတ်သိမ်း

ဇန်းမော်တွင် ဝိုမဲနှင့် အိုမုန်းတို့ ဆင်း၍ ကျန်ရစ်ခဲ့သည်။ သူတို့က အနောက်စူးစူး မဟာမြိုင်တောကိုဖြတ်လျှင် ပို၍နီးစပ်သည်။ ဝိုမဲက လူအ မဟုတ်ပါ။ ခရီးကို အမြန်ဆုံး ရောက်နိုင်မည့်လမ်းများကို သိသည်။ နောက် ကျွန်ုပ်တို့က ဇန်းမော်မှ မန္တလေးသို့ 'တိုင်ရို'ဟူသော ဝမ်းပြားသင်္ဘောလေးနှင့် စုန်ဆင်းခဲ့ကြသည်။

ကျွန်ုပ်တို့အားလုံး မန္တလေးမှာ တစ်ပတ်ခန့်နေပြီး အောင်လံသို့ ပြန်လာခဲ့ကြသည်။ မြဒင်က သူ့မိဘများရှိရာ မာန်အောင်ကျွန်းသို့ ပြန်သည်။ ကျော်ခင်က ဘိုကလေး၊ တော်ပိုင်ချောင်းဝသို့ ပြန်သည်။

သူတို့သာ စည်းစနစ်တကျ သုံးစွဲခဲ့ဝေတတ်လျှင် ဒီတစ်သက် မွဲစရာ မရှိတော့ပါပေ။

ရွှေပဒေသာစာပေ

မွဲစရာ မရှိတော့ပါပေ။

ယခုမှတ်တမ်းကို ၁၉၅၂ ခုနှစ်တွင် အဆုံးသတ်သည်။ ကျွန်ုပ်မှာ အသက် ၆၂ နှစ် ရှိပေပြီ။ တောပျော်မုဆိုးကြီး မဟုတ်တော့ပေ။ ဝတ္ထုစာပေများကို သဲသဲမဲမဲ ဖတ်ရှုသော စာမုဆိုးကြီးတစ်ယောက်ဖြစ်နေပြီ။ အသက် ၃၅ နှစ်က ဥမင်ကိုးဆယ်၊ ဝေဒခန်းမ၊ ကြေးရုပ်တောင်ကြားလိုဏ်ဂူထဲတွင် ရက်ပေါင်း အတန်ကြာ ပိတ်မိနေခြင်း၊ နာနာဘာဝတောင်တန်းကြီးပေါ်မှ အသက်လုပွဲ၊ သူ့အသက် ကိုယ့်အသက်၊ တပိန်မြစ်ဖျားမှ ရွာကလေး။ စုန်းမကြီး ဂါဂူးလ်ကိုတော့ ဆာရိုက်ဒါဟတ်ဂတ်စ်၏ (ပညာ၏သမီးပျို ) ဆိုသော စာအုပ်မူရင်းကို ဖတ်ရသောအခါ. . .

မှတ်တမ်းဆုံးသည်ထိ ကိုကျော်ရွှေ၏ညီနှင့် သူ့မဇာတ်လမ်းက မပြတ်မသား ဖြစ်နေဆဲ။ မူရင်းစာရေးဆရာပင် သူတို့နှစ်ဦး အာယုဒီယမီးလျှံတွင်းသို့ နင်းဖြစ်သည်လား၊ မဆင်းဖြစ်ဖူးလားဆိုသည်ကို ရေရေရာရာ သိဟန်မတူပေ။

ကိုကျော်ရွှေကို ဒုတိယကမ္ဘာစစ် မဖြစ်မီထိ တွေ့နေရသေးသည်။ ပြည်သို့ ရောက်တိုင်း ကျွန်ုပ်ထံသို့လာ၍ စကားစမြည် ပြောဆိုသေး၏။ မုဆိုးကြီး အလန်ကွာတာမိန်းနှင့် ရှုပနန္ဒီတို့ အမှတ်မထင် ကိုးမြို့ပျက်ကြီး (အာဖရိက) တွင် ဆုံတွေ့ရခြင်းကို မှတ်တမ်းတင်ထားသော (မရဏကမ္ဘာ) ဝတ္ထုမူရင်းကိုပင် ကျွန်ုပ်ဖတ်ရန် ပေးသွားခဲ့သည်။

စစ်အတွင်းကာလက ပုန်းရှောင်ပြေးလွှားရင်း မြောက်စူးစူး





သို့ ဆန်တက်သွားရာ ပျောက်ဆုံးသွားသလိုလို၊ ကသာဘက်တွင် တရုတ်စစ်တပ်တွင် အသတ်ခံရသလိုလို မရေမရာလှပါ။ လူ့ဘဝသည် ဒီလိုသာ ဖြစ်ပါသည်။ ယခုကား အသက် ၆၂ နှစ် ရှိပြီဖြစ်၍ ယခင်ကလို စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့။ စာရေးခြင်းထက် စာဖတ်ခြင်းကို ပို၍စွဲလန်းနေသည်။ သို့သော် ကျွန်ုပ် ဖြစ်ပျက်ခဲ့သော အကြောင်းခြင်းရာတို့ကိုပဲ မှတ်တမ်းတင်ချင်သေးသည်။ ရေးမှဖြစ်ပါမည်။ တစ်ခုတော့ ကောင်းပါ၏။ ကျွန်ုပ်၏ပတ်ဝန်းကျင်တွင် တောင်ပေါ်ရွာများ မရှိသဖြင့် ကျွဲချို (ကဒိုး) မှုတ်သံ မကြားရပါ။ ကြားရလျှင်လည်း စိတ်ထိခိုက်စရာတွေသာ ဖြစ်တော့မည်။

ပြီးပါပြီ။

မင်းမဟော်ညွန့်

(ဆရာပေးသောလက်ဖြင့် ရေးသည်။)

လူတစ်ယောက်ဟာ ထောင်မကျသော်လည်း…

ချစ်သူမိသားစုနဲ့ ကွဲကွာနေမယ်၊ လွတ်လပ်စွာ လှုပ်ရှားသွားလာမရ ဖြစ်မယ်…

အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်း မစားရ ဖြစ်နေမယ်ဆိုရင်…

တကယ်တော့ ထောင်ကျနေတဲ့သဘောပါပဲ။

(ခရစ်ရှနားမူတီး)

မင်းမဟော်ညွန့်

(ဆရာပေးသောလက်ဖြင့် ရေးသည်။)

ရွှေပဒေသာစာပေ